ကမ္ဘောဇ-စရိယ ဆရာဦးကြည်

# ပုဒ္ဓရီဘာနတ္တ

ပွင့်လင်းစာပေ

သစ္စာဒီပက-ဝိပဿနာအဖွဲ့ (မဟာရန်ကုန် အရှေ့ပိုင်း)၏
ရန်ပုံငွေအတွက် ဖြန့်ချိသည်။

# မျက်မှောက်နိဗ္ဗာန်

"ဘိက္ခုဝေ-ချစ်သားတို့၊ အနိစ္စသညိနော-ဖေါက်ပြန်သဘော-သိသဘောတို့၏ မမြဲကြောင်းကို ကောင်းစွာ ဉာဏ်ဖြင့် သက်ဝင်ရှုကြည့်နိုင်သောသူအား၊ အနတ္တသညာ-ရုပ်နာမ်နှစ်ပါး ပရမတ္ထတရား၌ ငါဟူသော အကောင် အထည်အမာခံ တကယ်မရှိပါတကားဟု-မှတ်သား သိမြင် တတ်သော အနတ္တသညာသည်၊ သဏ္ဌာတိ-ကောင်းစွာ တည်လာရတော့၏။ ဘိက္ခုဝေ-ချစ်သားတို့၊ အနတ္တသညီ-အနတ္တသညာ ထင်သောသူသည်၊ အသ္မိမာနသမုဂ္ဃာတံ-ငါတကားဟု ထောင်လွှားမာန်မူတတ်သော မာနတရား၏ ကင်းပြတ်ခြင်းသို့၊ ပါပုဏာတိ-ရောက်တော့၏။ ဒိဋ္ဌေဝဓမ္မေ-မျက်မှောက်ဘဝ၌ပင်လျှင်၊ နိဗ္ဗာနံ-ကိလေသာငြိမ်းခြင်းသို့၊ ပါပုဏာတိ-ရောက်တော့၏။"

[ဗုဒ္ဓ၏အနတ္တ (စာ-၁၉၂) မှ]

၁၄၂၆၂

သစ္စာဒီပက ကမ္မဋ္ဌာနာ-စရိယ

ဆရာဦးကြည်

ရေး

# ဗုဒ္ဓ၏ အနတ္တ

ဘာသာရေးဆိုင်ရာစာပေ ခွင့်ပြုချက်
အမှတ် (၈၂၃၂)

ပထမအကြိမ် ရိုက်နှိပ်ခြင်း

၁၃၃၇-ခု၊ နတ္တော်လ

၁၉၇၅-ခု၊ ဒီဇင်ဘာလ

အုပ်ရေ-၂,၀၀၀

အဘိုး ၅-ကျပ်။

**ပုံနှိပ်ထုတ်ဝေသူ။** ။ပွင့်လင်း စာပေထုတ်ဝေရေး၊ နဝဒေးစာပုံနှိပ်တိုက်၊ အမှတ်(၁၃) နတ်စင်လမ်း၊ ကျောက်မြောင်းရပ်၊ ရန်ကုန်မြို့ ဦးမြင့်သိန်း(၀၂၅၈)(၀၁၅၀)က ပုံနှိပ်ထုတ်ဝေသည်။

(ဖုံး-၅၁၂၈၉)

# မာတိကာ

အမှတ်စဉ် အကြောင်းအရာ


၁။ ထုတ်ဝေသူ၏ အာသီသ
၂။ နိဒါန်း
၃။ အကြောင်းပြ
၄။ အနတ္တဆိုတာ ဘာလဲ ....
၅။ သတိပဋ္ဌာန် ကျင့်လမ်းမှန် ....
၆။ အရေးကြီးသော သက္ကာယဒိဋ္ဌိ....
၇။ သက္ကာယဒိဋ္ဌိ .... ....
၈။ အတ္တဒိဋ္ဌိ .... ....
၉။ အတ္တသဒ္ဒါ ရှင်းစရာ.... ....
၁၀။ စိတ်ဟော အတ္တ .... ....
၁၁။ ကိုယ်ဟော အတ္တ .... ....
၁၂။ ကုသိုလ်မှဟော အတ္တ ....
၁၃။ ပရမ အတ္တ .... ....
၁၄။ သာသနာတော်ကျမ်းလာ အတ္တ
၁၅။ အတ္တ၏ ကူးပြောင်းပုံ ....
၁၆။ သဿတဒိဋ္ဌိ .... ....
၁၇။ ပညာမျက်စိ မြင်မရှိ၍ ....
၁၈။ သာတိရဟာန်း .... ....
၁၉။ သာတိရဟာန်း၏ ဝိညာဏ်ဝါဒ ....
၂၀။ အတ္တဝါဒ .... ....

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၁။ | လောကသုံးပါး | ၄၇ |
| ၂၂။ | ပညတ်နှင့် ပရမတ် | ၄၉ |
| ၂၃။ | ဗုဒ္ဓဝါဒ အနတ္တ | ၅၃ |
| ၂၄။ | ဝေါဟာရ အနိစ္စ,ဒုက္ခ | ၅၅ |
| ၂၅။ | တွင်းပမဟူ မသိမှု | ၅၉ |
| ၂၆။ | မဂ်၏အစ အနတ္တာ | ၆၁ |
| ၂၇။ | လောကကိုရှုမြင်ခြင်း ၂-မျိုး | ၆၅ |
| ၂၈။ | အနတ္တသက္ခဏသုတ် | ၇၀ |
| ၂၉။ | ရှူပံကျရုပ် ရေမြှုပ်သဏ္ဌာန် | ၇၃ |
| ၃၀။ | အစိုးမရ အနတ္တ | ၇၅ |
| ၃၁။ | လိုတိုင်းမရ-အနတ္တ | ၇၉ |
| ၃၂။ | ဖြစ်,တည်,ပျက်က,တားမရ | ၈၂ |
| ၃၃။ | အလဗ္ဘနီယဋ္ဌာနသုတ် | ၈၆ |
| ၃၄။ | ဝေဒနာစက် ရေပွက်သဏ္ဌာန် | ၉၀ |
| ၃၅။ | ဝေဒနာ အနတ္တာ | ၉၅ |
| ၃၆။ | မောဠိယဖဂ္ဂုနပရိဗ္ဗိုဇ် | ၁၀၁ |
| ၃၇။ | ဝေဒနာမှတ် ခေါ်ပညတ် | ၁၀၇ |
| ၃၈။ | ခံစားတတ်သူမရှိ | ၁၀၈ |
| ၃၉။ | သင်္ခါရကျော-ငှက်ပျောသဏ္ဌာန် | ၁၁၉ |
| ၄၀။ | ဝိညာဏ်လက်ဖွဲ့ မျက်လှည့်သဏ္ဌာန် | ၁၂၅ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၁။ | ဝိညာဏ်စွမ်းရည်-ဝင့်ဩ်လည် | ၁၂၉ |
| ၄၂။ | ဝိညာဏံ အနတ္တာ | ၁၃၅ |
| ၄၃။ | သစ္စက၏ အတ္တဝါဒ | ၁၃၉ |
| ၄၄။ | ငါတို့အစွဲ အတ္တဘဲ | ၁၄၆ |
| ၄၅။ | အစိုးမရ အနတ္တ | ၁၄၉ |
| ၄၆။ | ပါရမီမြုပ်-ပစ္စည်းပြုတ် | ၁၆၄ |
| ၄၇။ | အနတ္တလက္ခဏာ ထင်စေရာ | ၁၆၉ |
| ၄၈။ | လက်တွေ့လုပ်ငန်း ရှုကြည့်စမ်း | ၁၇၂ |
| ၄၉။ | အသိမည်သို့ ထူးမည်နည်း | ၁၇၃ |
| ၅၀။ | အပျက်ဆိုတာ ဘာလဲ | ၁၇၅ |
| ၅၁။ | အပျက်ရှုလျှင် ဆင်းရဲမြင် | ၁၇၈ |
| ၅၂။ | ဆင်းရဲမြင်က စိုးမရ | ၁၈၀ |
| ၅၃။ | ပရမတ္ထ အနိစ္စ | ၁၈၅ |
| ၅၄။ | အပျက်သိက အနတ္တ | ၁၈၉ |
| ၅၅။ | ဖြစ်ပျက်ဆင်းရဲ | ၁၉၆ |
| ၅၆။ | ဆဆက္ကမှ အနတ္တ | ၂၀၁ |
| ၅၇။ | နိဗ္ဗာန်လည်း အနတ္တ | ၂၀၄ |
| ၅၈။ | သဘာဝသည် အနတ္တ | ၂၁၀ |
| ၅၉။ | အတ္တ အနတ္တ အတိုချုပ် | ၂၂၁ |
| ၆၀။ | နိဂုံး | ၂၂၄ |

# အမှားပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| စ | ၁ | ယောဂီသူဘော်စဉ် | ယောဂီသူတော်စင် |
| ဆ | ၆ | ဗြဟ္မာဏ | ဗြာဟ္မဏ |
| ။ | ၁၄ | ကျွန်ထော်လဲ | ကျွန်တော်လဲ |
| ၄ | ၁၄ | ရှစ်သောင်းထောင် | ရှစ်သောင်းလေးထောင် |
| ၂ | ၁၂ | ကမ္ဘာကမ္ဘာ | ကမ္ဘာမ္ဘာ |
| ၅ | ၁ | အမှန်ကိ | အမှန်ကို |
| ၁၁ | ၁ | အပယ်လေးပါးသို့ | အပါယ်လေးပါးသို့ |
| ၁၁ | ၁၀ | သတ္တာရ | သတ္ထာရ |
| ၁၉ | ၆ | အတ္တာဆိုသည်ကား | အတ္တဆိုသည်ကား |
| ။ | ၁၀-၁၂ | ဘိက္ခုနီ | ဘိက္ခူနီ |
| ၂၃ | ၃ | နိဂဏ္ဍာနာဋပုတ္တ | နိဂဏ္ဌနာဋပုတ္တ |
| ၂၆ | ၇ | သမ္ဗာသဝသုတ်တွင် | သဗ္ဗာသဝသုတ်တွင် |
| ၃၇ | ၂၂ | ထိုနည်ပုံယူ | ထိုနည်းပုံယူ |
| ၅၈ | ၁၅ | သရဘဂ် | သရဘင်္ဂ |
| ၉၈ | ၁၈ | ညဏ်ကိစ္စ | ဉာဏ်ကိစ္စ |
| ၁၂၆ | ၁ | သခါရက္ခန္ဓာ | သင်္ခါရက္ခန္ဓာ |
| ၁၄၃ | ၁၈ | ငလာကတွင် | လောကတွင် |
| ၁၄၆ | ၁ | ခန္ဓာငါးသည် | ခန္ဓာငါးပါးသည် |
| ၁၈၄ | ၁၅ | အနတ္တမှုတည့်ပုံ | အနတ္တမှုတည်ပုံ |
| ၁၉၂ | ၁၉ | ရှင်နာမ်သဘော | ရုပ်နာမ်သဘော |

# ထုတ်ဝေသူ၏ အာသီသ

ဤလောက၌ ဒဿနိကဗေဒပညာရှင်များ၏ ဒဿနတရားတို့ အမြောက်အမြားပေါ်ပေါက်ခဲ့၏။ အချို့အချို့သော ဒဿန တို့ကား ဘာသာအယူဝါဒများအဖြစ် ပေါ်ထွန်းခဲ့ကြ၏။ ထိုသို့ ပေါ်ထွန်းခဲ့သော ဘာသာအယူဝါဒများတွင် ဗုဒ္ဓ၏ဝါဒသည် အခြားတပါးသော အယူဝါဒတို့နှင့် မတူပဲ တမူ တဘာသာ ကွဲပြားခဲ့၏။

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀-ကျော် အချိန်ကပင် ဗုဒ္ဓ သည် အခြားအခြားသော မိမိနှင့် ခေတ်ပြိုင် ဝါဒပြိုင် ထွန်းကား ခဲ့သောပုဂ္ဂိုလ်များ၏ဝါဒနှင့်မတူသော မိမိ၏ဝါဒကို လောကသို့ ကြေငြာခဲ့လေသည်။ ယင်းကား "အနတ္တဝါဒ" ဖြစ်လေသည်။ ထိုအချိန်ကပေါ်ထွန်းခဲ့သော ပုဂ္ဂိုလ်တို့၏ဝါဒကား (မည်သို့ပင် ကွဲပြားကြစေကာမူ) အနှစ်ချုပ်လိုက်သော် "အတ္တဝါဒ" တို့သာ ဖြစ်ကုန်၏။

အတ္တဝါဒီတို့ အကြား၌ အနတ္တဝါဒကို ချမှတ်ခဲ့ရသည်မှာ လွယ်ကူသောအလုပ်မဟုတ်ချေ။ သတ္တဝါတို့သည် အတ္တ အစွဲကြောင့် သံသရာရေလျှင်ကျော၌ မြောပါခဲ့ကြရသည်။ သံသရာဝဲသြဃ အတွင်း၌ အတ္တကို ဆွဲကိုင်ရင်း နစ်ချီဘသည့်·ပေါ်ချီ တခါ ရှည်ကြာခဲ့ကြရလေသည်။

အတ္တဝါဒသည် အတ္တဒိဋ္ဌိ ဖြစ်လာခဲ့၏။ ယင်း အတ္တဒိဋ္ဌိမှသည် သက္ကာယဒိဋ္ဌိ ဖြစ်လာ၏။ သက္ကာယဒိဋ္ဌိကား သတ္တဝါတို့ကို အပါယ်သို့ လားရောက်စေ၏၊ ထို့ကြောင့်—

"အပါယ်ပို့တာ သက္ကာယကွဲ့၊ ခက်ပါလှတဲ့ ဒိဋ္ဌိသည်၊
သူ့ကိုနိုင်အောင် မြတ်တရားနဲ့၊ မရပ်မနားဘဲ လုပ်ရမည်"

ဟု ကျွန်ုပ်တို့၏ ကျေးဇူးရှင် ဆရာက ဆုံးမခဲ့လေသည်၊ ဤတွင် ဝိပဿနာအလုပ် အားထုတ်ကြသော ယောဂီပုဂ္ဂိုလ်တို့သည် သက္ကာယဒိဋ္ဌိကို နိုင်အောင်ပြုလုပ်ကြရမည်ကို အထူးသတိချပ်ရပေမည်။

သို့ဆိုလျှင် သက္ကာယဒိဋ္ဌိကိုနိုင်အောင် မည်သို့လုပ်ရမည်နည်းဟု မေးဘွယ်ရှိ၏။ "သက္ကာယ"ကို နိုင်အောင် "အတ္တ"ကို ပယ်သတ်ဖို့လို၏။ အတ္တကို ပယ်သတ်ရန်ကား "အနတ္တ"ကို သိဘို့လိုလေသည်။

ဗုဒ္ဓသည် "အနတ္တ"ကို မဇ္ဈိမပဋိပဒါ၊ မဂ္ဂင်ရှစ်ပါး၊ သစ္စာလေးပါးတို့ဖြင့် ပေါင်းစည်းအပ်သော "ဓမ္မစကြာ" ဒေသနာ

တော်ကို ဟောကြားပြီး ငါးရက်မြောက်သောနေ့၌ ပဉ္စဝဂ္ဂီ တို့အား ဟောကြားခဲ့သည်။ ဗုဒ္ဓ၏ အနတ္တဝါဒ စတင်ပန့်ကျက်ခဲ့သောကာလကား ယနေ့မှ ပြန်၍ ရေတွက်သော် နှစ်ပေါင်း (၂၅၆၄)မျှ ရှိခဲ့ပေပြီ။ သို့ရာတွင် ကျွန်ုပ်တို့ကား အနတ္တကို ယနေ့အထိ ကောင်းစွာသဘောမပေါက်ကြသေးပေ။ အနတ္တကို သဘောမပေါက်သေးသည်နှင့်အမျှ အတ္တကို ကိုင်ဆွဲ ထားကြလျက်ပင် ရှိနေပေသည်။ ဗုဒ္ဓဘာသာဟုကား အမည်ခံထားကြပါ၏။ ဗုဒ္ဓ၏ အနတ္တကိုကား စိုးစဉ်းမျှပင် သဘောပေါက်အံ့ မထင်ပေ။ ဗုဒ္ဓဘာသာဝင်ဒါဘတို့မှ ဆင်းသက် ပေါက်ဖွားလာသဖြင့် ငယ်စဉ်ကပင် ဥပုသ်စောင့်သောအခါ၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူ၍ နှုတ်မှ ရွတ်ဆိုလျက် ပုတီးအပတ်ပေါင်း များစွာ စိတ်ခဲ့ပါ၏။ မိမိကိုယ်ကို ပြန်လည်ဆန်းစစ်နိုင်သောအချိန်၌ကား မိမိ၏အသိတွင် နိစ္စ၊ သုခ၊ အတ္တတို့ဖြင့်သာ လွှမ်းမိုးလျက်ရှိနေ သည်ကို မြင်သိခဲ့ရပါ၏။

ထို့ကြောင့် အမှန်ကိုညွှန်ပြနိုင်သောဆရာ့ထံ ချဉ်းကပ်လျက် မမြဲသောသဘော၊ ဆင်းရဲသောသဘော၊ အစိုးမရသောသဘော တို့ကို ကြားနာလေ့လာ မှတ်ယူရပါသည်။ ကျေးဇူးရှင်ဆရာ ကလည်း—

“သစ္စာနှင့်စပ် တရားမြတ်၊ ချဉ်းကပ် သိအောင်နာ၊
သစ္စာအသိ ဉာဏ်နှင့်ညှိ၊ ရှုကြည့် ကိုယ်ခန္ဓာ၊
အင်္ဂါနှစ်တန် ပြည့်စုံပြန်၊ ရရန် တရားသာ၊
ပေဠကောပဒေသ ပါဠိပြ၊ မိန့်ဟ ကျမ်းတော်လာ”

ဟူသော ဆောင်ပုဒ်ကလေးဖြင့် တပည့် ယောဂီများအား ဆုံးမတော်မူပါသည်။

ဆရာသည် မိမိ၏ တပည့် ယောဂီများအား တရားဟော တရားပြ အလုပ်ဖြင့် မအားမလပ်အောင် အလုပ်များနေသည့် ကြားမှ တပည့် ယောဂီများ၏ အကျိုးနှင့် တရားလိုက်စား အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့ အကျိုး ပွားစိမ့် သောငှါ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ ဂန္ထန္တရအဖုံဖုံတို့မှ ထုတ်နုတ်ကိုးကားပြီး စာပေ၊ ကျမ်းဂန်တို့ကို အပတ်တကုတ် ပြုစုခဲ့၏။

ယခု ပုံနှိပ်ထုတ်ဝေသော ဤ "**ဗုဒ္ဓ၏ အနတ္တ**" စာအုပ်တွင် အသိခက်သော အနတ္တ အကြောင်းကို သာမန် မြန်မာစာ ဖတ်တတ်သော ပုဂ္ဂိုလ်များပင်လျှင် နားလည်လွယ်ရန် ရှုဒေါင့် အဖုံဖုံမှ စေ့စုံစွာ ရှာဖွေ ရေးသားထားလေသည်။ ပညာရှင် များအတွက်လည်း အထောက်အထား အကိုးအကားများကို သေချာကျန ဖော်ပြထားပေသည်။

ဤစာအုပ်တွင် "**သတိပဋ္ဌာန် ကျင့်လမ်းမှန်**"မှ အရိယာ မဂ်ကို မချွတ်မယွင်းစေမည့်အကြောင်း၊ ဝိပဿနာတရား အား ထုတ်သောပုဂ္ဂိုလ်တို့အတွက် "**အရေးကြီးသော သက္ကာယဒိဋ္ဌိ**" ပယ်သတ်ပုံအကြောင်း၊ အနတ္တကို ပေါ်ရန်အတွက် အတ္တကို သိရန် အရေးကြီးပုံအကြောင်းနှင့် အတ္တသဒ္ဒါနှင့်ပတ်သက်သော ဖွင့်ဆိုချက်အမျိုးမျိုးတို့ကို ရှင်းလင်း ဖော်ထုတ်ထားပေသည်။

ထို့ပြင် ဤစာအုပ်တွင် ဗုဒ္ဓနှင့် ခေတ်ပြိုင်၊ ဝါဒပြိုင်ပုဂ္ဂိုလ်တို့၏ အတ္တဝါဒများကိုလည်း ဗုဒ္ဓ၏ အနတ္တဝါဒနှင့် ယှဉ်တွဲ ရှုလာနိုင်ရန် ဖော်ပြထားလေသည်။

ဆရာသည် ဤစာအုပ်၌ အနတ္တလက္ခဏာသုတ်ကို ဖွင့်ဆိုပြထား၏။ "ခန္ဓာငါးပါးစလုံးသည် အနတ္တပါတကား" ဟု ပဉ္စဝဂ္ဂီတို့သည် အနတ္တလက္ခဏာသုတ်ကို ကြားနာအပြီး၌ သဘောပေါက်ကုန်ကြ၏။ ခန္ဓာငါးပါးစလုံး အနတ္တဖြစ်ပုံကို ဆရာသည် အသေးစိပ် ဖွင့်ဆိုပြထားသည်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် ဤကိုယ်ကြီးကို ရေမြှုပ်ဖြင့်၎င်း၊ ရေပွက်ဖြင့်၎င်း၊ တံလျှပ်ဖြင့်၎င်း၊ ငှက်ပျောတုံးဖြင့်၎င်း၊ မျက်လှည့်ဖြင့်၎င်း၊ တင်စားပြောဆိုတတ်ကြ၏။ အလျှုအိမ်၊ အသုဘအိမ်တို့၌ အလွန် ရေပန်းစားသော စကားတို့ ဖြစ်၏။ ဂနသေချာ သိသူတို့ကား အလွန်ရှားလေသည်။

ဆရာသည် ခန္ဓာငါးပါးတို့အပေါ်၌ ဗုဒ္ဓပေးခဲ့သော ထိုဥပမာတို့ကို -"ရူပံဤရုပ် ရေမြှုပ်သဏ္ဌာန်"

"ဝေဒနာစက် ရေပွက်သဏ္ဌာန်"

"သညာနာမ်ခွာတ် တံလျှပ်သဏ္ဌာန်"

"သင်္ခါရကျွော ငှက်ပျောသဏ္ဌာန်"

"ဝိညာဏ်လက်ဖွဲ့ မျက်လှည့်သဏ္ဌာန်" ဟူ၍ သေချာဂန ခွဲခြမ်းစိတ်ဖြာပြထားပေသည်။

ဝိပဿနာအလုပ်အားထုတ်ကြကုန်သော ယောဂီသူတော်စဉ်တို့အတွက် အရေးအကြီးဆုံးအချက်မှာ "**ဖလုပ်သဘော**"ပင်ဖြစ်လေသည်။ ပရိယတ်ကို လေ့လာပြီးသော် ပဋိပတ်ကို ပြုလုပ်ရပေမည်။ ဆရာသည် သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ်နှင့် အဖွဲ့ခွဲများ၌ တရားဟော၊ တရားပြ ပြုလုပ်နေသောပုဂ္ဂိုလ်ဖြစ်သောကြောင့်၊ မည်သည့်တရားကိုဟောဟော၊ မည်သည့်စာကိုရေးရေးနောက်ဆုံး၌ အလုပ်သဘောသို့ရောက်အောင် ပို့ဆောင်တတ်လေသည်။ ဤစာအုပ်တွင် အနတ္တအကြောင်း ဖွင့်ဆိုရှင်းလင်းပြီးသောအခါ၌ "လက်တွေ့လုပ်ငန်း၊ ရှုကြည့်စမ်း" ဆိုသောခေါင်းစဉ်ဖြင့် လုပ်ငန်းပိုင်းများကို လူတိုင်းနားလည်လွယ်သောစကားများဖြင့် ဖွင့်ဆိုပြထားပေသည်။

စာတွေ့မှသည် လက်တွေ့သို့ ရှုကြည့် ခိုင်းလိုက်ခြင်းသည် "ဧဟိ ပဿိကော" လာလှည့်-ကြည့်လှည့်၊ ဆိုသော တရားတော်၏ ဂုဏ်ကို လက်တွေ့ ပြလိုက်ခြင်းပင် ဖြစ်လေသည်။ "အကာလိကော" အခါမလင့် အကျိုးပေးဘို့ကား ယုံမှားဘွယ်မရှိ ဖြစ် ပေ တော့ သည်။ သို့ဆိုလျှင် ပွင့် လင်း စာ ပေ သည်ဤ "ဗုဒ္ဓ၏ အနတ္တ"ကို ထုတ်ဝေရကျိုးနပ်ပေပြီ။

ပွင့်လင်းစာပေ။

# နိဒါန်း

(ပဥ္စဂုဏံ-အဟံဝန္ဒာမိ)

မြတ်စွာဘုရား၏ အဆုံးအမဝါဒသည် အနတ္တဝါဒ ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် လောကသုံးပါးတွင် ဘုရားမပွင့်မီ သာသနာပ ခေတ်အခါကာလက အနိစ္စ-ဒုက္ခ-ဆိုသည့် လက္ခဏာနှစ်ပါးသာ ပေါ်လွင်ခဲ့ပါသည်။ အနတ္တကို မည်သည့် သမဏ-ဗြဟ္မာဏ မည်သည့် ပုဂ္ဂိုလ်ကမျှ ဖော်ထုတ်နိုင်စွမ်း မရှိခဲ့ပါ။

အနိစ္စ ဒုက္ခ-ဆိုသည့် လက္ခဏာနှစ်ပါး ပေါ်လွင် ထင်ရှား လူလောကတွင် ရေပန်းစားသော်လည်း အသုံးအနှုံး မမှန် မကန်သည်ကို တွေ့မြင်ခဲ့ရပါသည်။ ဘယ်လိုတွေ့မြင်ခဲ့ရသနည်းလို့ ဆိုလျှင် လူသေတာ ဘောင်ပြိုတာ ပုဂံကွဲတာ·အနိစ္စတဲ့၊ ဘေးအန္တရာယ်တခုခုကြုံတွေ့ရရင်လဲ ဒုက္ခတဲ့၊ ဒါဟာ လောကအသုံးအနှုံးနှင့်ဆိုရင် တက်တက်စင် လွဲမှားတဲ့ အယူအဆ အတွေးအခေါ်ပါဘဲ၊ ကျွန်ထော်လဲ ဒီအယူအဆ အတွေးအခေါ်တွေကို ပရမတ်ဝိပဿနာနယ်ပယ် မရောက်ခင်က လက်ခံယူဆခဲ့တာပါဘဲ။

အနိစ္စ ဒုက္ခ·အနတ္တ ဟူသည် ပရမတ် ရုပ်-နာမ် တို့၌သာ ရှိသည်။ လောကအသုံး·လောကအယူအဆ·ပညတ် အာရုံတို့၌ အနိစ္စ ဒုက္ခ-အနတ္တ ဟု ရှုမှတ်၍ မရသောကြောင့် ဖြစ်ပါသည်။

ကျွန်ုပ်တို့ ရရှိထားသော ခန္ဓာငါးပါးသည် (အနတ္တ) ဤခန္ဓာကိုယ်သည် အရင်းခံသဘောတရားအားဖြင့် ရုပ်-နာမ်နှစ်ပါး

သာဖြစ်၍ သရုပ်အရေအတွက်အားဖြင့် (ခန္ဓာငါးပါး) အစု ငါးခုဟု ဆိုအပ်လေသည်။ "ခန္ဓာ"ဆိုသည်ကား အပေါင်းအစု ဟု အဓိပ္ပါယ်ထွက်ရှိလေသည်။ ထိုအပေါင်းအစုတို့သည် တမျိုးစီ ဖြစ်၍ လက္ခဏာအားဖြင့် တပါးစီ ခြားသော်လည်း ၎င်းတို့၏ သဘာဝမှာ (အနတ္တ)ဟူသော သူ့သဘောပင် ဖြစ်လေသည်။

သရုပ်အားဖြင့် ငါးမျိုးအရေအတွက်ရှိသော ပရမတ် ရုပ်-နာမ် တို့သည် ဤခန္ဓာကိုယ်ပင်ဖြစ်၍ သူသည် သူ၏သဘာဝ အတိုင်း အနိစ္စ အချက်၊ဒုက္ခ အချက်၊အနတ္တ အချက်၊တို့ကို ပြနေသည်။

ကျွန်ုပ်တို့သည် မိမိတို့၏ခန္ဓာကိုယ်ကို မဂ္ဂင်ဦးစီး၍ သတိပဋ္ဌာန် နည်းအရ ဂရုတစိုက် လေ့လာရှုမှတ်ကြည့်ရာ၌ ပရမတ်ဟူသော သဘောတရားတို့၏ သွားရာလမ်းကြောင်းအတိုင်း ဖောက်ပြန် ဖြစ်ပျက်လျက် နဒီသောတောဝိယ-မြစ်ရေအလျှင်စီးဆင်းသလို- ဒီပဇာလာဝိယ-ဆီမီးအလျှံတက်သလို အဆက်မပြတ် လှုပ်ရှား သွားလာချီတက်နေသည်ကို မိမိရှုဉာဏ်၌ တွေ့မြင်ရမည်ဖြစ်၏။ ဤသို့ဖြစ်ပျက်နေသည်ကို-လေ့လာရှုမှတ်နေသောဉာဏ်အမြင်ကို မျက်ခြေမပြတ်ဖို့လိုပါသည်။ အရှုခံဖြစ်သော ရုပ်-နာမ်-ခန္ဓာ၏ ကိစ္စကို မိမိသဘောအရ ဝင်၍ မစဉ်းစားရချေ။ ရုပ်-နာမ် နှစ်ပါး ပေါင်းစုထားသော ဤခန္ဓာကိုယ်၌—

(၁) ဖောက်ပြန်တတ်သောသဘော
(၂) ခံစားတတ်သောသဘော
(၃) မှတ်တတ်သောသဘော
(၄) စေ့ဆော်တိုက်တွန်းတတ်သောသဘော

(၅) အာရုံဝတ္ထုပေါင်းဆုံမှုကြောင့် သိတတ်သောသဘော ဟူ၍ ၄ါးမျိုးရှိပါသည်။ ၎င်းတို့ကိုလေ့လာသုံးသပ်ကြည့်ပါက—

ဖေါက်ပြန်တတ်သောသဘောကလည်း ဖေါက်ပြန်မှုဟူသော သူ့သဘောကလွဲ၍ မည်သည့်ကိစ္စကိုမျှ မဆောင်ရွက်တတ်
ဖေါက်ပြန်ပြီး–ချုပ်ပျက်သွားတာဘဲ

ခံစားတတ်သော သဘောကလည်း ခံစားမှု သူ့သဘောက လွဲ၍ အခြားမည်သည့်ကိစ္စကိုမျှ မဆောင်ရွက်ဘတ်
ခံစားပြီး–ချုပ်ပျက်သွားတာဘဲ

မှတ်သားတတ်သောသဘောကလည်း မှတ်မှု သူ့သဘောက လွဲ၍ အခြားမည်သည့်ကိစ္စကိုမျှ မဆောင်ရွက်တတ်
မှတ်သားပြီး–ချုပ်ပျက်သွားတာဘဲ

စေ့ဆော်တိုက်တွန်းတတ်သောသဘောကလည်း ၎င်း၏ သူ့ သဘောမှလွဲ၍ အခြားမည်သည့်ကိစ္စကိုမျှ မဆောင်ရွက်တတ်
စေ့ဆော်တိုက်တွန်းပြီး–ချုပ်ပျောက်သွားတာဘဲ

သိတတ်သော သဘောကလည်း သိမှု သူ့သဘောကလွဲ၍ အခြားမည်သည့်ကိစ္စကိုမျှ မဆောင်ရွက်တတ်
သိပြီး–ချုပ်ပျက်သွားတာဘဲ

ဤသဘောတရားများကို လေ့လာသုံးသပ်ကြည့်လျှင် ကျွန်ုပ် တို့၏ ခန္ဓာကိုယ်တွင် သူ့ကိစ္စနှင့် သူ့သဘော ဆောင်ရွက် နေသော တရားတို့သာရှိ၍ မိမိ ဟူသော (အတ္တ အနေ)နှင့် ပြုလုပ်စီမံနိုင်သော တစုံတခုသောတရားမျှမရှိကြောင်းကို သိသာ လှပေသည်။ ဉာဏ်ဖြင့် ခန္ဓာကိုယ်ကို ကြည့်သောအခါ၌လည်း ၎င်းတို့၏ ဓမ္မတာအလျောက် ပြုပြင် ဆောင်ရွက်နေသည်ကိုပင်

မရှိသော ငါဟူ၍ရှင်း၊ ယောကျ်ား-မိန်းမဟူ၍ရှင်း၊ ပုဂ္ဂိုလ် သတ္တဝါဟူ၍ရှင်း ထင်မှတ်ကြလေရာ ထိုခန္ဓာ အစုငါးခုတို့၏ သဘာဝတရားတို့ကို မသိမှုကြောင့် ဖြစ်ပေသည်။ မည်သည့် နည်းနှင့်မဆို ဤခန္ဓာကိုယ်သည် (အနတ္တ) သူ့သဘော ဖြစ် ကြောင်းကို ရှေးဦးစွာ သိထားပါမှ တရားသဖြင့် ခန္ဓာကိုယ်တွင် ရှုကြည့်ရာ၌ အမှန်တရားကို တွေ့နိုင်လေသည်။

မိမိရှုကြည့်ရမည့် အရှုခံ ဤခန္ဓာသည် မိမိ၏အလိုဆန္ဒသို့ မလိုက်မပါဘဲ သူ့သဘော-သူ့သဘာဝ သူ့ဆောင် နေသည်။ ထို(အနတ္တ)ဟူသော သူ့သဘောကို မိမိအနေနှင့် သဘော ပေါက်အောင် ဉာဏ်မှာ ထင်တတ်-မြင်တတ်ဖို့ လိုပါသည်။ သူတို့၏ သဘောလက္ခဏာ အမှန်ကိုမြင်က (အနတ္တ)ဟူသော သူ့သဘောကို သဘောပေါက်လာမှာ အမှန်ဖြစ်ပါသည်။

ထို့ကြောင့် မြတ်စွာဘုရားတဆူတဆူ ပွင့်ထွန်းပေါ်ပေါက် လာပါမှ အင်မတန် နက်နဲ-ခက်ခဲ-သိမ်မွေ့လှတဲ့(အနတ္တ)တရားကို ဖော်ထုတ်နိုင်ပါသဖြင့်(အနတ္တ)လက္ခဏာကို မဂ် ဖိုလ်-နိဗ္ဗာန်ကို ရည်သန်တောင့်တ သံသရာဝဋ်ဆင်းရဲမှ ထွက်လိုလွတ်လိုကြသော ယောဂီသူတော်စင် အပေါင်းတို့သည် ဗုဒ္ဓ၏ အနတ္တမည်သော အနတ္တဆိုတာ ဘာလဲဆိုတဲ့ အမည်ရှိသော စာအုပ်ကို ဝေဖန် ဖတ်ရှုနိုင်စေခြင်းအကျိုးငှါ ကျွန်တော်တို့ သစ္စာဒီပက ဝိပဿနာ အဖွဲ့ချုပ်က ရိုက်နှိပ်ထုတ်ဝေလိုက်ရပါသတည်း။

(ပုံ) ဦးထွန်းတင်
ဥက္ကဋ္ဌ
သစ္စာဒီပက-ဝိပဿနာအဖွဲ့ချုပ်၊ ရန်ကုန်မြို့။

# အခကြောင်းပြ

'အနိစ္စ၊ ဒုက္ခ၊ အနတ္တ' ဟူသော စကားလုံးမှာ ဗုဒ္ဓဘာသာ နယ်ပယ်တွင် အပြောများသောစကား ဖြစ်ပေသည်၊ သီတင်းသီလ ဆောက်တည်လျှင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပုတီးစိပ်ရသည်ဟု မိရိုးဖလာ လက်သုံးတခု ဖြစ်နေသည်၊ ထိထိရောက်ရောက် သဘောပေါက်ကြသည်ကား မဟုတ်၊ အစဉ်အလာ အားဖြင့် သုံးစွဲလာ၍သာ လက်ဆင့်ကမ်း ညွှန်ကြားခြင်း-အသုံးပြုကြခြင်း ဖြစ်လေသည်။

စင်စစ်မှာ မြတ်စွာဘုရား၏သာသနာ(အဆုံးအမ)တရပ်လုံး ခြုံ၍ ကြည့်လျှင် ဉာဏ်သက်ဝင်စရာကား-ယင်း 'အနိစ္စ၊ ဒုက္ခ၊ အနတ္တ' ဟူသော သဘောတရားသာဖြစ်လေသည်၊ ယင်းသဘောတရားဟူသည်မှာ 'အနိစ္စ၊ ဒုက္ခ၊ အနတ္တ' ဟူ၍ ပါးစပ်က ရွတ်ဆို မြည်တမ်းနေ၍လည်းမရ၊ ရှုရှုလှုပ်လှုပ် လက်ကကုတ်၍ နှုတ်က တွတ်တွတ် ပုတီးကိုင်၍ ဖွာအောင်ရွတ်၍လည်းမဖြစ်၊ တကယ် အဖြစ်ကား-ဓမ္မက္ခန္ဓာ ရှစ်သောင်းထောင် နက်ကျယ်အောင် ဟောထားရသည်မှာ ဤ 'အနိစ္စ၊ ဒုက္ခ၊ အနတ္တ' တို့ကို သဘော

ပေါက်အောင် ဟောထားရခြင်းဖြစ်လေသည်၊ မြတ်စွာဘုရား
သာသနာ၏ အဓိက လိုအပ်ချက်သည် ဤ'အနိစ္စ၊ဒုက္ခ၊အနတ္တ'
သင်မြင်ရေးသာဖြစ်လေသည်။

ပုတီးစိပ်တတ်သော သာမန် ဗုဒ္ဓဘာသာဝင်တဦးတယောက်ကို မဆိုထားဘိ-သံသရာဝဋ်မှလွတ်အောင် တရားအလုပ် အားထုတ်သော ယောဂီပင်လျှင် ယင်း'အနိစ္စ၊ဒုက္ခ၊အနတ္တ'ကို သူ့ဉာဏ်အဆင့် အတိုင်းအတာအရ မသိရှိ၊ သဘောမပေါက်က လိုအပ်သော သစ္စာတရား၊ မဂ်ဖိုလ်တရားကို မရနိုင်ချေ၊ ကျွန်ုပ်တို့ဆိုလိုသည်မှာ ပါးစပ်ကရွတ်ရွက်-စိတ်ကမှတ်မှတ်-မိမိဉာဏ်တွင်မှ သဘောတရားအနေနှင့် မသိပါမူ-ထိုယောဂီအတွက် တရားမရနိုင်ပေ။

ထိုစကား မှန်၏၊ ဝိပဿနာလုပ်ငန်း ဟူသည် အသိဉာဏ်လွန်စွာအရေးကြီးသည်၊ ထိုအသိဉာဏ်မှန်ဖို့အတွက် လမ်းစဉ်မှန် သတိပဋ္ဌာန်အလုပ်ကို အားထုတ်ကျင့်ကြံကြရလေသည်၊ ကျွန်ုပ်တို့ လမ်းမှန်ရှာ၍ ကျင့်လေသမျှ-အသိမှန် ဖြစ်ဖို့အတွက်ချည်းသာ ဖြစ်လေသည်၊ လမ်းမှန်ဖြစ်သော သတိပဋ္ဌာန်အလုပ် အားမထုတ်သမျှ-မည်သည့်အခါမျှ အသိဉာဏ်အမှန် ဖြစ်လိမ့်မည်မဟုတ်၊ အသက် ၇-နှစ်အရွယ် ရဟန္တာသာမဏေငယ် တရားပြလေမှ လိုက်နာအားထုတ်ရသော တိပိဋကဓရ ပုဂ္ဂိုလ်ကျော် အရှင်မဟာပေါဋ္ဌိလ တရားရ၍ ရဟန္တာဖြစ်သောအခါ မြတ်စွာဘုရားက 'ချစ်သားပေါဋ္ဌိလ' သင်ယခုရရှိသော အသိဉာဏ်သည် မှန်ကန်စွာ အားထုတ်မှုကြောင့် ဖြစ်လာသော အသိဉာဏ်ဖြစ်

သည်’ဟု မိန့်ဆိုတော်မူလေရာ-အသိမှန်ရလိုသောယောဂီတို့အား ထိုအသိမှန်ရရာရကြောင်း လုပ်ငန်းအကျင့်အရေးကြီးကြောင်းကို ဓမ္မပဒတွင် မြတ်စွာဘုရား သတိပေး ဟောထားသောအတိုင်း ပရမတ္ထဓမ္မဖြစ်သော ဤခန္ဓာ၏ ဉာဏ်အသိဖြစ်ရာ ‘အနိစ္စ, ဒုက္ခ, အနတ္တ’ဟူသော လက္ခဏာ အချက်အလက်တို့ကို အချို့အချို့သော နိဗ္ဗာန်လိုလား ယောဂီများသည်ပင်လျှင် သဘောမသိ-ဉာဏ်မမိသဖြင့် ရှုတ်,ဖတ်,မှုတ် အဆင့်တွင်သာ သောင်တင်နေကြသည်ကို သံဝေဂ ရပေသောကြောင့် မြတ်စွာဘုရား၏ အနတ္တလက္ခဏာသုတ်တော်ကို စံထား၍ လက္ခဏာယာဉ်သုံးပါးတွင် အဓိကကျ၍ အနက်နဲဆုံးသော အနတ္တတရားကို သတိပဋ္ဌာန်ဝိပဿနာအလုပ် အားထုတ်သော ယောဂီသူတော်ကောင်းတိုင်း ဉာဏ်ဖြင့်ထောက်၍ ဝမ်းမြောက်ကြည်ဖြူ-သိတော်မူကြပါစေရန် ကျမ်းဂန်မယုတ်-စွမ်းဉာဏ်ထုတ်၍ ရေးသား စီရင်အပ်သည်ဖြစ်ပေကြောင်း။

ဦးကြည်

သစ္စာဒီပက-ကမ္မဋ္ဌာနာစရိယ

## သစ္စာဒီပက မူလ ဓမ္မာစရိယ ဆရာ-ဦးကြည်

## စီရင်ရေးသားသောစာအုပ်များ

၁။ အမှန်တရားရရန် (မဇ္ဈိမပဋိပဒါလက်စွဲ)
၂။ အမှန်တရားရရန် (မဇ္ဈိမပဋိပဒါ ဝိပဿနာ အမှတ်-၁)
၃။ အမှန်တရားရရန် (မဇ္ဈိမပဋိပဒါ ဝိပဿနာ အမှတ်-၂)
၄။ မဇ္ဈိမပဋိပဒါရှင်းချက်
၅။ မဇ္ဈိမညာဏ်သိဘို့ရန် (**ဒုတိယအကြိမ်ရိုက်ဆဲ**)
၆။ ဝိပဿနာအကျဉ်းချုပ်
၇။ အရိယလမ်းမဂ်စခမ်း
၈။ မဟာဒုက္ခက္ခန္ဓသုတ်အဖွင့်
၉။ သိတာနှင့်သိစရာ
၁၀။ ဗုဒ္ဓ၏ အနတ္တ

အထက်ပါစာအုပ်များကို အောက်ပါဌာနများတွင် ဝယ်ယူရရှိနိုင်ပါသည်။

၁။ (ပင်ရင်းဖြန့်ချိရာဌာန) နဝဒေးပုံနှိပ်တိုက်၊ ၁၃ နတ်စင်လမ်း၊ ကျောက်မြောင်း၊တာမွေစာတိုက်၊ ရန်ကုန်မြို့။ (ဖုံး–၅၁၂၀၉)

၂။ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ်၊ ဗားကရာတိုက်၊ ရွှေတောင်တိုက်သစ်ကျောင်း (ရှမ်းလမ်းနှင့်ဗားကရာလမ်းဒေါင့်) စမ်းချောင်း၊ ရန်ကုန်မြို့။

၃။ သစ္စာဒီပကဝိပဿနာအဖွဲ့ (မဟာရန်ကုန်အရှေ့ပိုင်း) သင်္ကန်းကျွန်းမြို့နယ်၊ (၈) ရပ်ကွက် ခြံအမှတ်(၁၆)။

# အနမတဂ္ဂဆိုတာ ဘာလဲ

## 'နမော သစ္စဒီပကဿ သမ္မာသမ္ဗုဒ္ဓဿ'

မြတ်စွာဘုရား၏ သာသနာတော်သည် (နိယျာနိက) ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ရာ သာသနာ ဖြစ်၏၊ ထိုဝဋ္ဋဆင်းရဲ သံသရာမှ ထွက်မြောက်ရာကို ညွှန်ပြရာ၌ မြတ်စွာဘုရားသည်....

> 'ချစ်သားတို့- အရိယာတို့သည် သိအပ်သော အမှန်တရား လေးပါး တို့ကို ဖြောင့်ဖြောင့် မသိခြင်းကြောင့် ထိုးထိုး ထွင်းထွင်း မသိခြင်းကြောင့် ငါသည်ရင်း, သင် ချစ်သား တို့သည်ရင်း ဤမျှ ရှည်လျား လှစွာ သံသရာကြီးတွင် တပြောင်းပြန်ပြန် ကျင်လည်ခဲ့ရလေပြီ'

ဟု သစ္စသံယုတ် ကောဋိဂါမသုတ်တွင် ညွှန်ပြဟောကြားထားပေသည်။

သို့ဖြစ်လေရာ-ဝဋ္ဋဆင်းရဲ သံသရာမှ ထွက်မြောက်ကြောင်းတရားသည် အရိယာတို့သိအပ်သော (သစ္စာ) အမှန်တရားသာ

ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားပြီး ဖြစ်လေသည်။ သံသရာမှ လွတ်လိုထွက်မြောက်လိုသောသူသည် လွတ်ရာထွက်ရာဖြစ်သော 'သစ္စာ'ကို ရှာဖွေရာ၌....

*.... 'အဇ္ဈာကာသ ကောင်းကင်ဝသို့ တမ်းတမျှော်မှန်း လက်ကိုလှမ်းပြီး တောင်းရမ်း၍လည်း မရချေ'

*.... 'ယမုနာနှင့် ဂင်္ဂါမြစ်တွင်း သက်ကာဆင်း၍ ဝဋ္ဋကင်းဖို့ရန် စိတ်ရည်သန်လျက် မန္တန်တွတ်တွတ် နှုတ်က ရွတ်၍ ဇွတ်ရှာသော်လည်း မရချေ'

*.... 'မိဘဘိုးဘေး အစဉ်ရှေးက ကျင့်သုံးကြသည့် အဂ္ဂိဟုတ ပြာဟ္မဏတို့ မီးစကိုယူ တောမြိုင်ဝှင်ဝယ် လူသူကင်းဝေး မီးလုပ်ကျွေး၍ လွတ်ရေးရှာလည်း မရချေ'

*.... 'ဘဝဘဝါ ကမ္ဘာကမ္ဘာက ပြုလာခဲ့ဒြား အပြစ်များကို ပျောက်သွားရန်တွက် ကျောက်ဖျာသက်၌ ရပ်လျက်နေပူ ကျင့်လေသူလည်း ပူသာပူ၍ မရချေ'

*.... 'စိမ့်စမ်းဂနိုင် တောအုပ်မြိုင်တွင် စိုင်ဆင်ပြောင်ကျားဘေးရန်များနှင့် အစားချိုတဲ့ အဝတ်မဲ့လျက် မင့်ခန္ဓာညှင်းပန်းစွာလျက် ရှာသာရှာလည်း မရချေ'

*.... 'နွားတို့ထုံးစံ ခွေးနည်းဟန်ဖြင့် ပုံစံထပ်တူ ကျင့်ပါမူကား အယူဖြောင့်မတ် ဝဋ္ဋကင်းပြတ်၍ ထက်ရပ်နိဗ္ဗာန် ဆောက်မည်မှန်ဟု ကျင့်ကြံသော်လည်း မရချေ'

*.... 'ထိုမှတကြောင်း အပေါင်းများစွာ လူတို့မှာလည်း ကျင့်သာမူလ အဓိကဟု သိမှုမပါ ဉာဏ်ဗလာဖြင့် ကျင့်ပါမူလည်း မရချေ'

သို့လျှင် မည်သည့်နေရာတွင် မည်သို့ရှာမှ ရမည်နည်း....

စတုက္ကအင်္ဂုတ္တရ ပါဠိတော် ရောဟိတဿသုတ်တွင် 'တကာနတ်သား–စင်စစ်အားဖြင့် အမှတ်သညာလည်း ရှိ၍ အသိစိတ်လည်းရှိသော ဤတလံမျှလောက်သော ပရမတ္ထ အစုအပေါင်းခန္ဓာ၌သာလျှင် လောက(ဒုက္ခ)ကို၎င်း, လောကဖြစ်ကြောင်း(သမုဒယ)ကို၎င်း, လောက၏ ချုပ်ရာ(နိရောဓ)ကို၎င်း, လောက၏ချုပ်ရာသို့ ရောက်ကြောင်း(မဂ္ဂ)ကို၎င်း ငါပညတ်၏'ဟု မိန့်တော်မူသည်။

နေရာဌာနကား ဤခန္ဓာဟု ညွှန်ပြတော်မူပြီ၊ မည်သို့မည်ပုံ ရှာရမည်ကို **ဆက်**၍ လေ့လာရမည်ဖြစ်၏။

**'သတိပဋ္ဌာန်–ကျင့်လမ်းမှန်'** ဆင်းရဲသံသရာမှ လွတ်နိုင်သော အမှန်တရား (သစ္စာ)သည် မိမိတို့၏ **ကိုယ်စီ** ခန္ဓာတိုင်းတွင်ရှိကြောင်း ဟောကြား ညွှန်ပြပြီး ဖြစ်ရာ–အမှန်တကယ် သိလို မြင်လိုသူတို့ ဂရုစိုက် လေ့လာ သင့်လေသည်၊ လေ့လာနိုင်ရန်လည်း မဟာသတိပဋ္ဌာန်နည်းအရ ၄-မျိုး, ၄-ပုံ လေ့လာနိုင်ကြသည်၊ ယင်းကို 'သတိပဋ္ဌာန် ၄-ပါး'ဟု ခေါ်သည်၊ အဓိပ္ပါယ်မှာ-မိမိတို့၏ လက်ရှိခန္ဓာကို ရှုဒေါင့် ၄-မျိုးမှ သတိဦးစီး၍ လေ့လာနည်းဖြစ်ပေသည်။

ယင်းသို့ လေ့လာရာတွင် မည်သည့်ရှုဒေါင့်က လေ့လာ လေ့လာ ဤခန္ဓာ၏ ပင်ရင်းအမှန်ဖြစ်သော 'ရုပ်' သော်၎င်း 'နာမ်'သော်၎င်း တွေ့ရသိရမည်ဖြစ်သည်၊ ဤခန္ဓာသည် (ပရမတ်ဟူသော) အမှန်တရား အစုအပေါင်းတို့ ဖြစ်သောကြောင့် မည်သည့် သတိပဋ္ဌာန်ရှုဒေါင့်ကကြည့်ကြည့် ပရမတ် အမှန်တရားကို ပရမတ်အမှန်အတိုင်းသိဖို့ အရေးကြီးသည်၊ အတိအကျဆိုရမူ-အများက 'ရုပ်နာမ်'ဆိုတိုင်း ရောမလိုက်ပဲ ကိုယ်တိုင်ဉာဏ်နှင့်သိဖို့ အရေးကြီးသည်၊ ဤအရေးကြီးသော အခြေခံပရမတ် အသိမမှန်လျှင် ရှုဒေါင့်(သတိပဋ္ဌာန်)မမှန်ဟုသိရမည်၊ အရှုခံ, အလေ့လာခံရသော သိစရာ ခန္ဓာကား အမှန်အတိုင်း 'ရှုကွက်'အနေနှင့် ရှိနေသည်၊ ရှုနေသိနေရသော အသိဉာဏ် မမှန်လျှင်-ချွတ်ယွင်းနေလျှင်....

"ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ ... ဝိရဒ္ဓါ၊ ဝိရဒ္ဓေါ တေသံ အရိယော မဂ္ဂေါ သမ္မာ ဒုက္ခက္ခယဂါမီ"

(မဟာဝဂ္ဂ သတိပဋ္ဌာနသံယုတ်ပါဠိတော်-၁၅၇)

'ချစ်သားတို့ သတိပဋ္ဌာန်လေးပါးတို့ကို ချွတ်ယွင်းစေသူ ပုဂ္ဂိုလ်ဟူသမျှတို့အား၊ ကောင်းစွာ ဆင်းရဲ၏ ကုန်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အရိယမဂ်ကိုချွတ်ယွင်းစေသည်မည်၏'

ခန္ဓာ၏ပင်ရင်းသည် (စိတ်-စေတသိက်-ရုပ်ဟူသော) အမှန်တရား ပရမတ်များဖြစ်လေသည်၊ ၎င်းတို့ကိုသိဖို့ ရှုကြည့်ရသော

ဉာဏ်သည် 'အမှန်ကို အမှန်အတိုင်း'သိဖို့လိုသည်၊ အမှန်ဖြစ်နေ ရှိနေသော ပရမတ်ကိုမသိက သတိပဋ္ဌာန်ချွတ်ယွင်းသည်ဟုဆိုရ မည်ဖြစ်သည်၊ ဤနေရာတွင် အမှန်ကို အမှန်အတိုင်းသိရမည် ဆိုသဖြင့် 'စိတ်ကို စိတ်ပဲ၊ စေတသိက်ကို စေတသိက်ပဲ၊ ရုပ်ကို ရုပ်ပဲ'ဟု သိနေရမှာလား ဆိုသော်-မဟုတ်ပါ-လုံးဝမဟုတ်ပါ၊ အဘယ့်ကြောင့်ဆိုသော်-

ဤအလုပ်သည် ဉာဏ်အလုပ်-ပညာအလုပ် ဖြစ်သည်၊ မိမိ၏ ကိုယ်ပိုင်ဉာဏ်နှင့် အမှန်သိမဟုတ်လျှင် ထိုအသိမမှန်ပေ၊ 'စိတ္တ' ဟူသောပါဠိမှ အလွယ်တကူ 'စိတ်'ဟု ခေါ်နေကြသည်၊ ထို စိတ်သည် ဘာလဲဟု ဆက်မေးက မိမိကိုယ်တိုင်သိမဟုတ်ကြောင်း သိလာလိမ့်မည်၊ ယင်းသို့ အဓိပ္ပါယ်မသိသော်လည်း အပြော အဆို အသုံးအနှုန်းအားဖြင့် သိကြပါသည် ဆိုငြားအံ့၊ လောက တွင် သိသည်ဖြစ်စေ, မသိသည်ဖြစ်စေ-ဝေါဟာရတခုကို အများ သုံးအတိုင်း လိုက်သုံးက-ရသည် ပြီးသည်-မှန်၏၊ ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်ဖြင့် တရားအလုပ်အားထုတ်သော ယောဂီအတွက် မှာမူ-အများသိနှင့်မရ-ကိုယ်တိုင်သိဖြစ်မှ ရသောကြောင့် မိမိ ကိုယ်တိုင်မသိ၍ သူတပါး သင်ကြားပို့ချပေးသော 'ရုပ်-နာမ်' ဟူသော လောကအသုံးနှင့် မှတ်နေက-အမှန်ကို အမှန်အတိုင်း သိမှုရသော ပရမတ်အသိနှင့် ဝေးကွာလှပေသည်။

ကျွန်ုပ်တို့ကား ကိုယ်တိုင်မသိပဲ အများပြောသော 'ရုပ်'ဟု မသုံးပဲ မိမိကိုယ်တိုင် ဉာဏ်နှင့်တွေ့သိသော 'ဖေါက်ပြန်မှု'ဟု သုံးသည်၊ ထို့အတူ-မိမိကိုယ်တိုင်မသိဘဲ အများပြောသော 'နာမ်'

ဟု မသုံးပဲ-မိမိကိုယ်တိုင် ဉာဏ်နှင့်တွေ့သိသော 'သိမှု'ဟု သုံးသည်၊ ဤသဘောများသည် ဘာသာပြန်ရုံ-စာဖြစ်ရုံ ပြောင်းလဲသည် မဟုတ်၊ မိမိခန္ဓာတွင် မိမိဉာဏ်ရောက်ချိန်၌ 'ရုပ်'ဟု သိနေသလား, 'ဖေါက်ပြန်မှု'ဟု သိနေသလား စမ်းသပ်ကြည့်စေလိုသည်။

ဝိပဿနာအလုပ်ဟူသည် ပင်ရင်းဖြစ်သော ခန္ဓာ၏သဘောကို ဉာဏ်လေ့ကျင့်ခဏ်း ယူရသောအလုပ် ဖြစ်သဖြင့် မိမိကိုယ်တိုင် သဘောပေါက်သောအသိဖြစ်ရန် အရေးကြီးသည်၊ အမှန်သိ မဟုတ်ပဲ အကြံနှင့် သိသည်ကို ဉာဏ်သိ ထင်သောအခါတွင် ဝိပဿနာမဖြစ်ချေ၊ ဝိပဿနာဉာဏ်ဖြစ်မှုသည် ဉာဏ်နှင့်သဘော ပေါက်သိမှုဖြစ်သောကြောင့် 'ရုပ်'ဆိုသောစကား 'နာမ်'ဆိုသော စကားအသုံးအနှုန်းတို့ကို ခန္ဓာတွင် ရှုကြည့်နေသော ယောဂီ အတွက် မိမိကိုယ်တိုင် မသိသော သူတပါး၏ မှတ်ဆိုသော စလုံးနှင့် ကိုယ်တိုင်မသိသော 'ရုပ်'ဟု 'နာမ်'ဟု မှတ်နေပါက 'ယထာဘူတဉာဏ်'ပင် ဖြစ်ရန်မလွယ်ကူလှပေ။

ယခုဖေါ်ပြနေသော သဘောတို့သည် ဤယခုရေးလိုသော အနတ္တအကြောင်းသို့မရောက်မီ အခြေခံအနေနှင့်သာ ဖေါ်ပြရ သဖြင့် အကျဉ်းမျှသာဖြစ်သည်၊ ထိုရုပ်နာမ် အကြောင်းအရာ များကို ကျနုပ်တို့ ရေးပြုစီရင်ထားသောစာအုပ်တိုင်းတွင် တွေ့ နိုင်သည်၊ ဝိပဿနာရှုမည့်ယောဂီ၌ ဤအခြေခံမှန်ပါမှ ဉာဏ် ရောက်မည်ဖြစ်သည်၊ သတိပဋ္ဌာန်ဟူသည်-ခန္ဓာတွင် နကိုရှိနေ သော ဖေါက်ပြန်မှုအပေါင်းဟူ၍ သတိနှင့်သိထားမှု၊ ခံစားမှု ဟူ၍ သတိနှင့်သိထားမှု၊ အသိနှင့်ပတ်သက်၍ သတိနှင့်သိထားမှု၊

သဘောတရားနှင့် ပတ်သက်၍ သတိနှင့်သိထားမှုတို့ဖြစ်ပြီး ထို သတိနှင့် အဖန်ဖန်သိထား, အတည်ပြုထားပြီးသော ပရမတ် တို့ကို ဉာဏ်ဖြင့်ကပ်၍ လေ့လာသောအခါသည် ဝိပဿနာ ဘာဝနာ ဖြစ်လေသည်၊ ယင်းသို့ ဝိပဿနာပိုင်းရောက်ချိန်တွင် အသိဉာဏ်အရေးကြီးလာလေသည်၊ ကာယ, ဝေဒနာ, စိတ္တ, ဓမ္မ သတိပဋ္ဌာန်အစ သတိနှင့် မှတ်နေရသောအဆင့်မျိုး မဟုတ် တော့ပေ၊ တနည်း–သတိနှင့် 'ဇာနတော' သိရုံ-မှတ်ရုံနှင့် မရပေ၊ ပညာနှင့် 'ပဿတော' ကိုယ်တိုင်မြင်, ကိုယ်တိုင်သိ, ကိုယ်တိုင် သဘောပေါက်မှ ဖြစ်လေသည်၊ ဤအပိုင်းတွင် ကျွန်ုပ်တို့ သဘောပေါက်သလောက် မည်သို့ ရေးပြစေကာမူ-အားမရပါ ချေ၊ အဘယ့်ကြောင့်ဆိုသော် ရုပ်နာမ်ဟူသော ပရမတ်သဘော တရားအပေါ် အသိဉာဏ် ရောက်ချိန်တွင် သိမြင်နေရသော သဘောတို့သည် ပညတ်အမည်တပ်၍ ရေးရန်ပင် မစွမ်းသော ကြောင့်ဖြစ်သည်၊ ထို့ကြောင့် ကိုယ်တိုင်ဉာဏ်ဖြင့် ပိုင်နိုင်အောင် သိမှ ဖြစ်မည်မှန်သောကြောင့် သူတပါးအပြောနှင့်သာ မှတ် မနေသင့်-မိမိသိသောဉာဏ်ပညာ ဆုတ်ယုတ်က နိဗ္ဗာန် မရနိုင် ကြောင်း–

ပညာယ ပရိဟာနေန၊ ပဿ လောကံ သဒေဝကံ၊
နိဝိဋ္ဌံ နာမရူပသ္မိံ၊ ဣဒံ သစ္စန္တိ မညတိ။
ပညာဟိ သေဋ္ဌာ လောကသ္မိံ၊ ယာယံ နိဗ္ဗေဓဂါမိနီ၊
ယာယ သမ္မာ ပဇာနာတိ၊ ဇာတိဘဝ ပရိက္ခယံ။

(ဣတိဝုတ်ပါဠိတော်-၂၁၉)

ဘိက္ခဝေ-ချစ်သားတို့၊ ပညာယ-ဝိပဿနာ သမ္မာဒိဋ္ဌိ ဉာဏ်ပညာမှ၊ ပရိဟာနေန-အမှန်ကို မသိသည့်အတွက် အသိဉာဏ် အားနည်း ဆုတ်ယုတ်ခြင်းကြောင့်၊ နာမ· ရူပသ္မိံ-ပင်ရင်းဖြစ်သော ခန္ဓာပရမတ်၏ သိတတ်သော သဘော, ဖေါက်ပြန်တတ်သောသဘော၌၊ နိဝိဋ္ဌံ-ပုဂ္ဂိုလ်, သတ္တဝါ, ငါသူတပါး ထင်မှတ်များသည့် သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိတို့၏ အစွဲအတွင်း၌ နစ်မြုပ်၍နေကြကုန်သော၊ သဒေဝကံ-နတ်နှင့်တကွသော၊ လောကံ-ဖြစ်ကပျက်ကြ သဘာဝမို့ လောကခေါ်ငြား (ရုပ်နာမ်) သဘော တရားကို၊ ပဿ-ဉာဏ်ပညာဖြင့် ကောင်းစွာစေ့ငု အာရုံ ပြု၍ ရှုကြည့်ကြစမ်းပါလော့၊ ဣဒံ-ယခုလက်ရှိ ဤ ကိုယ်ကောင်သည် ငါသာအစစ် ဧကန်ဖြစ်၏ ဟူသော ငါ၏အယူသည်။ (ဣဒံ ပူအေး နွေးရှိန် ထုံကျင်ကိုက်ခဲ သည် ငါ့ခန္ဓာမှာ အမှန်ဖြစ်သမို့-ဒါတွေသာတရားဟု ရှုနေသော ငါ၏အယူသည်) သစ္စံ-ဧကယ်အစစ်အမှန် ဖြစ်၏။ ဣတိ-ဤသို့၊ မညတိ-မှတ်များ, သိမှား, စွဲယူ မှားသဖြင့် တလွဲတခြား ထင်မှတ်၍ နေကြလေပြီ တကား။

လောကသ္မိံ-လောကကြီးထဲ၌၊ ပညာဟိ ပညာဝေ၊ အမှန်မြင်တက်သည့် ဝိပဿနာဉာဏ်ပညာသည်သာလျှင်- သေဋ္ဌာ အမွန်အမြတ်ဆုံးပေတည်း၊ ယာ-ယံပညာ-အကြင် ဝိပဿနာပညာသည်၊ ယသ္မာ-အကြင့်ကြောင့်၊ နိဗ္ဗေ- ဂါမိနီ-ပရမတ်သဘောတရားအမှန်ရောက်အောင် ငါသူ

လူ နတ် စသော ပြည်တကို ဖေါက်ခွဲ၍ သွားနိုင်၏၊ တသ္မာ-ထိုကြောင့်၊ ယာယ-အကြင်ဝိပဿနာဉာဏ်ပညာဖြင့်၊ သမ္မာ-ကောင်းမွန်မှန်ကန်စွာ၊ ဇာတိဘဝပရိက္ခယံ-အဖြစ်ငြိမ်း၍ ဇာတ်သိမ်းရာမှန် မြတ်နိဗ္ဗာန်တရားကို၊ ပဇာနာတိ၊ကောင်းစွာပိုင်ပိုင် သိမြင်နိုင်တော့၏။

ဝိပဿနာအလုပ် အားထုတ်ကြရာတွင် အရင်းခံကျသော ပရမတ်ကိုမှ အခြေခံရလောက်အောင် ဉာဏ်ပညာဖြင့် အမှန်မသိက-တနည်း အမှန်သိရမည့်ဉာဏ်သည်-ပရမတ်ဟူသောအမှန်ကို အမှန်မသိက-တနည်း လောက အသုံး အနှုန်း အခေါ် အဝေါ် အမှတ်သညာတအတိုင်း ပညတ်နှင့် မှတ်နေသိနေက-ဝိပလ္လာသ တရားစုထဲတွင်သာ နစ်မြုပ်နေမည်ဖြစ်၍ အသိအမြင်ထူးရရန်လိုသည်၊ 'အဘိညာယ'ဟူသောပုဒ်သည် ဝိပဿနာရှုသောယောဂီအား မိမိတို့လောက သုံးစွဲရန်သိနေသော သိရိုးသိစဉ်မဟုတ်သော အသိထူး-ပရမတ်သိကို ဆိုလိုသည်။

## 'အရေးကြီးသော သက္ကာယဒိဋ္ဌိ'

ဝိပဿနာတရား အားထုတ်ကြသော ယောဂီများအတွက် ရှေးဦးစွာ သက္ကာယဒိဋ္ဌိသတ်ရန် အထူး အရေးကြီးပေသည်၊ သက္ကာယဒိဋ္ဌိသည် ပုထုဇ္ဇန်နယ်၌သာရှိသည်၊ ၎င်းကို ပယ်မှ-သတ်မှ-အရိယာနယ်သို့ ကူးပြောင်းပြီး သောတာပန် အရိယာစသော အဆင့်ဆင့်မြင့်သော အရိယာပုဂ္ဂိုလ်တို့ချည်း ဖြစ်လေသည်၊ ဒိဋ္ဌိကို မပယ်, မသတ်နိုင်က ပုထုဇ္ဇန်ဘဝတွင် ဆရာရှာချေဦးလော့–

ပုထုဇ္ဇန်ဟူသည် ယထာဘူတဉာဏ်အနေမှ ရပ်တည်၍ရှုကြည့်လျှင် အလွန်လျှင် အပြစ်များလှသောသူဖြစ်လေသည်၊ မိမိသည် ပုထုဇ္ဇန်ဘဝမှ လွန်မြောက်ရန်-သက္ကာယဒိဋ္ဌိဖြုတ်ရန် အားထုတ်နေချိန်ကျမှ ပုထုဇ္ဇန်ဘဝ၏ ဝန်လေးပုံ, သက္ကာယဒိဋ္ဌိ၏ကြောက်ဖွယ်ကောင်းပုံတို့ကို သဘောပေါက်လာပေလိမ့်မည်၊ သက္ကာယဒိဋ္ဌိ မပြုတ်သမျှ-အရိယာသောတာပန်မဖြစ်သမျှ မည်သည့်နည်းနှင့်မျှ ပုထုဇ္ဇန်ဘဝသည် စိတ်မချရဘဝဖြစ်ကြောင်း သိလာမည်၊ သက္ကာယဒိဋ္ဌိ အရာကျယ်ရသည်မှာလည်း ပုထုဇ္ဇန်ကြောင့်သာဖြစ်ကြောင်း မြတ်စွာဘုရားသည်—

'အဿုတဝါ ပုထုဇ္ဇနော။လ။ ရူပံ အတ္တတော သမနုပဿတိ'

ဟု-ပါဠိတော်ပေါင်း များစွာတွင် တွေ့နိုင်သည်။ အဋ္ဌကထာများကမူ-

*.... (ပုထု ကိလေသေ ဇနေန္တီတိ ပုထုဇ္ဇနာ)

'များစွာကိလေ၊ ဖြစ်တတ်ပေ၊ ခေါ်လေပုထုဇ္ဇန်)

ကိလေသာ ဟူသော အညစ်အကြေး-အပူအလောင် တို့ကို တိုးအောင်, ပွါးအောင်, များအောင်, ပြုတတ်သူ, ပြုနေသူသည် ပုထုဇ္ဇန်ဟုဆိုသည်၊

*.... (ပုထု အဝိဟတ သက္ကာယဒိဋ္ဌိကာတိ ပုထုဇ္ဇနာ)
'သက္ကာယရှိ၊ များဒိဋ္ဌိ၊ ခေါ်၏ပုထုဇ္ဇန်'

အပယ်လေးပါးသို့ ပို့ဆောင်တတ်သော သက္ကာယဒိဋ္ဌိရှိသူ-သက္ကာယဒိဋ္ဌိကို အောက်ဆုံးမဂ်နှင့်မှ မပယ်မသတ်နိုင်သူ-မပယ်မသတ်ရသေးသူကို ပုထုဇ္ဇန်ဟုဆိုသည်၊

*.... (ပုထူ သတ္တာရာနံ မုခုလ္လောကိကာတိ ပုထုဇ္ဇနာ)

'ဆရာအများ၊ မြော်တတ်ငြား၊ မှတ်သားပုထုဇ္ဇန်'

ပုထုဇ္ဇန်ဟူသည် ခိုင်မာသော အသိဉာဏ် မရှိသည့်အတွက် မည်သူက ပြောပြော-မည်သူက ဟောဟော-ခေါင်းတငြိမ့်ငြိမ့်နှင့် ဝန်ခံနေတတ်၏၊ အမြဲပင် အားကိုးစရာ ဆရာကိုသာ ရှာနေတတ်၏-ဆရာ့မျက်နှာကိုသာ မြော်နေတတ်၏။ ၎င်းကို'နာနာ-သတ္တာရ ဥလ္လောကနဘော'ဟု ဆိုသည်။ ပုထုဇ္ဇန်၏ အကြောင်းများနှင့်ပတ်သက်၍ အများအပြားရှိသေးသည်။

အကျယ်ကိုလိုမူ.... (မဟာနိဒ္ဒေသပါဠိတော်-၁၉၂။ နေတ္တိပါဠိ အင်္ဂုတ္တရဋ္ဌကထာပါဠိ-၄၇။ အဋ္ဌသာလိနီ- အဋ္ဌကထာ- ၃၀၄-တို့တွင်ကြည့်နိုင်သည်။)

မြတ်စွာဘုရားကလည်း....

*.... 'ယံ ပုထုဇ္ဇနော အညံ သတ္တာရံ ဥဒ္ဒိသေယျ ဌာနမေတံ ဝိဇ္ဇတိ' (အင်္ဂုတ္တရပါဠိတော်-အဋ္ဌာနပါဠိ-၂၉) ဟု-ဟောတော်မူသောအတိုင်း ပေါင်းရုံး၍ဆိုရမူ-ပုထုဇ္ဇန်ဟူသည် လောဘ,ဒေါသ,မောဟ စသော ၃-ပါး၊ ၁၀-ပါး၊ ၁၅၀၀-

ကိလေသာဟူသမျှအား ပွါးများအောင်ပြုလုပ်လေသည်၊ ၎င်းပြင် သက္ကာယဒိဋ္ဌိသည် ကိလေသာအညစ်အကြေးတို့ဖြစ်ပွါးရာ ခေါင်းဆောင်ဖြစ်နေ၍ ၎င်းကို ပယ်ရ-သတ်ရလေသည်၊ မည်သည့် ကိလေသာ မည်သို့ပင်ရှိရှိ-သက္ကာယဒိဋ္ဌိဖြုတ်လိုက်လျှင် ပုထုဇ္ဇန်ဘဝမှ လွတ်တော့သည်။ သက္ကာယဒိဋ္ဌိ မပြုတ်သရွေ့-ပုထုဇ္ဇန်ဘဝမှ မလွတ်သရွေ့-ဆရာဆိုတိုင်း လိုက်ရှာနေရမည်၊ သူများပြောတိုင်း ယုံနေရသောအခြေအနေတွင်ရှိနေမည်၊ အကြောင်းမှု-မိမိခန္ဓာတွင် ကိုယ့်ဉာဏ်နှင့် ကိုယ်တိုင်မသိမှု ကိုယ်တိုင်သိအောင် မလေ့လာမှုကြောင့်ဖြစ်လေသည်၊ ဒိဋ္ဌိပြုတ်သော သောတာပန်ဖြစ်ပါမူကား-နောက်ထပ် ဆရာရှာရမှု သူတပါးတို့၏မျက်နှာကို မော်ကြည့်ရမှုမှ လွတ်ကင်းတော့သည်၊ အကြောင်းမူ-မိမိခန္ဓာတွင် သိစရာရှိသည်များကို ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင်သိထားပြီးသောကြောင့် ဖြစ်လေသည်။

'ကောဝါရုံ မဂ္ဂဉာဏေန ပဋိဝိဒ္ဓဓမ္မော အညေသံ ကထေန္တာနမ္ပိ၊နသဒ္ဒဟန္တိ၊ နဂဏှန္တိ၊ ကသ္မာ အတ္တနော ပစ္စက္ခတ္တာတိ'

(ဇာတကဌကထာ-တ-၇၂)

'ကောဝါရုံ-တကြိမ်၊ မဂ္ဂဉာဏေန-မဂ်ဉာဏ်ဖြင့်၊ ပဋိဝိဒ္ဓ-ဓမ္မော-ထိုးထွင်း၍ သိမြင်ပြီးသော သောတာပန်သည်၊ အညေသံ-တပါးသူတို့၏၊ ကထေန္တာနမ္ပိ-ဟောအပ်သော တရားတို့ကိုလည်း၊ န သဒ္ဒဟန္တိ-မယုံကြည်နိုင်တော့ကုန်၊ န ဂဏှန္တိ-မယူကြတော့ကုန်၊ ကသ္မာ-အဘယ့်ကြောင့်

ဟူမူ၊ အတ္တနော-မိမိကိုယ်တိုင်၏၊ ပစ္စက္ခတ္တာတိ-ကိုယ်တွေ့
သိမြင်ပြီးဖြစ်သောကြောင့်တည်း’

ဟု-အဋ္ဌကထာဖေါ်ပြသောအတိုင်း-မိမိဉာဏ်ဖြင့် ကိုယ်တိုင် အမှန်သိရခြင်းသည် အခြားသူပြောသော အပြောထက် မှန်ကန်ကြောင်းပင် ဖြစ်လေသည်။

**‘သက္ကာယဒိဋ္ဌိ’** ဝိပဿနာတရားကို စတင်အားထုတ်ရာတွင် ဒိဋ္ဌိကိလေသာဖြစ်သော သက္ကာယဒိဋ္ဌိပြုတ်မှု ဂရုစိုက်ရသည်၊ တရားအားထုတ်သူ (မိမိ)ကပင် မသိသော်လည်း ဉာဏ်၏ဦးတည်ချက်သည် ပရမတ်ဖြစ်သောခန္ဓာအပေါ်၌ မမှန်မကန်(မတရား)ငဲ့ယူထားမှု (ဒိဋ္ဌိ)ကိုပြုတ်ရန် တိုက်ခိုက်လေသည်၊ ထိုဒိဋ္ဌိသည် သက္ကာယဒိဋ္ဌိဟူသော ‘ကိုယ်ခံဒိဋ္ဌိ’ ဖြစ်လေသည်၊ ‘သက္ကာယ’ဟူသောစကား၌ ‘သ’တပုဒ်၊ ‘ကာယ’တပုဒ်ဖြစ်သည်။

ထို ‘သ’သဒ္ဒါသည် ‘သန္တ’အနက်-‘သံဝိဇ္ဇမာန’ အနက်ရှိသည်ဖြစ်၍ ‘အမှန်တရား ပရမတ်အားဖြင့် ထင်ရှားရှိခြင်း’အနက်ကို ဟောသည်။

‘ကာယ’သဒ္ဒါသည်လည်း ‘အပေါင်းအစု’ အနက်ကို ဟောသည်ဖြစ်၍-‘သ’သဒ္ဒါနှင့် ‘ကာယ’သဒ္ဒါနှစ်ခုကို စပ်လိုက်သောအခါ ‘အမှန်တရား ပရမတ်အားဖြင့် ထင်ရှားရှိသော အပေါင်းအစု’ဟူ၍ အနက်ရလေသည်။

*.... ‘သက္ကာယေ မိစ္ဆာဝသေနဒိဋ္ဌိ သက္ကာယဒိဋ္ဌိ’

‘သက္ကာယေ-ပရမတ္ထအားဖြင့် ထင်ရှားကေန် ရှိသည်မှန်သော ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး အပေါင်းအစုဖြစ်

သော ဤကာယဒွါ၊ မိစ္ဆာဝသေန-ချွတ်ယွင်းဖေါက်ပြန်စွဲယူပုံမမှန်သည်၏ အစွမ်းအားဖြင့်၊ ဒိဋ္ဌိ ငါ ဟူသော အကောင်အထည်မဟုတ်ပါဘဲလျက် ငါဟူ၍ မှားသော မြင်ခြင်းသည်၊ သက္ကာယဒိဋ္ဌိ သက္ကာယဒိဋ္ဌိမည်၏'

ဤခန္ဓာ၏ ပင်ရင်းသဘောတရားဟူသော 'ဖေါက်ပြန်မှု, သိမှု'သည် ပရမတ္ထအားဖြင့် ထင်ရှားရှိသည်ဖြစ်ပါလျက် ထို အရှိပရမတ်ကို ပရမတ်ဟု မသိပါဘဲ ပုဂ္ဂိုလ်, သတ္တဝါ, မိန်းမ, ယောကျ်ား စသည်ဖြင့်ရင်း-ခေါင်း, ကိုယ်, ခြေ, လက်, နားရွက်, မျက်စိ စသည်ဖြင့်ရင်း....ပူ,အေး,နွေး,ရှိန်,ထုံ,ကျင်,ကိုက်ခဲ စသည်ဖြင့်ရင်း မရှိပညတ်ကို အရှိအနေဖြင့် မှားယွင်းစွာ စွဲယူခြင်းကို သက္ကာယဒိဋ္ဌိဟု ဆိုသည်။

**'အတ္တဒိဋ္ဌိ'** ယင်း သက္ကာယဒိဋ္ဌိ အမှားယူစွဲစရာ အခိုင်အမာ အနှစ်သာရ အနေအားဖြင့် ထင်မြင်မှုသည်လည်း အတ္တဒိဋ္ဌိဟု တမျိုးခေါ်ရပြန်သည်၊ စင်စစ်မှာ သက္ကာယဒိဋ္ဌိကိုပင် ခန္ဓာကို အစွဲမှားချင်းတူသဖြင့် အတ္တဒိဋ္ဌိဟု ခေါ်ခြင်းဖြစ်လေသည်၊ သို့ရာတွင် အတ္တဒိဋ္ဌိဟူသော အသုံးစကားမှာ တရားအားထုတ်သောယောဂီများအတွက် ပို၍ ဉာဏ်ထိရောက်မှုရှိလေသည်၊ အတိအကျ ဆိုရမူ ဝိပဿနာဉာဏ် ရောက်ရာဖြစ်သော 'အနိစ္စ, ဒုက္ခ, အနတ္တ' လက္ခဏာတို့တွင် အရေးကြီးသော အနတ္တ ထင်မြင်မှုမှာ ထိုအတ္တဒိဋ္ဌိပြုတ်မှ အတ္တဒိဋ္ဌိပယ်မှ အနတ္တဉာဏ် ပေါက်၍ မဂ်ရနိုင်သည်၊ သို့အတွက် 'အတ္တ'ဟူသောပုဒ်ကို ရှေးဦးစွာ ရှင်းလင်းအပ်ပေသည်။

**'အတ္တသဒ္ဒါ ရှင်းစရာ'** အနတ္တ တရားကို ပေါ်ရန် အတွက် အရေးကြီးသော 'အတ္တ' ဟူသော သဘောကို တိတိကျကျမသိက မဖြစ်ပေ၊ ထို့ကြောင့်....

*.... 'စိတ္တေ ကာယေ သဘာဝေစ သော အတ္တာ ပရမတ္တနိ'

(အဘိဓာန်-၇၆၁ ဂါထာ)

'အတ္တာ-အတ္တသဒ္ဒါသည်၊ စိတ္တေ-စိတ်၌၎င်း၊ ကာယေ-ကိုယ်၌၎င်း၊ သဘာဝေ သဘော၌၎င်း၊ ပရမတ္တနိ-တိတ္ထိတို့သည် ကြံဆအပ်သော ပရမအတ္တ၌၎င်း၊ ဝါလောကကို ဖန်ဆင်းသော ဗြဟ္မာမင်းဟူသော ထာဝရဘုရား၌၎င်း၊ သိယာ-ဖြစ်ရာ၏'

အဓိပ္ပါယ်ကား—ပုလ္လိင်ဖြစ်သော အတ္တသဒ္ဒါသည်-အချို့ပါဠိတော်၌ စိတ်ကို ဟောသည်၊ အချို့ပါဠိတော်၌ ကိုယ်ကို ဟောသည်၊ အချို့ပါဠိတော်၌ သဘာဝဓမ္မကိုသိုလ်ကို ဟောသည်၊ အချို့ပါဠိတော်၌ ပရမအတ္တခေါ်သော (ဇီဝ)အသက်ကို ဟောသည်၊ ထိုထို ၄ မျိုးသော အနက်တို့ကို ဟောနိုင်သော်လည်း သက်ဆိုင်ရာတွင် သက်ဆိုင်သော အနက်ကိုသာ ယူရလေသည်၊ ပုံစံများ—

**'စိတ်ဟော အတ္တ'** 'အတ္တ'သဒ္ဒါ စိတ်ဟောပုံကို 'အသလ္လီနတ္တ' ဟူသော ပဋိသမ္ဘိဒါမဂ်ပါဠိတော် အဖွင့်တွင်—

(၁) 'ကောသဇ္ဇဝသေန အသလ္လီနော အသံကုစိတော အတ္တာ အဿာတိ အသလ္လီနတ္တော၊ အတ္တာတိ စိတ္တံ၊

ယထာဟ—ဥဒကဉ္စ နယန္တိ နေတ္တိကာ။လ။ အတ္တာနံ ဒမယန္တိ ပဏ္ဍိတာတိအာဒိ’

‘အဿ-ထိုပုဂ္ဂိုလ်အား၊ ကောသဇ္ဇဝသေန-ပျင်းရိသည်၏အစွမ်းအားဖြင့်၊ အသလ္လီနော အသံကုစိတော-မတွန့်တို မဆုတ်နစ်သော၊ အတ္တာ-စိတ်သည်၊ အတ္ထိ-ရှိ၏၊ ဣတိ ထိုကြောင့်၊ အသလ္လီနတ္တော-အသလ္လီနတ္တမည်၏၊ အတ္တာတိ-အတ္တဟူသည်ကား၊ စိတ္တံ-စိတ်တည်း၊ ယထာဟ-အတ္တသဒ္ဒါသည် စိတ်ဟောဖြစ်ကြောင်းများကို မြတ်စွာဘုရား အဘယ်ကဲ့သို့ ဟောတော်မူသနည်းဟူမူကား—ဥဒကဉ္စ နယန္တိ နေတ္တိကာ။လ။ အတ္တာနံ ဒမယန္တိ ပဏ္ဍိတာတိအာဒိ-ပဏ္ဍိတာ-ဤသို့အစရှိသော ပါဠိတော်ကို၊ အာဟ-ဟောတော်မူပြီ။

နေတ္တိကာ-တောင်သူ ယောကျ်ား လယ်လုပ်သားတို့သည်၊ ဥဒကံ-ရေကို၊ နယန္တိ-အလိုရှိရာသို့ရောက်အောင် မြောင်းသွယ်၍ ဆောင်ယူကြကုန်၏၊ ဥသုကာရာ-သားငှက်ပစ်မြား လေးသမားတို့သည်၊ တေဇနံ-မြားကို၊ ဒမယန္တိ-မကွေ့မထောင့် ဖြောင့်ဖြောင့် သွားအောင် ပြုကြကုန်၏၊ တစ္ဆကာ-သစ်ရွေတတ်ငြား တစည်းသမားတို့သည်၊ ဒါရုံ-သစ်ကို၊ ဒမယန္တိ-လိုရာမျဉ်းချ အဖြောင့်ကျအောင် ပြုလုပ်ကြကုန်၏၊ ပဏ္ဍိတာ-ကျိုးကြောင်းမြင်သိ ပညာရှိတို့သည်၊ အတ္တာနံ-စိတ်ကို၊ ဒမယန္တိ-မကောင်းသော အာရုံသို့ ရောက်မသွားအောင် ဆုံးမမြစ်တားထားကြကုန်၏’

အတ္တသဒ္ဒါ၏ စိတ်ဟော ဖြစ်ကြောင်း (ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ-၄၀-မှ) ဖေါ်ပြချက်ဖြစ်သည်။ ၎င်းပြင်-

(၂) 'အတ္တသမ္မာပဏိဓိ' ဟူသောပုဒ်ကို အင်္ဂုတ္တရဋ္ဌကထာ-၂၉၀-က—

'အတ္တသမ္မာပဏိဓိတိ အတ္တနော သမ္မာဌပနံ'ဟု ဖွင့်သည်ကို ထပ်ဆင့်၍—

'အတ္တနော သမ္မာဌပနန္တိ အတ္တနော စိတ္တသန္တာနဿ ယောနိသောဌပနံ'

(အင်္ဂုတ္တရ-စတုက္က-စက္ကသုတ်ဋီကာ-၂၈၈)၌-

'အတ္တသမ္မာပဏိဓိတိ-အတ္တသမ္မာပဏိဓိ ဟူသည်ကား၊ အတ္တနော-စိတ်ကို၊ သမ္မာ-ကောင်းစွာ၊ ဌပနံ-ထားခြင်းတည်း' ဤကား အဋ္ဌကထာအနက်။

'အတ္တနော သမ္မာဌပနန္တိ-အတ္တနော သမ္မာဌပနံ ဟူသည်ကား၊ အတ္တနော-မိမိ၏၊ စိတ္တသန္တာနဿ-စိတ်အစဉ်ကို၊ ယောနိသော-သင့်သောအားဖြင့်၊ ဌပနံ-ထားခြင်းတည်း' ဤကား ဋီကာအနက်။

(၃) 'သမုန္နမယမတ္တာနံ'ဟူသော ထေရဂါထာပါဠိတော်-ဟာရိတထေရ်ဝတ္ထုဂါထာကိုဖွင့်ရာ၌—

'အတ္တာနန္တိ စိတ္တံ' ထေရဂါထာအဋ္ဌကထာ-၁၀၉ တွင်၎င်း 'အတ္တာတိ စိတ္တံ' စူဠနိဒ္ဒေသဋ္ဌကထာ-၁၄ တွင်၎င်း-အတ္တ

သဒ္ဒါကို စိတ်ဟောဖြစ်ကြောင်း အသီးသီးဖွင့်ဆိုကြသည့်အပြင်- ပရိတ်ကြီး မေတ္တသုတ်အဖွင့် အဋ္ဌကထာ-၁၈၅ တွင်—

'သုခိတတ္တာတိ သုခိတစိတ္တာ'ဟူ၍ရှင်း-စိတ်ဟောကို အသေအချာပြသော ပါဠိတော်, အဋ္ဌကထာနှင့် ဋီကာတို့အရ နေရာတကာတိုင်း 'ကိုယ်'ဟူ၍သာ ရှေးဆရာတို့ အနက်ပြန်ကြသည်ကို ကြည့်၍ ဝိပဿနာနှင့်သက်ဆိုင်ရာတို့ကို ယင်းသို့သာ ယူတတ်ကို မကြည့်ပဲ အနက်ပြန်ကြမှု, ထိုအနက်မျှကိုသာ ယူ၍ တရားအားထုတ်နေမှုတို့ကား-ယောဂီသိရမည့်ဉာဏ်ကိစ္စတွင် ဝမ်းနည်းစရာကောင်းလေသည်။

ကျွန်ုပ်တို့ဆိုလိုသည်မှာ-အသိဉာဏ်နေရာတွင် မိမိ နားလည်သဘောပေါက်မည့် မိမိဘာသာနှင့် အနက်ပြန်ရန်ပင်ဖြစ်၏။ ဤ၌ အတ္တသဒ္ဒါ စိတ်ချည်းဟောသလားဆိုသော်-

**'ကိုယ်ဟော အတ္တ'** 'အတ္တ'သဒ္ဒါသည် ကိုယ်ဟူသော အနက်လည်း ဟောကြောင်း အဘိဓာန် အဆိုအရ ကိုယ်ဟောပုံကို ထုတ်ဖော်ပြရလျှင် ပဋိသမ္ဘိဒါမဂ် ပါဠိတော်တွင် 'ပဟိတတ္တ'ပုဒ်ကို ဖွင့်ရာ၌-

(၁) 'ကာယေ ဇီဝိတေစ အနပေက္ခတာယ ပဟိတော ပေသိတော ဝိဿဋ္ဌော အတ္တာ-ဧတေနာတိ ပဟိ-တတ္တော၊ အတ္တာတိ အတ္တဘာဝေါ'

(ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ-၄၁)

'ဧတေန- ထိုပုဂ္ဂိုလ်သည်၊ ကာယေစ-ကိုယ်၌၎င်း၊ ဇီဝိတေစ- အသက်၌၎င်း၊ အနပေက္ခတာယ- ငဲ့ကွက်ညှာတာခြင်း မရှိသည်ဖြစ်၍၊ ပဟိတော ပေသိတော ဝဲသံဌော-အားကုန် စွန့်လွှတ်အပ်သော၊ အတ္တာ-ကိုယ်သည်၊ အတ္ထိ-ရှိ၏၊ ဣတိတသ္မာ-ထို့ကြောင့်၊ ပဟိတတ္တော-ပဟိတတ္တ မည်၏၊ အတ္တာတိ-အတ္တာဆိုသည်ကား၊ အတ္တ-ဘာဝေါ-ကိုယ်တည်း'

အတ္တသဒ္ဒါ၏ ကိုယ်ဟောဖြစ်ပုံကို ပြသည်၊ ၎င်းပြင်-ဘိက္ခုနီဝိဘင်း ပါစိတ်ပါဠိတော်၌လည်း-

(၂) ယာ ပန ဘိက္ခုနီ အတ္တာနံ ဝဓိတွာ ဝဓိတွာ ရောဒေယျ ပါစိတ္တိယံ'

'ယာ ပန ဘိက္ခုနီ-အကြင်ရဟန်းမိန်းမသည်၊အတ္တာနံ-ကိုယ်ကို၊ ဝဓိတွာ ဝဓိတွာ-ထု၍ ထု၍၊ ရောဒေယျ-ငိုကြွေးအံ့၊ ပါစိတ္တိယံ-ပါစိတ်အာပတ်သင့်၏'

ဤသို့ စသည်အားဖြင့် ကိုယ်ဟောပါဠိလည်း အများအပြားပင် ရှိပေသည်၊ သို့ရာတွင် အရာဌာနအားလျော်စွာ သုံးဖို့လိုသည်၊ မည်သည့်ပါဠိကိုမဆို-ဟောထားသော မြတ်စွာဘုရား၏အလိုတော်ကျဖြစ်မှသာလျှင် မိမိတို့၏ မဂ်ဖိုလ်ကိစ္စ ပြီးမည်ဖြစ်၍ သတိပြုရန်ကောင်းသည်။

**'ကုသိုလ်စမှဟော အတ္တ'** အတ္တသဒ္ဒါ၏ ဟောအပ်သော အနက် ၄-ချက်တွင် တတိယမြောက်ဖြစ်သော

ကုသိုလ်သဘာဝဓမ္မ ဟောပုံကို လေ့လာရာတွင် ခန္ဓဝဂ္ဂသံယုတ် ပါဠိတော် အတ္တဒီပသုတ်-၃၅-၌—

(၁) 'အတ္တဒီပါ ဘိက္ခဝေ ဝိဟရထ အတ္တသရဏာ အနညသရဏာ'

'ဘိက္ခဝေ-ချစ်သားတို့၊ အတ္တဒီပါ-ကုသိုလ်တရားဟူသော မှီခိုရာကျွန်းကြီး ရှိကုန်သည်ဖြစ်၍၊ ဝါ-ကျွန်းကြီးနှင့်တူသော မှီခိုရာကုသိုလ်တရားရှိကုန်သည်ဖြစ်၍၊ အတ္တသရဏာ-အားထားရာ ကုသိုလ်တရား ရှိကုန်သည်ဖြစ်၍၊ အနညသရဏာ-ကုသိုလ်မှတပါး အခြားတရားကို အားမထားကြကုန်သည်ဖြစ်၍၊ ဝိဟရထ-နေကြကုန်လော့'

ဟူသော ပါဠိတော်-၎င်းအဖွင့် အဋ္ဌကထာ-၂၄၇တွင် -

'ကောပနေတ္ထ အတ္တာနာမ လောကိယလောကုတ္တရော ဓမ္မော' ဟု ဖွင့်ရာ—

'ဧတ္ထ-ဤအတ္တဒီပါ အတ္တသရဏာ ဟူသောပါဠိတော်၌၊ အတ္တာနာမ-အတ္တဟူသည်ကား၊ ကော-အဘယ်နည်း၊ လောကိယ လောကုတ္တရော-လောကီ လောကုတ္တရာ ဖြစ်သော၊ ဓမ္မော-ကုသိုလ်တရားတည်း၊ ဝါ-ကုသိုလ်တရားသည်၊ အတ္တာနာမ-အတ္တမည်၏၊'

ဟု ဖေါ်ပြချက်-၎င်းပြင်—ဓမ္မပဒပါဠိတော်-၃၇၊ ကုမာရကဿပမာတုထေရီဝတ္ထုတွင်-

(၂) 'အတ္တာဟိ အတ္တနော နာထော၊ ကော ဟိ နာထော ပရောသိယာ' ဟု ဟောသည်၊

'အတ္တနော-မိမိ၏၊ နာထော-အားထား မှီခိုရာသည်ကား၊ အတ္တာဟိ-အတ္တာဝေ-ကုသိုလ်တရားသည်သာလျှင်တည်း၊ ပရော-ကုသိုလ်တရားမှတပါးသော၊ နာထော-အားထားမှီခိုရာသည်၊ ကောသိယာ-အဘယ်မှာ ရှိနိုင်တော့အံ့နည်း၊'

ဤအတ္တမျိုးကား-အဘိဓာန်ဂါထာအညွှန်းအတိုင်း တတိယမြောက် 'သဘာဝေစ' ဟူသော `အနက်အရ-ကုသိုလ်ဓမ္မကို ဟောကြောင်း ဖော်ပြချက်ဖြစ်သည်။

ကျွန်ုပ်တို့ ဦးတည်ရမည့် အတ္တ မဟုတ်သေးချေ၊ **သို့**ရာတွင် 'အတ္တ'ဆိုလျှင် တမျိုးထည်း, တခုထည်း မယူမိစေရန်ငှင်း-ရအပ်သော ပါဠိ၏ဟောချက် ပြည့်စုံစေရန်ငှင်း ရည်ရွယ်၍ရေးသားခြင်းဖြစ်သည်၊ကျွန်ုပ်တို့တိုက်ခိုက်ရမည့်အတ္တကား-စတုတ္ထမြောက် 'ပရမတ္တနိ' ဟူသော အတ္တပင် ဖြစ်ရာ-ထိုအတ္တကိုသာ တရားယောဂီတို့ သဘောပေါက်စေရန် ကျယ်ကျယ်ပြန့်ပြန့် ဖွင့်ဆိုရေးသားမည်ဖြစ်၍ ဂရုစိုက် လေ့လာကြပါကုန်—

**'ပရမ အတ္တ'** ဤ ပရမ အတ္တ ဟူသည်-၎င်း၏ **ဆန့်**ကျင်ဖက် သဘာဝ အနတ္တကို ဖော်ထုတ်သော မြတ်စွာဘုရား မပွင့်မီကပင်လျှင် ဘာသာဝါဒဆိုင်ရာ ပညာရှိပုဂ္ဂိုလ်အသီးသီးတို့ကရင်း 'အဋ္ဌဝကြရသေ့, သရဒရသေ့'စသော ဈာန်အဘိညာဏ်ရသော ရသေ့တို့ကရင်း-ဤခန္ဓာကိုယ်ကို အမျိုးမျိုးအဖုံဖုံ လှုပ်ရှားသွားလာခြင်း, စီမံအုပ်ချုပ်ခြင်း, ကြံစည်စိတ်ကူး

၁၄၂၆၂

ခြင်း, ပြောဆိုပြုလုပ်ခြင်း စသော ကိစ္စတို့ကို ဆောင်ရွက်တတ်သော 'အတ္တ'ဟူသည် ရှိ၏-ဟု ကြံစည်ကြပြီးလျှင် ထိုအတ္တဟူသည်–

၁-ဇီဝအတ္တ။ ၂-ပရမအတ္တ ဟု ၂-မျိုးရှိသည်ဟု ယူကြသည်။ ထိုအတ္တသည်–

၁-'သာမိ' ကိုယ်-ဉာဏ်စသည်တို့ကိုအစိုးရသော ခန္ဓာအိမ်၏အရှင်–

၂-'ကာရက' (ကတ္တာ) မြင်ခြင်း, ကြားခြင်း စသောကိစ္စကိုပြီးစေတတ်သူ–

၃-'ဝေဒက' (ဘောတ္တာ) ချမ်းသာဆင်းရဲ စသည်ကို ခံစားတတ်သူ–

၄-'နိစ္စ' ခန္ဓာအိမ်ပျက်စီးသော်လည်း မပျက်မစီး အမြဲတည်ရှိနေသူ–

၅-'သယံဝသီ' ကိုယ်, ဉာဏ် စသည်တို့ကို မိမိအလိုသို့လိုက်စေ၍ မိမိကမူ တစုံတခု၏အလိုသို့မလိုက်သူ–

၆-'အဓိဋ္ဌာယက' ခန္ဓာအိမ်၏အကြီးအကဲ စီမံခန့်ခွဲတတ်သူ–စသော ကြံစည်ရမ်းဆ၍ ယူအပ်သော အတ္တသည် 'ဇီဝအတ္တ' မည်၏၊ ၎င်းကို ပါဠိဘာသာအရ 'အတ္တ' သက္ကတ ဟိန္ဒီဘာသာအားဖြင့် 'အာတ္မာ'၊ အာရဗီဘာသာအားဖြင့် 'ရူဟ်'၊ အင်္ဂလိပ်ဘာသာအားဖြင့် 'ဆိုလ်'၊ မြန်မာဘာသာအားဖြင့် 'ဝိညာဉ်, အသက်, လိပ်ပြာ' စသည်ဖြင့် ခေါ်ကြလေသည်။

ၡင်းတို့ အကြံအစည်အတွေးအခေါ်အားဖြင့် ထိုအတ္တသည် 'ပရမာဏုမျှ' အတိုင်းအရှည်ရှိ၏၊ နှလုံးအိမ်၌တည်၏-ဟု ဆိုကြလေသည်၊ သာသနာတော်ကျမ်းလာ-နိဂဏ္ဌနာဋပုတ္တ တိတ္ထိဆရာကြီးကမူ-'အတ္တသည် ခန္ဓာအိမ်၏ အတိုင်းအတာအရ-ခန္ဓာငယ်လျှင် အတ္တငယ်၍ ခန္ဓာကြီးလျှင် အတ္တ ကြီးသည်'ဟု ဆိုလေသည်။

ဣဿရနိမ္မာနဝါဒီပုဂ္ဂိုလ်တို့ကား-'လောကကို ဖန်ဆင်းတတ်သူ'ဟု ထင်မှတ်ပြောဆိုတတ်သောအရာသည် 'ပရမအတ္တ'မည်၏၊ ၎င်းကို သက္ကတ ဟိန္ဒီဘာသာအားဖြင့် 'ဤ္ဗရ' ဟူ၍၎င်း၊ 'ပရမေဿွရ' ဟူ၍၎င်း၊ 'ပရမာတ္မာ' ဟူ၍၎င်း-ခေါ်ကြလေသည်၊ ပါဠိဘာသာအားဖြင့် 'ဣဿရ, ပရမိဿရ, ပရမတ္တာ' စသည် ခေါ်၍-ပါရှင်ဘာသာအားဖြင့် 'ခုဒါ' (ခိုဒါ)၊ အာရဗီဘာသာအားဖြင့် 'အလ္လာဟ်'၊ အင်္ဂလိပ်ဘာသာအားဖြင့် 'ဂေါ့ဒ်'၊ မြန်မာဘာသာအားဖြင့် 'ထာဝရဘုရား'ဟု ခေါ်ကြ ပြောကြလေသည်။

ပြဆိုခဲ့သော အယူအဆ အသုံးအနှုန်းတို့သည် ပရမတ္ထအားဖြင့် တစုံတရာမျှမဟုတ်၊ မိစ္ဆာဝါဒီ-လူဗာဟီဟု-တက္ကီသမားကြံဝိုးဝါးတို့၏ အရာမျှသာတည်း၊ ယင်း နာနာဝါဒီတက္ကီပုဂ္ဂိုလ်တို့ ကြံစည်အပ်သော'အတ္တ'သည်-ရုပ်လည်းမဟုတ်၊ ရုပ်၌လည်းမရှိ၊ ဝေဒနာလည်းမဟုတ်၊ ဝေဒနာ၌လည်း မရှိပေ၊ ဝိညာဏ်လည်းမဟုတ်၊ ဝိညာဏ်၌လည်းမရှိ၊ နိဗ္ဗာန်လည်းမဟုတ်၊ နိဗ္ဗာန်၌လည်းမရှိပေ၊ ထိုအတ္တ၌လည်း ခန္ဓာငါးတန် နိဗ္ဗာန်မရှိ၊

သို့ဖြစ်လျှင် လောက၌ ခန္ဓာငါးတန် နိဗ္ဗာန်မှအလွတ်ဖြစ်သော သဘာဝဓမ္မမရှိခြင်းကြောင့် ‘အတ္တ’ ဟူသည် ပရမတ္ထအားဖြင့် တစုံတရာ ဘာမျှမဟုတ်၊ မိစ္ဆာဝါဒီတက္ကိပုဂ္ဂိုလ်တို့ ကြံဆပြောဆိုသော ပညတ်မျှသာဖြစ်၏၊ ထို့ကြောင့်....

*.... ‘သဗ္ဗေဓမ္မာ အနတ္တာ’ ဟု ဟောတော်မူအပ်၏၊ သဗ္ဗေ-အလုံးစုံကုန်သော၊ ဓမ္မာ-ခန္ဓာငါးတန် နိဗ္ဗာန်တရားတို့သည်၊ အနတ္တာ-တက္ကိပုဂ္ဂိုလ်တို့ ကြံဆအပ်သော အတ္တမဟုတ်ကုန်၊ ဝါ-ခန္ဓာငါးတန် နိဗ္ဗာန်ထဲ၌ အတ္တမရှိကုန်-ဟု ဟောတော်မူလေသည်။

**‘သာသနာတော်ကျမ်းလာ အတ္တ’** ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ သုံးနှုန်းနေသော အတ္တမှာ- အသက်,ဝိညာဏ်,လိပ်ပြာစသော အသုံးဖြစ်၏၊ အဘိဓာန်၌ ပြဆိုသော ‘ဇီဝေါတု ပုရိသောတ္တာယ’ ဟူသည်နှင့်အညီ ဇီဝ, ပုရိသ, အတ္တ ဟူသော သဒ္ဒါသုံးမျိုးတို့တွင် ဇီဝသဒ္ဒါ ပုရိသသဒ္ဒါတို့နှင့် အနက်တူသော အသက်ဝိညာဏ်ဟော အတ္တသဒ္ဒါမျိုးဖြစ်သည်၊ ထို့ကြောင့်....

‘ယေန-အကြင် အသက် ဝိညာဏ်ကြောင့်၊ သတ္တာ-သတ္တဝါတို့သည်၊ သတတံ-အမြဲမပြတ်၊ အာတန္တိ ဂစ္ဆန္တိ-သံသရာရဟတ်ချားမှာ သွားလာလှည့်လည်၍ နေကြရကုန်၏၊ ဣတိတသ္မာ·ထို့ကြောင့်၊ အတ္တာ-အတ္တမည်၏၊’

သံသရာရဟတ်ချားမှာ မပြတ်အောင် ကျင်လည်၍နေတတ်သောကြောင့် အတ္တမည်၏-ဟု ဖွင့်ဆိုသောကြောင့်-‘ဂါ ဂာယ်

ဘဝကလာသည်၊ ငါ ဘယ်ဘဝကို သွားမည်မသိ၊ အသက် ထွက်ပြီ၊ အသက်ပျောက်ပြီ'စသည်ဖြင့် ·အမြဲသုံးစွဲပြောဆိုရှိနေကြ သောစကားနှင့် တသားထည်း, တထပ်ထည်းကျနေသော ဇီဝ သဒ္ဒါ-အတ္တ သဒ္ဒါတို့ကို 'ကိုယ်' ဟူ၍-အနက် ပြန်ကြခြင်းကား အလွန်အကျူး အထူးအံ့ဩဖွယ်ကောင်းပေသည်၊ အဘယ့်ကြောင့် ဟူမူ-'ကိုယ်' ဆိုသည်မှာ သေပြီးသည်နောက် ဘယ်ဘဝကိုမှ မပြောင်းမရွှေ့ မသွားမလာနိုင်ပဲ သုသာန်သို့ရောက်နေခြင်းကို ငါမြင် သူမြင် ဖြစ်နေသောကြောင့်တည်း။

ဖော်ပြခဲ့ပြီးသော အတ္တသဒ္ဒါ ၄-မျိုးတို့တွင် ပရမအတ္တဟု ခေါ်ကြသည့် ဇီဝနှင့်အနက်တူသော အသက်ဝိညာဏ်၏သဘော လက္ခဏာကိုလည်း ပါဠိတော်များ၌-

'အယံ အတ္တာ နိစ္စော ဓုဝေါ သဿတော အဝိ- ပရိဏာမဓမ္မော သဿတိသမံ တထေဝ ဌဿတီတိ' (မူလပဏ္ဏာသပါဠိတော်-၁၁။ ဝိဘင်း, ပဋိသမ္ဘိဒါမဂ် ပါဠိတော်များ)

'အယံ အတ္တာ-အများတကာနှင့် ကျမ်းဆရာတို့အသုံး ပြုနေသော အသက်ဝိညာဏ်သည်၊ နိစ္စော-မြဲ၏၊ ဓုဝေါ- အနှစ်ပမာ နိုင်မာလှ၏၊ သဿတော-အခါ ခပ်သိမ်း တည်၏၊ အဝိပရိဏာမဓမ္မော-ဖေါက်ပြန် ပျက်စီးခြင်း သဘောမရှိ၊ သဿတိသမံ-မြဲသော လ, နေတို့နှင့်အတူ၊ တထေဝ ထိုမဖေါက်မပြန်ပဲ အမြဲသာလျှင်၊ ဌဿတိ-

တည်ရှိ၏၊ ဣတိ-ဤသည်ကား၊ နိစ္စ-ဓုဝ-သဿတ ဖြစ်
သော အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ အယူတည်း'။

ဤ ပရမအတ္တဟုခေါ်သော အသက်ဝိညာဏ်သည် မြဲ၏၊ အနှစ်ပမာ ခိုင်မာ၏၊ အခါခပ်သိမ်း တည်ရှိ၏၊ ဖေါက်ပြန်ခြင်း ပျက်စီးခြင်းမရှိ၊ လ, နေ, သမုဒ္ဒရာ, မြေကြီး စသည်တို့ကဲ့သို့ အမြဲ တည်၏ဟု သက္ကာယဒိဋ္ဌိ မကောင်းသူတို့ အယူရှိကြကြောင်းကို သမ္မောဟဝိနောဒနီ(?) သုတ်တွင် ဟောတော်မူသည်၊

ငှင်းပြင်-မူလပဏ္ဏာသဋ္ဌကထာ-၇၄ တွင်လည်း-

'နိစ္စောတိ-မြဲ၏ဟူသည်ကား၊ ဥပ္ပါဒ ဝယ ရဟိတော-ဖြစ်ခြင်း ပျက်ခြင်းမှ ကင်း၏၊ ဓုဝေါတိ-ခိုင်၏ဟူသည်ကား၊ ထိရော-ခိုင်၏၊ သာရဘူတော-အနှစ်ကဲ့သို့ဖြစ်၍ ဖြစ်၏၊ သဿတောတိ-အခါခပ်သိမ်း တည်၏ဟူသည်ကား၊ သဗ္ဗကာလိကော-အခါခပ်သိမ်းတည်၏၊ ဝါ-အခါခပ်သိမ်း ရှိ၏၊'

ဤကား ကျွန်ုပ်တို့ သက္ကာယမကောင်းသူဟူသမျှ-သုံးစွဲယုံကြည်နေချက်ဖြစ်သည်။

**'အတ္တ၏ ကူးပြောင်းပုံ'** ဤ အတ္တအယူ-သဿတအယူ ရှိနေကြသောပုထုဇ္ဇန်ဟူသမျှတို့သည် အယူရှိကြ, စွဲလန်းမှတ်မှား၍ နေကြသော 'အတ္တ'၏ ကူးပြောင်းသွားလာခြင်းကို ယုံကြည်ကြရာ၌ 'လောကတွင် သတ္တဝါတို့သည် ဟောင်းနွမ်းသောအဝတ်ကို စွန့်ပစ်၍ အသစ်ဖြစ်သောအဝတ်တို့ကိုသာ ရှာဖွေ ဝတ်ဆင်ကြသကဲ့ သို့-ထိုအတူ 'အတ္တ'ဟူသော ဝိညာဏ်

အသက်သည်လည်း ဆွေးမြေ့ ဟောင်းနွမ်းသော ခန္ဓာကိုယ်ကို စွန့်ပစ်လျက် အသစ်ဖြစ်သောချမ်းသာကို ရှာမှီးသောအားဖြင့် တပါးသော ခန္ဓာကိုယ်အသစ်တခုထည်းသို့ ကူးပြောင်း၍ ခန္ဓာသစ်တခုကို ယူပြန်လေ၏' ဟု ယုံကြည် ယူဆကြလေသည်၊ ထို့ကြောင့်....

'ဝတ္ထာနိ ဇိဏ္ဏာနိ ယထာ ပဟာယ၊ နဝါနိ ဂဏှာတိ နရောပရာနိ၊ နိက္ခိပ္ပဒေဟံ ဇ္ဇလမဇိဏ္ဏမေဝံ၊ ဂဏှာတိ အတ္တာတိ နဝံ သုခေသီ၊'

(ဝိသုဒ္ဓိမဂ် မဟာဋီကာ-၂၉၃)

'နရော-လူသည်၊ ဇိဏ္ဏာနိ-ဟောင်းနွမ်း ဆွေးမြေ့ ကုန်သော၊ ဝတ္ထာနိ-အဝတ်တို့ကို၊ ပဟာယ-စွန့်ပစ်၍၊ ပရာနိ-တပါးကုန်သော၊ နဝါနိ-အသစ် ဖြစ်ကုန်သော၊ ဝတ္ထာနိ-အဝတ်တို့ကို၊ ဂဏှာတိ ယထာ-ယူပြန်သကဲ့သို့၊ ဧဝံ-ထိုနည်းထားယူ အလားတူ၊ သုခေသီ-မိမိ၏ချမ်းသာကိုသာ ရှာမှီးလေ့ရှိသော၊ အတ္တာ-အသက်ဝိညာဏ်သည်၊ ဇ္ဇလဓ-ဤယခု ဖြစ်ဆဲ ရဆဲသောဘဝ၌၊ ဇိဏ္ဏံ-ဟောင်းနွမ်း ပျက်စီးသော၊ ဒေဟံ-အပုပ်ကောင်ဖြစ်သော ကိုယ်ကြီးကို၊ နိက္ခိပ္ပ-စွန့်ပစ်ထားခဲ့၍၊ အဘိနဝံ-အသစ်ဖြစ်သော၊ ဒေဟံ-ကိုယ်တခုသို့၊ ဂဏှာတိ-ကူးပြောင်း သွားလာ၍ ယူပြန်၏'

ဝိပဿနာဉာဏ်မရောက်သေးသောသူတို့ယူပုံဖြစ်သည်၊ လူသာ သေသည်၊ အသက်ဝိညာဏ်ကား-ဘဝတခုသို့ ရောက်သွားသည် ဟု ပြောဆိုကြသောစကားမျိုးတည်း။ နောက်တနည်း–

၎င်း အတ္တဟူသော ဇီဝ အသက်ဝိညာဏ်၏ ကူးပြောင်း သွားလာပုံကား-လူတယောက်သည် ရွာတရွာမှထွက်၍ တခြား သောရွာသို့ ဝင်ရောက်ပြန်သကဲ့သို့၎င်း၊ အိမ်တအိမ်မှ ထွက်၍ အခြားအိမ်တအိမ်သို့ ဝင်ပြန်သကဲ့သို့၎င်း၊ ထို့အတူ-ထိုအသက် ဝိညာဏ်သည်လည်း မိမိ၏ လက်ရှိခန္ဓာ ဟောင်းနွမ်း ပျက်စီး သေလွန်ကာနီးသောအခါ ထိုခန္ဓာဟောင်းမှခွါထွက်၍ အခြား သော ဘဝခန္ဓာအသစ်ကို ရှာဖွေ၍ ကူးပြောင်း ပြေးဝင်သွား တတ်၏-ဟု ယူစွဲကြလေသည်၊ သေကာနီးဝယ် 'လောက်လန်း သဖွယ်-ဝိညာဏ်တွယ်'ဟုဆိုသည့်အတိုင်း တွယ်စရာ ရှာဖွေတွေ့ရှိမှ ဤခန္ဓာမှ ခွါသည်ဟူ၍ ကူးပြောင်းပုံအယူ စွဲယူကြလေသည်၊ ထို့ကြောင့်....

'ယထာ ဂါမတော နိက္ခမ္မ၊ အညံ ဂါမံ ပဝိသတိ၊
ဧဝမေဝစ သောဇီဝေါ၊ အညံ ဗောန္ဒိံ ပဝိသတိ။
ယထာ ဂေဟတော နိက္ခမ္မ၊ အညံ ဂေဟံ ပဝိသတိ၊
ဧဝမေဝစ သောဇီဝေါ၊ အညံ ဗောန္ဒိံ ပဝိသတိ။'

(ပေတဝတ္ထုပါဠိတော်-၂၀၄)

'ပုရိသော-ယောကျ်ားသည်၊ ဂါမတော-ရွာတရွာမှ၊ နိက္ခမ္မ-ထွက်ခဲ့၍၊ အညံဂါမံ-အခြားတရွာသို့၊ ပဝိသတိ ယထာ-ဝင်ပြန်လေ သကဲ့သို့၊ ဧဝမေဝစ-ဤအတူသာ

လျှင်လည်း၊ သောဇီဝေါ-ထို အတ္တဟူသော အသက်ဝိညာဏ်သည်၊ မရဏကာလေ-သေသောအခါ၌၊ အညံ့ ဗောန္ဒိ-တဘဝ ကိုယ်တခုထဲသို့၊ ပဝိသတိ-ဝင်ပြန်လေ၏။

ပုရိသော-ယောကျ်ားသည်၊ ဂေဟတော-အိမ်တအိမ်မှ၊ နိက္ခမ္မ-ထွက်ခဲ့၍၊ အညံ့ဂေဟံ-တခြား တအိမ်သို့၊ ပဝိသတိ ယထာ-ဝင်ပြန်လေ သကဲ့သို့၊ ဧဝမေဝ-ဤ အတူသာလျှင်လည်း၊ သောဇီဝေါ-ထို အတ္တ ဟူသော အသက်ဝိညာဏ်သည်၊ မရဏကာလေ-သေသောအခါ၌၊ ဣတော-ဤလက်ရှိခန္ဓာထဲမှ၊ နိက္ခမ္မ-ထွက်ခွါခဲ့၍၊ အညံ့ ဗောန္ဒိ-ဘဝတခု ကိုယ်တခုထဲသို့၊ ပဝိသတိ-ဝင်ပြန်လေ၏'

အဓိပ္ပါယ်မှာ အထူးရှင်းစရာလိုမည်မထင်-ဤဝါဒ အယူမျိုးကိုပင်လျှင် ဗုဒ္ဓ၏ဝါဒ, ဗုဒ္ဓဘာသာတရားဟု အများကပင် ယူဆကြသည်၊ အနမတဂ္ဂ မရေမတွက်နိုင်သော ဘဝများစွာတိုင်းတွင် ခန္ဓာအမျိုးမျိုးတို့သည် ပျက်ဆုံး သေပျောက်ဖူးသည်သာတည်း၊ အသက်ဝိညာဏ်သည်သာ တဘဝမှ တဘဝ ပြေးသွားကျင်လည်နေကြတာပါဟု ဆိုကြသည်၊ အသက်, ဝိညာဏ်, လိပ်ပြာသည် မသေမပျောက်. တည်နေသည်ဟုဆိုသည်။

**'သဿတဒိဋ္ဌိ'** သဿတဒိဋ္ဌိ ဟူသည် ဘဝတခုနှင့်တခု အဖြစ်တခုနှင့် တခုကို စပ်၍ တပေါင်းထဲ တစုထဲ တစပ်ထဲပြု၍ ရှိသည်ဖြစ်သည်-ဟု စွဲလန်းသောအားဖြင့် ယူမှား

ခြင်းသည် မခိုင်မမြဲသော ပရမတ်ရုပ်နာမ်ကို အခိုင်အမြဲဟု အမှားစွဲ စွဲယူသောဒိဋ္ဌိဖြစ်၏....

> ချစ်သား ကစ္စာန....ဤလောကရှိ လူအပေါင်းသည် များသောအားဖြင့် ရှိသည်ဖြစ်သည် ဟူ၍ရင်း, မရှိသည် မဖြစ်သည်ဟူ၍ရင်း-ဤနှစ်ပါးကိုမှီ၏။ ချစ်သား ကစ္စာန....ဤသို့သော လောကရှိ လူအပေါင်းကို ကပ်ရောက်မှု, ပြင်းစွာ စွဲလန်းမှု, နှစ်မြုပ်စူးဝင်မှု တို့သည် များစွာ ချည်နှောင်အပ်၏'

ဟု-နိဒါနဝဂ္ဂသံယုတ်ပါဠိတော်-ကစ္စာနဂေါတ္တသုတ်(၂၅၇)တွင် မြတ်စွာဘုရား ဟောခဲ့သည်၊ ရှိသည်-ဖြစ်သည်ဟူသော အယူကို (အယမေကောအန္တော) သဿတဒိဋ္ဌိ အစွန်းတခုဟုဟော၍ 'မရှိသည်-မဖြစ်သည်'ဟူသော အယူကို (အယံ ဒုတိယောအန္တော) ဥစ္ဆေဒဒိဋ္ဌိ ဒုတိယအစွန်းဟု ဟောတော်မူရာ-ကျွန်ုပ်တို့ ဗုဒ္ဓဘာသာများအတွက် 'ရှိသည်-ဖြစ်သည်'ဟူသော (သဿတဒိဋ္ဌိ) အစွန်းမလွတ်သူ အတော်များသည်၊ 'မရှိသည်-မဖြစ်သည်'ဟူသော (ဥစ္ဆေဒဒိဋ္ဌိ)အစွန်းကား မရှိသလောက် ရှားပါးပါသည်။ ထိုအစွန်းလွတ်သော သမ္မာဒိဋ္ဌိကို ညွှန်ပြတော်မူရာ၌-

> 'ဤငါဘုရား၏ သာသနာ၌ အရိယာတပည့်သည်ကား-စိတ်၏ တည်ရာ-နှစ်မြုပ်စူးဝင်ရာ-ကိန်းဝပ်ရာ ဖြစ်သော ထိုကပ်ရောက်မှု,ပြင်းစွာစွဲလန်းမှု,နှစ်မြုပ်စူးဝင်မှုကို 'ငါ၏ အတ္တတည်း'ဟု, မကပ်ရောက်, မစွဲလန်း, မဆောက်တည်၊ ဖြစ်ကြောင်းရှိ၍ ဖြစ်ခဲ့သော-ဆင်းရဲသာ

ဖြစ်၏၊ ချုပ်ကြောင်း ရှိ၍ ချုပ်ခဲ့သော်-ဆင်းရဲသာ ချုပ်၏ဟု, ယုံမှားမှု-တွေးတောမှုမရှိ၊ ဤနေရာ၌ ထို ပုဂ္ဂိုလ်သည် သူတပါးကို အားကိုးသမှုပြု၍ ယုံကြည် ရသည်မဟုတ်၊ မိမိကိုယ်တိုင် ဉာဏ်ဖြင့် သိခြင်းသာ ဖြစ်သည်၊ ချစ်သား ကစ္စာန...ဤမျှဖြင့် (သမ္မာဒိဋ္ဌိ) မှန်သောအမြင်ဖြစ်၏'

ဟု မိန့်တော်မူလေသည်။ ယင်း-သဿတဒိဋ္ဌိအယူ မဖြစ်ရန် ညွှန်ပြ ထားပုံမှာ- သင်္ခါရလောကတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို မြင်သော သူအား 'ရှိသည် ဖြစ်သည်'ဟု-တဆက်ထဲယူသော-သဿတအယူ သည်ငှင်း၊ 'မရှိသည် မဖြစ်သည်'ဟု အပြတ်ယူသော ဥစ္ဆေဒ အယူသည်ငှင်း-ထိုအယူများ နှစ်ခုစလုံး မဖြစ်ပုံကို ဟောထား သောကြောင့် ရုပ်,နာမ်,သင်္ခါရတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို ဉာဏ်ဖြင့်သိမြင်အောင် ဝိပဿနာရှုသောယောဂီတို့သာ လွတ်နိုင် သောအကြောင်းရှိပေသည်။

ယင်းသို့ ရုပ်,နာမ်,သင်္ခါရတို့၏ ဖြစ်ခြင်း ပျက်ခြင်းများကို မသိသည့်အတွက် ခိုင်သည် မြဲသည်ဟု ယူဆကြလေသောကြောင့် သဿတဒိဋ္ဌိ ဖြစ်ကြောင်းကို—

'ယံ ခေါ ဣဒံ ဝုစ္စတိ စက္ခုံ ဣတိပိ သောတံ ဣတိပိ ဃာနံ ဣတိပိ ဇိဝှါ ဣတိပိ ကာယော ဣတိပိ အယံ အတ္တာ အနိစ္စော အဒ္ဓုဝေါ အသဿတော ဝိပရိဏာမ- ဓမ္မော၊ ယဉ္စ ခေါ ဣဒံ ဝုစ္စတိ စိတ္တန္တိ ဝါ မနောတိ ဝါ

ဝိညာဏန္တိ ဝါ အယံ အတ္တာ နိစ္စော ဓုဝေါ သဿတော
အဝိပရိဏာမဓမ္မော သဿတိသမံ တထေဝ ဌဿတိ’
(သုတ်သီလက္ခန်ပါဠိတော်-၂၀)

‘ယံ ခေါ ဣဒံ-အကြင် တရားသဘောကို၊ စက္ခုံ ဣတိပိ-မျက်စိဟူ၍၎င်း၊ သောတံ ဣတိပိ-နားဟူ၍၎င်း၊ ဃာနံ ဣတိပိ-နှာခေါင်းဟူ၍၎င်း၊ ဇိဝှါ ဣတိပိ-လျှာဟူ၍၎င်း၊ ကာယော ဣတိပိ-ကိုယ်ဟူ၍၎င်း၊ ဝုစ္စတိ-ခေါ်ဝေါ်ပညတ် သမုတ်အပ်၏၊ အယံ အတ္တာ-ဤရုပ်နှင့် ပတ်သက်သော အကောင်အထည်ကြီးသည်၊ အနိစ္စော-မမြဲပြီ၊ အဒ္ဓုဝေါ-မခိုင်ပြီ၊ အသဿတော-ကာလကြာအောင် အခါခပ်သိမ်း မတည်ပြီ၊ ဝိပရိဏာမဓမ္မော-ဆွေးမြေ့ဖေါက်ပြန် ပြောင်းလဲခြင်းသဘောရှိ၏၊ ယဉ္စ ခေါ ဣဒံ အကြင်တရားသဘောကို၊ စိတ္တန္တိ ဝါ-စိတ်ဟူ၍၎င်း၊ မနောတိ ဝါ-မနောဟူ၍၎င်း၊ ဝိညာဏန္တိ ဝါ-ဝိညာဏ် ဟူ၍၎င်း၊ ဝုစ္စတိ-သမုတ်ပညတ် ခေါ်ဆိုအပ်၏၊ အယံ အတ္တာ-ဤဝိညာဏ်ဟူသော အတ္တသည်ကား၊ နိစ္စော-မြဲ၏၊ ဓုဝေါ-ခိုင်၏၊ သဿတော-ဘဝနှစ်ခုတို့စပ်ကြားမှာ အခါခပ်သိမ်းတည်၏၊အဝိပရိဏာမဓမ္မော-ဘဝနှစ်ခု အဖြစ်နှစ်ခုတို့ စပ်ကြားမှာ သွားလာကူးပြောင်း၍နေနိုင်သည့်အတွက် ပျက်စီးဖေါက်ပြန်ခြင်း မရှိပြီ၊ သဿတိသမံ-ခိုင်မြဲသော လ,နေတို့နှင့် အတူ၊

တထေဝ-ထိုမဖေါက်မပြန်ပဲ အမြဲသာလျှင်၊ ဌသာတိ-
တည်ရှိ၏’

ဤကား သဿတဒိဋ္ဌိဖြစ်ခြင်းတည်း၊ ကျွန်ုပ်တို့သည် မိမိတို့၏ လက်ရှိခန္ဓာ၏ ပင်ရင်းပရမတ်သဘောကို မသိလေအံ့၊ သိအောင်လည်း လေ့ကျင့်မှု မပြုလေအံ့၊ တနည်း—ပရမတ်ကိုသိသော ဝိပဿနာလုပ်ငန်းကို မလုပ်လေအံ့-ကျွန်ုပ်တို့၏ စိတ်အစဉ်တွင် ဤသဿတဒိဋ္ဌိသည် အခိုင်အမာ ရပ်တည်နေလိမ့်မည်ဖြစ်သည်၊

‘ရုပ်ခန္ဓာသည်သာ တဘဝ တခါ ပျက်စီးသည်, ပြောင်းလဲသည်၊ စိတ်,ဝိညာဏ်,အသက်,လိပ်ပြာသည်ကား-ခန္ဓာအိမ်တခုမှတခုသို့ ပြောင်းဝင်သည်၊ ဝင်စားသည်’ စသည်တို့ဖြင့် နာမ်ကို, စိတ်ကို,ဝိညာဏ်ကို အတ္တ ဟူသော အခိုင်အမာအနေအားဖြင့် စွဲယူထားကြလေသည်။ ဤစွဲယူမှုသည် သက္ကာယဒိဋ္ဌိ-၂၀-တွင်—

*.... ‘ရူပသ္မိံ ဝါ အတ္တာနံ သမနုပဿတိ’ (ပါဠိတော်များ)
‘ရူပသ္မိံ ဝါ-(ရုပ်ဟုပြောကြသော) ဖေါက်ပြန်မှုဋ္ဌမှုလည်း၊ အတ္တာနံ-အကောင်အထည်,အသက်,လိပ်ပြာကို၊ သမနုပဿတိ-အရှိအနေနှင့် ရှုမြင်၏’

မည်သည့်နည်းနှင့်မဆို ‘လူသာ သေသည်-နာမည် မသေ’ဆိုသကဲ့သို့ နာမ်သည်-ဝိညာဏ်အသက်သည် တဘဝမှ တဘဝ၊ တနေရာမှ တနေရာ၊ တရွာမှ တရွာ ရွှေ့ပြောင်းသွားသကဲ့သို့ ၎င်း, အဝတ်တထည်ဟောင်း၍ အသစ်တထည် လဲသကဲ့သို့ရင်း, ဤကိုယ်၏ အသက်ဇီဝ ခေါ် ဆိုရသည့် အတ္တသည် မနာမသေ အမြဲနေ၏ဟူသောသဘောကို အဌကထာက—

'သော သရီရံ ဣမေဝ ဥစ္ဆိဇ္ဇတိ၊ ဇီဝံ ပန ပဉ္ဇရတော သကုဏောဝိယ ယထာသုခံ ဂစ္ဆတီတိ ဂဏှာတိ၊ ဧဝံ ဂဏှတော သာဒိဋ္ဌိ၊ ဣမသ္မာ လောကာဇီဝံ ပရလောကံ ဂတန္တိ ဂဟိတတ္တာ သဿတဒိဋ္ဌိနာမ ဟောတိ'

(နိဒါနဝဂ္ဂဋ္ဌကထာ-၆၄)

'သော-ပရမတ္ထသတ္တာ-ရုပ်နာမ်-၂ ဖြာ၌၊ ဉာဏ်အမြင်ကင်းသောသူသည်၊ သရီရံ-ဤထင်ရှားရှိနေသော ရုပ်ကိုယ်သည်၊ ဣမေဝ-လက်ရှိဤဘဝ၌သာလျှင်၊ ဥစ္ဆိဇ္ဇတိ-သေပျောက်ပျက်စီး၏၊ ဇီဝံ ပန-အတ္တထင်ချက် အသက်ဝိညာဏ်သည်ကား၊ ပဉ္ဇရတော-လှောင်ချိုင့်မှ၊ သကုဏောဝိယ-ထွက်၍ပျံသွားသော ငှက်ကဲ့သို့၊ ယထာသုခံ-အလိုရှိရာ ချမ်းသာမည့်နေရာသို့၊ ဂစ္ဆတိ-ကိုယ်ထဲမှထွက်၍တခါထည်း သွားလေတော့၏၊ ဣတိ-ဤသို့၊ ဂဏှာတိ-စွဲယူ၏၊ ဧဝံ-ဤသို့၊ ဂဏှတော-ပရမတ်ကို မတတ်မသိ၍ထင်မိထင်ရာ ကြောင်ဆာယောင်ဝါး အစွဲများဖြင့် စွဲယူခြင်း၏၊ သာဒိဋ္ဌိ-ထိုအယူမှားသည်၊ ဣမသ္မာ လောကာ-ဤဘဝ ဤလောကမှ၊ ဇီဝံ-အတ္တထင်ချက် အသက်ဝိညာဏ်သည်၊ ပရလောကံ-တမလွန်ဘဝ နောင်ကာလသို့၊ ဂတံ-ကူးပြောင်းသွားလေ၏၊ ဣတိ-ဤသို့၊ ဂဟိတတ္တာ-အယူအစွဲများဖြင့် စွဲယူအပ်သည် အဖြစ်ကြောင့်၊ သဿတဒိဋ္ဌိနာမ-သဿတဒိဋ္ဌိမည်သည်၊ ဟောတိ-ဖြစ်၏'

ကိုယ်သာသေ၍ အသက်ဝိညာဏ်ကား မသေ၊ ဟိုဘဝမှ သည်ဘဝ၊ သည်ဘဝမှ ဟိုဘဝတို့သို့ ရွှေပြောင်းသွားနိုင်လောက်သော ခိုင်မှု၊ မြဲမှု၊ ဆက်မှုရှိသည့်-အခါခပ်သိမ်း တည်ရှိနေသည်ဟု ယူသော 'ကြုပ်ထဲမှာ ပတ္တမြားရှိသည်' ဟူသကဲ့သို့-ရုပ်ကိုယ်ထဲ၌ 'အတ္တ' အမာခံရှိသည်ဟု ယူသောကြောင့် သဿတဒိဋ္ဌိ ဖြစ်လေသည်။

**'ပညာမျက်စိ-မြင်မရှိ၍'** ပရမတ်ရုပ်နာမ်တို့၏သဘောလက္ခဏာကို ဉာဏ်ပညာမျက်စိမရှိက အမှန်ကို အမှန်အတိုင်း ကောန်မသိနိုင်ကြသော အပေါင်းများစွာသတ္တဝါတို့အား ခန္ဓာပရမတ်၏ 'သိတတ်သောသဘော'ကိုပင် 'ဇီဝ၊ အသက်၊ လိပ်ပြာ၊ ဝိညာဏ်'ဟု ထင်မှတ်ကြလေသည်၊ သိသဘောမျှသာရှိသော 'နာမ်ပရမတ်'ကို မသိမမြင်ကြသောသူတို့မှာ—

'သန္တိ ဟိ သတ္တာ ဝိဇာနန သဘာဝေ ဝိညာဏေ ဇီဝသညိနော' (သမ္မောအဋ္ဌကထာ-၇၄)

'ဟိသစ္စံ-သိတတ်သောသဘောကို အသက်ဟုထင်မှားကြသည်ဟူသောစကား မှန်၏၊ ဝိဇာနန သဘာဝေ-အာရုံဝတ္ထုတိုက်တွေ့မှုရှိမှ-သိတတ်သောသဘောရှိသော၊ ဝိညာဏေ-စိတ်ဟုခေါ်ငြား သိတတ်သောတရား၌၊ ဇီဝ-သညိနော-အခိုင်အမြဲ-အသက်ပဲ၊ ငါပဲဟုမှတ်ထင်၍နေကြကုန်သော၊ သတ္တာ-လူနတ်ပြဟ္မာ သတ္တဝါတို့သည်၊ သန္တိ-ပရမတ္ထသဘာဝကို သိသူကရှား မသိကြသူ များများကြီး ရှိကြလေကုန်၏။'

ခန္ဓာပရမတ်၏ ပင်ရင်းသဘောကိုမသိသဖြင့် 'သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ, အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ' စသည် ဖြစ်ကြလေသည်၊ ဝိပဿနာအလုပ်သည် ယင်းခန္ဓာပရမတ်၏ ပင်ရင်းသဘောကို သိအောင် လေ့လာရ, မှတ်သားရ, ပွါးများရ, အကဲခတ်ရသော အလုပ် ဖြစ်လေသောကြောင့် ခန္ဓာပရမတ်၏ သဘောတရားမှန်ကို-သိအောင် လေ့လာအကဲခတ် ပွါးများအားထုတ်နေကြသော ဝိပဿနာသမားများမှလွဲ၍ အနည်းဆုံး အညံ့ဆုံးအားဖြင့် ရုပ်နာမ်ပရမတ်၏ အကြောင်းပစ္စည်းကို ကာလသုံးပါး၌ သိမ်းဆည်းနိုင်လောက်သော 'ပစ္စယ ပရိဂ္ဂဟဉာဏ်'ပိုင်ရှင်များမှ လွဲ၍ ဗုဒ္ဓဘာသာဝင်ဆိုကာမျှဖြင့် သဿတဒိဋ္ဌိ လွတ်ဖို့မမြင်ချေ၊ ထိုစိတ်ဟူသော သိတတ်သော သဘောကို အသက်,လိပ်ပြာ ထင်မှတ်ခြင်း၏ အကြောင်းရင်းမှာ-အကြင်သူသည် 'စက္ခု သောတ' စသော တကိုယ်လုံးသော ရုပ်တရားတို့၏ ပျက်ဆုံးချုပ်ပျောက်ခြင်းကို မြင်၏၊ စိတ်ဝိညာဏ် ဟူသော 'အသိ' နာမ်တရား၏ အကြောင်းအားလျော်စွာ ပျက်စီးချုပ်ပျောက်နေခြင်းကို မမြင်၊ ယင်းသို့ စိတ်ဝိညာဏ်၏ ချုပ်ပျောက်ပျက်စီးသည်ကို မမြင်၍ ငှက်တကောင်သည် သစ်တပင်ကိုစွန့်၍ တပင်သို့ ရွှေပြောင်းနားနေသကဲ့သို့-ထိုစိတ်ဝိညာဏ် အသက်သည်လည်း-ရုပ်ခန္ဓာတခု ပျက်လျှင်-အခြားသော ရုပ်ခန္ဓာတခုထဲသို့ ပြောင်းရွှေသွားလေ၏-ဟု အယူရှိကြကြောင်းကို—

"အယံ စက္ခာဒီနံ ဘေဒံ ပဿတိ။လ။ စိတ္တေ
အညတြ ဂစ္ဆတီတိ ဂဟေတွာ"

(သုတ်သီလက္ခန် အဋ္ဌကထာ-၁၂၅-ဟံ-မူ)

‘အယံ-ဝိပဿနာ ပညာမျက်စိ အမြင်မရှိသော ဤသူသည်၊ စက္ခာဒီနံ-မျက်စိ,နား စသော တကိုယ်လုံးရှိ ဖေါက်ပြန်တတ်သောသဘောတရားတို့၏၊ ဘေဒံ-ပျက်စီးသေပျောက်သည်ကို၊ ပဿတိ-မြင်၏၊ စိတ္တံ ပန-အသိသဘောသည်ကား၊ ပုရိမံ ပုရိမံ-ရှေးရှေး စိတ်သည်၊ ပစ္ဆိမဿ ပစ္ဆိမဿ-နောက်နောက် စိတ်အား၊ ပစ္စယံ ဒတွာ-အနန္တရ-စသော ပစ္စယသတ္တိကိုပေးခဲ့၍၊ ယသ္မာ-အကြင့်ကြောင့်၊ နိရုဇ္ဈတိ-မထင်ကွယ်ငုပ် ပျောက်ချုပ်လေတော့၏၊ တသ္မာ-ထိုသို့-ရုပ်ကဲ့သို့ မထင်ရှားဘဲ စိတ်တရားအစဉ်သည် မထင်ကွယ်ငုပ် ပျောက်ချုပ်ခဲ့လေသောကြောင့်၊ စက္ခာဒီနံ-မျက်စိ,နား စသော တကိုယ်လုံးရှိ ဖေါက်ပြန်တတ်သောသဘောတရားတို့၏၊ ဘေဒတော-ချုပ်ပျောက် ပျက်စီးခြင်းထက်၊ ဗလဝတရမ္ပိ-အထူးသဖြင့် လျှင်မြန် အားရှိသည်လည်း ဖြစ်သော၊ စိတ္တဿ ဘေဒံ-စိတ်အစဉ်၏ မထင်ကွယ်ငုပ် ပျောက်ချုပ်၍သွားပုံကို၊ န ပဿတိ-ရုပ်ကဲ့သို့မထင်ရှား၍ ပိုင်းခြားထင်ထင် မသိမြင်၊ သော-ထိုသူသည်၊ တံ-ထိုစိတ်အစဉ်၏ ပျက်နေပုံကို၊ အပဿန္တော-ဟုတ်တိုင်းထင်ထင် မသိမမြင်နိုင်ကုန်သည်ဖြစ်၍၊ သကုဏော-ငှက်သည်၊ ဧကံရုက္ခံ-တခုသောသစ်ပင်ကို၊ ဇဟိတွာ-စွန့်ခဲ့၍၊ ဧကသ္မိံ-တခုသောသစ်ပင်၌၊ နိလီယတိယထာ-ပြောင်းရွှေ့ နားနေသကဲ့သို၊ ဧဝမေဝ-ထိုနည်းပုံယူ အလားတူသာလျှင်၊ စိတ္တံ-အသိဝိညာဏ်သည်၊ ဣမသ္မိံ အတ္တဘာဝေ-ဤကိုယ်ခန္ဓာ

ရုပ်တရားသည်၊ ဘိန္နေ-ပျက်စီးသေပျောက်သည်ရှိသော်၊ အညတြ-အသစ်ဖြစ်သော ရုပ်ကိုယ်တခုထဲသို့၊ ဂစ္ဆတိတိ-တချက်ထည်း ပြောင်းရွှေသွားလေ၏ဟု၊ ဂဟေတွာ-မိစ္ဆာအနေ စွဲယူလေ၍....'ဟု ဖေါ်ပြသည်၊

၎င်းပြင် "အကြင်သူသည် သတ္တဝါ၏ ပျက်စီးသေပျောက်ခြင်းကိုသာ မြင်၏၊ အသစ်တခါ ဖြစ်ပေါ်လာသည်ကို မမြင်၊ ထိုသူသည် 'သေလျှင်ပျောက်၏-ပျက်၏'ဟူသော 'ဥစ္ဆေဒအယူ'ကို စွဲယူလေသည်၊ အကြင်သူသည် သတ္တဝါတို့ ဖြစ်ပေါ်လာသည်ကိုသာ မြင်၏၊ ခန္ဓာနာမ်ရုပ်တို့၏ ချုပ်ပျက်နေသည်ကို မမြင်၊ ထိုသူသည် 'သဿတအယူ'ကို စွဲယူလေသည်"ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာတွင် ပြဆိုထားသည်။

**'သာတိရဟန်း'** မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ်-တံငါ၏သား 'သာတိ'အမည်ရှိသောရဟန်းသည်၊ မြတ်စွာဘုရားသည် ဟောအပ်သော အတိတ်ဇာတ်တော်တို့ကို ကြားနာရသည်ကား-'ချစ်သားတို့-ထိုအခါ၌ ငါကား-မဟာဇနကမင်းကြီးဖြစ်တော်မူသည်၊ မဟောသဓ-ပညာရှိလည်းဖြစ်ခဲ့ပြီ၊ ဝိဓူရ သုခမိန်လည်း ဖြစ်လေပြီ၊ ဝေဿန္တရာမင်းကြီးလည်း ဖြစ်ဖူးပြီ'စသော ဇာတ်တော်များကို ကြားနာရပြီးလျှင်-

'ချစ်သားတို့-ထိုအခါ ငါဘုရားသည် ဝေဿန္တရာမင်းကြီး ဖြစ်ဖူးပြီ၊ မဟောသဓ သုခမိန် ဖြစ်ခဲ့သည်၊ ဝိဓူရ အမတ်ပညာရှိ

ဖြစ်လေပြီ၊ မဟာဇနကမင်းကြီး ဖြစ်ခဲ့လေသည်’ စသည်ဖြင့် ဟောကြားတော်မူသည်ကို အကြောင်းပြု၍-ထိုရဟန်း၏ စိတ်၌

‘တဒေဝိဒံ ဝိညာဏံ သန္ဓာဝတိ သံသရတိ အနညံ’

(မူလပဏ္ဏာသပါဠိတော်-၃၂၃)

‘ထိုအသက် ထိုဝိညာဏ်သည်ပင်လျှင် ဘဝများစွာ သံသရာ၌ ပြောင်းသွား၏-ရွှေသွား၏-ကျင်လည်၏-ဘဝဆက်စပ် မရပ်မနား မသေသောအားဖြင့် လှည့်လည်နေ၏၊ ဝိညာဏ် အသက်မှ တပါးသော-တရားသည် ပြေးသွားကျင်လည်သည်မဟုတ်ချေ’

ဟု-အယူသည် ဖြစ်၏၊ အဋ္ဌကထာ-၂၀၅ ၌လည်း—

‘ဣမေ ရူပဝေဒနာ သညာ သင်္ခါရာ-ဤရုပ်,ဝေဒနာ သညာ, သင်္ခါရ ဟူသော ခန္ဓာလေးပါးတို့သည်၊ တတ္ထ တတ္ထေဝ-ထိုထိုဖြစ်ရာဌာန ဘုံဘဝ၌သာလျှင်၊ နိရုဇ္ဈန္တိ-ချုပ်ဆုံးသေပျောက် ပျက်စီးကြလေကုန်၏၊ ဝိညာဏံ ပန-အသက်ဝိညာဏ်သည်ကား၊ ဣဓလောကတော-ဤ လက်ရှိဘဝ လောကမှ၊ ပရလောကံ-တခြား တပါး တမလွန်လောကသို့၊ ပရလောကတော-တခြား တပါး သော တမလွန်လောကမှ၊ ဣမံ လောကံ-ဤလက်ရှိဘဝ လောကသို့၊ သန္ဓာဝတိ-မနားမရပ် လှည့်ပတ်သွားလာ၏၊ သံသရတိ-မရပ်မတည် လှည့်လည်၍နေ၏၊ ဣတိ-ဤသို့၊ သဿတဒဿနံ-သဿတဒိဋ္ဌိအယူသည်၊ ဥပ္ပန္နံ-ဖြစ်ပြီ’

ဟု-အသက်ဝိညာဏ် အဆက်မပြတ်ဟုယူသော သဿတဒိဋ္ဌိဖြစ်ကြောင်း ပြဆိုသည်၊ ဤသို့ ယူဆခြင်းသည်-စွဲယူခြင်းသည်-တို သာတိရဟန်းအား-

*.... (ဗုဒ္ဓေန အကထိတံ ကထေတိ)

'မြတ်စွာဘုရား မဟောသည်ကို ဟောသည်'ယူ ယူစွဲချက်—

*.... (ဇိနစက္ကေ ပဟာရံ ဒေတိ)

'သာသနာ့ဓမ္မစက်ကို ပုတ်ခပ်ခြင်း'ဟူသောယူစွဲချက်-

*.... (ဝေသာရဇ္ဇဉာဏံ ပဋိဗာဟတိ)

'ရဲရင့်စွာကြွေးကြော်အပ်သော ဝေသာရဇ္ဇဉာဏ်တော်ကို တားမြစ်ခြင်း'

*.... (သောတုကာမံ ဇနံ ဝိသံဝါဒေတိ)

'တရားနာလိုသူများကို မှောက်မှားချွတ်ချော်စေခြင်း'

*.... (အရိယ ပထေ တိရိယံ နိပတိတွာ မဟာဇနဿ အဟိတာယ ဒုက္ခာယ ပဋိပန္နော)

'အရိယာတို့ သွားရာလမ်း၌-ကန့်လန့်ဖြတ်အိပ်၍-များစွာသော သံသရာခရီးသွားများအား အကျိုးယုတ်၍ ဆင်းရဲပွါးအောင်ပြုကျင့်ခြင်း....'

စသည်ဖြင့် အပြစ်ပြ၍ မြတ်စွာဘုရားဟောတော်မူသော တရားဝါဒနှင့် လုံးဝဆန့်ကျင်သည်ကို အဋ္ဌကထာက—

'သမ္မာသမ္ဗုဒ္ဓေန ပန ဝိညာဏံ ပစ္စယသမ္ဘဝံ, သတိ ပစ္စယေ ဥပ္ပဇ္ဇတိ၊ ဝိနာ ပစ္စယံ နတ္ထိ-ဝိညာဏဿ သမ္ဘဝေါ' (အဋ္ဌကထာ-၂၀၅)

'မြတ်စွာဘုရားသည်ကား....ဝိညာဏ် ဟူသော 'သိသဘော' သည်၊အကြောင်းတိုက်ဆိုင်မှုရှိသော် ဖြစ်ပေါ်လာ၏၊အကြောင်းနှင့်ကင်း၍ 'သိသဘော'ဝိညာဏ် ဖြစ်ပေါ်ရိုးမရှိ'ဟု ဟောတော်မူရာ-မြတ်စွာဘုရား၏ ၁ ါဒနှင့် လုံး၀ ဆန့်ကျင်လေသည်၊ ပါဠိတော်တွင်လည်း မြတ်စွာဘုရားက–

'ချစ်သားရဟန်းတို့-သင်တို့သည် ငါဟောကြားထားအပ်သောဘရားကို ကောင်းစွာသလျှင် သိနားလည်ကြကုန်၏၊ မှန်၏–ဝိညာဏ် ဟူသော 'သိသဘော' သည် အကြောင်းကိုစွဲ၍ဖြစ်၏၊ အကြောင်းကိုကြဉ်၍, အကြောင်းမရှိပဲ ဝိညာဏ်ဟူသော 'အသိ'၏ ဖြစ်ခြင်းသည် မရှိ၊ဟု-များစွာသော အကြောင်းတို့ဖြင့် သင်တို့အား ငါဘုရား ဟောကြားခဲ့ပြီ၊ ယင်းသို့ ဟောကြားထားပါလျက် ထိုတံငါသည်၏သား သာတိရဟန်းသည်-မိမိယူစွဲသော အစွဲမှားဖြင့်-ငါတို့ကိုလည်း စွပ်စွဲ၏၊ မိမိကိုယ်ကိုလည်း တူးဖို၏၊ များစွာသော မကောင်းမှုကိုလည်း ဖြစ်ပွါးစေ၏၊ ထိုသို့ အမှားစွဲယူခြင်းဖြင့် မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ထိုသူအား ကာလရှည်ကြာစွာ အကျိုးစီးပွါးမဲ့ခြင်း ဆင်းရဲခြင်းငှါ ဖြစ်လတ္တံ့။

ချစ်သားရဟန်းတို့-အကြင်အကြောင်းကိုသာလျှင် အစွဲပြု၍ 'သိသဘော'ဝိညာဏ် ဖြစ်ပေါ်လာရ၏၊ ထိုထိုစွဲသောအကြောင်း ဖြင့်သာလျှင်'သိသဘော'ဝိညာဏ်ဟု ခေါ်ဝေါ်ခြင်းသို့ရောက်၏-

*.... မျက်စိနှင့် အဆင်းကိုအစွဲပြု၍ သိမှု ဖြစ်ပေါ်လာ၏၊ 'မြင်သိ'ဟု ခေါ်ဝေါ်ခြင်းသို့ရောက်၏၊

*.... နားနှင့် အသံကို အစွဲပြု၍ သိမှု ဖြစ်ပေါ်လာ၏၊ 'ကြားသိ'ဟု ခေါ်ဝေါ်ခြင်းသို့ရောက်၏၊

*.... နှာခေါင်းနှင့် အနံ့ကို အစွဲပြု၍ သိမှု ဖြစ်ပေါ်လာ၏၊ 'နံသိ'ဟု ခေါ်ဝေါ်ခြင်းသို့ရောက်၏၊

*.... လျှာနှင့် အရသာကို အစွဲပြု၍ သိမှု ဖြစ်ပေါ်လာ၏၊ 'လျက်သိ'ဟု ခေါ်ဝေါ်ခြင်းသို့ရောက်၏၊

*.... ကိုယ်နှင့် အတွေ့ကို အစွဲပြု၍ သိမှု ဖြစ်ပေါ်လာ၏၊ 'ထိသိ'ဟု ခေါ်ဝေါ်ခြင်းသို့ရောက်၏၊

*.... စိတ်နှင့် ဓမ္မကို အစွဲပြု၍ သိမှု ဖြစ်ပေါ်လာ၏၊ 'ကြံသိ'ဟု ခေါ်ဝေါ်ခြင်းသို့ရောက်၏၊

ချစ်သား ရဟန်းတို့.... ဥပမာသော်ကား-အကြင် အကြင် အကြောင်းကိုသာလျှင်စွဲ၍ မီးသည် တောက်၏၊ ထိုထိုအကြောင်း အားဖြင့်သာလျှင် ခေါ်ဝေါ်ခြင်းသို့ရောက်၏၊ သစ်သားထင်းကို စွဲ၍ မီးသည် တောက်၏၊ 'သစ်သားမီး'ဟုသာ ခေါ်ဝေါ်ခြင်းသို့ ရောက်၏၊ ဝါးခြမ်းကိုစွဲ၍ မီးသည် တောက်လောင်၏၊ 'ဝါးခြမ်း မီး'ဟုသာ ခေါ်ဝေါ်ခြင်းသို့ ရောက်၏၊ မြက်ခြောက်ကိုစွဲ၍ 'မြက်ခြောက်မီး'။

.... နွားချေးခြောက်ကို စွဲ၍ 'နွားချေးမီး'
.... ဖွဲ့ကို စွဲ၍ 'ဖွဲ့မီး'
.... အမှိုက်ကိုစွဲ၍ မီးသည် တောက်လောင်၏၊ 'အမှိုက်မီး' ဟုသာ ခေါ်ဝေါ်ခြင်းသို့ရောက်၏၊

ချစ်သား ရဟန်း....ဤ အတူသာလျှင် အကြောင် အကြောင် အကြောင်းကိုသာလျှင်စွဲ၍ 'သိသဘော'ဝိညာဏ် ဖြစ်ပေါ်လာရ၏၊ ထိုထိုအကြောင်းဖြင့်သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်၏'ဟု-မူလပဏ္ဏာသပါဠိတော်-၃၂၅၊ မြန်မာပြန်-၃၃၃ တို့တွင် ဖတ်ရှုလေ့လာနိုင်သည်။

**'သာတိရဟန်း၏ ဝိညာဏ်ဝါဒ'** သာတိရဟန်း၏ အယူဝါဒကို မြတ်စွာဘုရားခေါ်၍ မေးမြန်း စစ်သောအခါ-သာတိရဟန်းက-သူ၏ ဝိညာဏ်ဝါဒကို လျှောက်ထားရာ၌-

'ဘန္တေ-အရှင်ဘုရား၊ ယော အယံ-အကြင် အသက်ဝိညာဏ်သည်၊ဝဒေါ-ပြောတတ်ဆိုတတ်၏၊ဝေဒေယျော-အာရုံအရပ်ရပ်တို့ကို သိလည်းသိတတ်, ခံစားလည်းခံစားတတ်ပါ၏၊ တတြ တတြ-ထိုထိုအာရုံတို့၌၊ ကလျာဏ-ပါပကာနံ ကမ္မာနံ-ကုသိုလ်ကံ အကုသိုလ်ကံ ၂-ပါးတို့၏၊ ဝိပါကံ-ကောင်းသောအကျိုး, မကောင်းသောအကျိုးကို၊ ပဋိသံဝေဒေတိ-ခံစား စံစားတတ်ပါ၏'

သာတိရဟန်း၏ အယူဝါဒကို ကြည့်ပါ-ပရမတ် ရုပ်နာမ်၏ လက္ခဏာသဘာဝကိုမသိသော သာမန် ဗုဒ္ဓဘာသာတယောက်၏

ယှူစွဲပုံမျိုးသာဖြစ်သည်၊ ကမ္ဘာကတာသမ္မာဒိဋ္ဌိမျိုးပင်ဖြစ်သည်၊ သို့ရာတွင် မြတ်စွာဘုရား၏ 'နိယျာနိက' သံသရာပြတ်ဝါဒနှင့် လုံးဝဆန့်ကျင်နေသောကြောင့် မြတ်စွာဘုရားက—

*.... 'မောဃ ပုရိသ' မင်္ဂဖိုလ်မှ အချည်းနှီး ဖြစ်သော ယောကျ်ား—

*.... 'အတ္တနာ ဒုဂ္ဂဟိတ' မိမိအတွက်လည်း မကောင်းစွာ ယှူမိသူ—

* 'အမေ့စေဝ အဗ္ဘာစိက္ခသိ' ငါတို့ကိုလည်း စွပ်စွဲသူ—

*.... 'အတ္တာနဥ္စ ခဏသိ' မိမိကိုယ် မိမိ တူးဖြိုသူ—

*.... 'ဗဟုဉ္စ အပုည့် ပသဝသိ' များစွာသောမကောင်းမှု ပွါးစေသူ -

စသော အပြစ်တင်ဆိုချက်များစွာဖြင့် ကဲ့ရဲ့ခြင်းသည်-မြတ်စွာဘုရား၏ သာသနာတွင်နေ၍ သာသနာ အယူအဆ-သာသနာ အလုပ်နှင့် လုံးဝဆန့်ကျင်သောကြောင့် ဖြစ်လေသည်၊ သာတိ ရဟန်း၏ဝါဒသည် 'ဇီဝအတ္တ' ဖြစ်လေသည်၊ ဤဝါဒမျိုး စွဲယှူ ထားသည့်အတွက် မြတ်စွာဘုရား၏ နိယျာနိက သာသနာတော်, အနတ္တ သာသနာတော်အား ကြီးစွာ အနှောက်အယှက် ဖြစ် လေသည်၊ အစိုးရမင်းတို့အုပ်ချုပ်သော နိုင်ငံတော်၌ ခိုးသား ထားမြ သူပုန်သူကန်တို့ ဖြစ်ပေါ်ရခြင်းသည် တိုင်းသားပြည်သူ ခပ်သိမ်းလူတို့၏-ကြီးစွာသောဆင်းရဲဖြစ်ရသကဲ့သို့-မြတ်စွာဘုရား သာသနာတော်တွင် သာသနာ ဝါဒနှင့် ဆန့်ကျင်သော ဝါဒ

ပေါ်ပေါက် လာလျှင် သာသနာတွင်းသား လူအများအား ကြီးစွာသောဆင်းရဲဖြစ်ရချေသည်။

* ‘ဇီဝေါတိစ အတ္တာဇီဝေ’ ‘ဇီဝေါတိ အတ္တာ’ ‘အသက်ဟု ခေါ်တွင်သိမှတ်နေမှုသည် အတ္တဟူသော အမာခံ-သဘောအယူ ဖြစ်ကြောင်း’ ပဋိသမ္ဘိဒါမဂ် စသည်တို့တွင် ပြဆိုသည်။ ထိုအတ္တဟူသော အမာခံ အကောင်အထည်ယူမှတ်မှု ‘သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ, အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ’တို့ ဖြစ်လေသည်။ သို့အတွက် ‘အတ္တဝါဒ’သည် သာသနာ၏ ဆန့်ကျင်ဖက်ဖြစ်၍ သာတိရဟန်းများစွာ အပြစ်တင်ခံရလေသည်။

**‘အတ္တဝါဒ’** ဤကျမ်း၌ ဆိုလိုသောအတ္တမှာ-မြတ်စွာဘုရား၏ အနတ္တဝါဒနှင့်ဆန့်ကျင်ဖက်ဖြစ်သောသဘောကို ဆိုလိုရင်းဖြစ်၍-သာသနာပဝါဒ အတ္တဖြစ်သည်၊ သာသနာပဝါဒ ဆိုသဖြင့် အချို့သောသူတို့က ‘ငါတို့နှင့်မဆိုင်-သာသနာပအခါ ကာလနှင့်သာဆိုင်သည်’ဟူ၍ရင်း ‘ဗုဒ္ဓသာသနာဝင်မဟုတ်သော ဘာသာခြားတို့နှင့်သာဆိုင်သည်’ဟူ၍ရင်း အထင်ရှိကောင်းရှိကြပေလိမ့်မည်၊ စင်စစ် ကျွန်ုပ်တို့ဆိုလိုသည်မှာ ‘မည်သူမဆို-အနတ္တဝါဒသို့ ဉာဏ်မသက်ရောက်လျှင်ဖြစ်စေ-ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်မရောက်လျှင်ဖြစ်စေ-သဿတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိသို့ကပ်ရောက်နေမည် ဖြစ်၍ အတ္တဝါဒသမားသာ ဖြစ်ပေလိမ့်မည်။

ယင်း အတ္တဝါဒသည် အထက်ကပြဆိုခဲ့သည့်အတိုင်း-အလွန်ကျယ်ဝန်းလေသည်၊ အတ္တဝါဒကို အသေးစိပ် ဖေါ်ပြရန်လည်း လွယ်ကူလှသည်မဟုတ်ချေ၊ အတိုချုပ်၍ဆိုရမူ-‘မြတ်စွာဘုရား၏

သံသရာပြတ်ကြောင်း အနုတ္တ သဘောသို့ ဉာဏ်မရောက်သမျှ- ‘အဘ္ဘဝါဒ’ဟုသာ ဆိုရချေမည်၊ အတ္တဟူသည် အကောင်အထည်- အခိုင်အမာ သဏ္ဌာန်ဒြပ် အနှစ်သာရ-အားကိုးစရာဝတ္ထု-စသည် အားဖြင့်-ပညတ်ပေါ်မူတည်၍ အမျိုးမျိုး စွဲယူမှုဖြစ်လေသည်၊ မြတ်စွာဘုရားတို့ မပွင့်သောကာလ ကပ္ပါသင်္ချေကြာလေသမျှ- အတ္တဝါဒ ထွန်းကား ကြီးထွားခွင့်ရလေသည်၊ မြတ်စွာဘုရားတို့ ပွင့်ထွန်းသော အခါကာလခဏတာမျှ (ဗုဒ္ဓုပ္ပါဒနဝမခဏ)သာ အနုတ္တဝါဒ သီခွင့်ရလေသည်၊ မြတ်စွာဘုရားသာသနာ ကွယ် ပြန်လျှင် အနုတ္တဝါဒ ကွယ်ပျောက်၍ အတ္တဝါဒ ပြန်လည် ထွန်းကားမည်ဖြစ်သည်၊ အတ္တဝါဒ၏ သက်တမ်းမှာ-သံသရာအစ ကပ္ပါသင်္ချေချ၍ ရှည်လျားသည်၊ တနည်း-အရပ်ပြစ်ရှစ်ပါးသည် အတ္တဝါဒ၏ နယ်ပယ်ဖြစ်သည်၊ အနုတ္တဝါဒ၏ သက်တမ်းမှာ- မြတ်စွာဘုရား၏ သာသနာသက်တသက်မျှသာဖြစ်၏၊ အဓိပ္ပါယ် မှာ- သာသနာပ ကာလ ရှည်လျားသည်နှင့် အမျှ အတ္တဝါဒ သက်တမ်းဖြစ်၍ ဘုရားတဆူ၏ သာသနာတွင်းကာလခဏသည် သာ-အနုတ္တဝါဒသက်တမ်း ဖြစ်လေသည်၊ တနည်း-

အရပ်ပြစ်ရှစ်ပါး (အဋ္ဌက္ခဏ) ရှစ်ခဏသည်-အတ္တဝါဒ နယ်- ဘုရားပွင့်ချိန် (ဗုဒ္ဓုပ္ပါဒနဝမခဏ)တခဏသည်-အနုတ္တဝါဒ နယ်- ဟု-ခွဲနိုင်ပြန်သည်-

မြတ်စွာဘုရားပွင့်ချိန် (နဝမခဏ)တခဏအတွင်းမှာပင် အတ္တ ဝါဒီတို့ အနုတ္တဝါဒကို မည်မျှ ထိုးဖေါက် နှောက်ယှက်ခဲ့ကြ သည်များကို သာတိရဟန်း ကဲ့သို့ရင်း-သစ္စကပရိဗိုဇ် ကဲ့သို့ရင်း-

ထင်ရှားလှပေသည်၊ ကျွန်ုပ်တို့ မြတ်စွာဘုရား သာသနာတွင် အနတ္တဝါဒပေါက်၍ အရိယာဖြစ်ကာ ကျွတ်လွတ်ထွက်မြောက်ကြသူတို့မှာ အနည်းငယ်သာရှိ၍ အတ္တဝါဒ လက်မလွှတ်နိုင်၍ အရိယာအဖြစ်သို့မရောက်ပဲ သံသရာတွင် မြုပ်မျော၊ပေါ်မျော နေခဲ့ကြသော သတ္တဝါများကား-ကျွန်ုပ်တို့အပါအဝင် ၂၆-ဘုံ ဩကာသလောကထဲတွင် ပြည့်လျှံ၍သာ ကျန်ခဲ့သည်ကို ဝေဖန်ကြည့်လျှင် အတ္တဝါဒသည် ကျယ်ဝန်းစွာသော သာသနာပ သံသရာနယ်တွင်မက-ကျဉ်းလှသော သာသနာတွင်း-အနတ္တဝါဒ နယ်သို့ ချဉ်းနင်းဝင်ရောက် ထိုးဖေါက်ခံရသည်ကိုသာ ဉာဏ်နှင့်တွေး၍ ဤသာသနာအတွင်းဝယ် အတ္တဝါဒ ပြုတ်ငြေးကိုသာ စိတ်တွင်စွဲကပ်-အနတ္တဝိပဿနာကို အားထုတ်အပ်ပေသည်။

**'လောကသုံးပါး'** ဩကာသလောက, သတ္တလောက, သင်္ခါရလောကဟူ၍ လောကသုံးပါး ရှိလေသည်၊ ယင်းလောကသုံးပါးတွင် ဩကာသလောကဟူသည်-သတ္တဝါတို့ မှီရာ တည်ရာ နေထိုင်ဖြစ်ပေါ်ရာ-သုံးဆယ့်တဘုံသည် ဩကာသလောကဖြစ်သည်။ ထိုဖြစ်ရာဌာန ဘုံဘဝတို့၌-ဖြစ်ရှိကြသော ရုပ်နာမ်ခန္ဓာတို့သည် သတ္တလောကဖြစ်သည်၊ ထိုသတ္တဟု သမုတ်ပညတ်အပ်သော ရုပ်နာမ်ခန္ဓာဘို့၏ ဖြစ်ပျက်တတ်သော သဘောတရားသည် သင်္ခါရလောကဖြစ်လေသည်။

သရဘင် စသော အဘိညာဏ်ရ ရသေ့ရဟန်းကြီး အစရှိသည်တို့သည် လူ နတ် ဗြဟ္မာ စသော သတ္တလောကကို သိကြကုန်သည်၊ ထိုသတ္တတို့၏ ဖြစ်ရှိတည်နေရာ ဩကာသလောကကိုလည်း

သိကြကုန်သည်၊ သို့ရာတွင် ထိုသတ္တ-ဩကာသတို့၏ အရင်းခံ သင်္ခါရလောကကိုကား-မသိကြလေကုန်၊ အဘယ့်ကြောင့်ဟူမူ-ဩကာသလောကနှင့် သတ္တလောကသည် ပညတ်အားဖြင့်သိနိုင်၍-သင်္ခါရလောကသည်ကား-ပရမတ်ဉာဏ်ဖြင့်သာသိနိုင်သော (ဗုဒ္ဓဝိသယ) သဗ္ဗညုဘုရားတို့၏ဉာဏ်အရာသာဖြစ်သောကြောင့်တည်း၊

မြတ်စွာဘုရား၏ ဂုဏ်တော် ၉-ပါးတွင် 'လောကဝိဒူ' ဂုဏ်တော်သည် ရှိ၏၊ 'လောကသုံးပါးကို သိတော်မူသည်' ဟူ၍ မဆံ့ဘဝဂ် ပျံ့နှံ့တက်အောင် ထူးခြားထင်ရှားသောဂုဏ်တော် ဖြစ်၏၊ သာသနာပ ဗာဟိရတိတ္ထိ-စျာန်အဘိညာဏ်ရ ဆရာကြီးတို့သည် ဩကာသတည်းဟူသော သတ္တတို့၏ ဖြစ်ရှိတည်နေရာ ဘုံဘဝတို့သို့ အဘိညာဏ် သဘ္ဘြင့်-ရရောက်နိုင်ကြ၏၊ ထိုဘဝ ထိုဘုံတို့ ဖြစ်ရှိ တည်နေရသည်မှာ-သတ္တဟူသော သတ္တဝါတို့ ရှိနေမှုကြောင့်-ထိုသတ္တဝါတို့ နေရာထိုင်ရာ-ဘုံဘဝတို့ဖြစ်ကြသည်၊ တည်ရာမှီရာဘုံဘဝသည် အရင်းခံ ပဓာနကျသည်မဟုတ်၊ အဘယ့်ကြောင့်ဟူမူ-နေထိုင်မည့်သတ္တဝါရှိမှ-နေရာထိုင်ရာသည် အဓိပ္ပါယ်ရှိသည်ဖြစ်၍-သတ္တဟူသော သတ္တဝါသည်သာ အရင်းခံဖြစ်သည်၊ ပဓာနကျသည်ဟု သိကြလေသည်၊ သို့ရာတွင် ထိုသတ္တဟူသော သတ္တဝါဟု-သိရ မှတ်ရလောက်သော အရင်းခံတရား-ပဓာနကျသောတရား-အဓိကဖြစ်သောတရားကား အဘယ်နည်းဟု မကြံမတွေးနိုင်ကြကုန်၊ အဘိညာဏ် တန်ခိုးဖြင့်လည်း အသုံးပြု၍ မရကုန်၊ ဩကာသလောကနှင့် သတ္တလောကတွင်သာ လမ်းဆုံးနေတော့သည်၊

မြတ်စွာဘုရားပွင့်လာသည်၊ မြတ်စွာဘုရားသည် ဩကာသလောကကိုလည်း သိသည်၊ သတ္တလောကကိုလည်း သိသည်၊ ထိုသတ္တဝါဟူသော သတ္တလောကသည် အရင်းခံလော, ပဓာနလော, အဓိကလော-ဟု ရရှိအပ်သော သဗ္ဗညုတဉာဏ်တော်နှင့် ထောက်လှမ်းကြည့်သည်၊ ထိုအခါတွင် သတ္တဝါဟူသော သတ္တလောကသည် အရင်းခံ·ပဓာန·အဓိက မဟုတ်ကြောင်း-သတ္တဟု သိရမှတ်ရလောက်အောင် ပြုပြင်ဖန်တီးသော 'သင်္ခါရ'ကို ဉာဏ်နှင့် ထောက်၍ သိတော်မူလေသည်၊ ထိုသင်္ခါရအောက်တွင် သူ့ထက် အရင်းကျသော လောကတခု ကျန်ရှိသေးအံ့-ထိုလောကကိုလည်း ဉာဏ်တော်နှင့် သိမည်သာတည်း၊ ယခုမူ ထိုသင်္ခါရလောကကို ပြုလုပ်ဖန်တီးသည့် မည်သည့်လောက တစုံတခုမျှမရှိတော့သော ကြောင့် ယင်း သင်္ခါရလောကသည်သာ အရင်းပဓာနဖြစ်၍ 'လောကသုံးပါးကိုသိတော်မူသော-လောကဝိဒူ'ဂုဏ်တော်ကို ရရှိတော်မူလေသည်။

**'ပညတ်နှင့် ပရမတ်'** သရဘင် အဘိညာဏ်ရ-ရသေ့ ဆရာကြီးတို့သည်လည်း ဩကာသလောက-သတ္တလောကကို သိကြပါလျက် အဘယ့်ကြောင့် 'လောကဝိဒူ'ဂုဏ်တော်ကို မရကြပါလေသနည်းဟူမူ-ထိုရသေ့တို့ အဘိညာဏ်ဖြင့် သိရသောလောကသည် အရင်းခံပဓာနကျသောသဘောကို သိကြသည်ကားမဟုတ်၊ ဩကာသလောကဟူသော သုံးဆယ့်ဘုံနှယ်, သတ္တလောကဟူသော လူ နတ် ဗြဟ္မာ သတ္တဝါနှယ်သည် ပညတ်နယ်ဖြစ်သောကြောင့် ပညတ်လျှင်အာရုံရှိသော ထိုအဘိညာဏ်သည် ဘုံဘဝနှင့် သတ္တဝါဟူသောပညတ်ကို ကျော်လွန်ဖေါက်

ထွင်း၍ ပရမတ်သင်္ခါရလောကကိုသိခြင်းငှါ မစွမ်းနိုင် မတတ်နိုင်သောကြောင့် လောကသုံးပါး စုံအောင်မသိသဖြင့်၎င်း, လောကသုံးပါးတွင် ထိုသြကာသကို-သတ္တကိုဖြစ်စေသောအရင်းခံပရမတ်သင်္ခါရလောကကို မသိသဖြင့်၎င်း-လောကဝိဒူ-ဂုဏ်ကို မရရှိကြလေကုန်၊ တနည်း....လောကသုံးပါး ပြည့်စုံစွာ မသိရသဖြင့် 'လောကကိုသိပါသည်'ဟူ၍ ဝန်မခံဝံ့ကြလေကုန်၊

၎င်းတို့ရရှိသော ပုဗ္ဗေနိဝါသအဘိညာဏ်,ဒိဗ္ဗစက္ခုအဘိညာဏ်စသည်တို့၏ အစွမ်းကား-'ငါသည် မည်သည့်ဘုံတွင်, မည်သည့်ဘဝ၌-မည်သို့သောသူဖြစ်ခဲ့ဖူးသည်'စသော ပညတ်အာရုံဖြင့်သာသိနိုင်စွမ်းသည်၊ 'သာသနာပကာလတွင် အဘိညာဏ်ရကုန်သောရသေ့တို့သည် နတ်ပြည်သို့သွားကုန်၍ ဘုံဗိမာန်အသစ်နှင့်တွေ့ရသောနတ်တို့အား-အသင်တို့သည် မည်သည့်မြို့ရွာမှ မည်သို့သောကုသိုလ်ကောင်းမှုကိုပြု၍ ယခုကဲ့သို့ ဘုံဗိမာန်စည်းစိမ်ချမ်းသာကိုရကြပါကုန်သနည်းဟု မေးလေသော် ဤမည်သော ကုသိုလ်ကံကြောင့်-ဤစည်းစိမ်ကို ရပါသည်ဟု ပြောဆိုကြသော နတ်တို့၏စကားကိုယူခဲ့၍ လူ့ပြည်၌ တဖန် ပြန်ဟောပြောကြကြောင်း-ထိုစကားကိုကြား၍ (ကမ္မဝါဒီ) ကံကိုသာ အားကိုးယုံကြည်မှုရှိကြကုန်သောသူတို့သည် ထိုရသေ့တို့၏ စကားကို ယုံကြည်ကြသဖြင့် 'ယဇ်'ဟူသောအလှူ 'ဟုံး'ဟူသောအလှူဒါနတို့ကို ပြုလုပ်အားထုတ်ကြကြောင်း'ပါဠိတော်တွင် လာရှိသည်။

ကျွန်ုပ်တို့ဆိုလိုသောအဓိပ္ပါယ်မှာ-အဘိညာဏ်၏အစွမ်းသတ္တိသည် ပညတ်အာရုံသာဖြစ်၍ ဘုံဘဝဟူသော ပညတ်-လူနတ်

ဟူသော ပညတ်ကလွဲ၍-ပရမတ်သဘောတရားကို လုံးဝ သိခွင့် မရပေ၊ ပရမတ်သင်္ခါရ၏သဘောတရားကိုသိရခြင်းသည် လောကီ အဘိညာဏ်၏ ဆိုင်ရာမဟုတ်၊ မဂ္ဂင်ဉာဏ်၏အရာသာ ဖြစ်လေ ရကား ပရမတ်သင်္ခါရသဘောကို-ကိုယ်တိုင် သချ်ာသချ်ော ကပ် ကပ္ပါ ကုဋေကုဋာ ပါရမီတော်တို့နှင့် ရင်းနှီး ရှာဖွေခဲ့ရသော သဗ္ဗညုဘုရားတို့ သာသနာပချိန်တွင် မည်သည့်စျာန်,အဘိညာဏ် တန်ခိုးရှင်မှ သိနိုင်စွမ်းမရှိချေ။

ပါရမီတော် သချ်ာ သချ်ော ဖြည့်ဆည်းပူး ခဲ့လေပြီးသော အလောင်းတော်ပင်လျှင် ဥရုဝေလတောသို့ ဝင်၍ အာဠာရ ဥဒက ဆရာကြီးတို့အထံတွင် နည်းခံ၍ရခဲ့သော စျာန်အဘိညာဏ် ဖြင့် မိမိလိုအပ်သော ပရမတ်တရားကို ရှာဖွေရာ မည်သို့မျှ ရှာမရ လေသည်နှင့် ရခဲ့သော ထိုစျာန်အဘိညာဏ်တို့ကိုပင် တန်းဆာ မဆင် အမှန်းမတင်(ဇာမခွဲ)တော့ပဲ စွန့်ပစ်ထွက်ခွာခဲ့လေသည်။

ဤသို့လျှင်-ဩကာသလောက,သတ္တလောကတို့သည် ပညတ် အာရုံဖြစ်၍ သင်္ခါရလောကသည် ပရမတ်အာရုံဖြစ်သောကြောင့် ဉေယျမမိတရား၄ါးပါးကို သိတော်မူ မြင်တော်မူသော သဗ္ဗညု ဘုရားအတွက် ပရမတ်သင်္ခါရလောကကို အခြေခံသော ပညတ် သတ္တလောက, ပညတ်ဩကာသလောကတို့ကိုသိသော 'လောက ဝိဒူ'ဂုဏ်တော်ကား သမ္မာသမ္ဗုဒ္ဓသဗ္ဗညုဘုရားအတွက် ထိုက်ထိုက် တန်တန် ဂုဏ်တော်ဖြစ်လေသည်။'

အနည်းငယ်ခွဲ၍ဆိုရမူ-သင်္ခါရလောကဟူသော-ပရမတ် ရုပ် နာမ်ကို-ပရမတ်ဟူ၍-အမှန်တရားဟူ၍-ပင်ရင်းသဘောဟူ၍ မသိ

ကြသောသူတို့သည် ထိုသင်္ခါရ(သင်္ခတ)ပရမတ်တို့ကိုပင် 'ပုဂ္ဂိုလ်, သတ္တဝါ,လူ,နတ်,မိန်းမ,ယောကျ်ား'စသည်အားဖြင့်၎င်း၊'ခေါင်း, ကိုယ်, ခြေ, လက်, နားရွက်, မျက်စိ' စသည်အားဖြင့်၎င်း အမှတ်များ၍,အသိများ၍,အစွဲများ၍ 'ပုဂ္ဂိုလ်,သတ္တဝါ'ဟူသော 'သတ္တလောက'ဟု မှတ်လာသည်၊ ယင်း ပုဂ္ဂိုလ်, သတ္တဝါ ဟူသော သတ္တလောကတို့ မှီတင်းနေထိုင်ရာကို 'ဩကာသလောက' ဟု သိလာသည်၊ စင်စစ် လောကသုံးပါး၏အရင်းခံသည် 'ပရမတ်' ဖြစ်၍-ယင်း အခြေခံပရမတ်မှမရှိလျှင် 'သတ္တလောက'ဟူသော ပညတ်လည်းမရှိနိုင်၊ သတ္တလောက သတ္တဝါမရှိလျှင်-ထိုသတ္တဝါတို့ တည်ရာမှီရာ'ဩကာသ'လောကဟူသောပညတ်လည်း မရှိနိုင်ချေ။

သို့အတွက် ယင်းလောကသုံးပါး သံသရာနယ်ပယ်မှထွက်လိုလျှင်-တနည်း-လောကသုံးပါး ချုပ်ငြိမ်းရပ်သိမ်းလိုလျှင်-အရင်းခံ ပရမတ်ဖြစ်သော-ထိုသင်္ခါရလောကကိုသာ ချုပ်ငြိမ်းရန် အားထုတ်ရသည်၊ သင်္ခါရချုပ်ငြိမ်းလျှင်-သတ္တချုပ်ငြိမ်းမည်၊ သတ္တချုပ်ငြိမ်းလျှင်-ဘုံဘဝ ဩကာသနယ်ပယ် ချုပ်ငြိမ်းမည်ဖြစ်၍-ဘုံဘဝ(ဩကာသ)ဇာတ်သိမ်းငြိမ်းရန်၊လူ့ဒုက္ခ-နတ်ဒုက္ခ-အပါယ် သတ္တဝါ(သတ္တ)ဒုက္ခ ဇာတ်သိမ်းငြိမ်းရန်၊ ရုပ်နာမ်ခန္ဓာ(သင်္ခါရ) ဇာတ်သိမ်းငြိမ်းရန် ဝိပဿနာအလုပ်အားထုတ်ကြသော ယောဂီများစွာ ဝေနေယျာတို့သည်-အရင်းကျသော ပရမတ္ထသဘာဝ အမှန်တရားတို့ကိုသာလျှင် ဉာဏ်ဖြင့်လျှောက်၍ သိစေရန် မြင်စေရန် လုံ့လမယုတ်-အားထုတ်အပ်ပေသည်၊ ယင်းသို့အားထုတ်နိုင်ကြစေရန်-အတန်တန်သော ပိဋကတ်, အရပ်ရပ်သော နိကာယ်,

အသွယ်သွယ်သော အင်္ဂါ, အဖြာဖြာသော ဥဒါန်, အဝင်သော ဓမ္မက္ခန္ဓာတို့ကို ဟောဖော်ညွှန်ကြား နားလည်အောင် ထားခဲ့ ပေသည်။

ကျွတ်ထိုက်သော ဝေနေယျတို့အတွက် မည်မျှ များပြားစွာ ဟောထားခဲ့စေကာမူ 'ကျမ်းလျှောက်လျှင် မဆုံး၊ ကျမ်းပေါက်လျှင် တလုံး'ဟူသော ပရိယတ္တိ ဥပဒေသကဲ့သို့ မြတ်စွာဘုရား၏ သာသနာတော်သည် အနတ္တသာသနာ ဖြစ်၍-ယင်း အနတ္တကို ဉာဏ်နှင့်မိမိ-သဘောပေါက် သိနိုင်ရန်ကား မိမိတာဝန် မိမိ လုပ်ငန်းဟူ၍ သတိရစေရန်-အောက်တွင်ဖော်ပြအံ့သော-အနတ္တ သဘာဝကို ဆက်လက်၍ လေ့လာကြကုန်ရာသည်။

**'ဗုဒ္ဓဝါဒ အနတ္တ'** လောကသုံးပါးတွင် သဗ္ဗညုဘုရားတို့ ပွင့်ထွန်း ပေါ်ပေါက်တော်မူလာရခြင်းသည် 'အနတ္တ လက္ခဏာ'သိဖို့အတွက်သာ ဖြစ်လေသည်၊ ထိုစကားသည် မမှား ကေန် စင်စစ်မှန်၏၊ ဩကာသလောကအတွင်းရှိ သက်ရှိ သက်မဲ့ ရေ, မြေ, တော, တောင်, သမုဒ္ဒရာ-ဣန္ဒြိယဗဒ္ဓ-အနိန္ဒြိယဗဒ္ဓ ဝတ္ထု အစုစုကို သဘာဝထုတ်၍ စိစစ်လိုက်သော်-'နာမဓမ္မ ရူပဓမ္မ ဣစ္စေတ္တံ သစ္စတော' 'သိသဘော,ဖောက်ပြန်သဘော'မှလွဲ၍ ဘာမျှမရှိပေ၊ ယင်းသဘောတရားကို အပြင်လောကက (ရုပ်နာမ်)ဟု ပြောကြလေသည်၊ ထိုရုပ်နာမ်ဟူသော ပရမတ္ထ၏လက္ခဏာမှာ (အနိစ္စ) အပျက်, (ဒုက္ခ)ဆင်းရဲ, (အနတ္တ)အစိုးမရသော သူ့သဘောတို့ ဖြစ်ပေရာ-ထို သဘောတရားတို့ကို အမှန်အတိုင်း ဉာဏ်အမြင် ပေါက်မှ-သံသရာဒုက္ခ အဆင့်ဆင့် ကျွတ်လွတ် ထွက်မြောက် ရလေသည်။

သတ္တဝါ ဝေနေယျတို့ သံသရာဝဋ်မှ ထွက်မြောက်စေရန် ပါရမီတော်တို့ကို အရင်းအနှီးပြု၍ သဗ္ဗညုဘုရားအဖြစ်သို့ရောက်အောင် အားထုတ်လာသော မြတ်စွာဘုရားသည်၊ သဿတဥစ္ဆေဒ စသော ၆၂-ပါးသော ဒိဋ္ဌိ-သုံးပါးသော နိယတမိစ္ဆာဒိဋ္ဌိတို့၏ အခြံအရံရှိသော အတ္တဝါဒ အတ္တဒိဋ္ဌိ အုပ်စိုးနေသော သတ္တလောကနယ်ပယ်တွင်းသို့ 'အနတ္တဝါဒ'လက်နက်ကို ကိုင်စွဲ၍ ဝင်ရောက်ခဲ့လေသည်၊ ထိုစကားအမှန်ဖြစ်၏၊

> 'အနိစ္စ ဒုက္ခလက္ခဏာနိ ဥပ္ပါဒါ ဝါ တထာဂတာနံ
> အနုပ္ပါဒါ ဝါ ပညာယန္တိ၊ အနတ္တလက္ခဏံ ဝိနာ
> ဗုဒ္ဓုပ္ပါဒါ န ပညာယတိ'
>
> (သမ္မောဟဝိနောဒနီအဋ္ဌကထာ-၄၆)
>
> 'အနိစ္စ ဒုက္ခ လက္ခဏာနိ-အပျက်သဘော လက္ခဏာ, ဆင်းရဲသဘောလက္ခဏာတို့သည်၊ တထာဂတာနံ-ဘုရားအဆက်ဆက် တို့၏၊ ဥပ္ပါဒါ ဝါ-ဖြစ်ပွင့် သော်၎င်း၊ အနုပ္ပါဒါ ဝါ-မဖြစ်မပွင့်သော်၎င်း၊ ပညာယန္တိ-သိလွယ်သဖြင့် ထင်ရှားကုန်၏၊ အနတ္တလက္ခဏံ-ငါ,သူ,လူ,နတ်, အကောင်အထည်, အနှစ်သာရမရှိသဖြင့် အစိုးမရသောသူ့သဘော အနတ္တ လက္ခဏာသည်၊ ဗုဒ္ဓုပ္ပါဒါ-ဗုဒ္ဓမြတ်စွာတို့ ထင်ရှားဖြစ်ပွင့်ရာ သာသနာတော်ကာလကို၊ ဝိနာ ကြဉ်၍၊ ဝါ-ဘုရားပွင့်ရာ-သာသနာမဟုတ်လျှင်၊ န ပညာယတိ မထင်မရှား မပေါ်လွင်၊ ဝါ-ဉာဏ်ဖြင့် ကပ်၍-အမှန်မသိနိုင်'

ရုပ်နာမ် ပရမတ်၏ သဘောလက္ခဏာမှာ 'အနိစ္စ,ဒုက္ခ,အနတ္တ' ဖြစ်သော်လည်း-အနတ္တသဘောတရား ညဏ်ပေါက်မှ-မဂ်ဖိုလ်ကိစ္စ ပြီးလေသည်၊ မြတ်စွာဘုရားသည် လိုအပ်သော အနတ္တသဘောကို ညဏ်ပေါက်ရန်အတွက် အနတ္တဟူ၍ တိုက်ရိုက်ပြ၍ မဖြစ်သည်ကို သိတော်မူသဖြင့် အနိစ္စသဘောအားဖြင့်ရင်း, ဒုက္ခသဘော အား ဖြင့်ရင်း, အနိစ္စ,ဒုက္ခ-နှစ်ခုတွဲသဘောအားဖြင့်ရင်း အနတ္တသဘော ကို ဖော်ပြရလေသည်။

**'ဝေါဟာရ အနိစ္စ ဒုက္ခ'** ခန္ဓာပရမတ်တို့၏ ဖြစ်ပျက်နေသော သဘောတရားကိုမသိမမြင်ကြသော ပုထုဇ္ဇန်တို့သည်ရင်း, သာသနာပကာလတွင် ဖြစ်ရှိကြသောပုဂ္ဂိုလ် တို့သည်ရင်း....

'ဟိသစ္စံ-မှန်၏၊ ပရိဘောဂဘာဇနာဒိသု-လူ့အသုံး အဆောင် အိုး, ခွက် စသည်တို့သည်၊ ဘိန္နေသု-ကွဲကြ ပျက်ကြကုန်သည်ရှိသော်၊ အဟော အနိစ္စန္တိ-ကြောင့်.... ကွဲကြ ပျက်ကြပါတကားဟု၊ ဝဒန္တိ-ပြောကြ ဆိုကြပါ ကုန်၏၊ အဟော အနတ္တာတိ-ကြောင့်... အနတ္တပါတကား ဟူ၍၊ ဝတ္တာနာမ-ပြောကြဆိုကြခြင်းမည်သည်၊ နတ္ထိ- မရှိချေ'

မူလပဏ္ဏာသဋ္ဌကထာ(၂၀)က အိုး, ခွက်, ပန်းကန် စသော လူ့အသုံးအဆောင် စသော ပစ္စည်းတို့-ကွဲကြ ပျက်ကြလျှင်ရင်း, သစ်ပင်လဲခြင်း,တောင်ပြိုခြင်း,လူသေခြင်း စသော ပြိုကွဲပျက်စီးမှု ကို တွေ့ရလျှင်-ကြောင့်....အနိစ္စ-အနိစ္စ စသည်အားဖြင့် ပြောဆိုကြ

မြည်တမ်းတတ်ကြပါသေး၏၊ ဩော်… အနတ္တပါလားဟူ၍ကား ယောင်လို့မှ မပြောမဆိုတတ်ကြကြောင်း-ဖေါ်ပြသည်၊ သမ္မောအဋ္ဌကထာ-၄၆ တွင်လည်း အလားတူပင်။

'သရီရေ-ကိုယ်၌၊ ဂဏ္ဍပိဠကာဒီသု-အိုင်းအမာစသည်တို့သည်၊ ဥဋ္ဌိတာ ဝါ-ပေါက်ကုန် ထွက်ကုန်သော်ရင်း၊ ကဏ္ဍကေန-ဆူးငြောင့်သည်၊ ဝိဒ္ဓါ ဝါ-စူးမိ ထိုးမိကုန်သော်ရင်း၊ အဟော ဒုက္ခန္တိ-ဩော်… ဒုက္ခဟူ၍၊ ဆင်းရဲပါသည်ဟူ၍၊ ဝဒန္တိ-နှုတ်လျှာ ပေါ့ပါး အပြောအဆိုများကြပါကုန်၏၊ ပန-အပြော ဒုက္ခမှ-မပြော အနတ္တကိုဆိုဦးအံ့၊ အဟော အနတ္တာတိ-ဩော်….အနတ္တပါတကားဟူ၍၊ ဝတ္တာနာမ-ပြောဆိုကြခြင်း မည်သည်၊ နတ္ထိ-မရှိချေ'

ခန္ဓာကိုယ်တွင် အနာပေါက်၍ နှိပ်စက်ခြင်း, ဆူးငြောင့်စသည် စူးမိ ထိုးမိခြင်း ဧပြင်းအထန် အနာမျိုး ရောဂါမျိုး ကပ်ရောက် ညှဉ်းဆဲသောအခါမျိုးတို့တွင် ကိုယ်စိတ် ညှိုးနွမ်း ပင်ပန်းဆင်းရဲခြင်းဖြစ်သောကြောင့် 'ဩော်….ဆင်းရဲပါတကား ဆင်းရဲလှချည်လား, ဒုက္ခပါတဲ့' စသည်ဖြင့် ပြောကြ ဆိုကြ မြည်တမ်းကြပါသေး၏၊ 'ဩော်….အနတ္တပါ'ဟုကား ယောင်၍မှ မြည်တမ်းခြင်းမပြုကြလေကုန်-အဘယ့်ကြောင့်ဟူမူ—

'ဣဒံ ဟိ အနတ္တလက္ခဏံ နာမ အဝိဘူတံ ဒုဒ္ဒသံ ဒုပ္ပညာပနံ'

‘ဤ အနတ္တလက္ခဏာ ဟူသည်၊ သာမန် ပုဂ္ဂိုလ်တို့အတွက် သိလောက်အောင် မထင်ရှား၊ သိနိုင်ခဲ-ဉာဏ်ဖြင့် သက်ဝင်၍ မြင်နိုင်ခဲ၏၊ ဉာဏ်ဖြင့်ပိုင်ပိုင် သိနိုင်ရန်လည်း ခဲယဉ်း၏’ဟု-မူလပဏ္ဏာသဋ္ဌကထာ ဆိုသကဲ့သို့- သမ္မောအဋ္ဌကထာ တွင်လည်း အလားတူ ပြဆို၏၊ အနတ္တလက္ခဏာသည် နူးညံ့သိမ်မွေ့သော သဘောရှိသည် ဆိုရာ၏၊ အနတ္တသဘော၏ ဆန့်ကျင်ဖက်-အတ္တဝါဒ ကြီးစိုး အုပ်ချုပ်နေသော သတ္တဝါတို့၏ အခိုင်အမာ စွဲလန်းချက်သည် နေရာယူပြီး-အတည်တကျရှိနေပြီးသောသတ္တဝါတို့အတွက် အလွန်တရာ သိဖို့-ဉာဏ်သက်ဝင်ဖို့ အလွန့်အလွန် ခဲယဉ်းလေသည်၊

အနိစ္စ-ဒုက္ခတို့ကိုကား အတ္တကို မခိုက်မထိသမျှ-သတ္တဝါသည် လက်ခံ မှတ်သားလေသည်၊ အတ္တကို ထိခိုက်မည့် အနတ္တကိုသာ သိရန်အရေး ဉာဏ်သည် ဝန်လေးနေတတ်သည်၊ စင်စစ် သဘောတရားကို တိတိကျကျဆိုရမူ-အနတ္တသည် ပညတ် မရောသော ပရမတ္ထသဘာဝစစ်စစ်ဖြစ်သည်၊ အနိစ္စနှင့် ဒုက္ခတို့သည် ပရမတ်၏ လက္ခဏာကား မှန်သည်၊ သို့ရာတွင် လောကပညတ်, ဝေါဟာရ ပညတ်နှင့် ရောနှောလျက်ရှိ၏၊ ပရမတ်ဖြစ်သော ရုပ်နာမ်ကို ၎င်းတို့၏လက္ခဏာအတိုင်း ဉာဏ်နှင့်ကပ်၍ စေ့စေ့စပ်စပ် လေ့လာ အားထုတ်ပါလျှင်-နူးညံ့သိမ်မွေ့သော ပရမတ်အနတ္တကို ရင့်သော ဉာဏ်၏အတိုင်းအတာအရ သိလာနိုင်ပေသည်။

ရုပ်နာမ် ပရမတ်နှင့် အလှမ်းဝေးသောသူတို့ အတွက်ကား-သဗ္ဗညုဘုရားရှင်မှတပါး-၎င်းတို့ သိနိုင် မြင်နိုင် သဘောပေါက်အောင် ဟောနိုင် ပြနိုင်သူတို့ မရှိချေ။

'မဟိဒ္ဓိကာ ဟိ မဟာနုဘာဝါ တာပသ ပရိဗ္ဗာဇကာ သရဘင်္ဂသတ္ထာရာဒယော ပိ အနိစ္စံ ဒုက္ခန္တိ ဝတ္တုံ သက္ကောန္တိ၊ အနတ္တာတိ ဝတ္တုံ န သက္ကောန္တိ'

(သမ္မော-၄၆)

'ရှေးအခါကာလ၌-ဈာန်အဘိညာဏ်တို့ဖြင့် တန်ခိုးအာနုဘော်ကြီးကြကုန်သော-သရဘင်္ဂ, အဌက, ဝါမက, ဒေဝိလ စသော ရသေ့ ပရိဗိုဇ်ဆရာကြီးတို့သည် မိမိတို့ အထံသို့ ဆည်းကပ် လာရောက်ကြသူတို့အား အနိစ္စ ဟူသောတရား, ဒုက္ခဟူသောတရားများကို ဟောကြားတတ်ကြပါကုန်၏၊ အနတ္တတရား ဟူ၍ကား တလုံးမျှ မဟောကြားတတ်ကြကုန်, မဟောကြားနိုင်ကြကုန်'

ဟု-အဌကထာက ထောက်ပြလိုက်သည်၊ ထိုစကား ခိုင်လုံစေရန် အဌကထာဆရာသည် ယုတ္တိကိုပြရာ၌—

'ဟိသစ္စ-အနတ္တသဘောတရားသည် မဂ်ဖိုလ်ရလောက်အောင် နူးညံ့သိမ်မွေ့လှသဖြင့်၊ သရဘင်္ဂ စသော ဈာန်အဘိညာဏ်ရ ရသေ့ဆရာကြီး တို့သည်ပင် ၎င်းတို့၏ တန်ခိုးအာနုဘော်ဖြင့် မသိဟု ငါဆိုခဲ့သောစကားသည် စင်စစ်မှန်၏၊ တေ-ထိုရသေ့ဆရာကြီးတို့သည်၊ သမ္ပတ္တ-ပရိသာယ-ဆည်းကပ် လာကြသော ၎င်းတို့၏ တရားနာ ပရိသတ်တို့အား၊ သစေ-အကယ်၍၊ 'အနတ္တာတိ-အနတ္တ ဟူ၍၊ ဝတ္တုံ-ဟောပြ ပြောပြခြင်းငှါ၊ သက္ကုဏေယျုံ-

စွမ်းနိုင်ကြပါကုန်ပြောအံ့၊ ဝါ-အနတ္တတရားကို ဟောနိုင်
ပြောနိုင်ကြပါလျှင်၊ သမ္ဗုဒ္ဓပရိသာဝယ-ရှင်း တို့အား
ဆည်းကပ်ခညောင်း တရားနာ ပရိသတ်အပေါင်းအား၊
မဂ္ဂဖလပွင့်ဝေဓော-အနတ္တ၏ လမ်းစဉ်အရ မဂ်တရား
ဖိုလ်တရားကို ထိုးထွင်း၍သိခြင်းသည်၊ဘဝေယျ-ဖြစ်ရာ၏'

သာသနာပကာလတွင် မဂ်ဖိုလ်နိဗ္ဗာန် မရကြသည်မှာ-'အနတ္တကို မသိ၍'ဟု အဌကထာ၌ အတိအလင်းဆိုသည်၊ ထို့အတူ ကျွန်ုပ်တို့ သာသနာတွင်း၌လည်း မဂ်ဖိုလ်နိဗ္ဗာန် မရကြသည်မှာ-'အနတ္တသဘောကို ဉာဏ်မီလောက်အောင် သက်ရောက်မှုမရှိ၍'ဟု ကျွန်ုပ်တို့ဆိုချင်သည်၊

**'တွင်းပ မဟူ မသိမှု'** သာသနာပကာလတွင် အနိစ္စနှင့် ဒုက္ခကို ဟောနိုင် သိနိုင်ကြသည် ဆိုစေကာ ဝေါဟာရအပြော အနိစ္စ,ဒုက္ခတို့သာ ဖြစ်၍-ပရမတ္ထ အနိစ္စ,ဒုက္ခ မဟုတ်ကြချေ၊ တနည်းဆိုသော်-အနိစ္စအတု-ဒုက္ခအတုသာသိကြသည်၊ သို့ရာတွင် အနတ္တကိုကား-ဝေါဟာရ အနတ္တ-အပြော အနတ္တဟူ၍ပင် မသိကြချေ၊ ယခုလက်ရှိ ကျွန်ုပ်တို့ကြုံကြိုက်ဆဲ သာသနာတွင်း ကာလတွင် ပရမတ်ရုပ်နာမ်သို့-ဆိုက်ထိနိုင်သော အနိစ္စအစစ်, ဒုက္ခအစစ်, အနတ္တအစစ်တို့ ထင်ရှားသိနိုင်လောက်သော အချိန်အခါတွင်ကား-ထိုသဘောတရားတို့ကို သိအောင် လေ့လာဖို့လိုသည်၊ သာသနာပ အနိစ္စအတုမျိုး-ဒုက္ခအတုမျိုးနှင့် ကျေနပ်နေရန်မဟုတ်ချေ၊

အနိစ္စအစစ်,ဒုက္ခအစစ်,အနတ္တအစစ်ဟူသည် အစစ်အမှန်ဖြစ်သော ပရမတ်ရုပ်နာမ်၌သာ ရှိပေရာ-ပင်ရင်း အခြေခံ ပရမတ်ရုပ်နာမ်သဘောတရားကို-ရှေးဦးစွာ ဉာဏ်နှင့်မိမိ ကိုယ်တိုင်သိဖို့လေ့လာရန် လိုသည်၊ ဘုရားသာသနာတော်အတွင်း လူဖြစ်နေသော ကျွန်ုပ်တို့အတွက် မြတ်စွာဘုရားပွင့်တော်မူမှ သိရသောအနတ္တကို-ပိုင်းခြားဝေဖန်၍ သိရန်အရေးကြီးသည်၊ သာသနာပကာလတွင်-လေ့လာလိုပါသော်လည်း အနတ္တကိုသိရန် ဟောနိုင်ပြောနိုင် ပြနိုင်သောသူ မရှိရကား-မည်သို့မျှ မသိနိုင်ပေ၊ သမ္မောအဋ္ဌကထာဆရာသည်လည်း -

> 'အနတ္တလက္ခဏာပညာ ဟူသည် တပါးတခြားသော တစုံတယောက်သောသူများ၏ အရာပင်မဟုတ်၊ သဗ္ဗညုဘုရားတို့၏ အရာသာဖြစ်သည်'

ဟု-အမှတ်-၄၆ တွင် ဆက်လက်၍ ဖေါ်ပြထားသည်၊ သို့ဖြစ်၍ အနတ္တသည် နက်နဲကြောင်း, သိမ်မွေ့ကြောင်း၊ ထို့ကြောင့် ထိုအနတ္တကို မဂ်ကိစ္စ-ဖိုလ်ကိစ္စအတွက် အားထုတ်သောယောဂီသည် မသိလျှင် မဖြစ်ပေ၊ ထိုအနတ္တကို တိုက်ရိုက်သိရန်လည်း မလွယ်ကူခြင်းကြောင့် 'ဒေသနာဝိလာသ' ဟောပြောမှု၌ လိမ္မာကျွမ်းကျင်တော်မူသော မြတ်စွာဘုရားသည်-အနိစ္စဟူသော ပျက်မှုကို ညွှန်ပြခြင်းဖြင့်၎င်း, ဒုက္ခ ဟူသော ဆင်းရဲမှုကို ညွှန်ပြခြင်းဖြင့်၎င်း, အနိစ္စ-ဒုက္ခဟူသော-ပျက်မှု, ဆင်းရဲမှုကိုတွဲ၍ ညွှန်ပြခြင်းဖြင့်၎င်း-လိုအပ်သော အနတ္တကို ပေါ်လွင်အောင် ပြတော်မူရလေသည်။

သီလနှင့် သမာဓိသည် ဝိပဿနာဘာဝနာ၏ အခြံအရံ ဖြစ် သကဲ့သို့-အနိစ္စနှင့် ဒုက္ခသည်လည်း အလွန် အသိခက်သော အနတ္တ၏ အခြံအရံဖြစ်လေသည်။

**'မဂ်၏အစ အနတ္တ'** မြတ်စွာဘုရား၏ သာသနာ လုပ်ငန်းတွင် ပဌမဦးဆုံးဖြစ်သော သောတာပတ္တိမဂ်၏ ကိစ္စသည် သက္ကာယဒိဋ္ဌိဟူသော အတ္တဒိဋ္ဌိကို ပယ်သတ်ရသော ကိစ္စ ဖြစ်ပေသည်၊ အနတ္တဉာဏ်ပေါက်သဖြင့် အတ္တဒိဋ္ဌိ သက္ကာယ ဒိဋ္ဌိ ပယ်လိုက်သည်နှင့် အပါယ်လေးပါးဟူသော အောက်သံသရာ ပြတ်၍ မြတ်စွာဘုရား၏-သားသမီး-အရိယာသောတာပန် ဖြစ် လေသည်၊ သောတာပန်ဖြစ်သည်နှင့်-နိဗ္ဗာန်ကိုကျိန်းသေ(၇-ဘဝ) ရသော ပရမတ္ထသံဃာဟု ခေါ်ရလေသည်၊ မြတ်စွာဘုရား၏ အနတ္တဝါဒ ဉာဏ်မရောက်မီ-လောကကြီးသည်-သဿတ ဥစ္ဆေဒ အခြေခံသော အတ္တဝါဒက ကွပ်ကဲအုပ်ချုပ်ထားသည်· ကာယနှင့် ပြုလုပ်သမျှ 'ငါ' နှုတ်နှင့်ပြောဆိုသမျှ 'ငါ' စိတ်နှင့်ကြံစီသမျှ 'ငါ' ထို'ငါ-ငါ' ထင်ချက် စွဲယူချက်ကို အတ္တဒိဋ္ဌိဟု ခေါ်သည်။

ခန္ဓာနာမ်ရုပ်၏ ပရမတ်သဘောသို့ ဉာဏ်ရောက်လာသော အခါ ထိုအတ္တဟု ခေါ်ရလောက်သော အကောင်အထည်· သဏ္ဌာန်-ဒြပ်-အနှစ်သာရ-ဘာမျှမရှိသည်ကို မရှိကြောင်း အထပ် ထပ် အဖန်ဖန် ဆင်ခြင်ပွါးများ-ဉာဏ်သက်ဝင်ထားသောအခါ· ခန္ဓာ၏ အဖြစ်မှန်ကို အမှန်အတိုင်း သိလာသည်၊ သိလာသည့် အတိုင်းလည်း ယုံကြည်သည်၊ ဤခန္ဓာ၏ ရုပ်နာမ် ဟူသော ပင်ရင်းတရားတို့၏ သဘောထားလမ်းကြောင်းသည် ဖြစ်တတ်၊

ပျက်တတ်သော သဘောမျှသာရှိပြီး-အခြားသော ‘ငါ’ထင်စရာ-မိန်းမ, ယောကျ်ားဟု စွဲယူစရာ-ပုဂ္ဂိုလ်သူ, လုပ်သူဟု မှတ်စရာ-ခံစားတတ်သူ, စီမံတတ်သူဟု စွဲလန်းစရာဘာမှမရှိသော (အနတ္တ) သူ့သဘောပေတကား-ဟု ဉာဏ်သက်ဝင်လာတော့သည်။

ရုပ်နာမ်ပရမတ်သဘောကို ဉာဏ်မရောက်သော ပုထုဇ္ဇန်တို့မှုကား—အတ္တဇီဝဟူသော အသက်ဝိညာဏ်သည် မိမိ၏ ဤကိုယ်ထဲမှာ ရှိနေသည်၊ အမြဲနေသည်၊ သေမှထွက်သည်၊ မျက်စိနှင့်အဆင်းအာရုံနှင့် တိုက်ဆိုတွေ့လျှင် ရင်ထဲ ဝမ်းထဲမှ ပြုံးကနဲမျက်စိအာရုံသို့လာ၍ အဆင်းအာရုံကိုကြည့်ပြီးမှ မိမိနေရာဖြစ်သော ရင်ထဲ နှလုံးထဲသို့ ပြန်သွားသည်၊ ထိုနည်းအတိုင်း-အာရုံ ၆-ပါးသို့ လှည့်လည်လျက်နေလေသည်၊ ထိုအတ္တဇီဝ ဟူသော အသက်ဝိညာဏ်သည် ရင်ထဲ နှလုံးထဲမှာ အမြဲ တည်နေလျက် မြင်ခြင်း, ကြားခြင်း, နမ်းရှူခြင်း, စားသောက်ခြင်း, တွေ့ထိကိုင်တွယ်ခြင်းဟူသော ‘ကာရကသတ္တ’ရှိသည်-ဟူ၍လည်း စွဲလန်းမှတ်ထင်ထားတတ်၏။

ထိုအတ္တဇီဝ ဟူသော အသက်ဝိညာဏ်သည်ပင်လျှင် မြင်ရ, ကြားရ, နမ်းရှူရ, စားသောက်ရ, တွေ့ထိကိုင်တွယ်ရသော အာရုံအမျိုးမျိုးကိုလည်း ခံစားစံစားတတ်သော ‘ဝေဒကသတ္တ’ရှိသည်ဟူ၍လည်း စွဲလန်းမှတ်ထင်ထားတတ်၏။

ထိုအတ္တဇီဝဟူသော အသက်ဝိညာဏ်ရှိ၍သာ ခန္ဓာငါးခုတို့၏အပေါင်းအစုဖြစ်သော ဤကိုယ်ခန္ဓာကြီးသည် လှုပ်လှုပ်ရှရှနှင့်မြင်သမျှ, ထင်သမျှသော အမှုကိစ္စ ကြီးငယ်တို့ကို သည်ပိုး-

ရွက်ဆောင်-ပြုလုပ်နိုင်ကြသည်၊ ဤအသက်ဝိညာဏ် မရှိပါလျှင် အဘယ်ကိစ္စကိုမျှ ဆောင်ရွက်နိုင်တော့မည် မဟုတ်ဟု မှတ်ထင် စွဲယူတတ်ကြလေသည်။

ထိုခန္ဓာငါးပါးအစုဖြစ်သော ကိုယ်ကောင်ကြီးသည် ယင်း အတ္တဇီဝဟူသော အသက်ဝိညာဏ်၏ အလိုရှိတိုင်းသောအမှုကို ပြုလုပ်ရသဖြင့် အိမ်တခုလုံးတွင် အိမ်ရှင်သာ အစိုးရသကဲ့သို့ ဤခန္ဓာငါးပါး ကိုယ်ကြီးတခုလုံးကိုလည်း အတ္တဇီဝ ဟူသော အသက်ဝိညာဏ်သာလျှင် အုပ်စိုးရ၏၊ ဤကိုယ်ကြီးတခုလုံးသည် အတ္တဇီဝဟူသော အသက်ဝိညာဏ်၏အလိုကိုသာ လိုက်ပါနေရသည်ဟုလည်း မှတ်ယူစွဲလန်းကြလေသည်။

ယင်းအတ္တဇီဝဟူသော အသက်ဝိညာဏ်၏တည်နေရာ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်သာလျှင် သေကြေပျက်စီးတတ်သည်၊ ထို သေကြေပျက်စီးတတ်သော ရုပ်နာမ် ခန္ဓာတို့သည် သေကြေ၍ ဤခန္ဓာ ပျက်စီးသော်လည်း အတ္တဇီဝ ဟူသော အသက်ဝိညာဏ်သည်မူကား အောက်က ရေးသားဖေါ်ပြခဲ့သည့်အတိုင်း မသေမကြေ၊ အိမ်တခုပျက်လျှင် အိမ်တခုသို့ ပြောင်းနေသူကဲ့သို့၎င်း၊ သစ်တပင်သေလျှင် အခြား သစ်ပင်တပင်သို့ ပြောင်းရွှေ့နေထိုင်သောငှက်ကဲ့သို့၎င်း အတ္တဇီဝဟူသော အသက်ဝိညာဏ်သည်လည်း နောက်ဘဝ ခန္ဓာသစ်တခု ပြုလုပ် တည်ထောင်၍နေလေသည်။

ယင်း အတ္တဇီဝဟူသော အသက် ဝိညာဏ်သည် ဖေါက်ပြန်ပျက်စီးခြင်းမရှိပဲ ပကတိ ခိုင်မြဲသော-သဘောတခုဖြစ်သည်ဟူ၍

လည်း မှတ်သင်စွဲလန်းတတ်ကြကြောင်းကို ဝိသုဒ္ဓိမဂ် စသော အဋ္ဌကထာတို့တွင် အကျယ်တဝင့် ပြဆိုထားပေသည်၊ ယင်းသို့ အသက်ဝိညာဉ်နှင့် ပတ်သက်၍ အတ္တဒိဋ္ဌိ-သက္ကာယဒိဋ္ဌိ စသော အစွဲမှားများ-မည်သို့မည်ပုံစွဲယူသနည်း–

*.... 'အဗ္ဘန္တရေ အတ္တာနာမ အတ္ထီတိ ဒိဋ္ဌိ အတ္တာနုဒိဋ္ဌိ'

'အဗ္ဘန္တရေ-သတ္တဝါတို့၏ ခန္ဓာကိုယ်တွင်း၌၊ အတ္တာ-နာမ-ပုဂ္ဂိုလ်စီမံဖန်တည်းတတ်သော အသက်ဝိညာဉ်ဟု ဆိုအပ်သော-ငါဟုထင်လောက်သည့် အကောင်အထည် ဟူသည်၊ အတ္ထီတိ-ရှိ၏ ဟူ၍၊ ဒိဋ္ဌိ–စွဲမှားခြင်းသည်၊ အတ္တာနုဒိဋ္ဌိ-အတ္တာနုဒိဋ္ဌိမည်၏'

ဟု-အဋ္ဌကထာ-ဋီကာတို့ဆိုကြသည့်အတိုင်း 'သက္ကာယဒိဋ္ဌိ, အတ္တဒိဋ္ဌိ,အတ္တာနုဒိဋ္ဌိ,အတ္တဝါဒုပါဒါန်'စသော အမည်တို့သည် အသံသာကွဲ၍-အနက်သဘောတူဖြစ်ရာ နေရာဌာနကိုလိုက်၍ နာမည်ကွဲပြားခြင်းသာဖြစ်သည်၊ ခန္ဓာဟူသော ရုပ်နာမ်ပရမတ်သဘောကို-ပညာဉာဏ်နှင့်မသိသဖြင့်-ပရမတ်သဘောကို ပညတ်နှင့်ယူမှားခြင်းသာ ဖြစ်လေသည်။

ကျွန်ုပ်တို့၏ အဓိကဆိုလိုချက်မှာ-ပရမတ်ကို သိတတ်သော ဉာဏ်မရှိသူတို့၏-အထင်နှင့် စွဲမှားထားသော အတ္တကို၊ ပရမတ်သိမြင်သောဉာဏ်က အနတ္တဟု အမှန်သိခြင်းကြောင့်-အစွဲမှား-အယူမှား ပျောက်သွားစေသောအလုပ်မျိုးကို ဆိုလိုရင်းဖြစ်ပေ

သည်၊ များသောအားဖြင့် သာမန် ပုထုဇ္ဇန်သည် ဤအစွဲမျိုး လွတ်ရန်ခဲယဉ်းပေသည်။

## ‘လောကကိုရှုမြင်ခြင်း ၂-မျိုး’

ကျွန်ုပ်တို့ဖော်ပြခဲ့ပြီးသော လောကသုံးပါးကို သာသနာပ ကာလက အဘိညာဏ်ရပြီးသော သရာဂရသေ့ကြီးတို့ပင်လျှင် အလွန်ဆုံး ဩကာသလောကနှင့် သတ္တလောကကိုသာ ရှုမြင် သိရှိနိုင်ကြလေသည်၊ ထို့ကြောင့် ထိုပုဂ္ဂိုလ်ကြီးတို့၏အမြင်သည် ပုဂ္ဂိုလ်သတ္တဝါ အကောင်အထည် အသက်ဝိညာဏ်အပေါ်တွင် သာတည်၍ ရှုမြင်ခြင်းဖြစ်သောကြောင့် အတ္တအမြင် ဖြစ်လေ သည်၊ အတိုချုပ် အတ္တဟူသည်မှာ သတ္တလောက-ဟူသော သတ္တဝါကိုအခိုင်အမာပြုသောဝါဒ ဖြစ်လေသည်။

မြတ်စွာဘုရားသည် လောကကိုရှုမြင်သုံးသပ်ရာ၌ အကောင် အထည် အသက်ဝိညာဏ်အပေါ်တွင်သာ လုံးဝ ရပ်တည်၍ မစဉ်းစားခဲ့ချေ၊ အကြောင်းမူ-ဤသတ္တလောကဟူသည် အရင်းခံ မဟုတ်သေး၊ အမိကမကျသေးသဖြင့် ယင်းသတ္တဖြစ်ရန် ပင်ရင်း သဘောတရားသည် အဘယ်နည်းဟု လေ့လာစူးစမ်းသောအခါ သင်္ခါရလောကဟူသော (ရုပ်နာမ်)ပရမတ်တရားကို ကိုယ်တော် တိုင်ပင် သိရှိရလေသည်၊ ယင်းသို့တွေ့ရှိရသော သင်္ခါရလောက ပရမတ်(ရုပ်နာမ်)ဟူသည်-ခဏမစဲ တသဲသဲ တလှုပ်လှုပ် တဖြုတ် ဖြုတ် တရွရွ စသောအားဖြင့် ဖေါက်ပြန်ပြောင်းလဲသော ၎င်း တို့၏ ပင်ကို အခြေအနေကို-ကိုယ်ပိုင်ဉာဏ်ဖြင့် ကိုယ်တိုင်သိနေ

သော မြတ်စွာဘုရားရှင်အတွက် မည်သည့်နည်းနှင့်မျှ-ဤခန္ဓာသည် အခိုင်အမာမဟုတ်ကြောင်း-အနှစ်သာရမရှိကြောင်း--အစိုးမရ သူ့သဘောသာဖြစ်သည်ကို ရှုမြင်တော်မူလေသည်။

ယင်းသို့ လောကကို ရှုမြင်ရာ၌ အတ္တဟု ရှုမြင်ခြင်းသည် သတ္တဝါဟူသော အကောင်အထည်အမာခံထား၍ ရှုမြင်သောကြောင့် 'အဘ္ဘဒိဋ္ဌိ'ဖြစ်လေသည်၊ ထိုသတ္တကို တည်ဆောက်ပေးသော သင်္ခါရပရမတ်တို့ကို မသိပြစ်ပေတည်း၊ သို့အတွက်-အရင်းခံဖြစ်သော သင်္ခါရပရမတ်ကိုသိသော မြတ်စွာဘုရား၏ အနတ္တအမြင်နှင့် နှိုင်းယှဉ်၍ကြည့်လေလျှင်-

'အတ္တဝါဒ'။ ။'သတ္တဝ-ထိုအတ္တသည်ပင်လျှင်၊ ဒေဟဗ္ဘန္တ-ရေ-ကိုယ်အတွင်း၌၊ နိဝါသနတော-အမြဲမှီနေရှိနေသောကြောင့်၊ နိဝါသီ-နိဝါသီ သတ္တိလည်း ရှိ၏'

'အနတ္တဝါဒ'။ ။'ရုပ္ပတီတိ ရူပံ၊ ယော ဓမ္မသဘာဝေါ-အကြင် ခန္ဓာပရမတ်သဘောတရားသည်၊ ရုပ္ပတိ-အတည်မမြဲ ပြောင်းလဲဖေါက်ပြန်တတ်၏၊ ဣတိတသ္မာ-ထို့ကြောင့်၊ သော ဓမ္မသဘာဝေါ-ထို သဘောတရားသည်၊ ရူပံ-ရူပံမည်၏၊ ဝါ-ဖောက်ပြန်တတ်သော သဘောမည်၏'

'အတ္တဝါဒ'။ ။'ပါကဝိန္ဒနတော-တွေ့ကြုံရရှိသောအကျိုးတရားကို ရတတ်, သိတတ်, ခံစားတတ်သောကြောင့်၊ ဝေဒကော-ဝေဒကသတ္တိလည်း ရှိ၏'

'အနတ္တဝါဒ'။ ။'ဝေဒယတိ-အာရုံ၏ အရသာကို ပရမတ္ထသဘော ဖြစ်ပျက်လျက် ခံစားတတ်၏၊ ဣတိတသ္မာ-ထို့ကြောင့်၊ ဝေဒနာ-ခံစားတတ်သော ပရမတ်သဘော မည်၏၊ ခံစားမှုဟူသည် အာရုံဝတ္ထု တိုက်ဆိုမှုကြောင့် ဖြစ်ပေါ်လာရသော ပရမတ်နာမ်တရားသက်သက်သာတည်း၊ သညာဟူသည်လည်း အာရုံကို မှတ်သားတတ်သော ပရမတ် နာမ်တရားသက်သက်သာတည်း'

'အတ္တဝါဒ'။ ။'ကာယကမ္မာဒိကရဏတော-ကာယကံ, ဝစီကံ အမှုတို့ကို ပြုတတ်သောကြောင့်၊ ကာရကော-ကာရကသတ္တိလည်း ရှိ၏'

'အနတ္တဝါဒ'။ ။'သခ်တ အဘိသခ်ရောန္တီတိ သခ်ါရာ။ ယေ ဓမ္မာ-အကြင် ဖဿ, စေတနာ စသော—သခ်ါရက္ခန္ဓာ ငါးဆယ်ဟူသော

ပရမတ်တရားတို့သည်၊ သင်္ခတ-ပြုစရာ-လုပ်စရာ-ကိစ္စဖုံဖုံ-အလုံးစုံတို့ကို၊ အဘိ-သင်္ခရောန္တိ-တခုမကျန်အောင် ပြုလုပ်စီမံတတ်ကုန်၏၊ ဣတိတသ္မာ-ထို့ကြောင့်၊ တေ ဓမ္မာ-ထိုပြုတတ် လုပ်တတ် စီမံတတ်ကြွားငါးဆယ်သော စေတသိက်နာမ်များသည်၊ သင်္ခါရာ-သင်္ခါရတို့ မည်ကုန်၏'

'အတ္တဝါဒ'။ ။'ကမ္မဖလံ-ကံ၏အကျိုးကို၊ သကဝသံ-မိမိအလိုသို့၊ ဝတ္တာပနတော-လိုက်စေတတ်သောကြောင့်၊ သယံဝသီ-သယံဝသီသတ္တိလည်း ရှိ၏'

'အနတ္တဝါဒ'။ ။'ဖေဏပိဏ္ဍူပမံ ရူပံ'-ရူပက္ခန္ဓာ သည်ရေမြှုပ်နှင့်တူသည်-အခိုင်အမာမရှိ။

'ဝေဒနာ ပုဗ္ဗုဠူပမာ'-ဝေဒနာက္ခန္ဓာသည်ရေပွက်နှင့်တူသည်-အခိုင်အမာမရှိ။

'မရီစိကူပမာသညာ'-သညာက္ခန္ဓာ သည်တံလျှပ်နှင့်တူသည်-အခိုင်အမာမရှိ။

'သင်္ခါရာကဒလူပမာ'-သင်္ခါရက္ခန္ဓာသည်ငှက်ပျောတုံးနှင့်တူသည်-အခိုင်အမာမရှိ။

'မာယူပမဉ္စ ဝိညာဏံ' — ဝိညာဏက္ခန္ဓာသည် မျက်လှည့်နှင့်တူသည်-အခိုင်အမာမရှိ။

မြတ်စွာဘုရားသည် ခန္ဓာငါးပါး (ရုပ်နာမ်ဟူသော)ပရမတ်တရားကို-သင်္ခါရလောကအပေါ် မူတည်၍ သုံးသပ်ထားသောကြောင့် အနတ္တအစစ် ဧကန်ဖြစ်ကြောင်း သိမြင်တော်မူလေသည်၊ ဖြစ်တတ်ပျက်တတ်သော သင်္ခါရလောကကို မသိမမြင်ကြသော ပုဂ္ဂိုလ်တို့မှာ-သင်္ခါရလောကတို့ စုပေါင်းနေသောသဘောကိုပင်-ပင်ရင်းအခြေခံကို မသိသောကြောင့် သတ္တလောက ဟူသော ပုဂ္ဂိုလ်သတ္တဝါကို အကောင်အထည် အခိုင်အမာပြု၍-'ကာရက-ဝေဒက-သယံဝသီ-နိဝါသီ' စသော အတ္တဝါဒ, အတ္တဒိဋ္ဌိ, အတ္တဝါဒုပါဒါန်, သက္ကာယဒိဋ္ဌိ စသည်အားဖြင့် အဆင့်ဆင့်မှားယွင်းစွာစွဲယူသော ဒိဋ္ဌိကြီးတို့သို့ ကပ်ရောက်ကြလေသည်။

သို့အတွက် မြတ်စွာဘုရား၏ ဝါဒလမ်းစဉ်ကို လိုက်နာအားထုတ်ကြသော ဗုဒ္ဓဝါဒီ ယောဂီ သူတော်ကောင်းတို့သည် ခန္ဓာငါးပါး ပရမတ်ဟူသောအမှန်တရား၌-အမှန်ကျ သိမြင်ကြစေရန်-တနည်း—အနတ္တဝါဒကို အနတ္တသဘောဉာဏ်သက်ရောက်၍ အတ္တဝါဒ ကင်းပျောက်စေရန် လိုအပ်ပေသည်၊ ဤအလုပ်သဘောသည် ဉာဏ်၏အရာ ဉာဏ်၏အလုပ်ဖြစ်၍-အမှန်တကယ် မိမိကိုယ်တိုင်သိ-ကိုယ်တိုင်ဉာဏ်ရောက်ရန် အရေးကြီးလှပေသည်၊ အဘယ့်ကြောင့်နည်းဆိုသော်—ဗုဒ္ဓဘာသာအမည်ခံသော ကျွန်ုပ်

တို့မှာ ဗုဒ္ဓဝါဒ အနတ္တနှင့် ဆန့်ကျင်သော အတ္တဝါဒကို၊ အခိုင်အမာ မဟုတ်စေကာမူ-အတော်ပင် သက်ဝင် ခံယူထားသောကြောင့် ဖြစ်လေသည်။

## 'အနတ္တလက္ခဏသုတ်'

မြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃-ခု၊ ဝါဆိုလပြည့်နေ့တွင် ကောဏ္ဍည အစရှိကုန်သော ရသေ့တို့အား ဓမ္မစက္ကပ္ပဝတ္တနသုတ်တော်ဖြင့် မိမိ၏ အကျင့်လမ်းစဉ်သည် (မဇ္ဈိမပဋိပဒါ) အလယ်လမ်းကြောင်း အကျင့်ဖြစ်ကြောင်း သုံးဆယ့်တဘုံသို့ ကြေညာကာ သာသနာ့ပန္နက် စတင်၍ ရိုက်နှက်ခဲ့လေသည်၊ ပဉ္စဝဂ္ဂီတို့ အစဉ်အတိုင်း သောတာပန်အရိယာများ ဖြစ်ကြပြီးနောက် ဝါဆိုလပြည့်ကျော် ၅-ရက်နေ့တွင် ကိုယ်တော်၏ 'အနတ္တဝါဒ'ကို မေးခွန်း ဖြေခွန်းဖြင့် ဟောကြား ဆွေးနွေးတော်မူသည်။

ဤ၌ မြတ်စွာဘုရားသည် အလွန်နက်နဲသော အနတ္တတရားကို အတ္တဝါဒ လွှမ်းမိုးနေသော လောကအတွင်း၌ ဟောရသည်မှာ ဤအကြိမ်သည် ရှေးဦးစွာသော ပဌမအကြိမ်ဖြစ်သည်၊ နာယူမည့်ပုဂ္ဂိုလ်တွေကလည်း မြတ်စွာဘုရား၏ သာသနာ့အတွင်းသို့ ပူပူနွေးနွေး ဝင်ရောက်ကာစ သာဝကများ ဖြစ်ကြလေသည်၊ ပဉ္စဝဂ္ဂီတို့သည်လည်း မြတ်စွာဘုရားအပေါ်၌ ဓမ္မစကြာတရား နာကြားစဉ်ကကဲ့သို့-မယုံတဝက်, ယုံတဝက်နှင့် နာကြားနေခြင်း

မျိုး မဟုတ်ပေ၊ သံသယ ဝိစိကိစ္ဆာများ ကင်းရှင်း၍ စိတ်ချ လက်ချ အားကိုးတကြီးနှင့် နာကြားနေကြခြင်းဖြစ်လေသည်။

မြတ်စွာဘုရားသည် ရုပ်နာမ်ပရမတ် သင်္ခါရလောကအပေါ် လေ့လာသုံးသပ်ချက်အရ–

'ရူပံ ဘိက္ခဝေ အနတ္တာ– ဘိက္ခဝေ-ချစ်သားတို့၊ ရူပံ-ဖေါက်ပြန်တတ်သောသဘောသည်၊

*.... (၁) အနတ္တာ-အနှစ်ရှိသောတရားမျိုးမဟုတ်၊

*.... (၂) အနတ္တာ-အစိုးရသောတရားမျိုးမဟုတ်၊

*.... (၃) အနတ္တာ-အလိုသို့လိုက်သောတရားမျိုးမဟုတ်'

ဟု ဟောတော်မူလိုက်လေသည်၊ 'ချစ်သားတို့-သင်တို့ ငါတို့၏ ခန္ဓာငါးပါးအပေါင်းအစုဖြစ်သော ဤကိုယ်၌-ရူပက္ခန္ဓာဟူသော ဖေါက်ပြန်မှုအစု-သဘောတရားသည်အနှစ်သာရ-အခိုင်အမာမျိုး မဟုတ်ခဲ့ချေ' အဘယ်သို့ အနှစ်သာရမရှိသနည်း– ထိုရုပ်ဟူသော ဖေါက်ပြန်မှုသဘောတရားသည်-ကံ,စိတ်,ဥတု,အာဟာရ ဟူသော အကြောင်းအထောက်အပံ့ကိုရယူနေရသဖြင့် မိမိဖါသာ ရပ်တည်နိုင်ခြင်းမရှိချေ၊ ထိုသဘောတရားသည် အပေါင်းအစုအားဖြင့် ၎င်း, အစိပ်စိပ်အားဖြင့်၎င်း-မပြိုမကွဲ-တခဲနက် တည်တံ့ခိုင်ခန့် သောသဘော လုံးဝမရှိချေ၊ မယိမ်းမယိုင် ကျောက်စာတိုင်သို့ ခိုင်မာသောအနှစ်သာရလည်း မရှိချေ၊ ထို(ရုပ်ဟူသော)ဖေါက် ပြန်မှုကို အထောက်အပံ့ပြုသော အကြောင်းတရား ၄-ပါးတို့တွင်–

၁-'ကံ'ဟူသော အကြောင်းအထောက်အပံ့ကိုရယူထားသော (ကမ္မဇရုပ်)ဖေါက်ပြန်မှုသဘောစုသည် ထိုအထောက်အပံ့ ကံ၏ အရှိန်အဟုန်ဆုတ်ယုတ်ခြင်း,အားနည်းခြင်း,ကုန်ခမ်းခြင်းတို့ကြောင့်-၎င်းတို့ သည်လည်း ပြောင်းလဲ ချုပ်ပျောက် ပျက်စီးခြင်းသို့ ရောက်ကြရလေသည်။

၂-'စိတ်' ဟူသော အကြောင်းအထောက်အပံ့ကို ရယူထားသော(စိတ္တဇရုပ်)ဖေါက်ပြန်မှုသဘောသည် ထိုအထောက်အပံ့ စိတ်၏-ချုပ်ခြင်း, ပျက်ခြင်း, အားနည်းခြင်းတို့ကြောင့်-၎င်းတို့ သည်လည်း ပြောင်းလဲ ချုပ်ပျောက် ပျက်စီးခြင်းသို့ ရောက်ကြရလေသည်။

၃-'ဥတု'ဟူသော အကြောင်းအထောက်အပံ့ကို ရယူထားသော(ဥတုဇရုပ်)ဖေါက်ပြန်မှုသဘောသည် ထိုအထောက်အပံ့ ဥတု၏ အား,အရှိန်အဟုန်,ဆုတ်ယုတ်ပျက်ပြားခြင်းတို့ကြောင့်-၎င်းတို့သည်လည်း ပြောင်းလဲ ချုပ်ပျောက် ပျက်စီးခြင်းသို့ ရောက်ကြရလေသည်။

၄-'အာဟာရ'ဟူသော အကြောင်းအထောက်အပံ့ကို ရယူထားသော (အာဟာရဇရုပ်) ဖေါက်ပြန်မှုသဘောသည် ထိုအထောက်အပံ့ဖြစ်သော ကဗဠီကာရာဟာရ၏-ဩဇာဓာတ် အဆီအစေး ကုန်ခမ်း အားနည်းခြင်းတို့ကြောင့်-

ရင်းတို့သည်လည်း ပြောင်းလဲချုပ်ပျောက် ပျက်စီးခြင်းသို့ ရောက်ကြရလေသည်။

ဤသို့လျှင်-ကံ, စိတ်, ဥတု, အာဟာရ ဟူသော အကြောင်း အထောက်အပံ့ လေးပါးတို့၏-ပေါင်းစုပြုပြင် ညီညွတ် စီရင်နိုင်သော အခိုက်အတန့်၌သာ အသစ်အသစ် ဖြစ်ပွါးပေါ်ပေါက်လာသော (ရုပ်ဟူသော) ဖေါက်ပြန်သောသဘောတရားတို့သည် အကြောင်းအထောက်အပံ့တို့၏ အရှိန်အဟုန် အားနည်းကုန်ခမ်းသည်နှင့်တပြိုင်နက် အထောက်အပံ့ရယူထားသော အကျိုးဖြစ်သော မိမိတို့သည်လည်း ပျက်စီးချုပ်ငြိမ်း ပျောက်ဆုံးကြရလေရာ-ဤသို့သော အမှီခိုခံသဘောဖြစ်သည့် ဖေါက်ပြန်မှုသည် အပေါင်းအစည်းအားဖြင့်သော်၎င်း, အစိပ်စိပ်အားဖြင့်သော်၎င်း မြဲမြံခိုင်ခန့်သောတရားမဟုတ်-အနှစ်မဲ့သောတရားသာ ဖြစ်ချေ၏၊ ထို့ကြောင့် 'အသာရကဋ္ဌေန အနတ္တာ' ဟု ဟောတော်မူလေသည်။

**'ရှုပ်ပံ၍ရုပ် ရေမြှုပ်သဏ္ဍာန်'** တခါသော် မြတ်စွာဘုရားသည် ရဟန်း အပေါင်း အခြံအရံနှင့် ဂင်္ဂါမြစ်ကမ်းတနေရာသို့ကြွရောက်တော်မူလာလေသည်၊ ထိုအခါ ဂင်္ဂါမြစ်၌ ရေအစုန်တွင်မြောပါလာသော ရေမြှုပ်စိုင်,ရေမြှုပ်အဖွဲ့အစီးကြီးများကို မြင်တွေ့တော်မူလေ၍ ကမ်းသို့ ကပ်လာသော ရေမြှုပ်စိုင်ကြီးတခုကို ရဟန်းတို့အားညွှန်ပြလျက် -

'ချစ်သားတို့ -ဤရေမြှုပ်စိုင်ကို မျက်စိအမြင်ကောင်းသောသူသည်-ဘေးပတ်လည်, အထက်အောက်အားဖြင့်

ဒေါင့်စုံအောင် အသေအချာ ကြည့်ရှု လေ့လာရာ၏၊ ထိုအခါ-လေ့လာသောသူသည်-မည်သည့်နည်းနှင့် ရှုမြင်စမ်းသပ်စေကာမူ-ထို ရေမြှုပ်စိုင်၏ အချည်းနှီးသော အဖြစ်, အသုံးမကျသောအဖြစ်, အနှစ်မရှိသောအဖြစ်ကိုသာ မြင်ရလတ္တံ့၊ ချစ်သားတို့-သို့မို့ကြောင့် ရေမြှုပ်စိုင်၏ အနှစ်သာရ-အမာခံသည် အဘယ်မှာ ရှိလိမ့်မည်နည်း'ဟု မိန့်တော်မူပြီးမှ ထိုနည်းတူစွာ ပုံပမာ-

'ယံကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ။လ။ ကိံ ဟိ သိယာ ဘိက္ခဝေ ရူပေသာရော'

(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်-၁၁၄)

'ချစ်သားတို့–လွန်ခဲ့ပြီးသောရုပ်, မဖြစ်သေးသောရုပ်, လက်ရှိဖြစ်ဆဲသောရုပ်။လ။အဝေးအနီးစသော အလုံးစုံဖေါက်ပြန်တတ်သောသဘောတရား(ရုပ်)သည် ရှိ၏၊ ထိုသဘောတရားတို့ကို နှလုံးသွင်း မှန်ကန်စွာ ဉာဏ်ဖြင့်သက်ဝင်ရှုကြည့်သော ယောဂီဘည် အဖန်ဖန် ရှု၏၊ တစိမ့်စိမ့်ရှု၏၊ ယင်းသို့ရှုကြည့်သောအခါ-အရှုခံရသောဖေါက်ပြန်မှုသည် အချည်းနှီးသောအဖြစ်, အသုံးမကျသောအဖြစ်, အနှစ်သာရမရှိသောအဖြစ်ကိုသာ ထင်မြင်ရာ၏၊ ချစ်သားတို့-ထိုဖေါက်ပြန်မှု၌ အနှစ်သာရအမာခံသည် အဘယ်မှာရှိလိမ့်မည်နည်း'

ဟု-ရူပက္ခန္ဓာအကြောင်းကို ဟောတော်မူသည်။

**'အစိုးမရ အနတ္တ'** အသာရကဋ္ဌေန အနတ္တာ-အရ-အနှစ်သာရ ဘာမျှမရှိပုံကို ပေါ်ပြပြီးနောက် အစိုးမရသော အနက်သဘောကြောင့်လည်း အနတ္တဖြစ်ပုံကို သိသာရန် မြတ်စွာဘုရားသည် 'အနိဿရဋ္ဌေန အနတ္တာ' ဟု ဟောတော်မူသည်။

'ရူပဉ္စ ဘိက္ခဝေ အတ္တာ အဘဝိဿ။လ။ ဧဝံ မေ ရူပံ မာ အဟောသီတိ'

(ခန္ဓဝဂ္ဂ အနတ္တလက္ခဏသုတ်ပါဠိတော်-၅၅)

'ဘိက္ခဝေ-ချစ်သားတို့၊ ရူပံ-ဖေါက်ပြန်တတ်သော သဘောတရားသည်၊ အနတ္တာ-အစိုးတရ အာဏာပြတတ်သော ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ချေ၊ ဟိ-ထိုစကားကို ထင်ရှားစေဥ့ါ ပေါ်ပြပါအံ့၊ ဣဒဉ္စ ရူပံ-ဤဖေါက်ပြန်မှုသဘောတရားသည်ကား၊ အတ္တာ-အစိုးတရ အာဏာပြတတ်သော ပုဂ္ဂိုလ်သတ္တဝါသည်၊ အဘဝိဿ-ထင်တိုင်းမမှား ဖြစ်လေငြားအံ့၊ ဣဒံ ရူပံ-ဤဖေါက်ပြန်တတ်ငြား 'ရုပ်'တရားသည်၊ အာဗာဓာယ-ကျင်နာထန်ပြင်း ဆင်းရဲခြင်းငှါ၊ န သံဝတ္တေယျ-တကယ်စင်စစ် မဖြစ်နိုင်ပေရာ၊ စ-သည်မျှသာမကသေး၊ မေ-ငါ၏၊ ရူပံ-ဖေါက်ပြန်တတ်ငြား'ရုပ်'တရားသည်၊ ဧဝံ-ဤသို့ ငါပြုပြင် ဆိုကောင်းမည်ဆိုတိုင်း မဆိုင်းလျှင်စွာ-ချမ်းချမ်းသာသာ၊ဟောတု-

ငါ့ကိုယ်ငါသာ စိုးပိုင်ပါ၍ အလိုတိုင်းသာ ဖြစ်ပါစေ၊ မေ-ငါ၏၊ ရူပံ-ဖေါက်ပြန်တတ်ငြား ‘ရုပ်’တရားသည်၊ ဧဝံ-ဤပုံညှဥ်းဆဲ-ဆင်းဆင်းရဲရဲ၊ မာ အဟောသိ-ငါ့အလို မကျ သဘာဝမို့-မဖြစ်ပါစေနှင့်၊ဣတိ-ဤသို့အာဏာပြု၍ စိတ်ကထင်တိုင်း၊ လဗ္ဘထ-မဆိုင်းလျှင်စွာ ရပေရာ၏၊ စ-ဆက်၍ဆိုဦးအံ့၊ ဝါ-အစိုးမရသော အနတ္တ၏ဖြစ်ချက် ကို ဆက်လက်၍ ဟောဦးအံ့၊ ဘိက္ခဝေ-ချစ်သားတို့၊ ယသ္မာ ခေါ-အကြင့်ကြောင့်လျှင်၊ ရူပံ-ဖေါက်ပြန်တတ် သော သဘော(ရုပ်)သည်၊ အနတ္တာ-အစိုးရစွာ အာဏာ ပေးနိုင်သော ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ခဲ့ချေ၊ တသ္မာ-ထိုသို့ အစိုးတရ အာဏာပြု၍ မရလေသောကြောင့်၊ ရူပံ-ပြောင်းလဲ ဖေါက်ပြန်တတ်သော သဘောတရား သည်၊ အာဗာဓာယ-ကျင်နာထန်ပြင်း ဆင်းရဲခြင်းငှါ၊ သံဝတ္တေယျ-ရှောင်လွှဲမရ-သဘာဝမို့ မုချမသွေ ဖြစ်ရ ပေ၏၊ စ-ဆက်၍တဖန် ဟောလိုက်ပြန်အံ့၊ ရူပေ-ဖေါက် ပြန်တတ်သောသဘော၌၊ မေ-ငါ၏၊ ရူပံ-ဖေါက်ပြန်တတ် သောသဘောသည်၊ ဧဝံ-ဤသို့ချမ်းသာစွာ၊ ဟောတု-ဖြစ်ပါလေစေ၊ ဧဝံ-ဤသို့တနဲဆင်းရဲစွာ၊ မာ အဟောသိ-ငါအလိုမကျ၍မဖြစ်စေနှင့်၊ ဣတိ-ဤသို့ စိတ်ကအာဏာ ပြသည့်အတိုင်း၊ န လဗ္ဘတိ-ဘယ်ခါကာလမှ ရနိုင်သည် မဟုတ်ချေ’

ရုပ်တရား နာမ်တရားဟူသော ပရမတ္ထသဘာဝကို နားမလည် မတတ်မသိမီက အတ္တဟု-အစိုးတရပြုနိုင်သည်ဟု ဝိပလ္လာသအား ဖြင့် ထင်မှားခဲ့စေကာမူ-ပရမတ်တို့၏ အမှန်သဘာဝကို မှန်ကန် သောပညာဉာဏ်ဖြင့် သိလာရသော အခါ၌ကား 'အနိစ္စ ဒုက္ခ အနတ္တာ' အစိုးမရမှုဟူသည်-သူက-ငါက စိတ်အထင်နှင့်ပြောနေ ရသောကိစ္စမဟုတ်၊ မိမိကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်ဖြင့် မည်သို့မျှ အစိုးတရမပြုလုပ်နိုင်ဟု သိလာလေသည်၊ ပဋိသမ္ဘိဒါမဂ် ဂဏ္ဌိ ပုဒ်၌လည်း -

'သယမေဝ-အစိုးရစွာ အာဏာရသိ မိမိအတ္တ ကိုယ် တိုင်ပင်လျှင်၊ အတ္တနော-မိမိ၏၊ ဒုက္ခံ-မခံသာအောင် ကျင်နာထန်ပြင်း ဆင်းရဲခြင်းကို၊ ဒါတုံ-ပေးခြင်းငှါ၊ အယုတ္တတ္တာ-မသင့်မတော် ခွင့်မလျော်သော ကြောင့်၊ နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျာတိ-အတ္တ ရှိက မိမိ၏ရုပ်သည် အဟုတ်ဆင်းရဲခြင်းမဖြစ်ရာပြီဟူ၍၊ ဝုတ္တံ ဟောကြားတော်မူလေပြီ'

အဓိပ္ပါယ်မှာ—ဤ ရုပ်နာမ်ခန္ဓာသည်-အတ္တ ဟူသောအစိုးတရ အမှန်လုပ်နိုင်သည်၊ ပိုင်သည်, ဆိုင်သည်-ဆိုငြားအံ့၊ ထိုပိုင်ဆိုင် သော အစိုးရသော ငါသည်ပင်လျှင်-အတ္တသည်ပင်လျှင် မိမိ ရုပ်နာမ်ခန္ဓာသည် အနာနှိပ်စက် မခံသာအောင် ဆင်းရဲခြင်း ဖြစ်က မိမိလည်း ဒုက္ခဒေါမနဿဖြစ်အောင် ခွင့်ပြုရာရောက်ပေ သည်၊ ဤသို့ မိမိကိုယ်ကို မိမိ နှိပ်စက်သကဲ့သို့ ဖြစ်ခြင်းသည်

စင်စစ် မသင့်မတော် ခွင့်မလျော်ချေ၊ ယင်းသို့ ယုတ္တိမတန်-အတ္တအယူ၏ မမှန်ကန်မှုကြောင့် မြတ်စွာဘုရားသည် 'နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ' မိမိရုပ်၏ ဆင်းရဲဖြစ်အောင် မလုပ်သင့်ရာပြီ၊ ဆင်းရဲခြင်း မဖြစ်စေသင့်ပြီဟု ဟောတော်မူခြင်း ဖြစ်လေသည်။

ရင်းပြင် မူလပဏ္ဏာသပါဠိတော် စူဠသစ္စကသုတ်(၂၉၃)၌ 'သာဝတ္ထိပြည်ကိုအစိုးရသော ကောသလမင်း၊ ရာဇဂြိုဟ်ပြည်ကို အစိုးရသော အဇာတသတ်မင်း၊ ဦးခေါင်း၌ အဘိသိက်သွန်း ထားသောမင်းတို့သည် တိုင်းသူပြည်သားတို့အပေါ် အစိုးရခြင်း အာဏာပိုင်ခြင်း ရှိသည့်အတွက် ပြစ်မှု ကျူးလွန်သူတို့အား ကျူးလွန်ပြစ်အတိုင်း ဒဏ်ပေးမှုလည်း ပေးနိုင်ရာ၏၊ သတ်မိန့် သော်လည်း ပေးနိုင်ရာ၏၊ တိုင်းပြည်မှနှင်ထုတ်မှုလည်း နှင်ထုတ် နိုင်ရာ၏၊ အဂ္ဂိဝေဿန-သင်သည် သင့်ရုပ်နာမ်ခန္ဓာသည် အစိုးရ သည်ဟု ဆိုခဲ့၏၊ ယင်းသို့ အတ္တအနေနှင့် အစိုးတရပြုလုပ်နိုင်ဘိမူ-သင်၏ အိုမင်းသော ဆိုးရွားသော ရုပ်ကို-သင့်တပည့် လိစ္ဆဝီ မင်းသားများနှင့် တူအောင်-သူတို့ကဲ့သို့ လှပအောင်-သင် အစိုးရ စွာ အမိန့်ပေးချေလော့'

ဟု-မြတ်စွာဘုရားက မေးလေသော်-အတ္တဝါဒ ဆရာကြီး သစ္စကသည် ဘာမျှ မတတ်နိုင်သောကြောင့် စကားမပြော တုဏှိဘောဖြင့် နေပြီးမှ၊လ။ နောက်တွင် 'နော ဟိဒံ ဘော

ဂေါတမ’ မဖြစ်နိုင်ပါ-အစိုးမရပါ အရှင်ဂေါတမဟု ဝန်ခံ လျှောက်ထားရလေသည်။

သို့ဖြင့် ခန္ဓာနာမ်ရုပ်၌ အစိုးရစွာ အာဏာပြတတ်သော အတ္တတရားသည် အဟုတ်အမှန်ရှိလေဘိမူကား-မိမိခန္ဓာ၏ အဟုတ် ဆင်းရဲကျင်နာခြင်း မဖြစ်သင့် မဖြစ်ကောင်းပေရာဟု ဖေါ်ပြကြ သော ပါဠိ-အဋ္ဌကထာတို့အရ-ဤ ခန္ဓာငါးပါး ရုပ်နာမ်တရား တို့၌ အစိုးရစွာ အာဏာပြတတ်သော အတ္တတရားသည် ထင်ရှား တိတိ အမှန်အကန်ရှိခဲ့ပါမူ-သူသူငါငါ လူနှစ်စွာစက်ဆုပ်ကြသော လောကဒုက္ခ အမျိုးမျိုးတို့ကို အာဏာဖြင့် ပယ်ရှားနိုင်ရမည်၊ ထိုသို့မပယ်ရှားနိုင်၍ ယင်းဒုက္ခအမျိုးမျိုးတို့၏ လွှမ်းမိုးနှိပ်စက် ခြင်းကို မရှောင်မလွှဲနိုင်ပဲ အတင်းခံစားရှိသော နေပေရကား- အစိုးတရ အာဏာပြတတ်သော အတ္တတရားဟူသည် မှန်စွာတိတိ တကယ်မရှိကြသော အနတ္တတရားတွေသာ ကေန်စင်စစ် အမှန် ဖြစ်လေသည်ဟု မှတ်သားရာသည်။

ဤကား ‘အနိဿရဋ္ဌေန အနတ္တာ’ အစိုးမရပုံ ဖေါ်ပြ ချက်တည်း။

**‘လိုတိုင်းမရ-အနတ္တ’** အစိုးတရ အာဏာပြ၍ အမိန့်ပေးခြင်း မပြုနိုင်သောကြောင့် အနတ္တ ဖြစ်ပုံကို ဖေါ်ပြပြီးနောက် ‘အဝသဝတ္တနဋ္ဌေန အနတ္တာ’ မိမိ၏ အလို အကြိုက်သို့ မလိုက်မပါ သူ့သဘောသာဖြစ်သောကြောင့် ရုပ်

နာမ်ခန္ဓာ၏ ပရမတ္ထသဘာဝသည် အနတ္တအစစ် ကေန်ဖြစ်၏ဟု ဟောတော်မူသည်၊ ကံ, စိတ်, ဥတု, အာဟာရတည်း ဟူသော အကြောင်းတရားလေးပါးတို့သည် ပေါင်းစုပြုပြင်စီရင်မှုကြောင့် အသစ်အသစ် ဖြစ်ပေါ်လာသော ဤဖေါက်ပြန်မှုသဘောတရား သည် ရှိ၏၊ ထိုသဘောတရားကို လူမင်း-နတ်မင်း-ဗြဟ္မာမင်းနှင့် သနင်းများစွာ မင်းတကာတို့သည် ခြင်းရာဤလို ဤနည်းဆို၍ ဤလိုတစေ ဤအနေသာဖြစ်ပါစေဟု အာဏာလွှမ်းမိုး ဘုန်း တန်းခိုးဖြင့် အစိုးတရ ပိုင်သပြုပြင် စီရင်ဖန်တည်း၍ ရကောင်း သောတရားမျိုးမဟုတ်ချေ၊ မည်သူတဦးတယောက်၏ အလိုဆန္ဒ သို့လည်း လိုက်ပါသည်ဟူ၍ မရှိချေ။ အကြောင်းတရားလေးပါး တို့မှတပါး မည်သည့် အကြောင်းတရား တပါးပါးကြောင့်မျှ- ဖြစ်ပေါ်လာသည် ဟူ၍လည်း မရှိချေ၊ ထိုအကြောင်းတရား လေးပါးတို့၏ ကုန်ဆုံး ပျောက်ပျက်သည်နှင့်တပြိုင်နက် မိမိတို့ သည်လည်း မူလအခြေမှ အနေတမျိုးပြောင်းလွဲ၍ ပျက်စီးကြ လေကုန်၏၊ အလိုလိုက်ခြင်း, အကြိုက်ပါခြင်းဟူသည် အစိုးရခြင်း ရှိမှ ဖြစ်လေသည်၊ ရုပ်နာမ်ခန္ဓာသည် အလိုအကြိုက် လိုက်ရ လောက်သော အစိုးတရ အတ္တမရှိခြင်းကြောင့်-အစိုးမရသော 'သူ့သဘော' အနတ္တဖြစ်လေသည်။

အခါတပါး မြတ်စွာဘုရားအား နတ်သားတယောက် လာ ရောက်၍ လျှောက်ထားသည်ကား—

*.... 'ကိံသု ဂ္ဂဿရိယံ လောကော-လောကကြီး၌ အာဏာ လွှမ်းမိုး အစိုးရခြင်းသည် အဘယ်ပါနည်း'ဟု လျှောက်၏၊ ထိုအခါ မြတ်စွာဘုရားက–

*.... 'ဝသော ဂ္ဂဿရိယံ လောကော-လောကကြီး၌ မိမိ အလိုသို့ လိုက်မှုသည် အစိုးရခြင်းတည်း' ဟု (သဂါ ထာဝဂ္ဂ သံယုတ်ပါဠိတော်-ဂ္ဂဿရိယသုတ်-၄၀) မြတ် စွာဘုရား ဟောတော်မူသည်။

ဤလောက၌ တစုံတယောက်သောသူသည် တစုံတခုသော အရာဝတ္ထုကို အစိုးရသည်ဟုဆိုလျှင် ထိုအစိုးရသောသူ၏အလိုသို့ မငြိုမငြင် လိုက်ပါရသောသဘောသည်လည်း ရှိစမြဲပင် ဖြစ်၏၊ စကြာဝတေးမင်းသည် စကြာရတနာကို အစိုးရ၏၊ စကြာ ရတနာသည် စကြာမင်း၏အလိုသို့ လိုက်ရ၏၊ ဤသို့အားဖြင့် 'အစိုးရသည်' ဟူသောစကားသည် 'မိမိပိုင်ဆိုင်ခြင်း' ဟူသော အဓိပ္ပါယ်ပင်ဖြစ်သည်၊ ပိုင်ဆိုင်အုပ်ချုပ်ခြင်းခံရသော သဘော သည်လည်း ရှိသင့်ရာ၏၊ ထို့ကြောင့်'အစိုးရသည်'ဟူသောစကား ကိုဆိုလျှင် 'အလိုသို့လိုက်သောအရာဝတ္ထုသည် ရှိ၏' ဟူသော သဘောသို့လည်း သက်ရောက်ရာ၏။

သို့ဖြစ်၍ ဖေါက်ပြန်တတ်သော သဘော (ရုပ်)တရားကို မည်သူသည် အစိုးရသနည်း–ဤ ဖေါက်ပြန်တတ်သောသဘော (ရုပ်)တရားသည် မည်သူ၏အလိုသို့လိုက်ပါသနည်းဟု ဆင်ခြင်

လတ်သော်-၎င်း ဖေါက်ပြန်တတ်သောသဘော (ရုပ်)တရားကို မည်သူမျှ အစိုးမရ၊ တန်းခိုးအာဏာလည်းမပြနိုင်၊ ပိုင်ဆိုင်သူလည်း မရှိခြင်းပင်ဖြစ်၍ တစုံတယောက်သောသူ၏ ပြုပြင်စီမံရာသို့ လိုက်ပါတတ်သော သဘောလည်း မရှိဖြစ်၏ဟု-ဟောတော်မူ၏။

*.... 'အဝသဝတ္တနတော၊ အဝသဝတ္တနာကာရေ အနတ္တလက္ခဏံ'

(ဝိသုဒ္ဓိမဂ္ဂ-၂၇၇)

'အဝသဝတ္တနတော-တစုံတယောက်သောသူ၏ အလိုသို့ မလိုက်ခြင်းသည်၊ အဝသဝတ္တနာကာရေ-သူတပါး အလိုသို့ မလိုက်သောအခြင်းအရာသည်၊ အနတ္တလက္ခဏံ-အနတ္တဟူ၍ မှတ်ကြောင်းလက္ခဏာမည်၏'

ရုပ်နာမ်ခန္ဓာ၏ သဘောတရားသည် ပရမတ်ဖြစ်သည်အားလျော်စွာ မည်သူတဦးတယောက်၏အလိုသို့မျှ လိုက်သည်မရှိချေ၊ ၎င်း၏ကိစ္စကိုသာ မသွေမဖည် ဆောင်ရွက်လျက်ရှိသည်၊ ယင်းသဘောကိုပင် ပရမတ်ဆိုသည်၊ အနတ္တဆိုသည်။

**'ဖြစ်-တည်-ပျက်က-တားမရ'** ရုပ် နာမ် ခန္ဓာ တရားတို့သည် အကြောင်းတရား လေးပါးတို့ ညီညွတ်သောအခါ ဥပါဒ်အားဖြင့် မဖြစ်ရန်သော်၎င်း၊ ဥပါဒ်သို့

ရောက်ပြီးသော သဘောတရားတို့ကို ရင့်ခြင်းဌီသို့ မရောက်ရန် သော်၎င်း၊ ဌီသို့ရောက်ပြီးသော သဘောတရားတို့ကို ပျက်စီး ချုပ်ပျောက်သောဘင်သို့ မရောက်ရန်သော်၎င်း၊ ဘယ်လူ-ဘယ် နတ်-ဘယ်ဗြဟ္မာမှ လျှာအကုဋေဖန်ဆင်း၍ တားမြစ်သော်၎င်း၊ သာမည လူ-နတ်-ဗြဟ္မာ-သတ္တဝါတို့ကို ထားဘိဦး–ဘုရားရှင်မြတ် သော်မှ တောင်းပန်၍-တားမြစ်၍·အာဏာတန်းခိုး လွှမ်းမိုးအသုံး ချ၍ မရချေ၊ ထို့ကြောင့်—

*.... 'ဣမေသု တီသု ဌာနေသု ကဿစိ ဝသဝတ္တိဘာဝေါ နတ္ထိ'

(သမ္မော-၄၅)

ဤ-'ဇာတိ-ဇရတာ-အနိစ္စတာ'ဟူသော ဥပါဒ်-ဌီ-ဘင် တရား တို့၌ တားမြစ်၍ မရနိုင်ကြောင်း၊ တားမြစ်၍ အလိုမပါနိုင် ကြောင်းကို ပြသည်။

ထို ဇာတိ ဟူသော ဥပါဒ်၊ ဇရတာဟူသော ဌီသို့ ရောက်ပြီး သော ခန္ဓာနာမ်ရုပ်တို့သည်–

'တတ္ထ တတ္ထ ဥပ္ပန္နာ ဣတရံ ဣတရံ ကောဋ္ဌာသံ အပ္ပတွာ တတ္ထ တတ္ထေဝ ပဗ္ဗံ ပဗ္ဗံ သန္ဓိ သန္ဓိ ဩဓိ ဩဓိ ဟုတွာ တတ္တကပါလေ ပက္ခိတ္တ တိလာဝိယ တဋ္ဋာတဋ္ဋာ· ယန္တာ သင်္ခါရာဘိဇ္ဇန္တိ' (ဝိသုဒ္ဓိမဂ္ဂ-၂၅၇)

'တတ္တ တတ္တ-လှုပ်လှုပ်ရွရွ ထိုထိုဌာနၥ်၊ ဥပ္ပန္နာ-အကြောင်းညီညာ၍ဖြစ်ပေါ်လာကြကုန်သော၊သင်္ခါရာ-ခန္ဓာနာမ်ရုပ်တရားတို့သည်၊ ဂ္ဂတရံ ဂ္ဂတရံ ကောင္ဒသံ-ပြောင်းလဲ၍သွား အခြား တပါးသော ဌာနများသို့၊ အပ္ပတ္ဘာ၊မှီအောင်မရောက်နိုင်ကြကုန်ပဲ၊ တတ္တ တတ္တေဝ-အကြောင်းညီညာ ဖြစ်ပေါ်၍လာသော ထိုထိုဌာနၥ် သာလျှင်၊ ပဗ္ဗံ ပဗ္ဗံ-အဆစ်အဆစ်၊ သန္ဓိ သန္ဓိ-အစပ် အစပ်၊ ဩဓိ ဩဓိ-အပိုင်း အပိုင်း၊ တတ္တကပါလေ-ချစ်ချစ်လောင်ပြင်း ဒယ်အိုးအတွင်း၌၊ ပက္ခိတ္တတိလာ-ဝိယ-ထည့်လတ်တုံငြား နှမ်းစေ့များကဲ့သို့၊ တဋ္ဋတဋ္ဋာ-ယန္တာ-ဖျစ်ဖျစ် မြည်ကြကုန်လျက်၊ ဘိဇ္ဇန္တိ-နေ့ညမဆိပ် တညိတ်ညိတ်ဖြင့် တမှိတ်မစဲ ပြောင်းလဲထပ်ထပ် မရပ် မနား ပြိုကွဲပျက်စီး၍သွားကြလေကုန်၏'

ပရမတ်ရုပ်နာမ်တို့မည်သည် ဉပါဒ် ဋ္ဌီ-ဘင် အစဉ်မပြတ် မရပ်မနား ဖြစ်ပျက်၍သွားနေသည်မှာ ၎င်းတို့၏သဘာဝလမ်းကြောင်း အတိုင်းဖြစ်သဖြင့် ထိုလမ်းစဉ်ကိုမသိသောသူတို့အတွက် အနတ္တ သဘောသို့ ဉာဏ်မသက်နိုင်ပဲ-ကြံစီရမ်းဆ အတ္တအနေသို့သာ အလိုလိုသက်ရောက်ကြလေသည်၊ ၎င်းပြင်-ရုပ်နာမ်တို့၏ အနတ္တ သဘာဝကို ဖေါ်ညွှန်းရာ၌-

'တေသံ ဓမ္မာနံ-ထိုခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏၊ ခဏေ ခဏေ-ခဏတိုင်း ခဏတိုင်း၌၊ ခယဝယတော-

ကုန်ခမ်းကွယ်ပျောက် ပျက်စီးခြင်းကို၊ ပစ္စက္ခတော:
လက်ငင်းသိသော သဘောအားဖြင့်၊ ပဿန္တဿပန·
ကောင်းမွန်မှန်ကန်စွာသိမြင်နိုင်သော ပညာရှိအားကား၊
တေသံ-ထို ခန္ဓာငါးပါး တို့၏၊ သတ္တဿ-သတ္တဝါ၏၊
အသာရဘာဝေါ စ-အနှစ်အသား အမာခံမဟုတ်သည်၏
အဖြစ်သည်၎င်း၊ အနတ္တဘာဝေါ စ-ငါ့ကိုယ်ငါဟု အတ္တ
သဘောမဟုတ်သည်၏ အဖြစ်သည်၎င်း၊ သုဋ္ဌု-ကောင်း
စွာ၊ ဝိဒိတော-ထင်လင်းသည်၊ ဟောတိ-ဖြစ်၏၊ သတ္တ
ပုဂ္ဂလ အတ္တဇီဝါနဉ္စ-သတ္တဝါ ပုဂ္ဂိုလ် အတ္တဇီဝတို့၏လည်း၊
သဗ္ဗသော-အချင်းခပ်သိမ်း၊ နတ္ထိဘာဝေါ-မရှိသည်၏
အဖြစ်သည်၊ သုဋ္ဌု-ကောင်းစွာ၊ ဝိဒိတော-ထင်လင်းသည်၊
ဟောတိ-ဖြစ်၏၊ ဣဒံ-ဤ သည် ကား၊ သမ္မာဒဿနံ·
ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်အမြင်ပေတည်း’

အနတ္တဝိဘာဝနာပါဠ်-၉၄ တွင်-ဖော်ညွှန်းထားသည်။

အလုံးစုံသော ပရမတ်ခန္ဓာငါးပါးရုပ်နာမ်နှင့် ပတ်သက်လာ
လျှင်-အနတ္တ သူ့သဘောသို့သာ ဆောင်သွားတတ်သောသဘော
သည် အလွန်ထင်ရှားလေသည်၊ ကျွန်ုပ်တို့သည် ရုပ်နာမ်နှစ်ပါး၏
သဘောတရားကို အထူး ကြံဆောင်အားထုတ်ရသည်မဟုတ်ပဲ·
ပရမတ်တို့၏ သူ့သဘော လမ်းစဉ်ကိုသာ ယထာဘူတဉာဏ်
အရင်းခံ၍ ရှုကြည့်က-ကောင်းစွာ မြင်နိုင်ပါသည်၊ ‘အဝသ·
ဝတ္တနဋ္ဌေန အနတ္တာ’ကို အလုပ်သဘောနှင့်ဆီလျော်စွာ သဘော

ပေါက်ရန် 'သူ့သဘော'ဟု ကျွန်ုပ်တို့ အနက်ပြန်ထားသည်၊ ဤခန္ဓာနာမ်ရုပ်သည် မည်သည့်နည်းနှင့်မျှ မိမိသဘော-မိမိအလို အတိုင်းမဖြစ်ခဲ့-'ပရတော'ဟူသော 'သူ့စိမ်းပြင်ပ-အနတ္တ'ဟူသော သဘောဖြစ်၏။

**'အလဗ္ဘနီယဋ္ဌာနသုတ်'** အကြောင်းတိုက်ဆိုင်၍ ဖေါ်ပြရသော်-
မြတ်စွာဘုရားသည် သံသရာဝဋ်မှ ကျွတ်လွတ် ထွက်မြောက်လို၍ တရားရှာသော သူတို့သာမက-အပြင်လောကက လူများပါ-ငြင်းကွယ်၍ မရသော-'တောင့်တ၍ မရသော တရားငါးပါး'ကို ဟောပြတော်မူထားသည်၊ ထိုငါးပါး ဟူသည်မှာ....

၁-'ရင့်ရော်အိုမင်းသောတရားကို · မရင့်မအိုပါစေနှင့်'-ဟု,

၂-'အနာနှိပ်စက်တတ်သောတရားကို မနာပါစေနှင့်' ဟု,

၃-'သေတတ် ပျက်တတ်သောတရားကို မသေမပျက်ပါစေ နှင့်'-ဟု,

၄-'ကုန်ခမ်းတတ်သောတရားကို မကုန်မခမ်းပါစေနှင့်'-ဟု,

၅-'ပျက်တတ်သောတရားကို မပျက်ပါစေနှင့်'-ဟု

လောကကြီးထဲတွင် တစုံတယောက်သော သမဏဖြစ်စေ, ဗြာဟ္မဏ ဖြစ်စေ, နတ် ဖြစ်စေ, မာရ် ဖြစ်စေ, ဗြဟ္မာ ဖြစ်စေ

တောင့်တသော်လည်း တောင့်တတိုင်း မရရာ-ဆုတောင်းသော်လည်း ဆုတောင်းတိုင်း မရနိုင်’ဟု အင်္ဂုတ္တရပါဠိတော်-ပဉ္စကနိပါတ် အလဗ္ဘနီယဌာနသုတ်(၄၇)တွင် ဟောထားသည်။

အဘယ့်ကြောင့် ဤတရားငါးပါးသည် တောင့်တတိုင်း မရသိသနည်း၊ ပရမတ်တရားနှင့် ပရမတ်တို့၏ သွားရာလမ်းကြောင်းသည် ‘ရင့်ခြင်း,နာခြင်း,သေခြင်း,ကုန်ခြင်း,ပျက်ခြင်း’တို့သာဖြစ်၍ ပရမတ်သဘောတရားတို့သည် ၎င်းတို့၏မူ-စည်းမျဉ်း အတိုင်းသာ သွားသည်-ထိုမူ, ထိုစည်းမျဉ်းဘောင်မှ-ကျူးကျော်, ဖေါက်ဖျက်, သွေဖည်၍ သွားရိုးမရှိပေ၊ ကျွန်ုပ်တို့ကသာ ‘တရားလွန်သူတို့’ ဖြစ်ကြလေသည်။

အကြောင်းကိုဆိုရမူ- ပရမတ်ရုပ်နာမ် ဟူသည်-အတိတ်ကာလ အဝိဇ္ဇာ တဏှာ ကံတို့ အကူအညီ အထောက်အပံ့ကိုယူ၍ အမိဝမ်းတွင်း၌ ပဋိသန္ဓေဇာတိအနေနှင့် ‘ကလလရေကြည်’က စ၍ တည်ဆောင် ဖွဲ့စည်းလာခဲ့သည်၊ ယင်း ဇာတိ ဟူသောအဖြစ်စကထည်းက....

*.... ‘ရူပဿ ဥပစယော,သန္တတိ,ဇရတာ,အနိစ္စတာ လက္ခဏာ·ရူပံနာမ’

ဟူသော သင်္ဂဟအဋ္ဌကထာလာသည်နှင့်အညီ-လက္ခဏာရုပ်လေးခုတို့သည် ထိုပရမတ်‘ရုပ်ဟူသော’ ဖေါက်ပြန်မှုပြုရာ၌....

*.... ရှေးဦးစွာဖြစ်ပေါ်စေခြင်း-ဥပစယ၊

*.... ဆက်ကာဆက်ကာဖြစ်ပေးခြင်း-သန္တတိ၊

*.... ရင့်ကျက်ခြင်း အိုခြင်း-ဇရတာ၊

*.... ထက်ဝန်းကျင်အားဖြင့် ကုန်ခြင်း ပျက်ခြင်း-အနိစ္စတာ၊

ပရမတ်ရုပ်တို့ကို သိကြောင်းမှတ်ကြောင်းသည် ဤလေးပါးတို့တည်းဟု 'လက္ခဏာရုပ်'ကို ပြထားလေသည်၊ ထိုလက္ခဏာတို့အရ ပရမတ်သဘောတို့ဖြစ်နေသည်၊ ဖြစ်လာသည်၊ ထိုရုပ်နာမ်ပရမတ်တို့သည် ၎င်းတို့၏ သွားရာလမ်းကြောင်းသို့သာ မှန်မှန်သွားသည်-ပြောင်းလဲသွေဖည်၍ သွားရိုးမရှိပေ၊ သူတို့၏သွားရာလမ်းကြောင်းကို-မသိသော 'အဿုတဝါ ပုထုဇ္ဇနော'ဖြစ်သောကျွန်ုပ်တို့ကသာ-မိမိတို့အလို-မိမိတို့သဘောနှင့် 'မအိုချင်, မနာချင်, မသေချင်, မကုန်ချင်, မပျက်ချင်'၍ ဆုတောင်းသည်၊ ဤပရမတ်ရုပ်နာမ်ခန္ဓာကို-မိမိပိုင်အတ္တအနေနှင့် ပူပြင်သည်, တောင့်တသည်၊ မရသောအခါ-ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲဖြစ်သည်၊ သို့ကြောင့် မိမိတို့သာ 'တရားလွန်သူများ'ဖြစ်ကြလေသည်။

ဤရုပ်နာမ်ခန္ဓာသည် 'ဇာတိ, ဇရာ, ဗျာဓိ, မရဏ' ဖြစ်နေသည်ဟု-သမ္ဗုဒ္ဓရာဝါဋ္ဌ သဲစုမက ပွင့်တော်မူကြသော ဘုရားရှင်တိုင်းဟောခဲ့သည်၊ ကျွန်ုပ်တို့လည်း-သတ္တဝါစဖြစ်သော ဘုရားနှင့်အတူသံသရာတွင်လာခဲ့သည်၊ ဘုရားရှင်တိုင်း ဟောခဲ့သောတရားတို့ကို ကျွန်ုပ်တို့သည် 'နားမှလေသံ မကြားဟန်ဖြင့်' ထိုရုပ်နာမ်ခန္ဓာကိုပင် တဘဝတမျိုး အရကြိုး၍ ရှာခဲ့သည်-ရှာဖွေ၍ရလာသော

ရုပ်နာမ်သည် သူ့ရှဲလမ်းစဉ်အတိုင်း အိုခဲ့သည်,နာခဲ့သည်,သေခဲ့သည်၊ ကျွန်ုပ်တို့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲနှင့်တကွ သောကပရိဒေဝမီး တောက်ခဲ့သည်-အသေနှင့် နိဂုံးချုပ်ခဲ့သည်၊ နောက်တဘဝအတွက် ဤအိုတတ်, နာတတ်, သေတတ်သော ရုပ်နာမ်ကိုပင် ရယူခဲ့ပြန်သည်၊ ခန္ဓာကား ၎င်း၏ အနိစ္စ,ဒုက္ခ,အနတ္တလမ်းစဉ်သို့သာ သွားနေသည်၊ ကျွန်ုပ်တို့ ပူရပြန်ချေပြီ၊ ဘုရားကိုကိုးကွယ်၏၊ အို-နာ-သေ ကို ကြောက်လာသည်။

မြတ်စွာဘုရားသည် ထိုရုပ်နာမ်ခန္ဓာတို့၏သဘောကို သိသည်၊ ထိုရုပ်နာမ်သည် အိုတတ်, နာတတ်, သေတတ်သည်-ထိုရုပ်နာမ်ကို ခင်တွယ်ခြင်းသည် အို-နာ-သေ ကို ခင်တွယ်ခြင်းဖြစ်သည်၊ ထိုရုပ်နာမ်ကို လိုချင်ခြင်းသည် အို-နာ-သေ ကို လိုချင်ခြင်းဖြစ်သည်၊ အို-နာ-သေ ကို မနှစ်သက်ပါက-ထိုရုပ်နာမ်ခန္ဓာကို မနှစ်သက်လေနှင့်ဟု ဟောတော်မူသည်။

ကျွန်ုပ်တို့ကား-အို-နာ-သေကို ကြောက်သည်၊ မနှစ်သက်ပေ၊ သို့ရာတွင် ရုပ်နာမ်ခန္ဓာကိုကား လိုချင်သည်—မြတ်စွာဘုရားပင် မတတ်နိုင်ပေ၊ လောကဥပမာအားဖြင့် 'အချဉ်ကိုကြောက်သော သူသည်-ရှောက်သီးကို မစားရာ' သို့မှသာ မှန်သောလမ်းစဉ်ဖြစ်ပေမည်၊ အို-နာ-သေတည်းဟူသော အချဉ်ကိုကား ကြောက်သည်၊ သို့ရာတွင် ရုပ်နာမ်တည်းဟူသောရှောက်သီးကို ခင်တွယ်နေ၍မဖြစ်ပေ၊ ထိုအချဉ်ဓာတ်သည် ရှောက်သီး၌ဖြစ်၍ ရှောက်သီးထဲတွင်ပါရှိနေသည်ကို သိထားပါလျှင်-အဘုတ်အမှန် အချဉ်ကို

ကြောက်သူသည် ထို အချဉ်ဓာတ်ရှိနေသော ရှောက်သီးကို ရှောင်ကြဉ်ရာသကဲ့သို့ အို-နာ-သေ တရားသည် ဤ ရုပ်နာမ် ခန္ဓာ၌ရှိသည်-အို-နာ-သေကိုအမှန်ကြောက်ပါက ရုပ်နာမ်ခန္ဓာကို ခင်တွယ်စရာလုံးဝမရှိပင်ဖြစ်သည်။

ဤကား 'ရူပံ ဘိက္ခဝေ အနတ္တာ' ဟူသော ပရမတ်ရုပ် ဖေါက်ပြန်မှုသဘော၌-အနတ္တ အနက် ၃-ချက်ကို သင့်တော်သလို ဝေဖန်လိုက်ခြင်းဖြစ်ပေသည်၊ မြတ်စွာဘုရားသည် ရုပ်နာမ်ပရမတ် ၌ 'ယံကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံ တံ နိရောဓဓမ္မံ' ဟု-အတော်အတန်ကြီး သဘောပေါက်၍ သောတာပန်အရိယာ ဖြစ်ကြကုန်ပြီးသော ပဥ္စဝဂ္ဂီတို့အား ဟောကြားသော အနတ္တတရားတော်ဖြစ်ပေသည်။

**'ဝေဒနာစက် ရေပွက်သဏ္ဌာန်'** 'ချစ်သားတို့-ဖေါက်ပြန်တတ်သော သဘောသည် အခိုင်အမာ အနှစ်သာရမရှိ, အစိုးမရ, အလိုသို့မလိုက်သော သူ့ သဘော-အနတ္တ အနေ ဟောခဲ့ချေပြီ၊ အကယ်၍ အခိုင်အမာ ဟုတ်သည်-အစိုးရသည်-အလိုသို့လိုက်တတ်သော ငါဟုတ်သည်ဟု ထင်မှတ်စွဲယူသူတို့သည် ၎င်းတို့၏စွဲယူချက် အတ္တဟူသော အခိုင်အမာ-ငါ့သဘောကေန် ဖြစ်သည်မှန်အံ့– မည်သည့်သတ္တဝါ တစုံတယောက်သည် ကျင်နာထန်ပြင်း အနာရောဂါ၏နှိပ်စက်ခြင်းကို ခံချင်မည်နည်း–ရုပ်ဆင်းအင်္ဂါ ချို့ယွင်းချင်ရှာမည်နည်း–ဆင်းရဲ စုပ်ချာ အားကိုးရာမဲ့ ဖြစ်ချင်ရှာမည်နည်း-ယင်းသို့ကား မဟုတ်ခဲ့ချေ။

*.... 'အတာဏော လောကသန္တိဝါသော-လောကသန္တိဝါ သော-လူအရပ်ရပ်-နတ်အဖြာဖြာ သတ္တဝါဟုဆိုအပ် သော ရုပ်နာမ်အပေါင်းသည်၊ အတာဏော-ဇာတိ ဇရာ စစ္စာဆင့်လောင်း ဆင်းရဲအပေါင်းမှ လွတ် ကြောင်းထင်ရှား မြစ်တားစောင့်ရှောက်နိုင်သူ မပြု မထွက် သက်သက်အလျှင်း အားကိုးရာကင်းလှချေ၏'

*.... 'အလေဏော လောကသန္တိဝါသော-လောကသန္တိဝါ သော-လူအရပ်ရပ်-နတ်အဖြာဖြာ သတ္တဝါဟုဆိုအပ် သော ရုပ်နာမ်အပေါင်းသည်၊ အလေဏော-အပျက် ဆင်းရဲ နာသေပွဲနှင့် ငိုပွဲဆင့်ကာ ကြုံရပါလည်း ပူဆာဒုက္ခ ဆင်းရဲမှသည် လုလုလွတ်ရန် ရည်ရွယ် သန်လျက် ကြံစည်အားကိုးသော်လည်း ပုံးလျှိုးစရာ ဗလာအရှင်း ကင်းကြီးကင်းလှချေ၏'

*.... 'အသရဏော လောကသန္တိဝါသော-လောကသန္တိဝါ သော-လူအရပ်ရပ်-နတ်အဖြာဖြာ သတ္တဝါဟုဆိုအပ် သော ရုပ်နာမ်အပေါင်းသည်၊ အသရဏော-သောက ပရိဒေဝ ဒုက္ခခပင်း တွေ့ကြုံလျှင်းလည်း လက်ငင်း ဆုတ်ဆုတ် ဖြတ်ပယ်တတ်သား အမြတ်တနိုး ကိုးစား လောက်သူ မပြုမထွက် သက်သက်အလျှင်း-ကိုးကွယ် အားထားရာသည်-အကင်းကြီးကင်းလှချေ၏'

ဤ ရုပ်နာမ်ခန္ဓာ၏ သဘော-အနတ္တဟု အားကိုးရာမဲ့သော သဘောကို အမှန်တကယ် ဉာဏ်ဖြင့်သိ၍ ဟောသော်လည်း 'ငါ့လှေ ငါထိုး-ပဲခိုး ရောက်ရောက်' 'ငါ့မြင်း ငါစိုင်း-စစ်ကိုင်း ရောက်ရောက်'ဟူ၍ အတ္တသဘောနှင့်ယှဉ်စွဲပြီးကာမှ-အနာနှိပ်စက် ဆင်းရဲနက်နှင့် တွေ့သောအခါ-ဤရုပ်ခန္ဓာသည် အမှန်တကယ် အစိုးမရပါတကားဟု-ဉာဏ်သိဖြစ်ပေလိမ့်မည်။

ဤခန္ဓာ၏ ပရမတ် အဖွဲ့အစည်းတွင် 'ဝေဒနာက္ခန္ဓာ'လည်း ပါ၏၊ ၎င်း-ဝေဒနာဟူသော ခံစားမှုသည်လည်း – 'ဝေဒနာ-အနတ္တာ'ဟူသဖြင့် မခိုင်ပုံ၊ မမြဲပုံ၊ အစိုးမရဖြစ်ပုံကို ဥပမာနှင့် ဟောတော်မူဟန်ကား—

'ချစ်သားတို့-ဥပမာ သော်ကား – တန်ဆောင်မုန်းလ အခါ မိုးကြီး သည်းထန်စွာရွာသွန်းလတ်သော်–ကန် ချောင်း ရေအိုင်တို့တွင် မိုးရေပေါက်ကျရာ၌ ရေပွက် သည်ဖြစ်၏-ဖြစ်ပြီးနောက် ချက်ခြင်းပင် ချုပ်ပျက်လေ သည်၊ ထိုရေပွက်ကို မျက်စိအမြင် ကောင်းသော ယောကျာ်းသည် သေချာစွာကြည့်၏၊ ဘေးပတ်လည် အထက်အောက်အားဖြင့် ရှုဒေါင့်စုံမှ ကြည့်ရှုလေ့လာ ရာ၏၊ ထိုလေ့လာရှုကြည့်သောသူသည် မည်သည့်နည်းနှင့် ရှုမြင်စမ်းသပ်စေကာ မူ-ထို ဖြစ်ပျက်နေသော ရေပွက်၏ အချည်းနှီးသောအဖြစ်၊ အသုံးမကျသောအဖြစ်၊ အနှစ် အမာခံမရှိသော အဖြစ်ကိုသာ မြင်ရာ၏၊ ချစ်သားတို့-

ရေပွက်၏အနှစ်သာ ရသည် အဘယ်မှာ ရှိလိမ့်မည်နည်း
ဟု မိန့်တော်မူပြီးမှ-ထိုနည်းမခြား အလားတူစွာ—

'ယာကာစိ ဝေဒနာ။လ။ ကိံ ဟိ သိယာ ဘိက္ခဝေ ဝေဒနာယသာရော'

(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်-၁၁၅)

'ချစ်သားတို့-အတိတ်, အနာဂတ်, ပစ္စုပ္ပန်လည်းဖြစ်သော။လ။ အဝေးအနီးလည်းဖြစ်သော ခံစားမှုသဘော တရားအားလုံးကို နှလုံးသွင်းမှန်ကန်စွာ ဉာဏ်ဖြင့် သက်ဝင်စွာ ရှုကြည့်သောယောဂီသည် အဖန်ဖန်ရှု၏, တစိမ့်စိမ့်ရှု၏, ယင်းသို့ရှုကြည့်သောအခါ အရှုခံရသော ခံစားမှုသည် အချည်းနှီးသောအဖြစ်, အသုံးမကျသောအဖြစ်, အနှစ်အမာခံ မရှိသောအဖြစ်ဟုသာ ထင်မြင်ရာ၏၊ ချစ်သားတို့-ခံစားမှုသဘောတရားတို့၏ အနှစ်သာရသည် အဘယ်မှာရှိလိမ့်မည်နည်း'

ဟု-ဝေဒနာက္ခန္ဓာအကြောင်းကို ဟောတော်မူသည်။

ဝေဒနာက္ခန္ဓာဟူသော ခံစားမှုအစု၏ ရေပွက်နှင့်တူပုံကား ရေအိုင်ထဲသို့ မိုးရေပေါက်ကျ၍ ဖြစ်လာသော ရေပွက်သည် ချက်ခြင်း ဖြစ်၍ ချက်ခြင်း ချုပ်ပျောက်ပျက်စီးသည့်အတွက်

ခိုင်မြဲခြင်းမရှိသကဲ့သို့-ဝေဒနာဟူသော ခံစား စံစားမှုသည်လည်း အကြောင်းတိုက်ဆိုင်က ခဏချင်းဖြစ်ပေါ်လာပြီးနောက် ချက်ခြင်းပင် ချုပ်ပျောက်တတ်သောကြောင့် ခိုင်မြဲခြင်းမရှိချေ၊ ထိုရေပွက်သည် အကျိုးလည်းမရှိ မည်သူတဦးတယောက်မျှ သိမ်းယူ၍လည်းမရ-ထိုရေပွက်ကို ယူ၍-ကုလားထိုင်,ခုံ,ညောင်စောင်း, ကုပ်ပြစ်ပြုလုပ်ခြင်းငှါလည်း မတတ်ကောင်း-မရကောင်းသကဲ့သို့ ထို့အတူ-ဝေဒနာဟူသော ခံစားစံစားမှုကိုလည်း မြဲ၏ဟူ၍ရှင်း, ခိုင်၏ဟူ၍ရှင်း သိမ်းယူခြင်းငှါ မတတ်ကောင်း၊ သိမ်းယူပြန်သော်လည်း ကြံစည်ရင်းအတိုင်း ခိုင်မြဲစွာ မတည်ခြင်းကြောင့်လည်း ရေပွက်နှင့်တူလေသည်။

ထိုထို ကျရောက်သော ရေပေါက်ရေစက်၌ ရေပွက်သည် ဖြုတ်ကနဲဖြစ်ပေါ်လာပြီးနောက် ချက်ခြင်းပင်ချုပ်ပျောက်လေသဖြင့် မြင့်ရှည်စွာမတည်လေသကဲ့သို့ ထို့အတူ ဝေဒနာဟူသော ခံစားမှုသည်လည်း အကြောင်းတိုက်ဆိုင်က ခဏချင်းဖြစ်ပေါ် လာပြီးနောက် ချက်ခြင်းပင်ချုပ်ပျောက်လေသဖြင့် မြင့်ရှည်စွာ မတည်၊ ထိုခံစားမှုဟူသည် မျက်စေ့တမှိတ်ခန့်ကာလတွင် အခါအကြိမ်ပေါင်း ကုဋေတသိန်းခန့် ချုပ်ပျောက်လေကုန်သည်၊ ရေပွက်သည် ရေအပြင်ကိုရှင်း, ရေစက်ရေပေါက်ကိုရှင်း, ရေ၏အစေးကိုရှင်း ရုံးစု၍ အထုပ်သဖွယ် ပြုတတ်သောလေကိုရှင်း-ဤအကြောင်းလေးပါးကိုအစွဲပြု၍ဖြစ်သကဲ့သို့-ထို့အတူ ဝေဒနာဟူသော ခံစားမှုသည်လည်း-မှီရာဝတ္ထုရုပ်, အာရုံ, ကိလေသာဟူသောအစေး, ဖဿ၏ထိခိုက်ခြင်းဟူသော အကြောင်းလေးပါး

ကိုစွဲ၍ ဖြစ်တတ်သောကြောင့် ရေပွက်နှင့် တူလေသတည်းဟု အဋ္ဌကထာတို့တွင် ပြဆိုလေသည်။

**'ဝေဒနာ အနတ္တာ'** မြတ်စွာဘုရားသည် ရုပ်နာမ်ခန္ဓာပရမတ်တို့၏ အနတ္တအဖြစ်သရုပ်ကို ဖေါ်ထုတ်ရာ၌ 'အနိစ္စေန ဝါ ဒယေတိ'ဟူသော ခံစားမှုတို့၏ မမြဲပုံ ပျက်ပုံကို ထောက်ပြ၍ အနတ္တပေါ်လွင်အောင် ဖေါ်ဆောင်လေသည်၊ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်က-ကဿပက ကျောင်း၌ မမာမကျန်း ဖြစ်နေသော-အဿဇိရဟန်းအား အနာရောဂါ အကြီးအကျယ် ဖိစီးသဖြင့် မြတ်စွာဘုရား ကြွရောက်၍-ထိုအနာရောဂါကြောင့် သမာဓိစျာန်ပင်မရတော့သော အဿဇိရဟန်းအား ထို(ဝေဒနာ) ခံစားမှုတို့၏သဘောတရား ပရမတ်ကို ချက်ခြင်း ရှုနိုင်ရန်အတွက်—

'သော သုခံ စေ ဝေဒနံ ဝေဒယတိ၊ သာ အနိစ္စာတိ ပဇာနာတိ။လ။ ဝိသံယုတ္တောနံ ဝေဒယတိ'

(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်-၁၀၂)

'ချစ်သားအဿဇိ-ထိုသူသည် အကယ်၍ ချမ်းသာကို ခံစားသည်ဖြစ်အံ့၊ ထိုခံစားမှုသည် မမြဲသော အပျက်ဟူ၍ သိ၏၊ သိရမည်-သာယာဖွယ်မဟုတ်ဟုလည်း သိရမည်၊ နှစ်သက်ဖွယ် မဟုတ်ဟုလည်း သိရမည်၊ ဆင်းရဲ

> ခံစားလျှင်လည်း– ချမ်းသာမဟုတ် ဆင်းရဲမဟုတ်သော (ဥပေက္ခာဝေဒနာ) ခံစားမှုကို ခံစားလျှင်လည်း ထို ခံစားမှုသည် မမြဲသောအပျက်ဟူ၍သိရမည်၊ သာယာဖွယ် မဟုတ်ဟုလည်း သိရမည်၊ နှစ်သက်ဖွယ် မဟုတ်ဟုလည်း သိရမည်၊ ဤသို့သျှင် မည်သည့်ခံစားမှုကို ခံစားသည် ဖြစ်စေ-ထိုခံစားမှု ပရမတ်သဘောတို့၏သဘာဝ အပျက် ကိုသာ ရှုနိုင်သိနိုင်ငြားအံ့-ထိုသူ၏ခံစားမှုသည် အတွယ် အတာ အနှောင်အဖွဲ့ (သံယောဇဉ်)ကင်းသော ခံစားမှု သာ ဖြစ်လေသည်’

စသည်ဖြင့် ဟောပြောနည်းပြတော်မူလေသည်။

ဤ၌ ‘ဝေဒနာ’ဟူသောစကားမှာ ပါဠိစကားဖြစ်၍ မြန်မာ ပြန်လျှင် ‘ခံစားမှု’ဟု အဓိပ္ပါယ်ထွက်သည်၊ ‘နာမှု, ကျင်မှု, မခံ သာမှု,ကိုက်မှု,ညောင်းမှု,မသက်သာမှု’တို့နှင့် မဆိုင်ပေ၊ ၎င်းတို့မှာ ‘ဒုက္ခ’ဆိုင်ရာသာဖြစ်သည်၊ ‘ဝေဒနာ’ဆိုင်ရာမဟုတ်ချေ၊ ကျွန်ုပ် တို့သည် ‘ဝေဒနာ’ဟုဆိုလျှင် ‘ဒုက္ခ’ကိုပြေး၍ သတိရလိုက်သည်၊ ထို့အတူ-‘နာမှု,ကျင်မှု,မခံသာမှု’တခုခုတွေ့လိုက်ရလျှင် ‘ဝေဒနာ’ ဟု အမှတ်ပြုလိုက်သည်၊ သို့အတွက် မခံသာမှု-ဒုက္ခတွင်သာ လမ်းဆုံးနေသဖြင့် ‘ဝေဒနာ’ပျောက်နေသည်၊ သို့ရာတွင် တရား အားထုတ်ကြရာ၌ကား-‘မခံသာမှု’ တွေ့လာသည်နှင့် ‘ဝေဒနာ, ဝေဒနာ’ဟု ရှုနေကြသည်၊ ‘ခံစားမှုသဘောအပေါ်တွင်’မည်သို့ ဉာဏ်သက်ရောက်သည်ကို မသိနိုင်ပေ၊ ယခု အသဃဇိရ်ဟန်းအား

မြတ်စွာဘုရား ညွှန်ပြချက်ကိုကြည့်ပါ ‘ချမ်းသာဖြစ်ဖြစ်၊ ဆင်းရဲဖြစ်ဖြစ်၊ ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သည်ဖြစ်ဖြစ်-ထို ခံစားမှုသည် မမြဲ ‘ပျက်သည်’ဟုသာ ရှုရန် ပါဠိတော် ညွှန်ချက်ကို ကြည့်ပါ၊ ‘ချမ်းသာတယ်၊ ဆင်းရဲတယ်’ဟူ၍ရင်း၊ ‘ဝေဒနာဘဲ၊ ဝေဒနာဘဲ’ဟူ၍ရင်း ပါဠိတော် မညွှန်ပေ၊ မှန်၏-မြတ်စွာဘုရားသည် ယခု အရှင်အဿဇိကိုဟောသော ပရမတ်တိုက်ရိုက်အဟောမျိုး-ခန္ဓဝဂ္ဂတွင်ရင်း၊ သဠာယတနဝဂ္ဂ ဝေဒနာသံယုတ်တွင်သော်ရင်း ပါဠိတော်များစွာတွင် ဟောထား၏။

ထိုအချက်တွင်-အရှင်အဿဇိသည် သေသောက်သော ‘ဒုက္ခဝေဒနာ’ပြင်းထန်ချိန်မျိုးတွင် ပညတ်သဘောအားဖြင့် အချိန်များစွာမယူနိုင်သည်တကြောင်း-ခံစားမှုဟူသော ဝေဒနာပရမတ်၏ အနတ္တလမ်းကြောင်း သွားနေသည်ကို သိရန်တကြောင်းတို့ကြောင့် ဖြစ်လေသည်။

*... ‘သော သုခံ စေ ဝေဒနံ ဝေဒယတိ၊ သာ အနိစ္စာတိ ပဇာနာတိ’

ဟု-ဟောတော်မူရာ၌-

ခံစားမှုဟူသော ပရမတ်သည်-သူ့ရဲလမ်းစဉ်အတိုင်း ပျက်သွားသည်။ ဤသည်ကား-သိစရာ-သိရမည့် အရှုခံ ဝေဒနာက္ခန္ဓာတည်း၊ ယင်းသည်-ဝေဒနာက္ခန္ဓာ၏ ပင်ရင်းသဘောကို ပြခြင်း

ဖြစ်သည်၊ ရှုသေး-သိသော ကျွန်ုပ်တို့က ရှုတ်ဆိုရှဲသော်ငြင်း, စိတ်ကူးနှင့်သော်ငြင်း, မသိကို အသိလုပ်၍သော်ငြင်း ရှု၍မရပေ၊

'ခံစားသောသဘောပျက်နေခြင်းသည်'ခန္ဓာကိစ္စ,ပရမတ်ကိစ္စ၊

'ခံစားသောသဘောတို့ ပျက်နေတယ်ဟုသိခြင်းသည်' ဉာဏ်ကိစ္စ,ဝိပဿနာကိစ္စ၊

အရှုခံခန္ဓာဖြစ်သော ဝေဒနာက္ခန္ဓာ'ခံစားမှုသည်' သူ့ဟာသူ ပျက်နေသည်၊ ပျက်နေခြင်းသည် သူ့ကိစ္စဖြစ်သည်၊ သူ့ပရမတ် လမ်းစဉ်ဖြစ်သည်၊ ကျွန်ုပ်တို့ ယခုသိဆဲ-ပျက်နေသည်၊ ကျွန်ုပ်တို့ မရှုမိက သူ့ကိုမသိ၊ သို့ရာတွင် သူကား ပျက်နေသည်၊ မည်သူ သိသည်ဖြစ်စေ, မသိသည်ဖြစ်စေ-သူကတော့ ပျက်နေသည်၊ အဘယ့်ကြောင့်နည်း (အနတ္တ) အစိုးမရသော သူ့သဘော ဖြစ်သောကြောင့်တည်း။

ဝိပဿနာဖြစ်မည့် ကျွန်ုပ်တို့၏ ရှုဉာဏ်သည် မည်သို့မျှ မိမိ၏ လို့လပယောဂနှင့် ကြောင့်ကြစိုက်စရာမလို-ဉာဏ်ရှေ့ ရောက်လာသော 'သူ့ကိစ္စနှင့်သူ-ခံစားမှုဖြစ်ပြီး သူ့ကိစ္စနှင့်သူ ပျက်သွားသော ငြင်းတို့၏သဘောတရားကိုသာ သိရှိသိနေဖို့လိုသည်။'

*.... ခန္ဓာကိစ္စနှင့် ဉာဏ်ကိစ္စ ခွဲသိမှ ဝိပဿနာမှန်သည်'ခန္ဓာကိစ္စကို ဉာဏ်ကိစ္စလုပ်နေသော ယောဂီတို့လည်း ရှိပေသေးသည်၊

ဝိပဿနာဉာဏ်၏ အမှန်သဘောမှာ ဝိပဿနာရှုသော ယောဂီ၏ ကိုယ်တိုင် သိရမည့် ကိုယ်တိုင် သဘောပေါက်နားလည်ရမည့် အချက်ပင်ဖြစ်လေသည်၊ တရားအားထုတ်သော ယောဂီ၏ ပင်ကို အသိမဟုတ်သော တနည်း - ယောဂီ၏ နားလည်သဘောပေါက်မှု မဟုတ်သော 'ပါဠိဘာသာသုံးစကား'များဖြင့် သိမှတ်နေမှုကား- ကိုယ်တိုင် ဉာဏ်သိဖြစ်ရန် ခဲယဉ်းလှပေသည်၊ ဤစကားနှင့် ပတ်သက်၍-ကျေးဇူးတော်ရှင် လယ်တီဆရာတော်သည်—

*.... "အနိစ္စ အနိစ္စဟု သဒ္ဒါမှန်, ပုဒ်မှန်, ပါဠိမှန်ကို အာ ပေါက်အောင် ရွတ်သော်လည်း 'အမြဲမရှိ' ဟူသော ဝေါဟာရတ္ထကို မသိခဲ့သော်ငြား၊ ဝေါဟာရတ္ထကို သိပင်သိသော်လည်း 'ဘယ်လိုဟာမျိုးကို ဆိုသည်' ဟု ဘာဝတ္ထ အချက်လက္ခဏာသဘောကို သိမြင်သော ပညာမလိုက်ခဲ့သော်ငြား၊ **ဘာဝနာအစစ်မဖြစ်**၊ သဒ္ဒါ ပြခန်းသော ဉာဏဝိပ္ပယုတ် ကုသိုလ်ဇော အရာ **ဘာဝနာအတုသာ** ဖြစ်သတည်း"

(သာသနဝိသောဓနီကျမ်း-ဒု-၁၄၄)

ဘာဝနာအစစ်ဖြစ်မှုသည် မည်မျှအရေးကြီးသည်ကို သတိ ပြုရန်ဖြစ်သည်၊ ဤဥ-'အနိစ္စကို အနိစ္စ'ဟု သိနေ နှုတ်သုံးသွင်းနေ သည်ကို ထားဘိဦး၊ 'အမြဲမရှိ'ဟူသော ဝေါဟာရ လောက

အသုံးနှင့် မသိသောသူမှာ ဘာဝနာဉာဏ်,ဝိပဿနာဉာဏ် အစစ် မဖြစ်ဟု ဆိုလိုသည်၊ အဓိပ္ပါယ်မှာ မိမိကိုယ်တိုင် ဉာဏ်ဖြင့်သိမှ ဖြစ်မည့်ဘာဝနာဉာဏ်သည် ကိုယ်တိုင်သိမဟုတ်သော 'အနိစ္စ'ဟု နှုတ်လုံးသွင်းခြင်းဖြင့် ဘာဝနာဉာဏ်မဖြစ်သည်မှာ အလွန်သေချာလေသည်။ ဤမျှသာမကသေး 'အမြဲမရှိ'ဟု နှုတ်လုံးသွင်းသိမှတ်သည်ပင် ထားပါဦး-ထိုအမြဲမရှိဆိုသောသဘောသည်-'မည်သည့်သဘောတရားက မမြဲခြင်း, မည်သည့်သဘောကြောင့် မမြဲခြင်း' ဟူ၍-မမြဲသောသဘော အခြင်းအရာကို ယောဂီကိုယ်တိုင်သိသည့်သဘောသို့ မရောက်လျှင်လည်း ဘာဝနာဉာဏ် အစစ်မဖြစ်နိုင်-သို့ရာတွင် ယုံကြည်မှုရှိ၍ အားထုတ်သောကြောင့် သဒ္ဓါပြဓာန်းသော ဉာဏ်အသိပညာကင်းသော 'ဉာဏဝိပ္ပယုတ်' ကုသိုလ်ဇောအရာ ဘာဝနာအတုသာဖြစ်သည်-ဟု ဆုံးဖြတ်ပြဆိုတော်မူသည်မှာ အလွန်အကျိုး အထူးမှန်ကန်၍-သတိထား လိုက်နာနိုင်ရန် အရေးကြီးပေသည်။

ဝိပဿနာအလုပ် အားထုတ်သောယောဂီသည်-

*.... "ဝိပဿနာဟူသည်-ခန္ဓာမှာမဖြစ် ဉာဏ်မှာဖြစ်သည်"

ဟူသော ဆောင်ပုဒ်ကို မျက်ခြည်ပြတ်၍မရပေ။ အနတ္တသဘောဖြစ်ချက်နေသည့်ပရမတ်သဘောတရားကို သိသောဉာဏ်သည်သာ ပရမတ္ထဉာဏ် ပရမတ်ကိုသိသောအသိဟု ဆိုအပ်ပေသည်။-

'မောဠိယဖဂ္ဂုနပရိဗ္ဗိုဇ်' ဝေဒနာ ဝေဒနာ ဟု ရှုနေသော ယောဂီတို့သည် မိမိတို့ညာဏ်၌ သက်ဝင်သော ပရမတ်သဘောတရားတို့၏'ခံစားမှု'ဟု အသိမရောက်လျှင် ဝေဒနာနုပဿနာ ရှုရာမရောက်ပေ။ လေ့လာကြည့်ရန်ကား—

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်-တနေ့သောအခါ 'မောဠိယဖဂ္ဂုန'မည်သော ပရိဗ္ဗိုဇ် တယောက်သည် မြတ်စွာဘုရား၏အထံတော်သို့ ချဉ်းကပ်လျက် ပုစ္ဆာပြဿနာ-၅-ချက် လျှောက်ထားသည့်အနက် ၃-ခုမြောက် 'ဝေဒနာ'ကို မေးလျှောက်ရာ၌—

*.... (ကောနုခေါ ဘန္တေ ဝေဒယတိ)

'ဘန္တေ-အရှင်ဘုရား၊ ကော-အဘယ်မည်သောသတ္တဝါသည်၊ ဝေဒယတိနုခေါ-ခံစားပါသနည်း' ဤသို့လျှောက်သော် မြတ်စွာဘုရားက-

*.... (နော ကလ္လော ပဉှော)

'ပဉှော-သင်မေးအပ်သော ပုစ္ဆာ ပြဿနာသည်၊ နော ကလ္လော-မေးခွင့်မတော် မသင့်လျော်ချေ' ဤသို့ ပယ်ရှားတားမြစ်ပြီးမှ-

*.... (ဝေဒယတီတိ အဟံ န ဝဒါမိ)

'ကောစိ-တစုံတယောက်သော ပုဂ္ဂိုလ်သတ္တဝါသည်၊ ဝေဒယတိ-ခံစား၏၊ ဣတိ-ဤသို့၊ အဟံ-ငါဘုရားသည်၊

န ဝဒါမိ-အာရုံတရား၌ ခံစားသည့်သူ ရှိ၏ဟူ၍ ဟော တော်မမူချေ'

*.... (ဝေဒယတိတိ ခေါ ပနာဝုသော ဝဒေသိ၊ တတြာသော ကလ္လော ပဉှော၊ ကောနုခေါ ဘန္တေ ဝေဒယတီတိ ဝေဒနာပယာ နဝဒါမိ)

'ကောဝိ-တစုံတယောက်သော ပုဂ္ဂိုလ်သတ္တဝါသည်၊ ဝေဒယတိ-ခံစား၏၊ ဣတိ-ဤသို့၊ အဟံ-ငါဘုရားသည်၊ ဝဒေယျံ-ဟောကြားငြားအံ့၊ ဧဝံ-ဤသို့ ခံစားသည့်သူ ရှိ၏ဟူ၍ ဟောကြားခဲ့သည်ရှိသော်၊ တတြ-ထိုသို့ဟော ကြား ငါ၏စကား၌၊ ပဉှော-'ကောနုခေါ ဘန္တေ ဝေဒယတိ' ဟူသော ပဉှာမ မေးလျှောက်သော ပုစ္ဆာ ပြဿနာသည်၊ ကလ္လော-မေးရာမေးခွင့် ဉာဏ်နှင့်ချင့်က သင့်တင့်လျှောက်ပတ် ကောင်းမြတ်ပေ၏၊ ဣတိ-ဤသို့၊ မဒေယျံ-ဝန်ခံသကဲ့သို့ မှတ်ထင်ကုန်ရာ၏၊ ဧဝ္စ-ဤသို့ မေးအပ်သော ပုစ္ဆာပြဿနာသည် သင့်လျော်လျောက် ပတ် ကောင်းမြတ်၏ဟူ၍လည်း၊ အဟံ-ငါဘုရားသည်၊ န ဝဒါမိ-ဝန်ခံစကား ဟောကြားတော်မမူချေ'

အကယ်၍သာ မေးလိုပါမူ-ဤသို့သာ မေးသင့်ပေ၏-

*.... (ဧဝံ မံ အဝဒန္တံ ယော ဧဝံ ပုစ္ဆေယျ ကိံပစ္စယာ နုခေါ ဘန္တေ ဝေဒနာတိ သောကလ္လော ပဉှော)

'ဓေ၀ံ-ဤသို့သောနည်းဖြင့်၊ အ၀ဒန္တံ-ခံစားသောသူ ရှိ၏ဟူ၍ ဟောတော်မမူသော၊ မံ-ငါဘုရားကို၊ ယော-အကြင်သူသည်၊ ဘန္တေ-မြတ်စွာဘုရား၊ ကိံ ပစ္စယာ-အဘယ်အကြောင်းကြောင့်၊ ဝေဒနာ-ခံစားသောသဘောသည်၊ ဟောတိနုခေါ-ဖြစ်ပါသနည်း၊ ဣတိဓေ၀ံ-ဤသို့၊ ပုစ္ဆေယျ-မေးလျှောက်ငြားအံ့၊ သေပဥှော-ထိုအမေးပုစ္ဆာ ပြဿနာသည်၊ ကလ္လော-မေးရာမေးခွင့် ဉာဏ်နှင့်ချင့်က သင့်တင့်လျောက်ပတ် ကောင်းမြတ်ပေ၏'

ယင်းသို့ အမေးမှန်လျှင် အဖြေမှန်ရှိပုံကို ထုတ်ပြတော်မူရာ၌—

*.... (တတြကလ္လံ ဝေယျာကရဏံ ဖဿ ပစ္စယာ ဝေဒနာ)

'တတြ-ထိုသို့ မေးအပ်သော အမေးမှန်၌၊ ဖဿ ပစ္စယာ-အာရုံကို တိုက်တွေ့ပေးခြင်း ဖဿ ဟူသော အကြောင်းကြောင့်၊ ဝေဒနာ-ခံစားခြင်းသဘောတရားသည်၊ သမ္ဘ၀တိ-ဖြစ်၏၊ ဣတိ-ဤသို့၊ ဝေယျာကရဏံ-ဖြေကြားရသောအမှန်သဘောသည်၊ ကလ္လံ-သင့်လျော် လျောက်ပတ် ကောင်းမြတ်ပေ၏'

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်က ဖြေကြားတော်မူလေသည်။

ဝေဒနာဟူသော စကားအသုံးအနှုန်းနှင့်ပတ်သက်၍ မြတ်စွာဘုရား ဖြေပုံကို လေ့လာကြည့်ပါ၊ (နိဒါနဝဂ္ဂသံယုတ်ပါဠိတော်-မောဠိယဖဂ္ဂုနသုတ်-၂၅၄ တွင်)

ပဌမ မောဠိယဖဂ္ဂုနပရိဗ္ဗိုဇ်၏အမေး၌ –

*.... 'အရှင်ဘုရား-အဘယ်သတ္တဝါသည်ခံစားပါသနည်း'

ဟု မေးသည်၊ ယင်းသို့ပုဂ္ဂိုလ်သတ္တဝါအမည်တပ်၍မေးသော မေးခွန်းဖြစ်လျှင် မြတ်စွာဘုရားသည် ဖြေလေ့မရှိပေ၊ အဗျာကတ သံယုတ်တွင် မဖြေသောသုတ်ပေါင်းများစွာ တွေ့နိုင်သည်၊ အဘယ့်ကြောင့် မဖြေသနည်း၊ သံသရာမှ ကျွတ်လွတ်ထွက် မြောက်ရန်တရားကို ဟောကြားရမည့် ဘုရားအတွက် သံသရာ ထွက်ကြောင်းမဟုတ်သော 'ဒိဋ္ဌိ'အယူနှင့် ပတ်သက်သောတရား များကို အချိန်ကို အကျိုးရှိစွာအသုံးပြုသောဘုရားတို့ ဟောရိုး မရှိခဲ့ပေ။

ဤသုတ်တွင် မမေးသင့်သော အမေး, မေးသင့်သော အမေး တို့ကို ခွဲခြား၍ အမှန်သို့ ရောက်အောင် ပို့ဆောင်လိုက်ပုံကို တွေ့ရ၏။

*.... 'အဘယ်သတ္တဝါသည် ခံစားပါသနည်း'ဟူသော သင်၏ အမေးပြဿနာသည် တကယ်စင်စစ်-မမေးသင့်သော ပြဿနာဖြစ်ချေသည်။

ဟု ဟောတော်မူသည်၊ ခံစားတတ်သော သဘောဘုရား ဟူသည် ပရမတ္ထသဘာဝဟု သိထားတော်မူသော မြတ်စွာဘုရား

အတွက် မရှိသော, မဟုတ်သော ပုဂ္ဂိုလ်သတ္တဝါ အကောင် အထည်တပ်၍မေးသော အမေး ချို ကို လုံးဝလက်ခံရန် အကြောင်း မရှိချေ၊ သို့ရာတွင် ပုဂ္ဂိုလ်သတ္တဝါမဟုတ်သော ပရမတ်သဘော တရားဟု ဟောတော်မူပါကလည်း ထိုပရိဗ္ဗိုဇ်တို့တွင် အမှန်တရား ပရမတ်၏သဘောကို ၎င်းတို့၏ဉာဏ်၌မသက်ဝင်က တွေဝေခြင်း, မဟုတ်မမှန်သောနည်းတို့ဖြင့် မြတ်စွာဘုရားကို စွပ်စွဲခြင်းစသော အပါယ်လားကြောင်း သံသရာတွင် ဆင်းရဲ ကြာရှည်စွာဖြစ် ကြောင်းများကို သိတော်မူ မြင်တော်မူရကား-သတ္တဝါမှန်သမျှတို့ အပေါ်၌ အားကြီးစွာ သနားခြင်း-မဟာကရုဏာတော်အရှင် ဖြစ်တော်မူသော မြတ်စွာဘုရားသည်—

*.... 'တစုံတယောက်သော ပုဂ္ဂိုလ်သတ္တဝါသည် ခံစား၏ ဟူ၍-ငါဘုရားမဟော'

ဟူ၍-အမှန်တရားပေါ်လွင်စေရန် လမ်းကြောင်း ပြတော်မူ သည်၊ ယင်းသို့ဖြင့်-'ပုဂ္ဂိုလ်သတ္တဝါဟူသော တစုံတယောက်မျှ ခံစားသူမရှိဟုဆိုလျှင်'ဟု ရှေ့တက်၍မမေးနိုင်ရန် ဆက်လက်၍ -

*.... 'တစုံတယောက်သော ပုဂ္ဂိုလ်သတ္တဝါ ခံစားသည်'ဟု အကယ်၍ ငါဟောခဲ့ငြားအံ့၊ ယင်းသို့ ငါဟော လျှင်ကား-သင်၏ မေးခွန်း ပုစ္ဆာပြဿနာဖြစ်သော (အဘယ်သတ္တဝါသည် ခံစားပါသနည်း) ဟူသော ပြဿနာသည် တကယ်ပင် မေးသင့်သော ပုစ္ဆာ

ပြဿနာ ဟု-ထင်မည်ဆိုက ထင်နိုင်ကြပေကုန်ရာ၏၊ ယင်းသို့ထင်ရလောက်အောင် ပုဂ္ဂိုလ်သတ္တဝါခံစား သည်ဟု မဟောခဲ့သည့်အတွက် ထိုပုစ္ဆာပြဿနာမှာ မသင့်သော အမေးပုစ္ဆာပြဿနာသာ ဖြစ်ပေသည်'

ဟု-အကြောင်းကိုပြပြီးမှ ခံစားတတ်သော သဘောတရားကို အမှန်ကျသိအောင် ထုတ်ဖေါ်တော်မူလိုသော မြတ်စွာဘုရား သည်—

'ဤ ဆိုခဲ့သောနည်းဖြင့် ခံစားတတ်သော ပုဂ္ဂိုလ် သတ္တဝါ မရှိဟု ဟောတော်မူသော ငါဘုရားကို အကြင်သူ တစုံတယောက်က-အရှင်ဘုရား ခံစားတတ် သော ပုဂ္ဂိုလ်သတ္တဝါမရှိဟုဆိုလျှင်·အဘယ်အကြောင်း ကြောင့် ခံစားသော သဘောလက္ခဏာဖြစ်ပါသနည်း, ခံစားသည်ဟူသော သဘောသည် အဘယ်အကြောင်း ကြောင့် ဖြစ်ပါသနည်း'ဟု တကယ်တိတိ မေးသည် ရှိသော်-ထိုအမေးသည် သင့်လျော်မှန်ကန်သော အမေး ပြဿနာဖြစ်ပေသည်၊ အမှန်ပင် မေးသင့်သော မေးခွန်း လည်း ဖြစ်ပေသည်။

ယင်းသို့ အမှန်အကန် မေးလျှောက်ပြန်အံ့-အာရုံကို တိုက်တွေ့ပေးခြင်း (ဖဿ)တည်းဟူသော အကြောင်း ကြောင့် ခံစားခြင်းသဘောတရား ဖြစ်၏-ဟု ဖြေခြင်း သည် အမေးမှန်သော အဖြေမှန်ပင်ဖြစ်၏ဟု ဟောတော် မူလေသည်။

**'ဝေဒနာမှတ်-ခေါ်ပညတ်'** ဤသို့ မြတ်စွာဘုရား ထုတ်ဖော်ဟောကြားတော်မူသော စကားအရ-အကြောင်းအရာတို့ကို ညှိနှိုင်းဆင်ခြင်သည်ရှိသော် 'ဝေဒနာ-ဝေဒနာ'ဟူ၍-ပညတ် အက္ခရာ အမှတ်အသားတို့ဖြင့် ရေးသားအပ်,သိမှတ်အပ်သော အက္ခရာအသံသဘောသည်၊ပရမတ္ထသဘာဝဖြစ်သော 'ဝေဒနာ'အစစ်အမှန်မဟုတ်ဟူ၍ သိရာ၏။

၁-'ဝေဒနာ,ဝေဒနာ' ဟူ၍ ရွတ်ဆိုအပ်သော ဝစီမယသဒ္ဒပညတ်သည်ဇင်း–

၂-အာရုံ၏အရသာကို ခံစားတတ်သော ကတ္တားသတ္တိရှိသော ဝေဒနာဟူသောအမည်သည်ဇင်း–

၃-အာရုံ၏အရသာကို ခံစားကြောင်းဖြစ်သော ကရဏသတ္တိရှိသော ဝေဒနာဟူသော အမည်သည်ဇင်း–ပရမတ္ထဓမ္မသဘာဝအားဖြင့် ဝေဒနာ အစစ်အမှန် မဟုတ်ဟူ၍ သိရာ၏။

ထိုသို့ ပရမတ္ထသဘာဝအားဖြင့် ဝေဒနာအစစ်အမှန် မဟုတ်သော ပညတ်ဝေဒနာ၌-ဝေဒနာအစစ်အမှန်ဟု မှတ်ထင်လျက်–

*.... 'ဝေဒနာ အနတ္တာ၊ ဝေဒနာ အနတ္တာ'

အစရှိသည်ဖြင့် ရွတ်ဆိုနှုတ်သွင်း၍နေခြင်းကား ဝိပဿနာဉာဏ်၏အဆုံးဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်သို့ စင်စစ် မရောက်နိုင်ချေ၊

အဘယ့်ကြောင့်ဟူမူ-ကမ္မဋ္ဌာန်းအာရုံ မှားနေသောကြောင့် ဖြစ်လေသည်၊ မြတ်စွာဘုရားသည် ခံစားတတ်သော ဝေဒနာကို ထုတ်ဖော်ရာ၌—

*.... 'ဖဿ ပစ္စယာ ဝေဒနာ'

ဟူ၍-မောဠိယဖဂ္ဂုနအား ဟောကြားတော်မူအပ်သော-အာရုံကို တိုက်တွေ့ပေးခြင်း (ဖဿ)တည်းဟူသော အကြောင်းကြောင့်ဖြစ်ပေါ်လာသော 'ခံစားခြင်း ကြိယာမျှသာဖြစ်သော သဘောတရားသည်သာလျှင်' ဝေဒနာ အစစ်အမှန်ဖြစ်၍ ထိုခံစားမှုသဘောကိုသာလျှင် ဉာဏ်၌ထင်မြင်ရန် နှလုံးသွင်းပြီးလျှင်—

*.... 'ခံစားသော သဘောသည်-ပျက်တတ်သော သဘောဖြစ်၏'ဟူ၍ 'အဿဇီသုတ်'တွင် ညွှန်ပြခဲ့ပြီးသောအတိုင်း-ဉာဏ်နှင့်မိမိ-ကိုယ်တိုင်သိသော ယောဂီတို့သည်သာလျှင် ဝိပဿနာဉာဏ်ရင့်သန်အားရှိ မဂ်သို့ထိအောင် ခရီးရောက်နိုင် ကုန်ရာသည်၊ အဘယ့်ကြောင့်ဟူမူ-ပုဂ္ဂိုလ်များအားထုတ်အပ်သောကမ္မဋ္ဌာန်းအာရုံလမ်းမှန်သောကြောင့်ဖြစ်လေသည် ဤသို့သော အနက်အဓိပ္ပါယ်ကိုရည်၍ 'ဝေဒနာ အနတ္တာ'ဟု ဟောတော်မူပေသည်။

**'ခံစားတတ်သူမရှိ'** ဝေဒနာဟူသောခံစားမှုမည်သည်အခကြောင်းမကင်းပဲဖြစ်တတ်သော ပရမတ်တို့၏သဘောအတိုင်း 'ဖဿ'ဟူသောအကြောင်းခံကြောင့် 'ခံစားမှု'(ဝေဒနာ)

ဖြစ်ပေါ်ရသည်ကား ပဓာနမှန်သော အမှန်တရားပင်ဖြစ်သည်၊ ယင်းသို့ အကြောင်းမကင်းပဲဖြစ်သော ပရမတ္ထသဘာဝကို ကျော်လွန်၍ ခံစားတတ်သော ပုဂ္ဂိုလ်သတ္တဝါရှိသည်ဟူ၍ငင်း, ပုဂ္ဂိုလ်သတ္တဝါက ခံစားသည်ဟူ၍ငင်း မှတ်သား စွဲယူခြင်းသည် သက်သက် သက္ကာယဒိဋ္ဌိဖြစ်ခြင်းသာတည်း-အမှားမြင် အမှားသိသာတည်း—ထို့ကြောင့်—

'ကမ္မဿ ကာရကော နတ္ထိ, ဝိပါကဿ စ ဝေဒကော၊
သုဒ္ဓဓမ္မာ ပဝတ္တန္တိ, ဧဝေတံ သမ္မဒဿနံ'

(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ-၂၃၇)

'ကမ္မဿ-ကံကို၊ကာရကော-ပြုလုပ်တတ်သော ပုဂ္ဂိုလ်သတ္တဝါ ဟူသည်၊ နတ္ထိ-မရှိ၊ ဝိပါကဿ-အကျိုးကို ဝေဒကော စ-ခံစားတတ်သော ပုဂ္ဂိုလ်သတ္တဝါ ဟူသည်လည်း၊ နတ္ထိ-မရှိ၊ သုဒ္ဓဓမ္မာ-ပုဂ္ဂိုလ်သတ္တဝါနှင့် မရောမယှက် သက်သက်သော(နာမ်ရုပ်)ဖောက်ပြန်တတ်သော သဘော, သိတတ်သောသဘောတို့သည်၊ ပဝတ္တန္တိ-ဖြစ်ကုန်၏၊ ဧဝံ-ဤသို့ ပြဆိုပြီးသောသဘောရှိသော၊ ဧတံ ဒဿနံ-ထိုထိုသောဉာဏ်အမြင်သည်၊သမ္မဒဿနံ-မဖောက်မပြန် ဟုတ်မှန်သောဉာဏ်အမြင်ပေတည်း'

ကံ-ဟုဆိုအပ်သော ပြုလုပ်မှုမျိုးကို ပြုတတ် လုပ်တတ်သော ပုဂ္ဂိုလ်သတ္တဝါ-မိန်းမ-ယောကျ်ား စသည် မရှိချေ၊ နာမ်ဟူသော

အသိတရား တိုက်တွန်းစေ့ဆော်ချက်ကြောင့်-ထိုထိုရုပ်တို့ ဖေါက်ပြန်လုပ်ရှား အမူအယာပြောင်းလဲသွားခြင်းဖြစ်ပေသည်၊ ထိုအတူ ဝိပါက-ဟူသော-ကောင်းကျိုး,မကောင်းကျိုးစသော ခံစားစရာ ကိစ္စများကို ခံစားတတ်သော ပုဂ္ဂိုလ်သတ္တဝါဟူသည်လည်း မရှိချေ၊ စင်စစ်အားဖြင့်-ပုဂ္ဂိုလ်သတ္တဝါဟူသော ပညတ်နှင့် မရောမယှက် သက်သက်သော ပရမတ္ထမှ 'နာမ်ရုပ်'သဘောတို့သည် သာလျှင် ဖြစ်ကုန်၏, ရှိကုန်၏၊ ဤသို့အားဖြင့် ခန္ဓာကိုယ်ကို ဉာဏ်ရောက်သောယောဂီအား-ရုပ်နာမ်နှစ်ပါး ပရမတ္ထတရားသာဟု-သိခြင်းမြင်ခြင်းသည်၊ မဖေါက်မပြန် မှန်ကန်သောအမြင်ဖြစ်ကြောင်း ဖေါ်ပြထားသောစကားရပ် ဖြစ်ပေသည်၊ ၎င်းပြင်—

'သတ္တော ဣဋ္ဌံ နာမ သုခဒုက္ခံ ဝေဒေတိ၊ အဟံ ဣဋ္ဌံ နာမ သုခဒုက္ခံ ဝေဒေမီတိအာဒီသု တံ တံ အဝတ္ထာ ပရိယာပန္နနာမရူပံ တဿ တဿ ဝေဒကဿ အတ္တာတိ ဝါ အနတ္တာတိ ဝါ ဝိဘာဇိတွာ ဝိတ္ထာရေတဗ္ဗာ၊ ကာရက ဝေဒကဿ စ နတ္ထိဘာဝေါ ဝေဒိတဗ္ဗော'

(အနတ္တဝိဘာဝနာပါဌ်-၉၆)

'သတ္တော-သတ္တဝါသည်၊ ဣဋ္ဌံ နာမ သုခဒုက္ခံ-ဤမည်သော ချမ်းသာ ဆင်းရဲကို၊ ဝေဒေတိ-ခံစားတတ်၏၊ အဟံ-ငါသည်၊ ဣဋ္ဌံ နာမ သုခဒုက္ခံ-ဤမည်သော ချမ်းသာ ဆင်းရဲကို၊ ဝေဒေမိ ခံစား၏၊ ဣတိအာဒီသု-ဤသို့

စသည်တို့၌၊ တံ တံ အဝတ္ထာ ပရိယာပန္နနာမရူပံ-ထိုထို ချမ်းသာ ဆင်းရဲကို ခံစားသောအခိုက်အတံ့၌ အကျုံးဝင်သော သိသဘော, ဖေါက်ပြန်သဘောသည်၊ တဿ တဿ ဝေဒကဿ-ထိုထိုခံစားသူ၏၊ အတ္တာတိ ဝါ-ငါ၏ အခိုင်အမာအတ္တဟူ၍၎င်း၊ အနတ္တာတိ ဝါ-အစိုးမရသော သူ့သဘောဟူ၍၎င်း၊ ဝိဘဇိတွာ-ဝေဖန်၍၊ ဝိတ္ထာရေတဗ္ဗံ-ချဲ့အပ်၏၊ ကာရကဝေဒကဿ စ-ပြုတတ်သူ ခံစားတတ်သူ၏လည်း၊ နတ္ထိဘာဝေါ-မရှိသည်၏ အဖြစ်ကို၊ ဝေဒိတဗ္ဗော-သိအပ်၏၊’

ကုသိုလ်ကောင်းမှုကိုပြုတတ်သည်၊ကုသိုလ်ကောင်းမှု၏အကျိုးကို ခံစားတတ်သည်၊ ဒါနကို ပြုတတ်သူရှိ၏၊ ဒါနအကျိုးကို ခံစားတတ်သူရှိ၏၊ ရှေးဘဝ၌ မည်သည့်ဒါနကိုပြု၍ သေသည်၏ အခြားမဲ့၌ နတ်ရွာသုဂတိသို့ လားရောက်တတ်၏၊ နတ်ချမ်းသာကို ခံစားတတ်၏၊ ဤသို့ အစရှိသည်ဖြင့် (နာမ်ရုပ်မှတပါး) ပုဂ္ဂိုလ်သတ္တဝါ အတ္တဇီဝရှိ၏ဟု စွဲလန်းသောဒိဋ္ဌိသည်၊ ကာရကဒိဋ္ဌိ,ဝေဒကဒိဋ္ဌိမည်၏။

သို့ဖြစ်သောကြောင့် ‘ခံစားမှု’ဟူသည် ပုဂ္ဂိုလ်သတ္တဝါတစုံတယောက်၏ ခံစားမှုမှ မဟုတ်သကဲ့သို့ ပုဂ္ဂိုလ်သတ္တဝါတစုံတယောက်၏လုပ်ဆောင်ချက်ကြောင့် ဖြစ်ပေါ်လာသောတရားလည်းမဟုတ်ပဲ အကြောင်းမကောင်းသော အနတ္တသဘောသာဖြစ်ကြောင်းကို သိတော်မူ, မြင်တော်မူသော မြတ်စွာဘုရားသည် ‘ဝေဒနာ အနတ္တာ’ဟု ဟောတော်မူခြင်းဖြစ်ပေသည်။

**'သညာနုဒ္ဒမ်ခါတင် တံလျှပ်သဏ္ဌာန်'** ရုပ်,ဝေဒနာတို့၏ရေမြှုပ်နှင့်သဏ္ဌာန်တူပုံ, ရေပွက်နှင့်သဏ္ဌာန်တူပုံတို့ကိုဟောကြားပြီးနောက် သညာက္ခန္ဓာဟူသော မှတ်မှုအစုသည်လည်း တံလျှပ်နှင့်တူပုံကို ဆက်လက်၍ ဟောတော်မူသည်၊ ချစ်သားတို့-ဥပမာသော်ကား 'တပေါင်း တန်းခူး မင်းလွင်မိုးချိန်' မွန်းတည့်ကာလ ခါသမယ၌ အဝေးလွင်ပြင်သို့ လှမ်းမျှော်ကြည့်သော မျက်စိအမြင် ကောင်းသောယောကျ်ားသည် အဝေးရှိလွင်ပြင်၌ တလှပ်လှပ် တရိပ်ရိပ်နှင့် တံလျှပ်တို့ကို မြင်ရာ၏၊ ထိုတံလျှပ်တို့ကို သေချာစွာ ဉာဏ်သက်ဝင်၍ ထက်ဝန်းကျင်မှ စေ့စေ့စပ်စပ် လေ့လာလတ်သော်- ထိုတံလျှပ်သည် တရွှေရွှေနှင့် မခိုင်မမြဲပုံကိုရှင်း, လက် စသည်ဖြင့် တွေ့ထိကိုင်ယူ၍ မရပုံကိုရှင်း သိမြင်လေရာ၏၊ ထိုတံလျှပ်ကို လေ့လာသော ယောကျ်ားသည်-လေ့လာတိုင်းသော တံလျှပ်၏-အချည်းနှီးသော အဖြစ်, အသုံးမကျသောအဖြစ်, အနှစ်အမာခံ မရှိသောအဖြစ်ကိုသာ မြင်ရာ၏၊ ချစ်သားတို့-တံလျှပ်၏အနှစ်သာရသည် အဘယ်မှာရှိလိမ့်မည်နည်း' ဟု မိန့်တော်မူပြီးမှ ဆက်လက်၍ **ချစ်သားတို့-ထိုနည်းတူစွာ-**

'ယာကာစိ သညာ။လ။ ကိံ ဟိ သိယာ ဘိက္ခဝေ သညာယသာရော'

(ပါဠိတော်)

'ချစ်သားတို့-အတိတ်, အနာဂတ်, ပစ္စုပ္ပန်လည်း ဖြစ်သော။လ။ အဝေးအနီးလည်းဖြစ်သော မှတ်မှု သဘော

တရားစုကို နှလုံးသွင်းမှန်ကန်စွာ ဉာဏ်ဖြင့် သက်ဝင်စွာ ရှုကြည့်သော ယောဂီသည်၊ တစိမ့်စိမ့် ရှုကြည့်၍, အဖန်ဖန် အထပ်ထပ် ဉာဏ်သက်ဝင်၍ ရှုကြည့်လတ်သော်-ယင်း အရှုခံရသော-မှတ်မှု သညာတရားသည်-အချည်းနှီးသောအဖြစ်, အသုံးမကျသောအဖြစ်, အနှစ်သာရဟူသော အမာခံမရှိသောသဘောကိုသာ ထင်မြင်ရာ၏၊ ချစ်သားတို့-မှတ်မှုသဘောတရား၏ အနှစ်သာရ အမာခံသည် အဘယ်မှာရှိလိမ့်မည်နည်း’ဟု-သညာက္ခန္ဓာ အကြောင်းကို ဟောတော်မူသည်။

ယင်းသို့ တံလျှပ်နှင့်တူစွာ သညာက္ခန္ဓာကိုဟောတော်မူရာ၌-တံလျှပ်၏သဘောသည် မြူနှင့် နေရောင်တို့ ပေါင်းဆုံမှုကြောင့် မြူ၏အရှိန်အငွေ့တို့သည် အခိုးကဲ့သို့ဖြစ်၍-တရိပ်ရိပ် တလှပ်လှပ်နှင့် ဖြစ်နေသည်-နွေကာလ မွန်းတည့်ချိန်တွင် လွင်ပြင်အဝေးသို့ လှမ်းကြည့်လိုက်ပါက ရေအသွင်သဏ္ဍာန်, မြူအားကောင်းလျှင်-ရေပြင်ကြီးကဲ့သို့ပင် မျက်စိနှင့်မြင်ရပေသည်၊ မြတ်စွာဘုရားသည် ဤတံလျှပ်ကိုဥပမာဆောင်ရာ၌-ထိုတံလျှပ်သည်မခိုင်မမြဲသကဲ့သို့-လက်နှင့် တွေ့ထိကိုင်တွယ် မရသကဲ့သို့-အနှစ်သာရ ဆိုရလောက်သော အမာခံမရှိသကဲ့သို့-သညာဟူသော အမှတ်သဘောသည်လည်း တံလျှပ်နှင့် မခြားပုံယူ အလားတူသာလျှင်-အဖြူ, အနီ, အညို,အရွှေ စသော အမှတ်သညာသည်လည်း-ခိုင်သောသဘော, မြဲသောသဘော,အနှစ်အမာခံသဘောမရှိသဖြင့်-သေချာစွာ ဂရုပြု၍ ရှုကြည့်သောယောဂီအား-အချည်းနှီး, အသုံးမကျ, အနှစ်

သာရမရှိခြင်းကြောင့်-'သညာ အနတ္တာ'ဟု ဟောတော်မူခြင်းဖြစ်လေသည်။ ထို့ကြောင့် မြတ်စွာဘုရားသည်-

'ဘိက္ခဝေ ချစ်သားတို့၊ ယသ္မာ စ ခေါ-အကြင် အနှစ်သာရမရှိခြင်း, အစိုးမရခြင်း, အလိုသို့မလိုက်ပဲ သူ့သဘောဖြစ်ခြင်းကြောင့်သာလျှင်၊ သညာ-မှတ်မှုဟူသော ပရမတ်သဘောသည်၊ အနတ္တာ-အနှစ်သာရ မရှိခဲ့ချေ၊ အနတ္တာ-အစိုးမရခဲ့ချေ၊ အနတ္တာ-အလိုသို့ မလိုက်သော သူ့သဘောဖြစ်ခဲ့ချေ၏၊ တသ္မာ-ထိုသို့ အနှစ်သာရမရှိခြင်း, အစိုးမရခြင်း, မိမိအလိုသို့မလိုက်သော သူ့သဘောဖြစ်ခြင်းကြောင့်သာလျှင်၊ သညာ-မှတ်မှုဟူသော ပရမတ်သဘောသည်၊ အာဗာဓာယ-စိတ်ကိုမွေ့နှောက် ချောက်ချား နှိပ်စက်ခြင်းငှါ၊ သံဝတ္တတိ-ဖြစ်ချေ၏၊ မေ-ငါ၏၊ သညာ-မှတ်တတ်သော ပရမတ်သဘောသည်၊ ဧဝံ-ဤသို့ အနှစ်သာရရှိခြင်း, အစိုးရခြင်း, မိမိအလိုသို့ လိုက်ခြင်းဟူသော အတ္တသဘောသည်၊ ဟောတု-ငါ့ကိုယ်ငါဆိုင် ငါသာပိုင်သဖြင့် ခိုင်မာသောအား ဖြစ်စေသား....။ မေ-ငါ၏၊ သညာ-မှတ်တတ်သော ပရမတ်သဘောသည်၊ ဧဝံ-ဤသို့ အနှစ်သာရမရှိခြင်း, အစိုးမရခြင်း, မိမိအလိုသို့ မလိုက်သော သူ့သဘောအနတ္တသည်၊ မာအဟောသိ-မဖြစ်စေသား၊ ဣတိ-ဤသို့ ငါစိုး, ငါပိုင်, ငါဆိုင်သော မိမိအလိုအားဖြင့်၊ သညာယ-မှတ်မှုဟူသော ပရမတ်

သဘောတရား၌၊ န စ လဗ္ဘတိ-တောင့်တလင့်ဆို အလို
ရှိတိုင်း မဆိုင်းမတွ မရအပ်သည်သာလျှင်တည်း'

ယင်းသို့ အနတ္တလက္ခဏသုတ်တော်တွင် ထုတ်ဖော်ဟောကြား တော်မူချက် အရ-မှတ်တတ်သော ပရမတ် သဘောတရားသည်၊ သင်ချစ်သားတို့၏ အလိုဆန္ဒအတိုင်း အနှစ်သာရအမာခံရှိသည့်၊ အစိုးရသည့်၊ မိမိအလိုသို့လိုက်တတ်သောသဘောရှိသည်၊ အကယ်၍ ဖြစ်ပါဘိမူကား-ဤ မှတ်မှုသဘောတရား ပရမတ်သည် သင်ချစ်သားတို့၏စိတ်ကို မွေ့နှောက် ချောက်ချား နှိပ်စက်သော အားဖြင့် မညှဉ်းဆဲတန်ရာ—

*.... သင်ချစ်သားတို့၏ စိတ်အလိုဆန္ဒအတိုင်း မိမိတို့၏ သဘောအတိုင်းသာဖြစ်ရာ၏။

*.... သင်ချစ်သားတို့၏ စိတ်အလိုဆန္ဒအတိုင်း မဖြစ်စေချင်သောသဘောအတိုင်း မဖြစ်ပဲသာရှိလေရာ၏။

ထိုသို့ကား မဟုတ်ခဲ့ချေ-အဟုတ်ကေန် ဖြစ်ရပ်မှန်ကား—

*.... သင်ချစ်သားတို့၏ စိတ်အလိုဆန္ဒအတိုင်း ဖြစ်စေချင်သောသဘောသည် မဖြစ်ခဲ့ချေ။

*.... သင်ချစ်သားတို့၏ စိတ်အလိုဆန္ဒအတိုင်း မဖြစ်စေချင်သော သဘောသည်-တားမနိုင် ဆီးမရ ဘယ်သူ့ကိုမျှ မထောက်မညှာ-ဖြစ်တတ်စွာ၏။

**'မှတ်သိစွဲမှား-ဤသုံးပါး'** ခန္ဓာငါးပါးတရားတွင် သညာက္ခန္ဓာ သည်လည်း အပါအဝင်ဖြစ်၍ မှတ်တတ်သော ပရမတ်သဘောတို့၏ ထုံးစံအတိုင်း တံလျှပ်ပမာ အနှစ်သာရ အမာခံမရအပ်သော သဘောမျှသာ မဟုတ်သေး-ပုထုဇ္ဇန်သတ္တဝါတို့အား သံသရာဝဲဩဃထဲတွင် ခေါင်းဖော်၍ မရအောင် နှစ်မြှုပ်ပို့ဆောင်တတ်သော ဒိဋ္ဌိအယူအစွဲမှား ဖြစ်အောင် ဖြစ်ခေခြင်း၏ အစသည်-ဤသညာ၏ 'အမှတ်မှားမှု' (သညာဝိပလ္လာသ)က စလေသည်။

ထိုစကား မှန်၏-သညာ၏ အမှတ်မှားမှု အစပြုလိုက်လျှင် (စိတ္တဝိပလ္လာသ) 'အသိမှားမှု' ဖြစ်လာလေသည်၊ ဖောက်ပြန်မှားယွင်းစွာ သိလာသောအသိကြောင့် (ဒိဋ္ဌိဝိပလ္လာသ) 'အစွဲအယူမှားမှု'သို့ ရောက်လျှင်-သက္ကာယဒိဋ္ဌိ, အတ္တဒိဋ္ဌိ, မိစ္ဆာဒိဋ္ဌိ အဆင့်ဆင့်ဖြစ်လေသည်။

ကျွန်ုပ်တို့သည်-ခန္ဓာငါးပါးဟူသော ရုပ်နာမ်နှစ်ပါး ပရမတ်တရား၌ ၎င်းတို့၏သဘောလက္ခဏာဖြစ်သော 'အနိစ္စ-ပျက်ခြင်း၊ ဒုက္ခ-ဆင်းရဲခြင်း၊ အနတ္တ-အစိုးမရခြင်း'တို့ကို-၎င်းတို့၏သဘောလက္ခဏာအတိုင်း မသိခြင်း,မမြင်ခြင်းမှာ-ဤသညာ၏ အမှတ်မှားသောကြောင့်၊ ဖောက်ပြန်မှားယွင်းသောမှတ်မှုကြောင့်-

*... မမြဲသောသဘောကို မြဲသည်ဟု အမှတ်မှားခြင်း—

*.... ဆင်းရဲသော သဘောကို ချမ်းသာသည်ဟု အမှတ်မှားခြင်း—

*.... အစိုးမရသောသူ့သဘောကို အစိုးရသည်ဟု အမှတ်မှားခြင်း—

*.... မတင့်တယ်သောသဘောကို တင့်တယ်သည်ဟု အမှတ်မှားခြင်း—

စသည်ဖြင့်-အသိနှင့် အစွဲပါ လေးချက်စီ မှားသောကြောင့် ၁၂-ပါးဖြစ်လေသည်။

ထို့ကြောင့် ပါဠိတော်တွင်—

'အနိစ္စေ နိစ္စသညိနော, ဒုက္ခေ စ သုခသညိနော၊
အနတ္တနိ စ အတ္တာတိ, အသုဘေ သုဘသညိနော၊'
စသော-၅-ဂါထာ။

(စတုက္ကအင်္ဂုတ္တရပါဠိတော်-ဝိပလ္လာသသုတ်-၃၆၂)

'ယေသတ္တာ-အကြင် သတ္တဝါတို့သည်၊ အနိစ္စေ-ဖြစ်ပျက်နေသဖြင့် မမြဲသော ခန္ဓာငါးပါး ပရမတ်တရား၌၊ နိစ္စသညိနော-မြဲမြံ ခိုင်ခန့်သည်ဟု မှတ်ထင်ကြကုန်၏၊ ဒုက္ခေ-ဖြစ်ပျက်ခြင်းအား အလွန်များသဖြင့် ထင်ရှား

သော ရုပ်နာမ်နှစ်ပါး ဆင်းရဲတရား၌၊ သုခသညိနော-ပရမတ်ဒုက္ခ အသိမှန်မရသဖြင့် သုခချမ်းသာ-ထင်မှတ်ရှာကြလေကုန်၏၊ အနတ္တနိ စ-အစိုးမရ သဘာဝကြောင့်ဖြစ်ကပျက်ပြန် ရုပ်နာမ်နှစ်ပါး ပရမတ်တရား၌လည်း၊ အတ္တာတိ-ငါ့ကိုယ်ငါဆိုင် ငါသာပိုင်ဟု၊ သညိနော-ပုထုဇ္ဇန်ဓလေ့-အမှန်မတွေ့သဖြင့်-အောက်မေ့ မှတ်ထင်ကြလေကုန်၏၊ အသုဘေ-စက်ဆုပ်ရွံဖွယ် မတင့်တယ်သောရုပ်နာမ်နှစ်ပါး အသုဘတရား၌၊ သုဘသညိနော-တင့်တယ်သောအား ကိလေပွါးအောင် များများကြီး မှတ်ထင်ကြလေကုန်၏’

သညာ၏ အမှတ်မှားမှုသည် အလုံးစုံသော ဩကာသလောက, သတ္တလောက, သင်္ခါရလောက-တည်းဟူသော-လောကသုံးပါးတို့တွင် အရင်းခံ ပဓာနအကျဆုံးသော ပရမတ္ထသင်္ခါရလောကကိုမြုပ်စေ၍-ဥင်းသင်္ခါရတို့စုပေါင်းထားရာ သတ္တလောကကို ပဓာနဖြစ်အောင် ဖေါက်ပြန်မှားယွင်းသောအမှတ်ကိုသာ အခိုင်အမာပြုသောကြောင့်-

(ရူပံ အတ္တတော သမနုပဿတိ)

‘ပရမတ် သဘောတို့၏ ဖေါက်ပြန်မှုကို ငါကောင်သူကောင်အားဖြင့် မှားယွင်းအောင် မှတ်သည်ကစ၍သက္ကာယဒိဋ္ဌိဖြစ်လေသည်’

အမိပ္ပါယ်မှာ-ခန္ဓာပရမတ်၏ အမှန်သဘောပင်ရင်းကို ပင်ရင်းအတိုင်းမသိပဲ-လူဟူ၍, နတ်ဟူ၍, ပုဂ္ဂိုလ်သတ္တဝါဟူ၍, မိန်းမ-ယောကျ်ားဟူ၍-မှားမှားယွင်းယွင်း ဖေါက်ဖေါက်ပြန်ပြန် မှတ်ယူမှုသည်-သက္ကာယဒိဋ္ဌိဖြစ်ရန် အမှတ်မှားက စ၍ဖြစ်လေသည်။

မည်သို့ဆိုစေ-ယင်းမှတ်တတ်သောသဘောသည်လည်းပရမတ်တရားဖြစ်ရကား-မမြဲခြင်း, ဆင်းရဲခြင်း, အစိုးမရသော သူ့သဘောတို့ပင်ဖြစ်၍၊ တံလျှပ်ပမာ အနှစ်သာရ ဘာမျှမရှိခြင်း, တွေ့ထိကိုင်တွယ်၍ မရအောင် မခိုင်မာခြင်း, မိမိသဘောအတိုင်းမှတ်ရလောက်အောင် အစိုးမရ-အလိုသို့ မလိုက်သော အနတ္တအစစ်-ကေန်ဖြစ်သည်ကိုသာ-သိစေ, မှတ်စေ, နားလည်သဘောပေါက်စေတော်မူလိုသော မြတ်စွာဘုရားသည်-ခန္ဓာငါးဝ သဘာဝ၌ အတ္တမဟုတ် ဓာတ်နာမ်ရုပ်ကို ဖွင့်ထုတ်မိန့်မှာ ဟောခဲ့ရာကား-'သညာအနတ္တာ'ဟု ထင်ရှားစွာသော အနက်သဘောတို့ကို-သက်သက်သော ပညတ်မရောသည့် ပရမတ်အစစ် ဓာတ်အနှစ်တို့ စင်စစ်ဖြစ်ကြောင်း ဆက်ဟောပုံကား–

**'သခ်ါရက္ခန္ဓာ-ငှက်ပျောသဏ္ဍာန်'** ခန္ဓာငါးပါးတွင် ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ တို့၏ အနတ္တဖြစ်ပုံ ဥပမာများနှင့် ဟောကြားတော်မူပြီးနောက် ပြုပြင်ပြောင်းလဲမှု, စေ့ဆော်တိုက်တွန်းမှုစသော သဘောတရားတို့၏ ငှက်ပျောက်တုံးနှင့်တူပုံကို ဥပမာထား၍ ဟောကြားတော်မူပြန်လေသည်၊ သခ်ါရက္ခန္ဓာ၌ အကျုံးဝင်သော လုပ်ငန်း

ငါးဆယ်သော သဘောတရားတို့သည် မခိုင်မမြဲခြင်းကြောင့်၎င်း, အခိုင်အမြဲအားဖြင့် မယူထိုက်-မယူကောင်း-မယူနိုင်သောကြောင့်၎င်း ၄င်းငှက်ပျောတုံးနှင့် တူကုန်၏၊ တူပုံကား - ငှက်ပျောတုံးမှ တစုံတခုသောအပတ်အလွှာကိုယူ၍-အိမ် စသော အဆောက်အဦ အတွက် ထုတ်-လျှောက်-ဒိုင်း-မြွား စသည်တို့ပြုလုပ်ရန် ယူဆောင်သုံးစွဲ၍ မဖြစ်ပေ၊ ယူဆောင်သုံးစွဲငြားသော်လည်း ခိုင်မြဲသော ထုတ်-လျှောက်-ဒိုင်း-မြွား မဖြစ်နိုင်သကဲ့သို့ ထိုအတူ-သင်္ခါရက္ခန္ဓာ၏ လုပ်ငန်း ငါးဆယ်သော သဘောတို့သည်လည်း ခိုင်သော မြဲသောသဘောဟူ၍၎င်း, ခိုင်သောမြဲသောငါ-ဖြစ်သည်ဟူသော အတ္တအနေနှင့်၎င်း-ငါ့ဟာ ဟူသော အတ္တနိယအနေနှင့် လက်ခံသိမ်းယူခြင်းငှါ မထိုက်၊ ခိုင်မြဲသောငါဟူ၍၎င်း, ငါ့ဟာဟူ၍၎င်း လက်ခံ သိမ်းယူထားပြန်ပါသော်လည်း ခိုင်မြဲသော-ငါဟူသော အတ္တ၊ ငါ့ဟာဟူသော အတ္တနိယအနေနှင့် မတည်၊ မခိုင်မမြဲသော အနတ္တ-ငါ့ဟာမဟုတ်သော အနတ္တနိယ အနေနှင့်သာ တည်တော့သည်။

ငှက်ပျောတုံးသည် များစွာသောအပတ်အလွှာတို့ဖြင့် ရောစပ်လျက်ရှိသကဲ့သို့-ထို့အတူ သင်္ခါရက္ခန္ဓာသည်လည်း ဖဿ,ဝေဒနာ စသော ငါးဆယ်သောသဘောတရားတို့ဖြင့် ရောစပ်ပေါင်းစည်းလျက်ရှိ၏၊ ငှက်ပျောတုံးသည် အထူးထူးအထွေထွေသော လက္ခဏာရှိ၏၊ ·အပြင်ဖက်ဆုံးသော အပတ်အလွှာ၏အဆင်းသည် တမျိုး၊ အတွင်းပိုင်းကျသော အပတ်အလွှာ၏အဆင်းသည် တမျိုးစီသာ ဖြစ်ကြလေကုန်သကဲ့သို့၊ ထို့အတူ သင်္ခါရက္ခန္ဓာ ၁စတသိက်

သဘောတရားငါးဆယ်တို့တွင်လည်း-ဖဿ၏သဘောကားတမျိုး, စေတနာ၏သဘောကားတမျိုး, လောဘ,ဒေါသ,မောဟ,မာန, ဒိဋ္ဌိ-စသော လက္ခဏာတို့သည်လည်း တမျိုးစီ တမျိုးစီသာ ဖြစ်ကြကုန်၏၊ ၎င်း သဘောတရား ငါးဆယ်တို့ကို ပေါင်းစည်း၍ သင်္ခါရက္ခန္ဓာဟု ဟောတော်မူရကား-ငှက်ပျောတုံးနှင့် အလားသဏ္ဍာန်တူလေသည်။

မည်သို့ ဆိုစေ-ပါဠိတော်တွင် ငှက်ပျောတုံးနှင့် တူသည်ကို မြတ်စွာဘုရား ဟောတော်မူရာ၌—

'ချစ်သားတို့-အနှစ်ကို အလိုရှိ၍-အနှစ်ကိုသာ ရှာမှီးလေ့ရှိသော ယောကျ်ားတယောက်သည် အလွန်ထက်စွာသော ဓားမကိုထမ်း၍ တောသို့ဝင်ရာ၏၊ ထိုယောကျ်ားသည် ထိုတော၌ ဖြောင့်မတ်၍ လတ်ဆတ်သော အကောက်အကွေ့မရှိသော အတွင်း၌ သီးခိုင်တံမရောက်သေးသော ငှက်ပျောပင်ကြီးကိုမြင်ရာ၏၊ ထိုငှက်ပျောပင်ကြီးကို အရင်းမှခုတ်လှဲ၍ အဖျားကိုဖြတ်ပြီးလျှင်-အနှစ်ကို ရှာအံ့သောငှါ-အထပ်ထပ်သောအဖတ်တို့ကိုခွါရာ၏၊ ထိုယောကျ်ားသည် ငှက်ပျောတုံး၏ အထပ်ထပ်သော အဖတ်ကိုခွါ၍ရှာသော် အကာကိုမျှ မရမတွေ့လေရာ-အနှစ်ကို အဘယ်မှာရလိမ့်မည်နည်း–ထိုငှက်ပျောတုံးကို မျက်စိအမြင် ကောင်းသောယောကျ်ားသည် အထက်အောက် လှန်လှော၍ကာ ထက်ဝန်းကျင်မှ တစိမ့်စိမ့်

ကြည့်ရှု လေ့လာသောအခါ-အသုံးမကျသော အဖြစ်, အချည်းနှီးသောအဖြစ်, အနှစ်သာရကင်းမဲ့သောအဖြစ် ကိုသာ ထင်မြင်ရာ၏၊ ချစ်သားတို့-ငှက်ပျောတုံး၌ အနှစ် ကို အဘယ်မှာရလိမ့်မည်နည်း-ထို့အတူ-

‘ယေကေစိ သင်္ခါရာ အတီတာနာဂတပစ္စုပ္ပန္နာ။လ။ ကိုဟိ သိယာ ဘိက္ခဝေ သင်္ခါရေသု သာရော’

(ပါဠိတော်)

‘ချစ်သားတို့-အတိတ် အနာဂတ် ပစ္စုပ္ပန်လည်းဖြစ် သော။လ။ အဝေးအနီးလည်းဖြစ်သော ပြုပြင်မှု တိုက် တွန်းစေ့ဆော်မှု စသော သင်္ခါရ အားလုံးတို့ကို ဉာဏ် မျက်စေ့ရှိသော ယောဂီသည် ထက်ဝန်းကျင်မှ ကြည့်ရှု လေ့လာရာ၏၊ ယင်းသို့ လေ့လာသောအခါ ထိုသင်္ခါရ တို့သည် ကြည့်ရှုလေ့လာသော ယောဂီ၏ အသိဉာဏ်၌ အသုံးမကျသောအဖြစ်, အချည်းနှီးသောအဖြစ်, အနှစ် သာရ ကင်းမဲ့သောအဖြစ်ကိုသာ သိမြင်လေရာ၏၊ ချစ် သားတို့-ထိုပြုပြင်တတ်သောသင်္ခါရ၌-အနှစ်သာရအမာခံ အဘယ်မှာရလိမ့်မည်နည်း’

ဟု-သင်္ခါရက္ခန္ဓာကို-ငှက်ပျောတုံးနှင့် ဥပမာတူကြောင်း ဟော တော်မူလေသည်။

သင်္ခါရက္ခန္ဓာသည် ခန္ဓာငါးပါးတို့တွင် လုပ်ငန်း တာဝန် အများဆုံး လုပ်သား အများဆုံး အုပ်စုဖြစ်၍ 'တယောက် တပေါက်'ဆိုသကဲ့သို့-မည်သူ့ မည်သူမှ ညွှန်ကြားမခံ-တဦးတဘာသာ လုပ်ငန်းတမျိုးစီသာ ဆောင်ရွက်လေသည်၊ ထိုသဘောတရား တို့ကို ငါဟူ၍, ငါ့ဥစ္စာဟူ၍ သတ်မှတ်ပိုင်းခြား၍မရပေ။

ထိုသင်္ခါရက္ခန္ဓာ၏ အနတ္တဖြစ်ပုံကို မြတ်စွာဘုရား ဟောတော် မူရာ၌—

'ဘိက္ခဝေ-ချစ်သားတို့၊ ယသ္မာ စ ခေါ-အကြင်အနှစ် သာရမရှိခြင်း, အစိုးမရခြင်း, မိမိအလိုသို့မလိုက်ပဲ သူ့ သဘော ဖြစ်ခြင်းကြောင့်သာလျှင်၊ သင်္ခါရာ-ပြုပြင်မှု, ဖန်တည်းမှု, စီမံမှု, စေ့ဆော်တိုက်တွန်းမှု စသော သင်္ခါရ တရားတို့သည်၊ အနတ္တာ-အနှစ်သာရ အမာခံတရားမျိုး မဟုတ်ခဲ့ချေ၊ အနတ္တာ-အစိုးမရခဲ့ချေ၊ အနတ္တာ-မိမိ အလိုသို့မလိုက်ပဲ သူ့သဘောဖြစ်ခဲ့ချေ၏၊ တသ္မာ-ထိုသို့ အနှစ်သာရအမာခံမရှိခြင်း, အစိုးမရခြင်း, မိမိအလိုသို့ မလိုက်သော သူ့သဘော ဖြစ်ခြင်းတို့ကြောင့်သာလျှင်၊ သင်္ခါရာ-ပြုပြင်ဖန်တည်းစေ့ဆော်မှုစသော သဘောတရား တို့သည်၊ အာဗာဓာယ-စိတ်ကိုမွေ့နှောက် ချောက်ချား နှိပ်စက်ခြင်းငှါ၊ သံဝတ္တေယျုံ-မလွဲအမှန် ကေန်စင်စင် ဖြစ်ပေါ်လာရကုန်၏၊ မေ-ငါ၏၊ သင်္ခါရာ-သင်္ခါရ သဘောတရားတို့သည်၊ ဧဝံ-ဤသို့ အနှစ်သာရရှိခြင်း,

အစိုးရခြင်း, မိမိအလိုသို့လိုက်ခြင်းဟူသော အတ္တသဘော သည်၊ ဟောတ-ငါ့ကိုယ်ငါဆိုင် ငါသာပိုင်သဖြင့် ခိုင်မာ သောအား ဖြစ်စေသား...။ မေ-ငါ၏၊ သင်္ခါရာ-သင်္ခါရ သဘောတရားတို့သည်၊ ဧဝံ-ဤသို့ အနှစ်သာရမရှိခြင်း, အစိုးမရခြင်း, မိမိအလိုသို့မလိုက်ခြင်း သုံ့ သဘောအနတ္တ သည်၊ မာအဟောသုံ မဖြစ်စေသား....။ ဣတိ-ဤသို့ ငါစိုး ငါဆိုင် ငါပိုင်သော မိမိအလိုအားဖြင့်၊ သင်္ခါရေသု· ပြုပြင်ဖန်တည်း စေ့ဆော်တိုက်တွန်းခြင်းစသော သင်္ခါရ သဘောတို့၌၊ န စ လဗ္ဘတိ-တောင့်တလင့်ဆို အလိုရှိတိုင်း မဆိုင်းမတွ မရအပ်သည်သာတည်း’

ဤကဲ့သို့ မြတ်စွာဘုရားသည် အနတ္တလက္ခဏာသုတ်တော်တွင် ဆုတ်ပေါ်ထားသော အတိုင်း-ပြုပြင်တတ်, ဖန်တည်းတတ်, စေ့ ဆော်တိုက်တွန်းတတ်ခြင်း စသော သင်္ခါရမှု အစုစုသောသဘော တရားတို့သည်၊ သင်ချစ်သားတို့ ထင်မှတ် ထားသည့်အတိုင်း- အနှစ်သာရ-အမာခံသဘောရှိသည်, အစိုးရသည်, မိမိ ဟူသော ပုဂ္ဂိုလ်သတ္တဝါ၏ အလိုသို့ လိုက်တတ်သော-သဘော ရှိသည် အကယ်၍ ဖြစ်ပါတီမူကား-ဤပြုပြင်မှု သင်္ခါရသဘောတရားစု သည် သင်ချစ်သားတို့၏စိတ်ကို မွေ့နှောက်ချောက်ချား နှိပ်စက် သောအားဖြင့် မညှဉ်းဆဲတန်ရာ -

*.... သင်ချစ်သားတို့၏ စိတ်သဘော အလိုဆန္ဒအတိုင်းသာ ဖြစ်ရာ၏။

*.... သင်ချစ်သားတို့၏ စိတ်သဘောဆန္ဒအရ မဖြစ်စေလို သောသဘောအတိုင်း မဖြစ်ပဲသာရှိလေရာ၏။

ယင်းသို့ကား မဟုတ်ခဲ့ချေ၊ အဟုတ်ကေန် ဖြစ်ရပ်မှန်ကား-

*— သင်ချစ်သားတို့၏ စိတ်အလိုဆန္ဒအတိုင်း ဖြစ်စေချင် သောသဘောကား မဖြစ်ခဲ့ချေ။

*.... သင်ချစ်သားတို့၏ စိတ်အလိုဆန္ဒအတိုင်း မဖြစ်စေချင် သောသဘောကား-တားမနိုင်၊ဆီးမရ ဘယ်သူ့ကိုမျှ မညှာမတာ ဖြစ်တတ်စွာ၏။

သို့ဖြစ်လေသောကြောင့်-သင်္ခါရမှု အစုစုသောသဘောတရား သည်၊ အနှစ်သာရ အမာခံသဘောမျိုး မဟုတ်သောကြောင့် အနတ္တအစစ် ကေန်ဖြစ်၏။ အစိုးတရပြုလုပ်နိုင်သောသဘောမျိုး မရှိ၊ အစိုးတရပြုလုပ်ထိုက်သောသဘောမျိုးမဟုတ်သောကြောင့် အနတ္တအစစ် ကေန်ဖြစ်၏။ ဖဿ၊ဝေဒနာစသော သဘောတရား တို့သည်-'ဖဿကား အာရုံကိုတွေ့ပေးသော သဘောတရား'ဖြစ်၍ 'ဝေဒနာကား အာရုံကိုခံစားတတ်သော သဘောတရား'ဖြစ်လေ သောကြောင့် သူ့ကိစ္စနှင့်သူ-'သူ့သဘော' အနတ္တဖြစ်လေသည်။

**'ဝိညာဏ်လက်ဖွဲ့-မျက်လှည့်သဏ္ဌာန်'** ခန္ဓာငါးပါးတွင် နောက်ဆုံး ဖြစ်သော နာမက္ခန္ဓာတရား လေးပါးတို့တွင် ဦးစီး ခေါင်းဆောင်ဖြစ်သော 'ဝိညာဏက္ခန္ဓာ' အကြောင်းကိုလည်း ဆက်လက်၍လေ့လာရန် လိုပေသေးသည်၊ ဖော်ပြခဲ့ပြီးသော ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ,

သခါရက္ခန္ဓာတို့သည် အသီးအသီး ၎င်းတို့၏ ဥပမာအရ-အနတ္တဖြစ်ကြောင်းဖေါ်ပြခဲ့ပြီးလေပြီ၊ ကြွင်းကျန်သော 'ဝိညာဏက္ခန္ဓာ' ကား အဘယ်နည်း-ဟု ထောက်လှမ်းလေသော်-၎င်းသိသဘောစုသည်လည်း-အတိတ်ကာလ-နောက်နှောင်းသော ဘဝများမှ-အပြုအပြင် အထောက်အပံ့ မကင်းလေသော- သင်္ခတတရားမျိုးဖြစ်ပေသောကြောင့် ယင်း (ဝိညာဏက္ခန္ဓာ) သိမှုသဘောစုသည်လည်း အနတ္တပင်တည်းဟု ဟောကြားထုတ်ဖေါ်တော်မူခဲ့၏။

'ချစ် သား တို့-ဥပမာသော်ကား – ကျွမ်း ကျင် သော မျက်လှည့်ပြသမားတို့သည် လမ်းဆုံလမ်းမတို့တွင် ၎င်းတို့၏ မျက်လှည့်အတတ်ပညာကို ပြရာ၏၊ ထိုနေရာသို့ ဉာဏ်ပညာဖြင့် ဆင်ခြင်တတ်သော ယောကျ်ားသည် ရောက်ရှိလာ၍ ထိုပညာဖြင့်ပြသောမျက်လှည့်ကို စေ့စေ့စပ်စပ် လေ့လာကြည့်ရှုလေသည်။ ထိုသူ၏ ၎င်းကြည့်သောမျက်လှည့်သည် စင်စစ်အားဖြင့် အသုံးမကျသည်ကိုရင်း, အချည်းနှီးဖြစ်သည်ကိုရင်း, အနှစ်သာရအမာခံဘာမျှမရှိသည်ကိုရင်း တွေ့မြင်လေရာ၏၊ ချစ်သားတို့-မျက်လှည့်အတတ်၌ အဘယ်မှာလျှင် အနှစ်သာရရှိလိမ့်မည်နည်း....'ချစ်သားတို့-ထို့အတူ

'ယံကိဉ္စိ ဝိညာဏံ အတီတာနာဂတပစ္စုပ္ပန္နံ။လ။
ကိံ ဟိ သိယာ ဘိက္ခဝေ ဝိညာဏံ သာရော'

(ပါဠိတော်)

'အတိတ် အနာဂတ် ပစ္စုပ္ပန်လည်း ဖြစ်သော။လ။ အဝေးအနီးလည်းဖြစ်သော သိမှုအားလုံးကို ဉာဏ်အမြင်ရှိသော ယောဂီသည်-ဉာဏ်ဖြင့်စေ့ငု-သတိပြုကာ ရှုကြည့်၏၊ ယင်းသို့ ဉာဏ်ဖြင့်ရှု၍-သိရသော (ဝိညာဏ) သိမှုဟူသည် ၎င်းကို လေ့လာဆဲတွင်ပင် အသုံးမကျသောသဘောဟု-မြင်ရာ၏၊ အချည်းနှီးသဘောဟုသာ မြင်ရာ၏၊ အနှစ်အမာခံမဲ့သောသဘောဟုသာ မြင်လေရာ၏၊ ချစ်သားတို့-သိမှု သဘောတရား၌ အဘယ်မှာ အနှစ်ရှိလိမ့်မည်နည်း'

ယင်းသို့လျှင် (ဝိညာဏက္ခန္ဓာ) သိတတ်သော သဘောစု၏ မျက်လှည့်အတတ်နှင့် တူပုံ-မျက်လှည့် အတတ်၏ အသုံးမကျပုံ-အနှစ်သာရမရှိပုံနှင့် ပုံတူကပ်၍ (ဝိညာဏက္ခန္ဓာ) သိတတ်သော သဘောစုသည်လည်း-မျက်လှည့်နှင့် တူဟန်ကား-(စိတ်)ဝိညာဏ်ဟူသည် ခိုင်မြဲစွာမတည်သောကြောင့်၎င်း, ခိုင်မြဲသော ငါဟူ၍-ငါ့ဥစ္စာဟူ၍-သိမ်းပိုက်၍ မရသောကြောင့်၎င်း မျက်လှည့်နှင့် တူလေသည်။

မျက်လှည့်ဟူသည် အင်္ဂါကထာများဖွင့်ပြချက်အရ-နည်းသောကာလ,တိုသောကာလ,လျင်မြန်သောကာလအားဖြင့် လူအများ၌ ထင်ရှားသကဲ့သို့-စိတ် ဝိ ညာဏ် သည် လည်း ထို မျက် လှည့် ထက် အထူးသဖြင့် နည်းသောကာလ, တိုသောကာလရှိ၏၊ အလွန်လျင်မြန်သော ဖြစ်ခြင်းရှိ၏ဟု-ဝိပဿနာယောဂီတို့၏ ဉာဏ်တွင်

ထင်ရှားပေသည်၊ လျှင်မြန်ပုံကား-တခုထည်းသော ထိုစိတ်ဖြင့် သာလျှင် 'လာ'သကဲ့သို့-ထိုစိတ်ဖြင့်သာလျှင် 'သွား'သကဲ့သို့-ထို စိတ်ဖြင့်သာလျှင် 'ရပ်'သကဲ့သို့-ထိုစိတ်ဖြင့်သာလျှင် 'ထိုင်'သကဲ့ သို့-ထိုစိတ်ဖြင့်သာလျှင် 'အိပ်'သကဲ့သို့ စသည်ဖြင့် ထင်မှတ်ရ လောက်အောင်ပင် လျှင်မြန်လှ၏။

သို့သော်လည်း 'လာစဉ်'ကာလကဖြစ်သောစိတ်သည် တမျိုး တည်း၊ 'သွားစဉ်'ကာလက ဖြစ်သောစိတ်သည် တမျိုးတည်း၊ 'ရပ်စဉ်ကာလ, ထိုင်စဉ်ကာလ, အိပ်စဉ်ကာလက ဖြစ်ကြသောစိတ် တို့သည် တမျိုးစီတို့သာတည်း' တမျိုးထည်း မဟုတ်လေကုန်၊ ထို့ကြောင့် မျက်လှည့်နှင့်တူလေသည်။

မျက်လှည့်သမားသည် လူအများတို့အား ရွှေမဟုတ်သည့် ဝတ္ထုကို 'ရွှေ' ငွေမဟုတ်သည့်ဝတ္ထုကို 'ငွေ' ပုလဲမဟုတ်သော ဝတ္ထုကို 'ပုလဲ'စသည်ဖြင့်-ထင်စေ,မှတ်စေ,အမြင်မှားစေ သကဲ့သို့၊ စိတ်ဝိညာဏ်သည်လည်း လောကီ ပညတ်နယ်သား အန္ဓပုထုဇ္ဇန် အများအား ထိုစိတ်တခုထည်းဖြင့်သာလျှင် လာသကဲ့သို့-သွား သကဲ့သို့-ရပ်သကဲ့သို့ ထင်ရလောက်အောင်-မှတ်စေ,အမြင်မှားစေ တတ်၏၊ သို့ရာတွင်-လာစဉ်ကဖြစ်သောစိတ်သည် သွားသောအခါ တိုင်အောင် မတည်ပဲ ချုပ်ပျက်လေပြီ၊ ဤသို့သာလျှင် စိတ် ဝိညာဏ်သည် မျက်တောင်တခပ်, လျှပ်တပြက်အတွင်းမှာ-ကုဋေ ပေါင်းများစွာ ချုပ်ပျောက်လျက် အသစ်အသစ် ဖြစ်ပေါ်မှု- အစားထိုးမှုရှိကြ၍ ဣရိယာပုထ်လေးပါး-သွားစဉ်, ရပ်စဉ်, ထိုင် စဉ်, လျောင်းစဉ်အခါတို့မှာ တမျိုးတမျိုးစီသာ ဖြစ်ကြပါလျက်-

အသစ်အဟောင်း ချုပ်ပျောက် ပြောင်းလဲမှုတွေကို မသိမမြင်စေပဲ-တခုထည်းကဲ့သို့ ထင်မြင်စေတတ် ရကား-ပရမတ် စိတ်ဝိညာဏ်ဟူသည်-လွန်စွာပင် မျက်လှည့်နှင့်တူပေသတည်း—

တနည်း—မျက်လှည့်သမားသည် ရွှေမဟုတ်သည်ကို ရွှေထင်စေ-မှတ်စေ-အမြင်မှားစေသကဲ့သို့-လူမဟုတ်သည်ကို 'လူ'ထင်စေရန်၊ နတ်မဟုတ်သည်ကို, မိန်းမ-ယောကျ်ားမဟုတ်သည်ကို-'နတ်, မိန်းမ, ယောကျ်ား'ဟု ထင်စေ-မှတ်စေ-အမြင်မှားစေရန် ဝိညာဏ်က မျက်လှည့်အသွင် ပြထားသည့်နည်းတူ-'ခေါင်း, ကိုယ်, ခြေ, လက်, နားရွက်, မျက်စိ' စသည်သောအား အသိအမြင်မှားစေသော ဝိညာဏ်၏ လှည့်ကွက်များသာဖြစ်သည်ကို-ဉာဏ်ဖြင့်စေ့ငုဝိပဿနာရှုသော ယောဂီ၏ သမ္မာဒိဋ္ဌိ မဂ္ဂင်ဉာဏ်ဖြင့်သာလျှင် အမှန်ဖြစ်သော ပရမတ်ရုပ်နာမ်ကို အမှန်အတိုင်း သိနိုင်မည်ဖြစ်ပေသည်။

**'ဝိညာဏ်စွမ်းရည်-ဝဋ်ဥလည်'** ပဋိစ္စသမုပ္ပါဒ်သံသရာတွင် အမှန်တရား ပရမတ်သစ္စာကို အမှန်မသိမှု(အဝိဇ္ဇာ)ကြောင့်-(သင်္ခါရ)ကံတွေပြုလုပ်သောသတ္တဝါမှာထိုကံအားလျော်သော ဝိညာဏ်အမျိုးမျိုးတို့ ဖြစ်ကြလေသည်၊ ထိုဝိညာဏ်၏ လှည့်စားချက်ကြောင့် လူထင် နတ်ထင် မိန်းမယောကျ်ား အထင်မှားကြသောကြောင့် သံသရာဘဝအမျိုးမျိုးတွင် ဆင်းရဲအစုတွေသာ ဖြစ်ကြကြောင်းကို ကျေးဇူးတော်ရှင်

လယ်တီဆရာတော်၏ ပဋ္ဌိစ္စသမုပ္ပါဒ်လင်္ကာပိုဒ်ကို လုံးဝကိုးကား ဖေါ်ပြလိုပေသည်—

'ဝဋ္ဋခင်းဝဋ္ဋနွယ်၊ ရှည်ကြောင်းရှယ်သား၊ ဆယ်ဖြာပုညာ၊ အပုညနှင့်၊ ဘဝနှီးရင်း၊ ပွါးတုံလျှင်းသော်၊ လေးသင်းပါယ်ရွာ၊ အဖြာဖြာသျှင်၊ ပြဟ္မာ လူ နတ်၊ သုံးဘုံရပ်၌၊ ဓာတ်ပဓာန၊ ပြခာန်းလှသား၊ ဒွါရသခင်၊ ခြောက်ဝိညာဉ်ဟု၊ အရှင်ဓာတ်မင်း၊ ပေါ်တုံလျှင်း၍၊ ကိုယ်တွင်းကိုယ်ပြင်၊ ထွက်ဝင်တံခါး၊ အင်ခြောက်ပါး၌၊ အများရုပ်နာမ်၊ အတန်တန်လျှင်၊ ဝန်းရံဖြိုးဖြိုး၊ အမျိုးမျိုးကို၊ အုပ်စိုးဆောင်ရွက်၊ လျှမ်းလျှမ်းတက်လျှင်၊ ထက်မြက်တေဇာ၊ သူ့ရှိန်ဝါကြောင့်၊ ငါငါသူသူ၊ လူပဲနတ်ပဲ၊ အထင်လွဲလျက်၊ ငရဲအပါယ်၊ အသွယ်သွယ်လျှင်၊ ဝဋ္ဋနွယ်ရှည်လျား၊ တမားမားသည်၊ ခြောက်ပါးဝိညာဏ် စွမ်းရည်တည်း....'

သတ္တဝါဟု ခေါ်ဆိုကြသော ရုပ်နာမ် အတွင်းသန္တာန်၌-ရုပ်သန္တာန်တွင် ဓာတ်မီး အစိုးရ၏၊ နာမ်သန္တာန်၌မူကား-ဤဝိညာဏ်သည် ပဓာနဓာတ်ပေတည်း၊ ပြခာန်းသောဓာတ်တည်း၊ အကြီးအကဲ အအုပ်အချုပ်ပေတည်း၊ အခြားသော စေတသိက်နာမ်တို့သည်-ဝိညာဏ်ကိုမှီ၍-ဝိညာဏ်မှ ဖြစ်ပွါးကြကုန်၏။

'မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ'

(ဓမ္မပဒပါဠိတော်-၁၄)

'မမ္မာ-နာမ်တရား ဟူသမျှတို့သည်၊ မနောပုဗ္ဗင်္ဂမာ-ဝိညာဏ်လျှင် ပြဓာန်းခြင်းရှိကြကုန်၏၊ မနောသေဋ္ဌာ-ဝိညာဏ်လျှင် အကြီးအကဲ အအုပ်,အချုပ် ရှိကြကုန်၏၊ မနောမယာ-ဝိညာဏ်၏ ဖန်ဆင်းရာဖြစ်ကြကုန်၏'

မြင်သိဟူသော 'စက္ခုဝိညာဏ်'သည် မြင်တတ်သော နာမ်တရားတို့၏ အကြီးအကဲပေတည်း၊ ကြားသိဟူသော 'သောတဝိညာဏ်, နံသိဟူသော ဃာနဝိညာဏ်, လျက်သိဟူသော ဇိဝှါဝိညာဏ်, ထိသိဟူသော ကာယဝိညာဏ်, ကြံသိဟူသော မနောဝိညာဏ်'သည်-ကြံ၍သိတတ်သော နာမ်တရားတို့၏ အကြီးအကဲပေတည်း၊ ထို့ကြောင့်-ရေကပတ္တနဂါးမင်းနှင့် မြတ်စွာဘုရားကိုယ်စား ဥတ္တရတို့၏ အမေးအဖြေစကားရပ်တွင်—

နဂါး-မေး။ ။'ကိံသု အဓိပတိရဇာ' ကိံသု-အဘယ်တရားသည်၊ အဓိပတိရဇာ-ဒွါရစိုးခြင်းမင်းဖြစ်ပါသနည်း....'

ဥတ္တရ-ဖြေ။ ။'ဆဒွါရာဓိပတိ ရဇာ' မနော-စိတ်ဟူသော ဝိညာဏ်သည်၊ ဆဒွါရာဓိပတိ ခြောက်ဒွါရ၏ အကြီးအကဲ ဖြစ်သော၊ ရဇာ-မင်းတည်း....'

ဟု-ဖြေလေသည်၊ အကျယ်ကို ဓမ္မပဒဋ္ဌကထာ-ဒု-၁၅၀ တွင် ကြည့်နိုင်ကြသည်၊ ၎င်းပြင်-စိတ်သည် လောကသား အားလုံး

ကိုပင် ဆွဲဆောင်တတ်သောစွမ်းအားရှိပုံကိုလည်း သံယုတ်ပါဠိတော်တွင်—

'စိတ္တေန နီယတိ လောကော၊ စိတ္တေန ပရိကဿတိ၊
စိတ္တဿ ဧကဓမ္မဿ၊ သဗ္ဗေဝ ဝသမန္ဝဂူ'

(သဂါထာဝဂ္ဂသံယုတ်ပါဠိတော်-၃၆)

'လောကော-လောကသုံးရပ် ဘုံသုံးထပ်ကို၊ စိတ္တေန-စိတ်သည်၊ နီယတိ-ဖြစ်မှုပျက်မှု အကွက်ရှု၍ ပြုစုဆောင်ယူတတ်၏၊ လောကော-လောကသုံးရပ် ဘုံသုံးထပ်ကို၊ စိတ္တေန-အသိဝိညာဏ်သည်၊ ပရိကဿတိ-နိမ့်တုံ မြင့်တုံ ဖြစ်ပုံအစဉ် တွဲကာယှဉ်၍ ဆွဲငင် ဆောင်ယူအပ်၏၊ စိတ္တဿ-အသိဟု ဆိုအပ်သော၊ ဧကဓမ္မဿ-တခုသော တရား၏၊ ဝသံ-အလိုသို့၊ သဗ္ဗေ-ကြွင်းကျန်ခဲ့ ငြား အလုံးစုံသောတရားတို့သည်၊ အန္ဝဂူ-အစဉ်တစိုက် လိုက်ပါကြရလေကုန်၏'

*.... ရုပ် နာမ် ဟူသော ပရမတ် သင်္ခါရလောက–

*.... လူ-နတ်-ဗြဟ္မာ သတ္တဝါဟူသော အမည်နာမ ပညတ် သတ္တလောက–

*.... လူ့ဘုံ-နတ်ဘုံ-ဗြဟ္မာဘုံဟူသော အမည်နာမ ပညတ် ဩကာသလောက-

ဤသို့သော-လောကသုံးရပ် ဘုံသုံးထပ်သည် စိတ်ဟူသော အသိတရားသည် အကြီးအမှူး အအုပ်အချုပ် ဦးစီးပဓာနလုပ်၍ စီရင်မှုကြောင့်သာ ဖြစ်ပေါ်လာရကား-အသိ ဟူသော စိတ် ဝိညာဏ်သည်-လောကသုံးပါး၏ ဖြစ်မှု ပျက်မှု အစုစုကို တခုမကျန် စီမံဖန်ဆင်း ဆောင်ယူအပ်၏ဟု ဆိုခဲ့သည်၊ ထိုအသိစိတ်၏ အစွမ်းသတ္တိသည် ထိုလောကသုံးရပ် ဘုံသုံးထပ်တို့၏ နိမ့်တုံ-မြင့်တုံ တမှုမွားမွား ဖြစ်ပွါးပေါ်လာစေမှုကို ဆွဲငင် ဆောင်ယူအပ်၏ဟူ၍ ဆို၏၊ ထိုစကားမှန်၏-

ကိလေသာဆယ်ပါး အယုတ်တရားတို့နှင့်တကွဖြစ်သော စိတ်ဓာတ်၏အစွမ်းသတ္တိကိုထူထောင်၍ ပူလောင်စေသော လောကကြီးသည်၊ သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယတရားတို့နှင့် တကွ ကောင်းစွာ ပြုပြင်ထားသော အသိဉာဏ်ပါသော စိတ်ဓာတ်၏ အစွမ်းသတ္တိကို ထူထောင် ပေးလိုက်သောအခါဝယ်-လောကကြီးသည် သီတာရေချမ်း သွန်းပက်ဖျန်းသို့ စိမ်းလန်းသာယာလာတော့သည်။

ဤသို့လျှင် တခုသော စိတ်အသိဓာတ်၏ အစွမ်းသတ္တိကြောင့် အလုံးစုံသော သက်ရှိ သက်မဲ့ဖြစ်သော ရုပ်ဝတ္ထု နာမ်ဝတ္ထု အစုစုတို့သည် လိုက်ပါကြရလေကုန်သည်၊ စိတ်ဓာတ် နူးညံ့သိမ်မွေ့ ယဉ်ကျေးသော ရှေးရှေးခေတ်ကာလ၌၊ လောကကြီးသည် မိုးဦးသစ်ပင် လန်းလန်းရှင်သို့ အစဉ်သဖြင့် ကြီးပွါးတိုးတက် ကြပုံကိုရှင်း၊ စိတ်ရိုင်း စိတ်ကြမ်း စိတ်သရမ်းကြသော-ယခုလို

ခေတ်အခါမျိုးတွင် လောကကြီးသည် အပူပေါင်းလှုံသော ငရဲမီးအိုးကြီးကဲ့သို့ အမျိုးမျိုး ပူလောင်သိုးနွမ်းနေကြပုံကိုရင်း ကောင်းစွာသိမြင်-ဉာဏ်သက်ဝင်၍-စိတ်ဆိုးကိုပယ် စိတ်ကောင်း ကြွယ်က-အေးဖွယ်အစ-ပဌမပင်တည်း။

ကာယကံမှု-ဝစီကံမှု-မနောကံမှုတို့ကို စိတ်သည်သာ အစိုးရ၏၊ စိတ်အလိုရှိရာ ခန္ဓာငါးပါးတို့သည် ပါကြရကုန်၏၊ ရေသတ္တဝါ, ကုန်းသတ္တဝါ, လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်စသော ဖြစ်ရာဌာန တို့တွင် ဆူဆူတက်,အုန်းအုန်းကြွက်ကြွက် လျှမ်းလျှမ်းတက် ဖြစ်၍ နေကြသည်မှာလည်း စိတ်၏အမှုသာတည်း၊ စိတ်အသိကို-ငါငါ ဟု မြင်ကြကုန်၏၊ အသက်ဝိညာဏ် အတ္တဟု မြင်ကြကုန်၏၊ အသိဟူသော စိတ်၏အလိုကို-ငါ၏အလိုဟု မြင်နေကြကုန်၏၊ အလွန်ပြင်းထန်သော သက္ကာယဒိဋ္ဌိတရားကြီးပေတည်း။

စိတ်ကို-အသီးအခြားပရမတ်တရားဟု မသိကြကုန်မူ၍ အသိ သဘောကိုပင်-ငါဟူ၍၎င်း၊ ထိုအသိသဘော(စိတ်)ကိုပင်-မည်သူ မည်ဝါဟူ၍၎င်း၊ အသိစိတ်ကိုပင်-လူဟူ၍၎င်း၊ ကျွဲ, နွား, ဆင်, မြင်း, ခွေး, ဝက်, ကြက်, ငှက်ဟူ၍၎င်း၊ အသိစိတ်ကိုပင်-သိကြား, ဗြဟ္မာဟူ၍၎င်း, သူဌေးသူကြွယ်ဟူ၍၎င်း၊ မင်း,ဆင်းရဲသားဟူ၍ ၎င်း ဖေါက်ပြန် မှားယွင်းစွာ စွဲယူကြလေကုန်သည့်အတွက်- သက္ကာယဒိဋ္ဌိသည် ရင်သန်ကြီးထွားကာ-ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် အပါယ်လေးပါးတွင် ဝင့်နွယ် ရှည်လျားမည် ဖြစ်ပေသည်။

**'ဝိညာဏံ အနတ္တာ'** ဝိညာဏ်ဟူသော-စိတ်ဟူသော 'သိသဘော' သည် ခန္ဓာငါးပါးတွင် အကြီးအမှူး အအုပ်အချုပ်ဖြစ်သောကြောင့်-သတ္တဝါတို့ သံသရာဝဋ်မှ-မလွတ်ရန်-အစွဲအယူများစေသည်မှာလည်း ဤစိတ်ဟူသော 'သိသဘော' ပင်ဖြစ်သည်၊ မဟာသတိပဋ္ဌာနသုတ်ပါဠိတော်တွင် ဧကာယနမဂ်ဟူသော နိဗ္ဗာန်သွားကြောင်း တကြောင်းထည်းသောလမ်းသို့ တန်းတန်းမတ်မတ် သွားရောက်နိုင်သောသတ္တဝါမှာ 'သတ္တာနံ ဝိသုဒ္ဓိယာ'အရ-သတိပဋ္ဌာန်ကြောင့်-သတ္တဝါတို့ ကိလေသာအညစ်အကြေးမှ စင်ကြယ်သည်ဟု ဆိုခြင်းထက်-'ကိလေသာ ဟူသော အပူအလောင် အညစ်အကြေးတို့ စင်ကြယ်သောသတ္တဝါဖြစ်မှ-သတိပဋ္ဌာန် ဧကာယနမဂ်လမ်းသို့ဝင်နိုင်ကြောင်း' စင်ကြယ်သော သတ္တဝါဖြစ်ဖို့လိုကြောင်း သတိပြုရာသည်၊ 'ကိလေသာ'ဟူသော အညစ်အကြေးသည်-စိတ်ဟူသော 'သိသဘော'တွင် ကပ်ရောက်သောကြောင့် စိတ်-အသိ စင်ကြယ်အောင်ပြုလုပ်၍ စင်ကြယ်မှ (သတ္တာနံ ဝိသုဒ္ဓိယာ) သတ္တဝါစင်ကြယ်မည်, စင်ကြယ်သော သတ္တဝါဖြစ်မည်။

'စိတ္တသံကိလေသာ ဘိက္ခဝေ သတ္တာ သံကိလိဿန္တိ၊
စိတ္တဝေါဒါနာ သတ္တာ ဝိသုဇ္ဈန္တိ'

(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်-၁၂၃)

'ဘိက္ခဝေ-ချစ်သားတို့၊ စိတ္တသံကိလေသာ-အသိဟူသော (စိတ်)ညစ်နွမ်းခြင်းကြောင့်၊ သတ္တာ-သတ္တဝါတို့

သည်၊ သံကိလိဿန္တိ-ညစ်နွမ်းကုန်၏၊ စိတ္တဝေါဒါနာ-
စိတ်ဖြူစင်ခြင်းကြောင့်၊ သတ္တာ-သတ္တဝါတို့သည်၊
ဝိသုဇ္ဈန္တိ-ဖြူစင်ကုန်၏’

ယင်းသို့-အရေးပါလှသော ခန္ဓာငါးပါးတွင် အကြီးအမှူး အအုပ်အချုပ်ဖြစ်သော ‘ဝိညာဏ်, စိတ်’ ဟူသော သိသဘောသည်-ခေါင်းဆောင်ဖြစ်သည်အားလျော်စွာ မည်မျှ-အားကိုးလောက်စရာ ခိုင်မာတောင့်တင်းသနည်း—ခန္ဓာငါးပါးတွင် အကြီးအမှူး အအုပ်အချုပ်လုပ်နေသော ထို(စိတ်)အသိသည် မိမိ၌ ခိုင်မာသော-အနှစ်ရှိသော-အစိုးရသော သဘောတရားဟူ၍ ဘာမျှမရှိကြောင်းမိမိက အုပ်ချုပ်သည် ဆိုစေကာမူ-မိမိကိုယ်မိမိ မအုပ်ချုပ်နိုင်-အစိုးမရနိုင်-မိမိ၏အလိုသို့မလိုက်သော သူ့သဘောဖြစ်ပုံများကိုတွေ့မြင်သိရှိထားသော မြတ်စွာဘုရားသည်—

‘ဘိက္ခဝေ-ချစ်သားတို့၊ ယသ္မာ စ ခေါ-အကြင် အနှစ်သာရမရှိခြင်း, အစိုးမရခြင်း, မိမိအလိုသို့မလိုက်ခြင်း အစရှိသောသဘောကြောင့်သာလျှင်၊ ဝိညာဏံ-ဝိညာဏ်, စိတ်ဟု ဆိုအပ်သော-သိသဘောသည်၊ အနတ္တာ-အနှစ်သာရရှိသောတရားမျိုး မဟုတ်ခဲ့ချေ၊ အနတ္တာ-အစိုးရသောတရားမျိုး မဟုတ်ခဲ့ချေ၊ အနတ္တာ-မိမိအလိုသို့ လိုက်ပါသောတရားမျိုး မဟုတ်ခဲ့ချေ၊ တသ္မာ-ထိုသို့ အနှစ်သာရမရှိခြင်း, အစိုးမရခြင်း, မိမိအလိုသို့မလိုက်ခြင်း အစရှိသောသဘောကြောင့်သာလျှင်၊ ဝိညာဏံ-ဝိညာဏ်,

စိတ် ဟူသော-သိသဘောသည်၊ အာဗာဓာယ-စိတ် ကို မွှေနှောက် ချောက်ချားနှိပ်စက်ခြင်းငှါ၊ သံဝတ္တတိ-ဧကန်စင်စစ် အမှန်ဖြစ်၏၊ မေ-ငါ၏၊ ဝိညာဏံ-သိသဘောသည်၊ ဧဝံ-ဤသို့ အနှစ်သာရရှိခြင်း,အစိုးရခြင်း, မိမိအလိုသို့လိုက်ခြင်း အစရှိသော သဘောသည်၊ ဟောတု-မိမိဆန္ဒအရ ဖြစ်ပါစေသား....၊ မေ-ငါ၏၊ ဝိညာဏံ-သိသဘောသည်၊ ဧဝံ-ဤသို့ အနှစ်သာရမရှိခြင်း, အစိုးမရခြင်း, မိမိအလိုသို့မလိုက်ခြင်း စသော သဘောသည်၊ မာအဟောသိ-မဖြစ်ပါစေသား....၊ ဣတိ-ဤသို့ ပိုင်းခြား စိတ်၏အလိုဆန္ဒအားဖြင့် ဝိညာဏေ သိသဘော၌၊ န စ လဗ္ဘတိ-တောင့်တလင့်ဆို အလိုရှိတိုင်း မဆိုင်း မတွှ မရအပ်သည်သာတည်း-’

ဤ ဝိညာဏ်ဟူသော, စိတ်ဟူသော-သိသဘော၏ (အတ္တ) ငါစိုးငါပိုင် မဟုတ်ပုံ-အစိုးမရ အနတ္တဖြစ်ပုံကို ဖော်ထုတ်ရာ၌-သိသဘောဟူသည်-‘အာရမ္မဏံ စိန္တေတီတိ စိတ္တံ’ ဟူသောသဘောအရ-အာရုံနှင့် ဝတ္ထု တိုက်ဆိုမှု ရမှ-တနည်း-မြင်တတ်သော သဘောနှင့် မြင်အပ်သောအာရုံ တိုက်ဆိုမှ ‘မြင်သိ’ ဖြစ်လာရကား-သူတပါး အထောက်အပံ့ အကူအညီမရပဲ သူ့သဘောအလျောက် ဖြစ်သော-တနည်း-ငါ့သဘောအရ ဖြစ်သောတရား မဟုတ်ခဲ့ချေ အာရုံနှင့် ဝတ္ထု တိုက်ဆိုမှုမရက-အလိုအလျောက် မဖြစ်သောတရားမျိုးသာဖြစ်၍-အစိုးရသည်, မိမိအလိုအရ ဖြစ်သည်မဟုတ်ပေ၊ အကယ်၍-မိမိခန္ဒာမှာဖြစ်၍-အစိုးရသည်, မိမိ

အလိုအတိုင်း ဖြစ်သည်ဆိုငြားအံ့-ဤ သိမှု သဘောတရားသည်-မိမိဟူသော သင်ချစ်သားတို့၏စိတ်ကို မွေနှောက်ချောက်ချား နှိပ်စက်သောအားဖြင့် မညှဉ်းဆဲတန်ရာ-

*.... သင်ချစ်သားတို့၏ စိတ်သဘော အလိုဆန္ဒအတိုင်းသာ ဖြစ်ရာ၏။

*.... သင်ချစ်သားတို့၏ စိတ်သဘောဆန္ဒအရ မဖြစ်စေလို့သောသဘောအတိုင်း မဖြစ်ပဲသာ ရှိလေရာ၏။

ယင်းသို့ကား မဟုတ်ခဲ့ချေ၊ အဟုတ်ကေန် ဖြစ်ရပ်မှန်ကား—

*.... သင်ချစ်သားတို့၏ စိတ်သဘောဆန္ဒအတိုင်း-ဖြစ်စေလို့သောသဘောကား-မဖြစ်ခဲ့ချေ။

*.... သင်ချစ်သားတို့၏ စိတ်သဘောဆန္ဒအတိုင်း-မဖြစ်စေလိုသောသဘောကား-တားမနိုင်, ဆီးမရ ဘယ်သူ့ကိုမျှ မညှာမတာ ဖြစ်တတ်စွာ၏။

သို့ဖြစ်လေသောကြောင့် အာရုံကိုသိတတ်သော သဘောတရားသည်-အနှစ်သာရ အမာခံသဘောမျိုး မဟုတ်လေသောကြောင့် အနတ္တစင်စစ် ကေန်ဖြစ်၏၊ အစိုးတရပြုလုပ်နိုင်သောသဘောမျိုးမရှိ၊ အစိုးတရ ပြုလုပ်ထိုက်သောတရားမျိုး မဟုတ်သောကြောင့် အနတ္တစင်စစ် ကေန်ဖြစ်၏။

**'သဗ္ဗညု၏ အတ္တဝါဒ'** မြတ်စွာဘုရား၏ အနတ္တဝါဒကို ကြေညာ ဟောကြားရုံဖြင့် သဘော ယုတ္တိ မိလိုမှ မိမည် အနတ္တဝါဒကို ဆန့်ကျင်ကာ ပြိုင်ဖက် အတ္တဝါဒနှင့် နှိုင်းယှဉ်မှ-အမှန်ကို အမှန်အတိုင်း သဘောမိနိုင်ကြမည် ဖြစ်သည်၊ အမှန်မှာ မြတ်စွာဘုရား၏ အနတ္တဝါဒကို ပြိုင်ရန် အတ္တဝါဒ ပေါ်လာသည်ကားမဟုတ်၊ ဤကျမ်းစာ အစ၌ ဖေါ်ပြခဲ့သည့်အတိုင်း-အတ္တဝါဒသည်သာ-သာသနာပ-သာသနာ တွင်း အမြဲရှိနေသည်-အနတ္တဝါဒမှာ-မြတ်စွာဘုရားတို့ ပွင့်တော်မူရာ သာသနာတွင်းတွင်မှ-အနတ္တဝါဒ ရှိလေသည်၊ အနတ္တဟု သိခွင့်ရလေသည်၊ တနည်း—သမ္မောအဋ္ဌကထာအဆိုအရ-မြတ်စွာ ဘုရားတို့ လောက၌ ဖြစ်ထွန်းပေါ်ပေါက်လာသည်မှာ အနတ္တ သာသနာအတွက် ဖြစ်သည်ဟု-အဆိုရှိလေသောကြောင့် ဘုရား မပွင့်သောကာလတွင်-အတ္တဝါဒသာရှိလေသည်-ပညာရှိတို့ဆိုရာ၌ အတ္တဝါဒကို အခိုင်အမာကိုင်စွဲဟောကြားနိုင်လျှင်-ဂိုဏ်းဆရာကြီး တဆူ ဖြစ်နိုင်ကြသည်၊ အတ္တဝါဒကို=သဿတ, ဥစ္ဆေဒ, အမရာ- ဝိက္ခေပ,ဧကစ္စသဿတ ဝါဒမှစ၍-နိယတမိစ္ဆာဒိဋ္ဌိအဖြစ်သို့ရောက် အောင် လေ့လာဆည်းပူးကြ၍ ဂိုဏ်းဆရာကြီးအသီးသီးဖြစ်ကြသူ တို့တွင်-အသက်လည်းကြီး,ပညာဝါလည်းရင့်လျက်, တပည့်လိစ္ဆဝီ မင်းသားများစွာ အခြံအရံလည်းရှိ၍—

'ပညာယ–သင်ကြားဆည်းပူး လေ့လာ ထား သော ပညာဖြင့်၊ အတိပူရိတတ္တာ-အလွန်အလွန် ပြည့်၍နေသော ကြောင့်၊ မေ-ငါသစ္စက မဟာပညာကျော်၏၊ ကုစ္ဆိ-

ဝမ်းဗိုက်သည်၊ ဘီဇွေယျာတိ-ဝမ်းတွင်းရှိပညာတို့ တွန်းကန်မှုကြောင့် ပေါက်ကွဲကုန်လိမ့်မည်ဟု၊ ဘီတော-ကြောက်သည်ဖြစ်၍၊ ဝါ-ပညာအိုးကြီး ကွဲမှာကြောက်သောကြောင့်၊ အယပဋ္ဋေန-သံပြားခါးပတ်ဖြင့်၊ ကုစ္ဆိံ-ဝမ်းဗိုက်ကို၊ ပရိက္ခိပိတွာ-ရစ်ပတ်ဖွဲ့ချည်၍၊ စရတိ-စိတ်ချလက်ချ သွားလာလှည့်လည်၏’

(မူလပဏ္ဏာသဋ္ဌကထာ-၁၇၂)

ဤကဲ့သို့ မဟာပညာကျော်လည်း ဖြစ်သော ဝါဒတူသူမတူသူတို့ကို ပြင်းပြင်းထန်ထန် ဝေဖန်ရှု၍-ကြောက်လန့်တုန်လှုပ်သွားအောင်လည်း ရက်စက်လှသော ယှဉ်ပြိုင်မည့်သူ ထွက်မပြူသဖြင့် တဆူထည်းသော အထွဋ်အထိပ်အတ္တဝါဒပိုင်ရှင်ဖြစ်သော ‘အဂ္ဂိဝေဿန’ အမည်ရသည့် သစ္စကဆရာကြီးသည် ဝေသာလီပြည်တွင် နေသည်၊ ယင်းတို့၏ အတ္တဝါဒ ထွန်းကားကြီးကျယ်ရာလောကအတွင်း သို့-ဗုဒ္ဓရှင်တော်ဘုရားသည် ‘အနတ္တဝါဒ’ လက်နက်ကို အခိုင်အမာ ကိုင်စွဲလျက် ဝင်ရောက်လာပြီးလျှင်-ခန္ဓာ၏ ပင်ရင်းသဘာဝအနတ္တကို ထောက်ပြညွှန်ကြားလေရာ-ပဉ္စဝဂ္ဂီတို့မှ စ၍-အနတ္တဝါဒမှန်ကို ဉာဏ်သက်ဝင်သူ တိုးတက်များပြားလာသည်နှင့် ဝေသာလီပြည် မဟာဝုန်တော ပြသာဒ်ကျောင်းသို့ ကြွချီသီတင်းသုံး၍နေတော်မူလေသည်။

ထိုအချိန်တွင် အတ္တဝါဒခေါင်းဆောင် သစ္စကဆရာကြီးသည် အညောင်းပြေလမ်းလျှောက်လာရာမှ ရှေးဦးစွာ အနတ္တသဘော

ပေါက်လာသော ပဉ္စဝဂ္ဂီအဖွဲ့သား အငယ်ဆုံး 'အဿဇိ'ထေရ် ဆွမ်းခံကြွသည်ကို မြင်၍-မိမိတို့ဖက်သား ပရိဗ္ဗိုဇ်များနှင့် လားလားမှ မတူသော ပုံပန်းအမူအရာ-စသည်ဖြင့် ခြားနားနေသော အရှင်အဿဇိသို့ကပ်၍ စုံစမ်း ထောက်လှမ်းသောအနေအားဖြင့် -

*.... 'အို-အဿဇိ ရဟန်းဂေါတမသည် တပည့်သာဝကတို့အား အဘယ်သို့အဆုံးအမများကို ဆုံးမပါသလဲ' ဟု မေးသောအခါ-အရှင်အဿဇိက—

*.... 'ချစ်သားတို့-ခန္ဓာငါးပါးသည် ပျက်တတ်သော သဘောရှိ၏၊ ခန္ဓာငါးပါးသည်-ငါပဲ့ သူပဲဟု သိရမှတ်ရလောက်သော အခိုင်အမာ 'အတ္တ'မဟုတ်၊ အလုံးစုံသော ရုပ်သင်္ခါရ, နာမ်သင်္ခါရ အားလုံးတို့သည် မမြဲ ပျက်ကုန်၏၊အားလုံးသော သင်္ခါရမှန်သမျှသည် အခိုင်အမာ 'အတ္တ'ဟူသော သဘောတရားလုံးဝမဟုတ်'

ဟု အရှင်အဿဇိ၏ အဖြေစကားကိုကြားရသော သစ္စကကြီးမှာ ထိတ်လန့်အံ့ဩစွာနှင့် -

*.... 'ဒုဿုတံ ဝတ ဘော အဿဇိ အဿုမှ'

'မမြော်လင့်သောစကား, ကြား၍မလျော်သောစကားကို အဿဇိထံမှ ငါတို့ကြားကြရသည်'

*— အပ္ပေဝနာမ တသ္မာ ပါပကာ ဒိဋ္ဌိဂတာ ဝိဝေ-စေ ယျာမ’

‘ရှင်ဂေါတမအား ထိုသို့ယုတ်ညံ့သော အနတ္တဝါဒ ဒိဋ္ဌိအယူမှ-ကင်းဆိပ်စေနိုင်ကောင်းပါရဲ့’

ဟု ငြိးတွားသည်၊ အတိုဆုံးချုပ်၍ လိုသည်ကိုသာ ဖော်ပြရလျှင်- မြတ်စွာဘုရားနှင့် မဟာဝုန်တောတွင်တွေ့ဆုံ၍ ဝါဒပြိုင်ပွဲ စတင် သောအခါဖြစ်သည်၊ သစ္စကသည် လူကြီးလူကောင်း ပညာရှိပီပီ- ရှိသေစွာထိုင်၍ ၎င်းမေးမြန်းဆွေးနွေးလိုသောကိစ္စကို ရှေးဦးစွာ မြတ်စွာဘုရားထံမှာ ခွင့်တောင်းလေသည်၊ မြတ်စွာဘုရားကလည်း သဗ္ဗညုဘုရားတို့၏ခွင့်ပြုနည်းအတိုင်း –

*.... ‘ပုစ္ဆ အဂ္ဂိဝေဿန ယဒါကင်္ခသိ’

‘အဂ္ဂိဝေဿန သင်မေးလိုက မေးလော့’

ဟု ခွင့်ပြုလိုက်သောအခါ-သစ္စကသည် သူ၏အတ္တဝါဒ ထုတ်ဖော် ရတော့မည်ကို ကြိတ်၍ ဝမ်းသာလျက် အရှင်ဂေါတမကား- ဘယောက်ထည်း တပါးထည်း၊ ငါကား လိစ္ဆဝီတပည့်ငါးရာနှင့် ဖြစ်၍ မည်သည့်နည်းနှင့်မျှ မစိုးရိမ်မပူပန်ပဲ—

‘အရှင်ဂေါတမသည် တပည့်သာဝကတို့အား အဘယ် သို့ အဆုံးအမများနှင့် ဆုံးမပါသနည်း’

ယင်းသို့ မေးလျှောက်သောအခါ မြတ်စွာဘုရားက အရှင် အဿဇိ၏အဖြေအတိုင်း—

'သစ္စက-ငါသည် တပည့်သာဝကတို့အား-ချစ်သားတို့- ခန္ဓာငါးပါးသည် ပျက်တတ်သောသဘောရှိ၏၊ ခန္ဓာ ငါးပါးသည် ငါပဲ-သူပဲဟု သိရ မှတ်ရလောက်သော အခိုင်အမာ 'အတ္တမဟုတ်' အလုံးစုံသော ရုပ်သင်္ခါရ နာမ်သင်္ခါရ အားလုံးတို့သည် မမြဲကုန် ပျက်ကုန်၏၊ အားလုံးသော သင်္ခါရမှန်သမျှသည် အခိုင်အမာ'အတ္တ' ဟူသော သဘောတရားသည် လုံးဝမဟုတ်ချေ'

ဟု-မိန့်တော်မူသောအခါ သစ္စကက-

'အရှင်ဂေါတမ-ကျွန်ုပ် ဥပမာတခုပြောစမ်းပါရစေ လောကတွင် အားလုံးသော မျိုးစေ့ဟူသမျှ သစ်ပင် ပန်းပင်စသော အပင်ဟူသမျှ အားလုံးသည်-မြေကိုအမှီ ပြု၍-မြေ၌တည်ကာ ကြီးပွါးစည်ပင်ခြင်း ပြန့်ပြောခြင်း သို့ ရောက်ကြရကုန်သည်၊ ဤသို့လျှင် မျိုးစေ့အားလုံးနှင့် အပင်အားလုံးတို့သည် ကြီးပွါးစည်ပင်ပြန့်ပြောခြင်းသို့ ရောက်ကြရကုန်သကဲ့သို့၎င်း-နောက်တမျိုးအားဖြင့်— လောကတွင်-ကာယ,ဉာဏ အားအစွမ်းဖြင့် အလုပ်ကိစ္စ ဟူသမျှ ဆောင်ရွက်ကြသောသူတို့သည် မြေကိုအမှီပြု၍ မြေ၌တည်ကာ ပြုရလုပ်ရကုန်သကဲ့သို့၎င်း-ဤအတူ-

ရုပ်ကို ကိုယ်ဟု မှတ်ထင်ထားကြကုန်သော သတ္တဝါပုဂ္ဂိုလ်တို့သည်-ရုပ်၌တည်၍ ကုသိုလ် အကုသိုလ်ကို ပြုကြရကုန်၏၊ ခံစားခြင်း,မှတ်သားခြင်း,ပြုပြင်စေ့ဆော်ခြင်း-သိခြင်းရှိသော သတ္တဝါပုဂ္ဂိုလ်သည် ၎င်း၏ကိုယ်ဟု-ယူဆထားသော သိမှုတည်းဟူသော-အမာခံ အပေါ်တွင် အခိုင်အမာ'အတ္တ'ဟုယူ၍ ကုသိုလ် အကုသိုလ်တို့ကို ပြုကြရကုန်၏-ပွါးစီးကြရကုန်၏'

ဟု-အတ္တဝါဒကို တင်လာလေသည်။ သစ္စကာ၏ ဆိုလိုသော အဓိပ္ပါယ်မှာ—

'ဣမေသံသတ္တာနံ-ဤသတ္တဝါတို့အား၊ဣမေပဉ္စက္ခန္ဓာ-ဤခန္ဓာငါးပါးတို့သည်၊ ပထဝီဝိယ မြေကြီးကဲ့သို့၊ ပတိဋ္ဌာ-အခိုင်အမာတည်ထားကုန်၏၊ တေ-ထိုသူတို့သည်၊ ဣမေသု ပဉ္စသု ခန္ဓေသု-ဤခန္ဓာငါးပါးတို့၌၊ ပတိဋ္ဌာယ-အမာခံ အတ္တအနေတည်ထား၍၊ ကုသလာကုသလကမ္မံ-နာမ-ကုသိုလ် အကုသိုလ်ကံမည်သည်တို့ကို၊ အာယူဟန္တိ-ကြိုးစားအားထုတ်ကုန်၏၊ တုမှေဝ-အရှင်ဂေါတမတို့သည်သာလျှင်၊ရူပံ-ရုပ်ဟူသော အကောင်အထည်အမာခံသည်၊ ဝိဇ္ဇမာနမေဝ-ထင်ရှားရှိသည်သာလျှင်ဖြစ်သော၊ အတ္တာနံ-အတ္တကို၊ ပဋိသေဓေန္တော-မြစ်တားလျက်၊ ဝါ-ဖယ်လျက်၊ ပဉ္စက္ခန္ဓာအနတ္တာတိ-ခန္ဓာငါးပါးသည်-ငါဟူသော အမာခံအတ္တမျိုး မဟုတ်ဟူ၍၊ ဒီပေထ-

ပြတော်မူကြပေကုန်၏၊ ဤတိ-ဤသို့၊ အတိဝိယ-အလွန် လျှင်၊ သကာရဏံကတွာ-လုံလောက်သော အကြောင်း ယုတ္တိရှိသည်ကိုပြု၍၊ ဥပမံ-ဥပမာကို၊ အာဟရိ-ဆောင် လေပြီ'

(မူလပဏ္ဏာသဋ္ဌကထာ·၁၇၇)

သစ္စကဲ၏ဝါဒကို အဋ္ဌကထာဆရာ အဓိပ္ပါယ်ရှင်းပြချက်မှာ ပေါ်လွင်ပါသည်၊ သတ္တဝါတိုင်းတွင်-ဤရုပ်နာမ်ခန္ဓာ၏ ပရမတ် သဘောကို ဉာဏ်မရောက်ပါက-'ငါ့ကိုယ်,ငါ,ငါ့ဥစ္စာ'ဟု မြဲကြီး ကဲ့သို့ အခိုင်အမာ အတ္တအနေတွင်ထားကြမည်မှာ အမှန်ဖြစ်ပေ သည်၊ မိမိကိုယ်ကို အခိုင်အမာအတ္တအနေထားသဖြင့်သာလျှင် ဤလောကတွင်လည်း အသက်ရှည်ရန်,အနာကင်းရန် ဆုတောင်း သည်-အာယုဝဍ္ဎနစသော အသက်ရှည်ဆေးရှာကြသည်၊ ထွက်ရပ် ပေါက်ဆရာတွေ ရှာဖွေသည်၊ တမလွန်ဘဝ နောင်ကာလတွင် လည်း-လူ့ချမ်းသာ နတ်ချမ်းသာ ရလိုသည်-ဤလက်ရှိ ခန္ဓာ ငါးပါးနှင့် ရင်းနှီး၍ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို အခိုင် အမာထား၍ နောင်ဘဝ လူချမ်းသာ နတ်ချမ်းသာ ရရန် ပုညာဘိသင်္ခါရ စသော ကုသိုလ်ကံတွေကို လုပ်ကြသည်။

အရှင်ဂေါတမ-လောကကြီးထဲတွင်ရှိသော သတ္တဝါတို့မှာ ဤသဘောချည်း ဖြစ်နေပါလျက်-အရှင်ဂေါတမတို့ကသာ လောကတွင်ရှိသောသတ္တဝါတိုင်း အမာခံပြုထားသော 'အတ္တ'ကို

ပြောင်ပြောင်တင်းတင်း ပယ်ပြီး ဖယ်ပြီး-ခန္ဓာငါးသည် 'အနတ္တ' ဟု ယူခြင်းသည်-အံ့ဩစရာသာဖြစ်သည်၊ စင်စစ်မှာ ခန္ဓာငါးပါးသည် သူသူငါငါ တွေ့မြင်သိရှိနေရသော-အခိုင်အမာအားကိုးနေရသော 'အတ္တ'အစစ် ကေန်ဖြစ်၏'ဟု ဆိုလေသည်။

**'ငါတို့အစွဲ-အတ္တဘဲ'** ကျွန်ုပ်တို့ဝေဖန်မိသည်ကား-သစ္စကကြီး၏ စကားသည်-ဗုဒ္ဓဘုရား၏ အနတ္တဝါဒကို သဘောမပေါက်-ဉာဏ်မရောက်သေးသော သာမာန် ပုထုဇ္ဇန်တို့အတွက် ပြန်လှန် ငြင်းဝံ့သော, ငြင်းနိုင်သော စကားမျိုး မဟုတ်ချေ အဘယ့်ကြောင့်ဟူမူ-ကျွန်ုပ်တို့သည် ကမ္မဿကတာ သမ္မာဒိဋ္ဌိနှင့်သာမာန်ဗုဒ္ဓဘာသာတယောက်သာဖြစ်သောကြောင့် ပေတည်း၊ ထိုစကားမှန်၏၊ အမှန်ကိုထပ်ဆင့်၍ဆိုရလျှင်-ကျွန်ုပ်တို့သည် ယခုမှ-အတ္တဝါဒ,အတ္တဒိဋ္ဌိ,သက္ကာယဒိဋ္ဌိဖြုတ်ရန် အားထုတ်နေရဆဲဖြစ်၏၊ သက္ကာယဒိဋ္ဌိကိုဖြုတ်ရန် စိတ်မကူးသေးသော ပုထုဇ္ဇန်များ ဝိပဿနာဉာဏ်အဆင့်အတန်းမမှီသေးသော အားထုတ်ဆဲ ယောဂီများသည်ပင် အတ္တဒိဋ္ဌိ-သက္ကာယဒိဋ္ဌိနှင့်ပင် ရှိနေကြဦးမည်ဖြစ်သည်၊ ကျွန်ုပ်တို့သည် ဘုရားသာသနာတော်တွင်းသားများ ဖြစ်သောကြောင့် 'ကမ္မဿကတာသမ္မာဒိဋ္ဌိ, သစ္စာနုလောမိကသမ္မာဒိဋ္ဌိ' ၂-မျိုး ရနိုင်လေသည်-သာမာန်ဗုဒ္ဓဘာသာအနေနှင့်မူ-အတ္တဒိဋ္ဌိရှိနေလျှင် ကမ္မဿကတာသမ္မာဒိဋ္ဌိဖြစ်၍ အတ္တဒိဋ္ဌိကို ဝိပဿနာဉာဏ်နှင့် ဖြုတ်နိုင်လျှင်ကား သစ္စာနုလောမိကသမ္မာဒိဋ္ဌိဖြစ်ပေသည်၊ သို့ကြောင့်-

‘တတ္ထ ပုထုဇ္ဇနော ဒုဝိဓော ဟောတိ ဗာဟိရကော သာသနိကော စ၊ တတ္ထ ဗာဟိရကော ကမ္မဝါဒီ ကမ္မဿကတာဒိဋ္ဌိယာ သမ္မာဒိဋ္ဌိ ဟောတိ၊ နော စ သစ္စာနုလောမိကာယ အတ္တဒိဋ္ဌိ ပရာမာသကတ္တာ၊ သာသနိကော ဒွိဟိပိ’

(မူလပဏ္ဏာသဋ္ဌကထာ ၂၀၀)

‘တတ္ထ-ထိုပုဂ္ဂိုလ်တို့တွင်၊ ပုထုဇ္ဇနော ပုထုဇ္ဇန်သည်၊ ဗာဟိရကော စ-သာသနာပပုထုဇ္ဇန်ရင့်း၊ သာသနိကော စ-သာသနာတွင်းပုထုဇ္ဇန်ရင်း၊ ဒုဝိဓော-နှစ်မျိုးရှိပြန်သည်၊ ဟောတိ-ဖြစ်၏၊ တတ္ထ-ထိုပုထုဇ္ဇန်နှစ်မျိုးတို့တွင်၊ ကမ္မ-ဝါဒီ-ကံကို အယူရှိသော၊ ဗာဟိရကော-သာသနာပ ပုထုဇ္ဇန်သည်၊ ကမ္မဿကတာဒိဋ္ဌိယာ-ကံသာလျှင် မိမိဥစ္စာ ရှိ၏ဟု မြင်သိသောအယူကြောင့်၊ သမ္မာဒိဋ္ဌိ-နိယတ မိစ္ဆာဒိဋ္ဌိကြီးတို့နှင့် နှိုင်းစာမူ-သမ္မာဒိဋ္ဌိပုဂ္ဂိုလ်ဆိုလောက် သေးသည်၊ ဟောတိ-ဖြစ်၏၊ နော စ သစ္စာနုလောမိ-ကာယ-သစ္စာလေးပါးနှင့်လျော်သောအကျင့်ရှိ၍ သမ္မာ ဒိဋ္ဌိပုဂ္ဂိုလ်ဟု ခေါ်ဆိုရသည်မဟုတ်၊ ကသ္မာ-အဘယ့် ကြောင့် နည်း ဟူမူကား - အတ္တဒိဋ္ဌိပရာမာသကတ္တာ-မဂ်လမ်း ဖိုလ်လမ်း နိဗ္ဗာန်လမ်းကို ပိတ်ကာဆားသည့် ငါငါ ထင်ချက် သက္ကာယဒိဋ္ဌိအယူ၏ မူလအမြစ်ကြီးဖြစ်ပေ သော အတ္တဇီဝံ စသော အသက်ဝိညာဏ် အယူများကို

သုံးသပ်လျက် ထားသောကြောင့်ပေတည်း၊ သာသနိ-
ကော-သာသနာတွင်းပုထုဇ္ဇန်သည်၊ ဒွိဟိပိ-ကမ္မဿကတ-
သမ္မာဒိဋ္ဌိ,သစ္စာနုလောမိကသမ္မာဒိဋ္ဌိ နှစ်မျိုးတို့ဖြင့်လည်း၊
သမ္မာဒိဋ္ဌိ-မှန်သောအမြင်သည်၊ ဟောတိ-ဖြစ်၏'

အဋ္ဌကထာ အဆိုအရ-သာသနာပ ပုထုဇ္ဇန်သည်-ကံကို အတ္တ
အနေ အားကိုးယုံကြည်၍ ပြုတတ်သော ကမ္မဿကတသမ္မာဒိဋ္ဌိ
တခုသာရသည်၊ သစ္စာလေးပါး အမှန်တရားနှင့် လျော်သော
သမ္မာဒိဋ္ဌိဟူသော အမှန်မြင်ကို မရချေ၊ အဘယ့်ကြောင့်နည်း....
မဂ်လမ်း ဖိုလ်လမ်း ပိတ်တတ်သည့် သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိကို
သုံးသပ်သိမ်းပိုက်၍ထားသောကြောင့်ဖြစ်သည်၊ ၎င်းကို သမ္မာဒိဋ္ဌိ
ဆိုရသည်မှာ ကံကိုပယ်ခြင်း, အကျိုးကိုပယ်ခြင်း, ကံနှင့်အကျိုးကို
ပယ်ခြင်းဟူသော နိယတမိစ္ဆာဒိဋ္ဌိအယူကြီးတို့နှင့် နှိုင်းစာလိုက်
ပါက-ကံကို ယုံကြည်မှုကလေးရှိသေး၍-သမ္မာဒိဋ္ဌိပုဂ္ဂိုလ် ဆိုထိုက်
သေး၏၊ သစ္စာလေးပါးကိုသိ၍ သမ္မာဒိဋ္ဌိဟု ဆိုလိုက်သည်
မဟုတ်ချေ။

သာသနာတွင်း ကျွန်ုပ်တို့ကဲ့သို့သော ပုထုဇ္ဇန်မှာ သမ္မာဒိဋ္ဌိ-
နှစ်မျိုးလုံးပင် ရထိုက်ပါသည်၊ ရနိုင်ပါသည်၊ ကံ ကံ၏အကျိုးကို
ယုံကြည်၍-သက္ကာယဒိဋ္ဌိပြုတ်သော ဝိပဿနာ အားမထုတ်လျှင်
သာသနာပပုထုဇ္ဇန်တို့ရအပ်သော ကမ္မဿကတာသမ္မာဒိဋ္ဌိ ဖြစ်ပေ
သည်၊ သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိ-ပြုတ်နိုင်လျှင်ကား သစ္စာနု-

လောမိကသမ္မာဒိဋ္ဌိဟူသော သာသနာတွင်း သမ္မာဒိဋ္ဌိကို ရမည် ဖြစ်သည်။

ထိုကြောင့် ကမ္မဿကတသမ္မာဒိဋ္ဌိ အနေ-အတ္တဒိဋ္ဌိ အနေနှင့် ကြည့်လျှင် သစ္စက၏ အတ္တဝါဒသည်၊ အတ္တမပြုတ်သေးသော ကျွန်ုပ်တို့ သာမာန်ပုထုဇ္ဇန်၏ ဗုဒ္ဓဘာသာဝါဒမျိုး ဖြစ်လေသည်၊ မြတ်စွာဘုရား၏ အနတ္တ ဉာဏ်မျက်စေ့နှင့်ကြည့်မှ·အလွန် မဟုတ် မမှန်သောဝါဒ ဖြစ်နေလေသည်၊ ဗုဒ္ဓဘာသာမည်ကာမတ္တအနေ နှင့်ကား ထိုသစ္စက၏ဝါဒကို ပြန်လှန်၍မငြင်းဝံ့ချေ၊ထို့ကြောင့်—

'သဗ္ဗညုဗုဒ္ဓတော အညော တဿ ကထံ ဆိန္ဒိတွာ ဝါဒေ ဒေါသံ ဒါတုံ သမတ္ထောနာမ နတ္ထိ'

'အလုံးစုံသော တရားအပေါင်းကို သိတော်မူသော မြတ်စွာဘုရားကို ဖယ်ထား၍-တပါးတခြားသောသူသည် ထိုသစ္စက၏ အတ္တဝါဒစကားကို ဖြတ်တောက်ကာ ၎င်း ဝါဒ၏ အပြစ်ကို ထောက်ပြသောအားဖြင့် တားမြစ် ကန့်ကွက် အငြင်းထွက်နိုင်သောသူ မရှိချေ'ဟု—

အဋ္ဌကထာ-၁၇၇ တွင် ပြဆိုထားပေသည်။

**'အစိုးမရ-အနတ္တ'** အဋ္ဌကထာဆရာ ပြသောအတိုင်း မြတ်စွာဘုရားမှ တပါး အခြားသောသူ တစုံတယောက်သည် သစ္စက၏ အတ္တဝါဒ ချေဖျက်ခြင်းငှါ မစွမ်း

နိုင်ရာ၊ အဘယ့်ကြောင့်နည်း....အတ္တဝါဒကို-အနတ္တဝါဒနှင့်သာ တိုက်ဖျက်ရမည်ဖြစ်သောကြောင့်တည်း။

'အနတ္တာနုပဿနံ ဘာဝေန္တော အတ္တသညံ့ ပဇဟာတိ'

(ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ-၂၆၄)

'ရုပ်နာမ်သင်္ခါရတို့၏ အနှစ်သာရ အမာခံမရှိ-အစိုးမရသော အနတ္တာနုပဿနာ ပွါးစေသော ယောဂီအား ဝါ-ယောဂီသည်၊ အတ္တဟု-အခိုင်အမာအကောင်အထည် ဟု မှတ်မှားခြင်း,နှလုံးသွင်းခြင်း'အဘိနိဝေသ'ကို ပယ်၏'

အဓိပ္ပါယ်မှာ-အနတ္တာနုပဿနာကို အဖန်ဖန် အထပ်ထပ် မပြတ်မလပ်အားထုတ်လျှင်-အတ္တသညာ အကောင်အထည်မှတ်မှု, အခိုင်အမာထင်မှု, အနှစ်သာရဟု စွဲယူမှုတို့ကို ပယ်နိုင်သတ်နိုင် ကြောင်း-ဖေါ်ပြသောစကားရပ်ဖြစ်ပေသည်၊ ထို့ကြောင့် သစ္စက သည် အတ္တဝါဒရှင်ဖြစ်၍ ဗုဒ္ဓဘုရားသည် အနတ္တဝါဒ၏ အရှင် ဖြစ်ပေရကား-သဗ္ဗညု ဘုရားရှင်တို့သည်သာလျှင်-ထို အတ္တဝါဒကို တိုက်ခိုက်ဖြိုခွင်းရန် အနတ္တလက်နက်ရှိသောကြောင့်ဖြစ်လေသည်၊ ဆက်ဦးအံ့—

သစ္စကသည်-'ခန္ဓာငါးပါးသည် အကောင်အထည်အတ္တဖြစ်၍ ထို အကောင်အထည်ကိုမှီ၍, ဝါ-အကြောင်းပြု၍ ကုသိုလ် အကုသိုလ် ပွါးစီးကြကြောင်း-အကယ်၍ ခန္ဓာငါးပါးသည် အခိုင်

အမာအတ္တ မဟုတ်ခဲ့သော်-အဘယ်သတ္တဝါသည်-အဘယ်၌တည်၍ အဘယ်ကုသိုလ် အကုသိုလ်ကံမျိုး ပွါးစီးနိုင်လိမ့်မည်နည်း' ဟု အခိုင်အမာဆိုလေသည်တွင် မြတ်စွာဘုရားက=

*.... သစ္စက 'ခန္ဓာငါးပါးသည် ငါ၏ အခိုင်အမာအတ္တ တည်း'ဟု ဆိုသလောဟူ၍ မေးရာ·သစ္စကသည်-ထိတ်လန့်သွား၍ 'ငါ့ကို အခိုင်အမာထပ်မေးခြင်းသည် ငါ့ကို ချည်နှောင်ခြင်းဖြစ် မည်၊ သို့ဖြစ်လေသော်-ငါ့ချည်း အချည်မခံ-လိစ္ဆဝီပရိသာတ်ပါ ပါအောင်ဆွဲမည်'ဟု စိတ်ကထား၍-

*.... အိုရှင်ဂေါတမ-'ခန္ဓာငါးပါးသည် ငါ၏ အခိုင်အမာ အတ္တတည်း'ဟု အကျွန်ုပ်လည်းဆိုသည်·ဤပရိသာတ် များလည်း ဆိုပါသည်ဟု လျှောက်သော်-ဘုရားက-

*.... သစ္စက-'အခြားသူများနှင့် ငါသည် စကားပြောနေ သည်မဟုတ်-သင်နှင့်သာ စကားပြောနေခြင်းကြောင့်· သင့်ဝါဒသာ သင်ပြောပါ'ဟုဆိုသော် သစ္စကသည် ရှောင်၍မရသဖြင့်-

*.... အိုရှင်ဂေါတမ·'မှန်ပါသည်-ခန္ဓာငါးပါးသည် ငါ၏ အခိုင်အမာအတ္တတည်း'ဟု ဆိုပါသည်၊ ဟူ၍ ဖြောင့် ချက်ပေးသဖြင့် မြတ်စွာဘုရားက-

*… သစ္စက-'ထိုသို့ဖြစ်လျှင် သင့်ကိုတဖန် ငါမေးပြန်အံ့-သင်သဘောကျသလို ဖြေနိုင်သည်၊ သာဝတ္ထိပြည်က ပသေနဒီကောသလမင်း, ရာဇဂြိုဟ်ပြည်က အဇာတသတ်မင်းတို့သည် ဦးခေါင်း၌ အဘိသိက် သွန်းလောင်းကာ မင်းအဖြစ် တင်မြှောက်ထားသော ကြောင့်-ထိုရေမြေအရှင်ဖြစ်သော မင်းအား-မိမိ တိုင်းပြည်နိုင်ငံတွင်-သတ်ဖြတ်ညှဉ်းဆဲထိုက်သူကို သတ်ဖြတ်ညှဉ်းဆဲစေရန်ငှင်း, ဥစ္စာသိမ်းယူထိုက်သူကို ဥစ္စာသိမ်းယူစေရန်ငှင်း, တိုင်းပြည်မှနှင်ထုတ်ထိုက်သူကို နှင်ထုတ်စေရန်ငှင်း-အမိန့်အာဏာထားနိုင်သလော'ဟုမေးရာ—

*… အို အရှင်ဂေါတမ-'သာဝတ္ထိပြည် ကောသလမင်း, ရာဇဂြိုဟ်ပြည် အဇာတသတ်မင်းတို့သည် ထင်ရှားသောမင်းကြီးများ ဖြစ်ပါသည်၊ ထိုမင်းတို့ကို မဆိုထားဘိ-ဝဇ္ဇီတိုင်း အစိုးရ၊ မလ္လာတိုင်း အစိုးရဟူသော ဤလိစ္ဆဝီမင်းငယ်တို့သော်မှ-အထက်ပါ အာဏာများထားနိုင်ပါလျှင် ကောသလမင်းကြီး, အဇာတသတ်မင်းကြီးတို့မှာ ဆိုဖွယ်ရာမရှိ-ကောင်းစွာအမိန့်အာဏာထားနိုင်ပါကုန်၏'ဟု လျှောက်သော အခါ-မြတ်စွာဘုရားက—

*… သစ္စက-ယင်း ဥပမာအတိုင်း ခန္ဓာငါးပါး၌ ရုပ်ကို (အတ္တ) ငါပိုင်,ငါဆိုင် အစိုးရသည်-အာဏာထားနိုင်

သည်ဖြစ်သော်-'ငါ၏ရုပ်သည်-ဤလို လှလှပပဖြစ်စေ၊ ငါ၏ရုပ်သည်-ဤလို မလှမပမဖြစ်စေနှင့်'ဟု-သင့်ကိုယ်သင် အမိန့်အာဏာ ပေးနိုင်သလော-ဟု မေးတော်မူရာ–သစ္စကသည် ငြိမ်သက်စွာ နားထောင်နေသောရှင်း၏နောက်လိုက် လိစ္ဆဝီမင်းသားတို့ကို တချက်မျှစောင်းငဲ့၍ ကြည့်ရှုလိုက်ပြီးလျှင် 'ဤမေးခွန်းသည်ငါ့အား စိတ်ဆင်းရဲလေစွ၊ ငါကား-ရုပ်သည် မိမိအာဏာပေးနိုင်သော အတ္တဟု ဇွတ်ပြောချေက-သင့်နောက်လိုက် လိစ္ဆဝီတို့ကို ကြည့်လော့-သင်လည်းလိစ္ဆဝီတို့ကဲ့သို့ လှချင်ပချင်ပေလိမ့်မည်၊ သို့အတွက်ငါအစိုးရသောရုပ်သည် လှစေ,ပစေ'ဟု အမိန့်အာဏာထားခိုင်းလျှင် ငါခက်ချေတော့မည်၊ အစိုးတရအာဏာထားနိုင်သောအတ္တ မဟုတ်ပါဟုဆိုလျှင်လည်းရှင်ဂေါတမကို ထောက်ခံရာကျတော့မည်၊ သို့အတွက်အတ္တ, အနတ္တ လုံးဝစကားမပြောကြားတော့ပဲ စကားမပြော တုဏှိဘောဖြင့်သာ နေလေသည်။

မြတ်စွာဘုရားသည် ဒုတိယမ္ပိ-နောက်ထပ်တဖန် တိုက်တွန်းပြန်ပါသော်လည်း သစ္စကကား စကားတုံ့ပြန် မကြားဟန်ဖြင့်နေမြဲသာနေလေသည်တွင် မြတ်စွာဘုရားက 'သစ္စက-ဤအချိန်သည် သင့်အား တိတ်တိတ်နေရန် အချိန်အခါမဟုတ်ပေ၊ ငါဘုရားသည် အကြောင်းအားလျော်စွာ တရားသဖြင့် သုံးကြိမ်တိုင်အောင် မေးပါသော်လည်း ငါဘုရားကို အရေးမထား

မလေးစားက-ထိုသူ၏ ဦးခေါင်းသည်၊ ခုနစ်စိပ် ကွဲရာ၏-ဟု မိန့်တော်မူစဉ်—

သိကြားမင်းသည် ဘီလူး၏ အသွင်ဖြင့် ရဲရဲပြောင်ပြောင် တောက်လောင်သောမီးလျှံရှိသော ဝဇီရစိန်လက်နက်ကို ကိုင်စွဲလျက်-သစ္စကမြင်လောက်ရာ-ကောင်းကင်တွင်ရပ်လျက်-သစ္စက၏ ဦးခေါင်းကို ပစ်အံ့သောငှါ ချိန်ရွယ်ထားလေသည်၊ ထိုအဖြစ်ကို ဘုရားနှင့် သစ္စက ၂-ဦးသာ မြင်ကြရ၏၊ လိစ္ဆဝီမင်းသားတို့ မသိမမြင်ပေ၊ ထိုအခြင်းအရာ ထိုမြင်ကွင်းကြောင့် သစ္စကမှာ ကြောက်ရွံ့ ထိတ်လန့်ကာ ကြက်သီးမွေးညှင်းများထလျက်-ဤ နေရာတွင် မြတ်စွာဘုရားသာလျှင် အားကိုးရာ-အားထားရာ ရှိတော့သည်’ဟု ကြံလျက်—

*.... အရှင်ဂေါတမ မေးပါလော့ ကျွန်ုပ်ဖြေပါတော့အံ့-ဟု လျှောက်လေသော် ဘုရားက....

*.... သစ္စက-ခန္ဓာငါးပါးကို မိမိအတ္တအနေနှင့် အစိုးတရ အမိန့်အာဏာထားနိုင်သလော—

*.... အရှင်ဂေါတမ-အမိန့်အာဏာမထားနိုင်ပါ....

*.... သစ္စက-ဖေါက်ပြန်မှု (ရုပ်)သည် မြဲသလော, မမြဲသလော....

*.... အရှင်ဂေါတမ-ဖေါက်ပြန်မှုသည် မမြဲပါ...

*.... သစ္စက-မမြဲသော ဖေါက်ပြန်မှုသည် ဆင်းရဲလော, ချမ်းသာလော....

*.... အရှင်ဂေါတမ-ဆင်းရဲပါသည်....

*.... သစ္စက-မမြဲခြင်း,ဆင်းရဲခြင်း,ဖေါက်ပြန်ပြောင်းလဲခြင်း ရှိသော သဘောကို ငါ့ဥစ္စာ, ငါ, ငါ၏အနှစ်သာရ အတ္တဟု ရှုမြင်ခြင်းငှါ သင့်ပါမည်လော....

* ... အရှင်ဂေါတမ-မသင့်လျော်ပါ....

(ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့ကိုလည်း ဤအတိုင်း အမေးအဖြေပြု၍ ဟောထားသည်၊ ကျွန်ုပ်၏ လိုအပ်ချက်သည် ဤမျှ အထိသာဖြစ်၍ အမိပ္ပါယ်နှင့် ရှင်းလင်းပေအံ့)

သစ္စကကို ဆက်လက်ဟောသောတရားသည်၊ ပဥ္စဝဂ္ဂီတို့အား ဟောသော အနတ္တလက္ခဏာသုတ်အတိုင်းဖြစ်၍ 'ဝေယျာကရဏ တိပရိဝဋ္ဋ'ဒေသနာမျိုးဖြစ်လေသည်၊ ပဥ္စဝဂ္ဂီတို့မှာ-တရားအဆုံး တွင် ရဟန္တာများဖြစ်ကြ၍-သစ္စကမှာ-သောတာပန်ပင်မဖြစ်ချေ၊ အဘယ့်ကြောင့်နည်းဟု ကျွန်ုပ်တို့ စူးစမ်းသောအခါ-အဋ္ဌကထာ တွင်—

‘သာ စဿ အနာဂတေ ဝါသနာ ဘဝိဿတိ’

(အဋ္ဌကထာ-၁၈၄)

‘ထိုသစ္စကအား ယခုဘဝ မဂ်ပင် မရသော်လည်း နောင်တွင် မဂ်ဖိုလ်အထောက်အပံ့ မုချဖြစ်မည်’

ဟု-ဖေါ်ပြသည့်အတိုင်း ထိုအဋ္ဌကထာ-၁၈၄-တွင် မြတ်စွာဘုရား သာသနာတော်-နှစ်ရာကျော်သောအခါ သီဟိုဠ်ကျွန်း၌ အမျိုးကောင်းသား ဖြစ်ပြီးလျှင် သာသနာတော်၌ ရဟန်းပြုလျက် ပိဋကတ်သုံးပုံဆောင်လျက် ဝိပဿနာအားထုတ်ရာတွင် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာဖြစ်၍ ကာဠဗုဒ္ဓရက္ခိတထေရ်ဟု ထင်ရှားစွာဖြစ်ကြောင်း၊ သီဟိုဠ်ဘုရင်-တိဿမဟာကို ကြည်ညိုဖွယ်ရာ တရားဟောကောင်းသောကြောင့် သီဟိုဠ်ကျွန်းကိုပင်-ကိုယ်တော်အား ပေးလှူပူဇော်သည်ဟု အဋ္ဌကထာ၌ ဆိုလေသည်။

နောင် အနာဂတ်ကာလတွင် ဝါသနာဘာဂီ အထုံ-အထောက်အပံ့ စသည်ဖြစ်ခြင်းကား တမျိုး ကျွန်ုပ်တို့ဉာဏ်မှီသမျှ ဝေဖန်ရမူ-ဤ အနတ္တဒေသနာကို ပဉ္စဝဂ္ဂီတို့ နာယူစဉ်က-ငါးယောက်စလုံး သောတာပန်ဖြစ်ပြီးကြသူများအမှန်ပင်-သို့ကြောင့် မြတ်စွာဘုရားအပေါ်၌ ‘အဝေစ္စပ္ပသာဒသဒ္ဓါ’ မတုန်မလှုပ် သက်ဝင်ယုံကြည်မှုရနေကြသူများ၊ ‘နိဗ္ဗေမတိကသရဏ’ မြတ်စွာဘုရားအပေါ်၌ သံသယကင်းကင်းနှင့် ကိုးကွယ်ခြင်းသို့ရောက်ကြသူများ၊ ‘ဒိဋ္ဌသရဏဂုံ’ ကိုယ်တိုင်သစ္စာကိုသိမြင်ပြီးဖြစ်၍ လုံးဝမှီခိုရာအားထားရာအနေတွင်ရှိပြီး ယုံကြည်စွာစူးစိုက်၍ တရားနာကြ

သောကြောင့် အသိဉာဏ်အဆင့်ဆင့် ကိုယ်တွင်ဖြစ်လျက် နာရင်း-ဉာဏ်ရင့်ကျက်မှုကြောင့် ရဟန္တာများဖြစ်ကြလေသည်။

သစ္စကကြီးမှာမူကား - သာမာန် ပုထုဇ္ဇန်မျှသာမက- မြတ်စွာဘုရား၏ အနတ္တသာသနာနှင့် ဆန့်ကျင်ဖက် အတ္တဝါဒရှင်-အတ္တဝါဒကို အကောင်အထည်ဖော်သူအဖြစ်-အတ္တဒိဋ္ဌိကို အခိုင်အမာစွဲကိုင်ထားသည်၊ အနတ္တသိမှ-အတ္တဝါဒ အတ္တဒိဋ္ဌိ ပြုတ်မည်ဖြစ်ရကား-အနတ္တကို တိုက်ခိုက်နေသော သစ္စကမှာ-မင်ဖိုလ် နိဗ္ဗာန်မရနိုင်ချေ။

ရင်းပြင် နောက်၌-'ခန္ဓာငါးပါးသည် အတ္တ အမာခံမဟုတ်-အနတ္တပါ'ဟု လျှောက်ထားဝန်ခံသည်မှာလည်း-ဉာဏ်ဖြင့်သိမြင်၍ဝန်ခံသည်မဟုတ်၊ ဝဇီရစိန်-လူသတ်လက်နက်ကိုကိုင်စွဲကာ သူ့ဦးခေါင်းကို ချိန်ရွယ်ထားသောကြောင့်-သေဘေးကြုံလာသဖြင့် 'ဗုံးကျမှာကြောက်သဖြင့် သမ္ဗုဒ္ဓေရှတ်သူကဲ့သို့'သာ အလိုက်သင့်ပြောကြားခြင်းဖြစ်သည်။

*... 'ဝိပဿနာဟူသည် ခန္ဓာမှာမဖြစ် ဉာဏ်မှာဖြစ်သည်'

ကျွန်ုပ်တို့၏ဆောင်ပုဒ်အရ-ဝိပဿနာဖြစ်လောက်သော ဉာဏ်မရောက်မှုကြောင့် ဖြစ်လေသည်၊ မည်သို့ဆိုစေ-၎င်းသစ္စကကြီးမှာသိအပ်သော ရုပ်နာမ်ပရမတ်၌—

*.... 'အသုတဝါ ပုထုဇ္ဇနော'—

ဒေသနာအရ-သိအပ်သောပရမတ်ကို မသိမှုသည် ဝိပဿနာ ဉာဏ်ဖြစ်မှု၌ ကြီးစွာသောအန္တရာယ် ဖြစ်လေသည်၊ ၎င်းအပြင် တကြောင်းလည်း–

*.... 'ဉာဏပရိပါကံ အာဂမယမာနော'

ဒေသနာတော်အဆုံး၌-မည်၍မည်မျှ 'ဓမ္မာဘိသမယ'ဖြစ်၍ တရားရကြသည်ကိုဖေါ်ပြသည့်နည်းတူ-ကျွတ်ထိုက်သောသတ္တဝါ ဖြစ်စေကာမူ-ပရမတ်ကို သစ္စာကို ခံယူနိုင်မည့် ဉာဏ်အရင့်ကို စောင့်ရသေးသည်ကိုထောက်သော်-သစ္စကကြီးသည်–

*.... 'အနာဂတေ ဝါသနတ္ထာယ'

ဟူသောဗျာဒိတ်ကြောင့်တရားမရဆိုစေကာမူ-ထိုအကြောင်း အချက် အထောက်အထားတို့နှင့် တဆက်ထည်းပင်-သစ္စကကြီး သည် သူ၌ စွဲကပ်ယုံကြည်ထားသော အတ္တဝါဒ,အတ္တဒိဋ္ဌိကို စွန့်လွှတ်နိုင်ခြင်းမရှိချေ၊ အတ္တဝါဒ, အတ္တဒိဋ္ဌိသည် သံသရာမှ ကျွတ်လွတ်ရေး မဂ်ဖိုလ်ရရေး၌ အနှောက်အယှက် အကန့်အကွက် ကြီးဖြစ်နေသည်ကား ကျွန်ုပ်တို့ သာမာန်ဗုဒ္ဓဘာသာတို့ မဂ်ဖိုလ် ရရေး နှောင့်နှေးနေသည်ကိုသာ ကြည့်ကြစေလိုသည်။

**'ဉာဏ်သိမှုသာ-လိုရင်းပါ'** သတိပဋ္ဌာန်ဝိပဿနာကိစ္စကို ဟောပြော,ရေးသားသော ကျွန်ုပ်တို့၏ ဝါဒသည် ဉာဏ်ရောက်အောင် အားထုတ်မှုကို အဓိကထား၍

တိုက်တွန်းလျက် ရှိနေရာ-မည်သူမဆို ဉာဏ်သိလောက်သော အခြေခံပရမတ်မှန်လာလျှင်-လုလ္လဝိရိယ-အား ဉာဏ်အားအတိုင်း အတာအရ-မှချရမည်ဟု ကျွန်ုပ်တို့ မမိုတ်မသုန် ယုံကြည်သည်၊ ယင်းယုံကြည်ချက်အတိုင်း ထပ်ကာထပ်ကာ ဆိုနေသောကြောင့် 'တယူသန့်အစွဲကြီးသူ'ဟု ဆိုကောင်းဆိုကြမည်၊ မည်သို့ဆိုစေ-ဝိပဿနာဉာဏ်ဟူသည်=

'ယောဂါ ဝေဇာယတီ ဘူရိ'

'ဝိပဿနာ အသိပညာသည် မှန်ကန်စွာ အားထုတ်ရာမှ ဖြစ်၏'

ဟူသော ဓမ္မပဒပါဠိတော်-၅၃၊ အရှင်ပေါဋ္ဌိလမထေရ်ကြီးအား မြတ်စွာဘုရား သတိပေးချက်အရ-ဝိပဿနာ ဉာဏ်ပညာဟူသည်-ထင်းချောင်းနှစ်ချောင်းကို မီးဖြစ်အောင်ပွတ်တိုက်ရာ၌ လိုအပ်သော လုံ့လဝိရိယကဲ့သို့-ပရမတ်ရုပ်နာမ်တို့၏ ဖြစ်တတ်ပျက်တတ် ရင့်ကျက်စေတတ်သော အားထုတ်မှုလိုအပ်သည် လုံ့လဝိရိယနှင့် အားထုတ်မှုမှန်မှ-ရအပ်သောဉာဏ်ပညာဖြစ်လေသည်။

ဤအကြောင်းနှင့် ပတ်သက်ပြီး-လွန်ခဲ့သော တနှစ်ခန့်က-တရားအားထုတ်မှုကင်းသော, တရားအားထုတ်ရမည်ကို ကြောက်သော-စာအသင့်အတင့်သင်ဘူးသော ဘုရားအလောင်းတယောက်နှင့် ဆွေးနွေးဘူးသည်ကို သတိရသည်၊ သူ၏ ဆွေးနွေးချက်မှာ

ဘုရားအလောင်းဆိုလျှင် (မိမိကိုယ်မိမိ သတ်မှတ်ယုံကြည်လျှင်) တရားအားထုတ်ဖွယ်မလိုတော့ကြောင်း-သို့အတွက် သူသည်လည်း ဘုရားဆုပန်ထားသူဖြစ်၍ တရားအားထုတ်ရန် ကိစ္စအတွက် ကြောင့်ကြစိုက်ဖွယ်မရှိကြောင်း ပြောရာ-တရားသဖြင့် အမှန်ကို ပြောပြလိုက်ရလေသည်။

တရားအားထုတ်မှုနှင့် ပတ်သက်လာလျှင် ဘုရားဆုပန်ထားသည်’ဟူသော အကာအကွယ်ယူကြလေသည်၊ စင်စစ် ဘုရားအလောင်း(နိယတ)ကျိန်းသေပြီးသူများသည်ပင် ဝိပဿနာတရားကို အားထုတ်ကြကြောင်း ပြဆိုထားကြပုံများမှာ—

‘တတော ပုရိမပုရိမေသု ပန ဘဝေသု သဗ္ဗညုဗောဓိသတ္တာ ဗုဒ္ဓသာသနေ ပဗ္ဗဇိတွာ တီဏိ ပိဋကာနိ ဥဂ္ဂဏှိတွာ ဂတပစ္စာဂတဝတ္တံ အာရုယှ ကမ္မဋ္ဌာနံ အနုလောမ ဂေါတြဘုံ အာဟစ္စ ဌပေန္တိ’

(ပုဂ္ဂလပညတ်အဋ္ဌကထာ-၄၀)

‘တတော-ထိုနောက်ဆုံး ပစ္ဆိမဘဝိကဖြစ်သောဘဝမှ၊ ပုရိမပုရိမေသု-ရှေးရှေး၌ဖြစ်ကုန်သော၊ ဘဝေသု-ဖြစ်ရာဘဝတို့၌၊ သဗ္ဗညုဗောဓိသတ္တာ-ဘုရားအလောင်းတော်တို့သည်၊ ဗုဒ္ဓသာသနေ-မြတ်စွာဘုရားတို့၏သာသနာတော်၌၊ ပဗ္ဗဇိတွာ-ရဟန်းပြု၍၊ တီဏိပိဋကာနိ-ပိဋကတ်သုံးပုံ

တို့ကို၊ ဉဂ္ဂဏှိတွာ-သင်ယူ၍၊ ဂတပစ္စာဂတဝတ္တံ-အသွား အပြန်ဆင်ခြင်အပ်သော ဂတပစ္စာဂတဝတ်ကို၊ အရှယ-တက်၍၊ ကမ္မဋ္ဌာနံ-ဝိပဿနာကမ္မဋ္ဌာန်းကို၊ အနုလောမ ဂေါတြဘုံ-အနုလောမဉာဏ်, ဂေါတြဘုဉာဏ်သို့၊ အာ-ဟစ္စ-ဆိုက်ထိ၍၊ ဌပေန္တိ-ထားကုန်၏'

ဘုရားအလောင်းတော်တို့သည် ဘုရားဖြစ်မည့်ဘဝမှ-ရှေးရှေး သောဘဝတို့၌-တွေ့ကြုံရာ ဘုရားသာသနာတော်တွင်-ရဟန်းပြု၍-ပိဋကတ်သုံးပုံတို့ကိုသင်ယူ၍-ဓုတင်တို့ကိုဆောက်တည်၍ဝိပဿနာ အလုပ် အားထုတ်ရာတွင်-အနုလောမဉာဏ်, ဂေါတြဘုဉာဏ်သို့ သာရောက်ကြောင်း ဖေါ်ပြသည်၊ ထိုမျှသာမကသေး—

'စတုပါရိသုဒ္ဓိသီလေ ပန။လ။ ယာဝ အနုလောမ-ဉာဏံ အာဟစ္စ တိဋ္ဌန္တိ'

(ပါဠိချင်းခဲ့အံ့။ မဇ္ဈိမပဏ္ဏာသဋ္ဌကထာ-၁၉၅)

'တာနိ ပန အဋ္ဌဉာဏာနိ။လ။ နဝမံ သစ္စာနု-လောမိကမေဝ အပ္ပဋိလဒ္ဓပုဗ္ဗံ ဌိတံ'

(ဇိနာလင်္ကာရဋီကာ)

'အပစ္စိမဘဝိကာ ပန ဝိပဿနံ သင်္ခါရုပေက္ခံ ပါပေတွာ ဌပေန္တိ'

(ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ-၂၅၁)

'ယာဝအနုလောမ ဂေါတြဘုသမိပံ ပတ္တဝိပဿနာ-
နုယောဂေါ'

(ပဋ္ဌိသမ္ဘိဒါမဂ္ဂဋ္ဌကထာ-၆)

'အနုလောမ ဂေါတြဘုသမိပန္တိ-အနုလောမ ဂေါတြ-
ဘူနံ သမိပေ အာသန္နေ သင်္ခါရုပေက္ခံ'

(ပဋိသမ္ဘိဒါမဂ်-ဂဏ္ဌိ)

မိမိသိမှိသော ပါဠိတော်,အဋ္ဌကထာ,ဋီကာ အားလုံးသည်ပင် (နိယတ) ကျိန်းသေဗျာဒိတ်ရပြီးသော အလောင်းတော်တို့သည်၊ တွေ့ကြုံရာ ဘုရားသာသနာတွင် ရဟန်းပြု၍ ပိဋကတ်သုံးပုံကို သင်ယူပြီးသော် မုတင်အကျင့်တို့ကို တောသို့ဝင်ကာ ဆောက်တည်လျက်-ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်လေလျှင် (နိယတ) ဗျာဒိတ်သည်တားလေသောကြောင့် မဂ်သို့မရောက်ပဲ-အနုလောမဉာဏ်သို့ရင်း, သင်္ခါရုပေက္ခာဉာဏ်သို့ရင်း, ဂေါတြဘု၏ အနီးအပါးသို့ရင်း ရောက်ကြောင်း တသန်ထည်း ဖေါ်ပြကြသည်၊ အားမထုတ်၍ မရောက်သည်မဟုတ်ချေ၊ ဘုရားတဆူဆူအထံမှ နိယဘဗျာဒိတ် မရသေးသော၊ ရခဲ့သည် မရခဲ့သည် မသိသော ဘုရားအလောင်းဟု မိမိကိုယ်မိမိ (စေတီဆင်းတုထံမှာ) ဆုတောင်းရုံမျှနှင့်-ဗျာဒိတ်ရသည် မမှတ်အပ်။

အကယ်၍ မိမိသည်-လွန်ခဲ့သောဘဝများမှ ဘုရားတဆူဆူထံတွင် ဗျာဒိတ်ရခဲ့သည်ထင်အံ့-ဖေါ်ပြခဲ့သော အဋ္ဌကထာ,ဋီကာတို့

အဆိုအတိုင်း ရဟန်းပြု၍-ပိဋကတ်တော်ကို သင်ယူပြီးလျှင်-တော သို့ဝင်၍-ဓုတင်အကျင့်တို့ကို ကျင့်သုံး ဆောက်တည်၍-သီလကြီး သေးပါးကို စင်ကြယ်အောင် စောင့်ထိန်းလျက်-ဝိပဿနာ ကမ္မဋ္ဌာန်းကို အရိုးကျေကျေ-အရေစုပ်စုပ် အားထုတ်ပါ၊ ယင်းသို့ သမ္မပ္ပဓာန် လုံ့လဝီရိယထား၍ ပြင်းပြင်းထန်ထန် အားထုတ်ပါ လျက် မဂ်စေ့မနုံ့ ဖိုလ်သံမကြား-သခ်ါရုပေက္ခာ သို့မဟုတ် အနုလောမဉာဏ်သို့သာ ရောက်လေအံ့-အသင် သူတော်ကောင်း သည်-ဘုရားလောင်းစစ် အမှန်ဖြစ်၏၊ ထိုသို့မဟုတ် ရဟန်းပြုခွင့် သောသတ္တိလည်း မရှိ၊ အိမ်မှုလည်း တဖဝါးမျှမစွန့်ခွါနိုင်-ဝိပဿနာ အလုပ်ကိုလည်း ကြောက်နေက ထိုသူသည် မြတ်စွာဘုရား၏ ထင်ရှားရှိနေသောသာသနာတော်တွင် မိမိအတွက်တာ သက်သာ အောင် တရားမရှာပဲ မိမိကိုယ်မိမိ သံသရာတလျှောက်တွင် ကိုယ့် လည်ပင်းကြိုး ကိုယ်တပ်မိမှားသကဲ့သို့ဖြစ်ပေလိမ့်မည်၊ ဤမျှသော စကားရပ်တို့ဖြင့် ကျွန်ုပ်တို့ ဆိုလိုသော သဘောမှာ-ဘုရား အလောင်းတော်တို့သည်ပင်လျှင် ဉာဏ်အသိဖြစ်လို၍ ဝိပဿနာ အလုပ် အားထုတ်သော်လည်း-သစ္စကြီး ဉာဏ်မရသည်မှာ လုံ့ဝအားမထုတ်သောကြောင့်ဖြစ်သည်မှာ ထင်ရှားလှ၏။

‘အယောဂါ ဘူရိသင်္ခယော’

‘အားထုတ်မှု မရှိလျှင်-ပင်ကို အသိပင် ဆုတ်ယုတ် ပျက်စီးကြောင်း’

3

ဓမ္မပဒပါဠိတော်တွင် ဟောထားသည်၊ အလျှင်းသင့်သဖြင့် ဆက်၍ဆိုရလျှင်—

**'ပါရမီဖြုပ်-ပစ္စည်းပြုတ်'** တရားအားထုတ်ပါဆိုလျှင် ပါရမီရိုး ဟိတ်ရိုးကိစ္စများလည်း အချို့သူတို့ ဆင်ခြေကန်စရာဖြစ်နေသည်၊ ပါရမီပြည့်မပြည့်သိရန်မှာ မိမိ၏ ကိစ္စမဟုတ်ပေ၊ ဒွိဟိတ် တိဟိတ် ကိစ္စသည်လည်း မိမိတိုင်းထွာ တွက်ဆနိုင်သောကိစ္စမဟုတ်ချေ၊ ဤသူမှာ ပါရမီရှိသည်၊ တရားရနိုင်လောက်သောဟိတ် ပြည့်စုံသည်ဆိုသည်မှာ ထိုဟိတ် ထိုစရိုက်နှင့် သင့်တော်သောတရားကို ရှာဖွေဟောကြားရမည့် ဗုဒ္ဓရှင်တော်မြတ်၏ ကိစ္စပင်ဖြစ်သည်၊ မိမိအတွက်မှာကား-မြတ်စွာဘုရားဟောကြားသော ခန္ဓာငါးပါး ရုပ်နာမ် ပရမတ်သဘောကို သတိပဋ္ဌာန်နည်းလမ်းကျနစွာ အားထုတ်သဖြင့် သိမြင်အပ်သော သစ္စာကို သိမြင်သည်ဖြစ်၍ မဂ်,ဖိုလ်,နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်အံ့-မိမိသည်-ပါရမီရှိသည်၊ တိဟိတ်ဖြစ်သည်ဟု သိနိုင်သည့်နည်းတူ-ပရမတ်ရုပ်နာမ်ကိုသတိပဋ္ဌာန်နည်းကျနစွာအားထုတ်ပါလျက်-သစ္စာကိုမသိ, မဂ်,ဖိုလ်,နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်သည်ဖြစ်အံ့-မိမိသည် ဤဘဝတွင် ပါရမီလိုသည်၊ သို့မဟုတ် ဟိတ်ချို့တဲ့သည်ဟု ဆိုနိုင်သည်၊ သို့ရာတွင် 'အနာဂတေ ပစ္စယော ဘဝိဿတိ' ဟူသောအတိုင်း ဒုတိယဘဝ နတ်ပြည်သို့ မဂ်နှင့်အတူရောက်မည်။

သို့ဖြစ်၍ မိမိမသိနိုင်သော ပါရမီစကား-တိဟိတ် ဒွိဟိတ် စကားများကို နှလုံးမသွင်းအပ်ပေ။

ဗာရာဏသီတွင် ကုဋေရှစ်ဆယ်ချမ်းသာသော သူဌေးသား တယောက် ရှိလေသည်၊ ၎င်း၏မိဘများကား-'ငါတို့၏သားသည် အသက်မွေးဝမ်းကျောင်းရန် ပညာသင်ဖို့မလိုပေ၊ သူဝါသနာပါသော-အတီးအမှုတ်အကအဆိုတို့သာသင်ပေစေဟု-တယောက်ထည်းသောသားအား ပညာတခုမျှမသင်စေပဲ အလိုလိုက်ထားလေသည်၊ ထိုဗာရာဏသီ၏ မြောက်ပိုင်း၌ သူဌေးသမီးတယောက်မှာလည်း သူ၏မိဘများ အလိုလိုက်ထားသဖြင့် မည်သည့်ပညာမျှမသင်စေပဲ ရှိသမျှသော ကုဋေ-ရှစ်ဆယ် ဥစ္စာပစ္စည်းတို့နှင့်သာ နေလေသည်။

တချိန်တွင် သူတို့နှစ်ဦးအား လူကြီးများ စေ့စပ်ဆောင်နှင်း ပေးမှုကြောင့် အိမ်ထောင်ဖက် ပြုကြကုန်၏၊ ကာလအတန်ကြာသော်-၂-ဖက်မိဘတို့ သေဆုံးကုန်သောအခါ သူတို့ ၂-ဦးပိုင်ငွေမှာ-ကုဋေ-၁၆၀-ရှိလေသည်၊ သူဌေးသားမှာ ဖခင်သူဌေးကြီး သေလွန်သွားသဖြင့်-ဘုရင်က ထီး, ဒါး အဆောင်အယောင်နှင့် ဘုရင့်အတိုင်ပင်ခံ သူဌေးရာထူးရလေသည်။

တနေ့လျှင် ၃-ကြိမ်မျှ ဘုရင်ထံဝင်၍ ခစားရမြဲဖြစ်လေရာ-ထိုနန်းတော်သို့ သွားရာလမ်းတွင်-အရက်ဆိုင်တဆိုင် ရှိသည်၊ ထိုဆိုင်ရှေ့မှ နေ့စဉ်အမြဲသွားနေသော သူဌေးသားအား အရက်သမားတို့က သူတို့အဖွဲ့ထည်းပါအောင် အရက်တိုက်လေသည်၊ သူဌေးသားမှာ အရက်မသောက်တတ်သောကြောင့် နောက်ပါသက်တော်စောင့်အား မေးရာ 'အရှင် သူဌေးမင်း-လောကတွင်

ဤအပျော်ရည်နှင့်တူသော ကောင်းသောပျော်ရည်သည်-မရှိပါ-ဟု ပြောသည်မှစ၍ အနည်းငယ် မြီးရာမှ-အရက်သမားဘဝသို့ ဆိုက်ရောက်သွား၍-အရက်သမားအဖွဲ့ဝင်ဖြစ်လေသည်။

အရက်ဝိုင်းနှင့် သောက်ရာတွင်လည်း-အပျော်အပါး အမြည်းများပါ ပါစေပြီး-မူးကာရူးကာ စားသောက်ကြလျက် မင်းသမီး မင်းသား စသည်တို့အတွက် ငွေတထောင်, နှစ်ထောင် ဆုချ၍ ပျော်ပွဲသတ်သတ် ကျင်းပလာခဲ့ရာ-အစဉ်သဖြင့် ငင်းပိုင်-ကုငွေ-၇၀၊ ငွေကုန်သဖြင့် နောက်ပိုင်းတွင် မယားပိုင် ကုငွေ ရှစ်ဆယ်လည်း ကုန်ခဲ့လေရာ-လယ်ယာ, ဥယျာဉ်, ခြံ စသည်တို့ကို ရောင်း၍ အရက်သောက် သုံးဖြုန်းလာရာ-နောက်ဆုံးတွင်-အိုးခွက်, ပန်းကန်, အိပ်ရာခင်း, စောင် စသည်တို့ပါ ရောင်း၍ သောက်ခါစားခါဖြင့် မိဖဆောက်ထားသောအိမ်ကိုပါ ရောင်းလျက် အခြားသူများ၏ ခြံဝင်းနံရံတွင် တဖက်ရပ်တဲကလေး ထိုးကာ-လင်မယား ၂-ယောက် ခွက်တလုံးစီဖြင့် လှည့်လည် တောင်းစားရသောအဖြစ်သို့ ရောက်လေသည်။

တနေ့သော်-လှည့်လည် တောင်းရမ်းရင်း မြတ်စွာဘုရား၏ ကျောင်းတော်ဝင်းအတွင်းသို့ ရောက်ရှိလာလျက် ဆွမ်းစား ကျောင်းအဝတွင် သံဃာတော်များအကြွင်းအကျန်ကို တောင်းစားရန်-တန်းစီ၍ နေလေရာ-မြတ်စွာဘုရားလည်း ဆွမ်းစား ကျောင်းမှ အထွက်တွင် တွေ့လေသော်-ပြုံးတော်မူလေလျှင်-စွယ်တော်ခေတ်-၄-ဆူမှ လွှတ်လိုက်သော ဖြူသော ရောင်ခြည်

ကြောင့် အရှင်အာနန္ဒာက-ပြုံးတော်မူခြင်း အကြောင်းရင်းကို လျှောက်ထားသောအခါ မြတ်စွာဘုရားက–

'အာနန္ဒာ-ဤမဟာဓနေ သူဌေးလင်မယားကို ကြည့်လော့-သူတို့သည် ဤဗာရာဏသီတွင်-ကုဋေ-၁၆၀-သောငွေတို့ကို ကုန်ခမ်းအောင် ဖြုန်းတီးပြီးလျှင်-မယားကို လက်ဆွဲလျက် လှည့်လည်တောင်းရမ်း စားသောက်နေရ၏၊ အကယ်၍ ပဌမအရွယ်၌-ရှိနေသော ဥစ္စာပစ္စည်းတို့ကို မကုန်စေပဲ-ကုန်သွယ်လုပ်ငန်း စသည်ဖြင့် အလုပ်လုပ်အံ့၊ ဤမြို့တွင် အထွဋ်အထိပ် သူဌေးကြီး ဖြစ်လိမ့်မည်၊ ထိုသို့ မဟုတ်ပါဘဲ-သံသရာ နောင်ရေးအတွက် သင်္ကန်းဝတ်လျက် တောထွက်၍ ကျင့်လေအံ့၊ အရဟတ္တဖိုလ်ကို ရပေလတ္တံ့၊ မယားကား အနာဂါမိဖိုလ်ကို ရပေလတ္တံ့၊ နောက်-ဒုတိယအရွယ်တွင် သတိတရားရ၍-ကုန်သွယ်ခြင်း စသည် လုပ်အံ့၊ ဒုတိယတန်းသူဌေး ဖြစ်လိမ့်ဦးမည်၊ အကယ်၍ တရားအားထုတ်အံ့-အနာဂါမိဖိုလ်ကို ရပေလိမ့်အံ့၊ မယားကား သကဒါဂါမိဖိုလ်ကို ရပေလတ္တံ့၊ တတိယအရွယ်တွင်မှ သတိရ၍ရှိသမျှဥစ္စာတို့ဖြင့် အလုပ်လုပ်အံ့၊ တတိယတန်းသူဌေးဖြစ်ရလိမ့်လတ္တံ့၊ ရဟန်းပြု၍ တရားအားထုတ်ပြန်အံ့-သကဒါဂါမိဖိုလ်ကို ရအံ့၊ မယားကား သောတာပတ္တိဖိုလ်ကို ရပေလတ္တံ့။

အာနန္ဒာ-ယခုအခါကား-အရွယ်လည်း လွန်ပြီ-လူ၌ဖြစ်သော ဥစ္စာစည်းစိမ်လည်း ပျက်စီး ဆုတ်ယုတ်ခဲ့ပြီ၊ ရဟန်း၏ဥစ္စာပစ္စည်း အရဟတ္တဖိုလ်ရလောက်သောပါရမီလည်း မရှိတော့ပေ၊ ယင်းသို့ လောက,သံသရာ နှစ်ဖြာသောအကျိုးစီးပွါး ပျက်စီးဆုတ်ယုတ်သော ဤသူဌေးသားမှာ-ရေခမ်းသဖြင့် ငါးမရှိတော့ပဲ ခြောက်နေသော ညွန်အိုင်အနီးတွင် ဘယ်ကိုမျှ မသွားတတ် မလာတတ်သော အတောင်ကျိုးသည့် ကြိုးကြာအိုကြီးမှာ မှိုင်တွေချ၍ နေရသကဲ့သို့ဟူ၍—

'အစရိတွာ ဗြဟ္မစရိယံ၊ အလဒ္ဓါ ယောဗ္ဗနေဓနံ၊
ဇိဏ္ဏ ကောဉ္စာဝ ဈာယန္တိ၊ ခီဏ မစ္ဆေဝ ပလ္လလေ'

စသော ၂-ဂါထာကို ဟောတော်မူလေသည်။

ယင်းသို့ ဓမ္မပဒဋ္ဌကထာ-ဂ ၁၊တွင်ဖေါ်ပြထားသောအတိုင်း-ဤသူဌေးသား၏ အရဟတ္တဖိုလ်ရောက်လောက်သော ပါရမီသည် ထိုပါရမီအားလျော်သော သတိပဋ္ဌာန်အလုပ်,မဂ္ဂင်အလုပ်တို့ဖြင့် ဖွံ့ဖြိုးပွင့်လန်းအောင် မပြုလုပ်သေးသည့်အတွက် ရင့်သန်ကြီးထွားခွင့်မရပဲ ပျက်စီးသွားပုံကိုကြည့်လျှင်-သူသူ ငါငါတို့ အလွန်သတိရဖို့ကောင်းသည်၊ အလကားနေရင်း မပြည့်သောပါရမီက ပြည့်လာမည်မဟုတ်၊ မရှိသေးသောပါရမီက ရှိလာမည်မဟုတ်ချေ၊ သို့အတွက် လုံ့လမယုတ် အားထုတ်ကြပါကုန်လော့။

**'အနတ္တလက္ခဏာ-ထင်စေရာ'** မြတ်စွာဘုရားသည် 'ရူပံ ဘိက္ခဝေ အနတ္တာ' စသည်ဖြင့် ခန္ဓာငါးပါးသည် အနတ္တဖြစ်ကြောင်း ခေါင်းစဉ်အကျဉ်းမျှ ဟောတော်မူပြီးလျှင်-အကြောင်းယုတ္တိ ခိုင်မာစွာပြလျက် အနတ္တသရုပ် ပေါ်ထုတ်ရန်အလို့ငှါ-'တံ ကိံ မညထ ဘိက္ခဝေ' အစချီ၍ ဟောတော်မူလေသည်၊ ချစ်သားတို့-မိမိတို့ခန္ဓာ၏ ပကတိအခြေအနေကို နှလုံးသွင်းထားကြကုန်။

*.... (ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါ)

'ဖောက်ပြန်တတ်သောသဘောတရားသည် မြဲသလား၊ မမြဲလို့လား'

*.... (အနိစ္စံ ဘန္တေ)

'ဖေါက်ပြန်တတ်သော သဘောတရားသည် မမြဲပါဘုရား'

*.... (ယံ ပနာနိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါ)

'အကြင် ဖောက်ပြန်တတ်သော သဘောတရားသည် မမြဲဟု ဆို၏၊ ထိုမမြဲသော ဖေါက်ပြန်မှုသဘောသည် ဆင်းရဲသလား၊ ချမ်းသာသလား'

*.... (ဒုက္ခံ ဘန္တေ)

'မမြဲသဖြင့် ဖေါက်ပြန်တတ်သောသဘောတရားသည် ဆင်းရဲပါဘုရား'

*.... (ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံ နုတံ သမနုပဿိတုံ ဧတံမမ၊ ဧသောဟမသ္မိ၊ ဧသောမေ အတ္တာ)

'ချစ်သားတို့-အကြင် ဖေါက်ပြန်တတ်သော သဘောတရားသည် မမြဲသောသဘော ရှိ၏၊ ထို မမြဲသော သဘောတရားသည် ဆင်းရဲ၏၊ အို-နာ-သေရေး ဒုက္ခဘေးတို့ဖြင့် ရောထွေးတန်တန် ဖေါက်ပြန်သော သဘောရှိ၏၊ ထိုသို့ မမြဲသော,ဆင်းရဲသော,ပြောင်းလဲဖေါက်ပြန်သောသဘောတရားကို၊ ဤသဘောတရားသည် ငါ၏ ဥစ္စာတည်း၊ ဤ သဘောတရားသည် ငါတည်း၊ ဤသဘောတရားသည် ငါ၏ အခိုင်အမာ အနှစ်သာရ အတ္တတည်းဟု-မိစ္ဆာဒိဋ္ဌိ၏ အစွဲအလန်းမျိုးဖြင့်၊ တဏှာ,မာန,ဒိဋ္ဌိ ဖြစ်အောင် သုံးသပ်ရှုကြည့်ခြင်းငှါ-သင့်လျော်ပါမည်လော-သင့်တော်မည်လော'

* .. (နောဟေတံ ဘန္တေ)

'မြတ်စွာဘုရား-ဤ ဖေါက်ပြန်တတ်သော သဘောတရားသည် မမြဲခြင်း, ဆင်းရဲခြင်း, အို-နာ-သေ တို့ဖြင့် ဖေါက်ပြန်ပြောင်းလဲနေပါလျက်-ထိုသဘောတရားကို-ငါ့ဥစ္စာတည်း, ငါတည်း, ငါ၏အနှစ်သာရအခိုင်အမာ

အတ္တတည်းဟူ-တဏှာ,မာန,ဒိဋ္ဌိတရားတို့ဖြင့် သိမ်းပိုက်စွဲလန်း ရှုကြည့်ခြင်းငှါ-အလွန်အမင်း မသင့်တော်ပါဘုရား'

မြတ်စွာဘုရားသည် ဤခန္ဓာ၏ပင်ရင်းဖြစ်သော ပရမတ်တရား (ရုပ်·နာမ်)နှစ်ပါးကို သတိထားကြည့်ရန် သတိပေးသောအနေအားဖြင့်-'တံ ကိံ မညထ ဘိက္ခဝေ'ဟု မိန့်တော်မူပြီးနောက်— သင်တို့၏ ကိုယ်စီကိုယ်စီ ခန္ဓာတွင် (ရုပ်) ဖေါက်ပြန်သဘောကို တွေ့လိမ့်မည်၊ ထိုဖေါက်ပြန်တတ်၍ ဖေါက်ပြန်နေသောသဘောတရားသည် 'မြဲသလား,မမြဲဘူးလား'ဟု မေးတော်မူရာ-မိမိတို့၏ခန္ဓာကို အသိကပ်၍ အကဲခပ်နေသော ပဉ္စဝဂ္ဂီတို့က 'မမြဲပါဘုရား'ဟု သံပြိုင်လျှောက်ထားကြလေကုန်ပြီ။

ဤပဉ္စဝဂ္ဂီတို့က မမြဲပါဘုရားဟု လျှောက်ထားချက်သည်၊ သင်ကြားထားသော ပရိယတ္တိဉာဏ်မဟုတ်၊ ရုပ် ဟူသော-ပရမတ်သဘောတရားကို သောတာပန်ဖြစ်စဉ်ကပင် ကိုယ်တွေ့မျက်မှောက် သဘောပေါက်ခဲ့ကြပြီး၍-မြတ်စွာဘုရားက 'ခန္ဓာကိုသတိထားလိုက်ပါ'ဟု သတိပေးစဉ်ကပင်လျှင်-'ရုပ်'၏သဘောကိုလေ့လာလျက်ရှိချေပြီ၊ ထိုအခိုက် ပဉ္စဝဂ္ဂီတို့ ခန္ဓာဉာဏ်ရောက်ချိန်၌ ဝါ-ဖေါက်ပြန်တတ်သော သဘောတို့၏-'သလက္ခဏာတော'အရ· ပြောင်းလဲချက်ကို သိမြင်နေချိန်တွင် 'ထိုဖေါက်ပြန်တတ်သောသဘောသည် မြဲသလား, မမြဲဘူးလားဟူ-အမေးတော်ရှိလျှင်ရှိချင်း-ဉာဏ်ဖြင့် သိနေ-မြင်နေသည့်အတိုင်း (အနိစ္စံ ဘန္တေ) မမြဲပါဘုရားဟု-ဉာဏ်တွေ့ လျှောက်လိုက်ခြင်းဖြစ်ပေသည်။

**လက်တွေ့လုပ်ငန်း-ရှုကြည့်စမ်း'** ကျွန်ုပ်တို့ကိုယ်တိုင် ခန္ဓာတွင် ဉာဏ်ကပ် ကြည့် နိုင် သည်၊ ကရဇကာယေ ဉာဏံ ဩတာရေတွာ'ဟူသော အဆိုအရ—ခန္ဓာ အကြောင်း သိလိုသောသူသည်-ဤပရမတ်အပေါင်းအစု'ကာယ' ခန္ဓာအတွင်းသို့ ဉာဏ်ကပ်၍ကြည့်နေလျှင်-'ရုပ်'ဆိုသော ဖေါက် ပြန်နေသော အမှန်သဘောကိုတွေ့မည်။

*.... 'ဖေါက်ပြန်နေသော အမှန်သဘောဆိုတာ ဘာလဲ'

*.... 'မိမိခန္ဓာသို့ ဉာဏ်အသိရောက်မှု မှန်လျှင်-ဤ ခန္ဓာ၏ မငြိမ်မသက် လှုပ်ရှား ပြောင်းလဲနေသော သဘော တရားစုတို့ကို ဆိုသည်'ဥပမာ ပညတ်အမှတ်အားဖြင့် (ပူ-အေး-နွေး-ရှိန်-ထုံ-ကျင်-လှုပ်-ရွ) စသော ခန္ဓာနှင့် စပ်သော သိစရာအမှန်ကို-ဖေါက်ပြန်နေသောသဘော ဟု ဆိုသည်။

ထိုသဘောတရားတို့သည် ခန္ဓာတည်ဆောက်ထားသော (ရုပ် ပရမတ်)ဖေါက်ပြန်မှု အမှန်တရားတို့ဖြစ်၍ ပညတ်မပါသော အသိဖြင့်သာ သိနေရသည်၊ အားလုံးသော ဖေါက်ပြန်မှုဆိုင်ရာ (ရုပ်ဝတ္ထု)တို့၏ ပြောင်းလဲမှုတို့ကို သိ၍သာနေပါ၊ ပဌမဦ အသိ မထူးသေးသော်လည်း မိမိခန္ဓာအစိပ်အပိုင်းနှံ့အောင် အသိဉာဏ် သွတ်ကြည့်ပါ-သိရမည့်တရားကား မဆန်းပါ 'ဖေါက်ပြန်နေတာ

တွေ့ပ'တွေ့နေမည်-ဆံဖျားမှ ခြေဖျားအထိ စေ့အောင် ဉာဏ်နှင့် လေ့လာမိလျှင် (အဘိညာဉ်) အသိထူးတော့မည်။

## 'အသိမည်သို့ ထူးမည်နည်း'

'ဤခန္ဓာသည် သူသူငါငါ ထင်ကြသည့် ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါ ဘာမျှမဟုတ်-တကိုယ်လုံး ဖောက်ပြန်နေသော သဘောတို့သာ ကျန်ရှိသည်၊ နေရာမရွေး အကဲခပ်ကြည့်ပါ၊ ပရမတ်ကိုသိလိုသော နှလုံးသွင်းမှုန်လျှင် ဤသဘောတရားမှလွဲ၍ အခြားဘာမျှမရှိ, ဘာမျှမတွေ့နိုင်။

'နာမရူပမတ္တာ တော ဥဒ္ဒိ အညော သတ္တော ဝ ပုဂ္ဂလော ဝါ နတ္ထိတိ နိဋ္ဌ ဂစ္ဆတိ'

(ဝိသုဒ္ဓိမဂ်-၂၂၀)တွင် ဆိုသည်၊ ထိုစကားမှာ မိမိ၏ ပရမတ် သဘောတရားစုဖြစ်သော ခန္ဓာတွင်းသို့ သိတတ်သော ဉာဏ်မှန်နှင့် ကြည့်က ပရမတ်ရှိသောနေရာကိုကြည့်လျှင်-ပရမတ်ကို သိက မြင်က မှန်ပေသည်၊ ပရမတ်ခန္ဓာကို ကြည့်ပါလျက်-ပညတ်သိ သိနေက-မြင်နေက-မှားသည်-အလွန်မှားသည်၊ မိမိ၏ ခန္ဓာတွင် ပရမတ်ချည်းဖြစ်၍ 'ဖောက်ပြန်နေသောသဘော'ဟု သိသည်မှာ အသိမှန်ဖြစ်သည်၊ လုပ်ကြံမှတ်သားမှုမပါ၊ ဖောက်ပြန်သဘော အရှိကို အရှိအတိုင်း ဖောက်ပြန်မှု, ဖောက်ပြန်နေတယ်ဟုသိက ခန္ဓာ၏ ပကတိသဘောကို ပကတိအတိုင်းသိခြင်းဖြစ်သည်။

လေ့ကျင့်နေသောယောဂီမှာ တကိုယ်လုံးကို သဘောပေါက်ပြီး 'ငါမဟုတ်ထာ အမှန်'ဟု ပိုင်ပိုင်နိုင်နိုင် သဘောပေါက်လာလျှင် ယောဂီ၏ ယခင်ကနှင့်မတူသော အသိပြောင်းလာမည်၊ 'ငါဘဲ သူဘဲ စွဲယင်သာစွဲသည်-ငါလဲမဟုတ် သူလဲမဟုတ်ပါလား၊ မိန်းမ, ယောကျ်ား-အစွဲမှားယင်သာ မှားမည်၊ မိန်းမလဲမဟုတ်, ယောကျ်ားလဲမဟုတ်ပါလား'ဟု အမှန်ကို အမှန်အတိုင်းသိနေက၊ မိမိအသိပေါ်တွင် သံသယကင်းပြီး-"ဤ ဖေါက်ပြန်မှုသည်သာ အမှန်တရားပရမတ်ပဲ"ဟု ပြောင်းလဲလာသောဉာဏ်သည်-ထူးလာသော အသိဉာဏ်ပေတည်း။

ယင်းသို့ ခန္ဓာ၏ပင်ရင်းသဘောကို-အရင်းကျကျသိနေပါက-ပရမတ်ဖြစ်သောသဘောတရားမည်သည် ၎င်း၏လက္ခဏာအတိုင်း သွားမြဲတိုင်းသော ပရမတ်တို့၏လမ်းစဉ်အတိုင်း တရွှေ့ရွှေ့နှင့် ပျက်စီး ချုပ်ပျောက်နေသော သဘောတို့ကို ပဌမတွင် စမ်းတဝါးဝါးတွေ့မည်၊ အဓိပ္ပါယ်မှာ-'ပျက်နေသည်'ဆိုသည်ကို ထင်ထင်ရှားရှား တထစ်ချယုံကြည်မှုမပါသေးခြင်းပင်ဖြစ်သည်၊ သဘောအမှန်မှာ ဖေါက်ပြန်သောသဘောဟူသည် ဖြုံးကနဲ ဖြစ်ပေါ်လာပြီးနောက်-မပြောပလောက်စရာ လွန်စွာတိုတောင်းသော အခိုက်အတံ့ကာလခဏလေးများဖြင့် ပျက်ဆဲဖြစ်၍ တည်နေမှုကို 'ဌီ'ဟူ၍ရင်း 'ဇရာ'ဟူ၍ရင်း ဆိုသည်၊ ဖြုံးကနဲဖြစ်ပေါ်လာပြီးနောက် ဖြတ်ကနဲ ချုပ်ပျောက်သွားမှုကို 'ဘင်'ဟူ၍ရင်း 'အနိစ္စ'ဟူ၍ရင်း ဆိုသည်။

(ငင်း သဘောယုတ္တိများကို နောက်ပိုင်းတွင် ဒေသနာ အညွှန်းနှင့် ဖေါ်ပြမည်)

**'အပျက်ဆိုတာ ဘာလဲ'** ဝိပဿနာ စကား ပြောပြီဆိုလျှင် 'ဖြစ်ပျက်'ဟူ၍၎င်း, 'အပျက်'ဟူ၍၎င်း, 'အနိစ္စ'ဟူ၍၎င်း ပြောကြဆိုကြသည်၊ ထိုအပျက်ဆိုသောသဘော **သည်** အဘယ်နည်းဟု မေးချေက–သူ့နည်း သူ့ဟန်နှင့် အမျိုးစုံ အောင် မိမိတို့အထင်အမြင်အတိုင်း ပြောကြပေလိမ့်မည်၊ ကြားရ ဖန်လည်း များလှပြီ၊ အချို့ကျတော့လည်း–

*.... 'အပျက်ဆိုတာ သိနိုင်ပါတယ်-အခု ပူတယ်လို့ ရှိနေ တယ်-အဲ နောက် တော့ တ ဖြေး ဖြေး နဲ့ ပူတာတွေ ပျောက်သွားတာဟာ ပျက်တာဘဲမဟုတ်လား'

*.... 'နို့-အဲဒီ ပူတာကြီး မပျောက်တော့ အပျက် မရှိ ဘူးလား'

*.... 'အဲဒီလို ပျောက်မသွားတော့လဲ အပျက်မရှိတော့ဘူး၊ ဝေဒနာဘဲ, ဝေဒနာဘဲလို့ ရှုတာပေါ့'

ဤကား–ကျွန်ုပ်တို့၏ ဝိပဿနာနယ်က စကားစစ်စစ်ဖြစ်ပေ သည်၊ မည်သို့ သင်ကြား နားလည်လာကြသည် မသိပေ၊ ထို့အပြင်–

*.... 'ပရမတ်သဘောတရားကို မရှုဘူးလား'

*.... 'အို-ပရမတ်ဆိုတာ ကိုယ်သိနိုင်တာမှ မဟုတ်ပဲ-ဘုရားရဟန္တာများမှ သိသတဲ့'

*.... 'ဒါဖြင့် ပရမတ်မရှိဘူးဆိုရင်-ပညတ်ရှိနေသလား'

*.... 'ပညတ်လဲမဟုတ်ပါဘူး-ဝိပဿနာဖြစ်ပျက်ပဲ ရှိနေတာ'

ဆက်မေး ဆက်ဆွေးနွေးက-ပို၍ ပို၍ လုံးလည်လိုက်တော့မည်ကို သိသဖြင့်-ရပ်လိုက်ရသည်၊ ကျွန်ုပ်တို့ ဗုဒ္ဓသာသနာ၏ ဝိပဿနာနယ်တွင်-ယထာဘူတဉာဏ်ကို ရအောင်ပြုပြင်ပေးရမည့် ယောဂီစာရင်းဝင်မှာ နည်းအံ့မထင်-ဖြစ်ပျက် ဆို၍-ဖြစ်ပျက်ရှိသည်-ဘာကိုဖြစ်ပျက်ဟူ၍ မသိဖြစ်သည်၊ အပျက်ဆို၍ အပျက်ရှိသည် ဘာပျက်နေသည် မသိ၊ ဝေဒနာဆို၍ ဝေဒနာရှိသည်-ဝေဒနာဟူသည် ဘာဟု မသိချေ၊ ကျွန်ုပ်တို့အဖို့ သာသနာစိတ်မည်မျှ ရှိနေစေကာမူ-မတတ်နိုင်ပါ၊ သက်ဆိုင်ရာ ဆရာသမားများ၏ သင်ပြမှုပေါ်မှာ တည်နေသည်၊ ယခု ဆွေးနွေးတင်ပြသော ယောဂီအား 'ၚင်း၏ဆရာသမားကိုသာ ပြန်၍ လျှောက်ပြရန် တိုက်တွန်းလိုက်ရသည်'

အပျက် ဆိုသည်မှာ ခန္ဓာ၏ကိစ္စ ဖြစ်သည်-ခန္ဓာကို လေ့လာအကဲခပ်နေသောဉာဏ်သည် ခန္ဓာပရမတ်၏ သဘောလက္ခဏာဖြစ်သော 'ဖြစ်ပျက်'ကိုတွေ့မည်- ဖြစ်သဘောဟူသည် အဘယ်နည်း—ပရမတ်ရုပ်နာမ်တို့၏သဘောတရားဖြစ်၍ 'ရုပ်'၏သဘော 'ဖေါက်ပြန်ခြင်း'သည်-'ဖြစ်'သဘောပင်၊ ထိုသဘောသည် - ထို

ဖေါက်ပြန်ဖြစ်ဟု သိပြီးသည်နှင့်-မိမိက ‘အပျက်’ မ ရှုနိုင်မီ-တနည်း- ‘ပျက်’ ဟုရှု၍ မမှတ်လိုက်မီ ပျက်သွားသည်၊ အမှန်ကား-ထို ဖေါက်ပြန်ဖြစ်သဘော မရှိတော့ခြင်းဖြစ်သည်၊ အပျက် ရှုမည့် ယောဂီသည် အပျက်ကို စောင့်၍ကြည့်သည်-မတွေ့၊ စောင့်၍ ရှုသည်-မရှိ၊ မှန်၏-ထိုမရှိ,မတွေ့ရခြင်းသည်ပင်လျှင် ‘အပျက်ပဲ’ ဟု-ရိပ်မိသားသော ယောဂီမှာ-နောက်တကြိမ်တွင်မူ-ဖေါက်ပြန်မှု သဘောတရား စတင်တွေ့ရှိပြီးသည်နှင့် ချုပ်သွားသော,မရှိတော့ သော, ပျက်သဘောကို တန်းတန်းမတ်မတ် ရှုမိတော့သည်။

*.... (ဤကိစ္စတွင်-ကျွန်ုပ်တို့ စာသဘော ဒေသနာသဘော ကို ဘာသာပြန်ရေးနေသည်မဟုတ်၊ အလုပ် တကယ် လုပ်သဖြင့် တကယ်ဉာဏ်ရောက်လျှင် တကယ်တွေ့သိ ချက်ကို-ရလို-သိလိုသော- ယောဂီသူတော်ကောင်းများ အားတက် ဝမ်းမြောက်ပါစေရန် အလုပ်လက်တွေ့ကို ဖေါ်ပြခြင်းဖြစ်သည်)

မိမိ၏သိမြင်ချက် သည် မည်မျှအထိမှန်သနည်း-တဦးတယောက် သောသူက—

*.... ‘ဖေါက်ပြန်တတ်သော သဘောသည်-မြဲသလား, မမြဲ ဘူးလား’

‘ဟုမေးခဲ့လေအံ့၊ ထိုမေးချက်ကို-ခန္ဓာအသိဖြင့် ဖြေပါဟုဆိုလျှင်-

*.... ‘ဖေါက်ပြန်သောသဘောသည် ပျက်နေပါတယ်’

ဟု-တကယ်ဉာဏ်သိကို အသိအတိုင်း ဖြေနိုင်အံ့၊ ယင်းအဖြေသည်

မြတ်စွာဘုရား၏သာသနာတွင် အမှန်ကန်ဆုံးဖြေသော အဖြေဖြစ်၍ လက်ခမောင်းခပ်ဆိုက်ပေပြီ၊ အကြောင်းကား—ပဥ္စဝဂ္ဂီ တို့အား ဗုဒ္ဓဘုရားကမေး၍ ဖြေကြပုံနှင့် တူညီနေသောကြောင့်ဖြစ်သည် ကျွန်ုပ်တို့၏ အသိကို ပဥ္စဝဂ္ဂီတို့ အထောက်အထားယူနေခြင်း မဟုတ်-ပဥ္စဝဂ္ဂီတို့၏ အဖြေကို-မိမိတို့ တွေ့သိသော သဘောအရ-ထောက်ခံခြင်းသာဖြစ်သည်၊ ပဥ္စဝဂ္ဂီတို့သည် ခန္ဓာတွင်သိသော-ဉာဏ်နှင့်ဖြေကြ သည်ဟုလည်း မိမိတို့က အကြွင်းမရှိယုံကြည်သည်၊ ပဥ္စဝဂ္ဂီတို့သည် ဖေါက်ပြန်သဘောတို့၏ အပျက်ကို ကျွန်ုပ်တို့ သိသောအသိထက် များစွာ သာလွန်ပေလိမ့်မည်၊ အဘယ့် ကြောင့်ဟူမူ-ပဥ္စဝဂ္ဂီတို့သည်-ထိုသို့ဖြေနေချိန်တွင် 'သောတာပန် အရိယာကြီးများ'ဖြစ်ပြီးသောကြောင့်တည်း။

**'အပျက်ရှုလျှင်-ဆင်းရဲမြင်'** ဖြစ်လာသော ဖေါက်ပြန်မှုတို့ကို ဉာဏ်သည် ကပ်၍ သိနေစဉ် ထို ဖြစ်မှုတို့ ချုပ်ပျောက်သည်ကို မြင်သဖြင့်-၎င်းတို့သည် ပျက်နေ သည်ဟု ဉာဏ်မှာသိလိုက်ရပြီးလျှင်-၎င်းအပျက်ကိုသာ ဆက်ကာ ဆက်ကာ သိနေရသော အသိဉာဏ်တွင်-တပျက်ထည်း ပျက်နေ သော အပျက်စုကြီးပါတကားဟု-အပျက်စဉ်ကြီးကိုသာ သိသော ဉာဏ်၌ ဆင်းရဲခန္ဓာ, ဆင်းရဲသံသရာကြီးဟု ခန္ဓာတွင် အသိဖြစ် လာချိန်တွင် မြတ်စွာဘုရားက—

*.... 'အကြင် ဖေါက်ပြန်သော သဘောတရားသည် မမြဲ သဖြင့် ပျက်နေသည်-ထိုသဘောတရားသည် ဆင်းရဲ သလား, ချမ်းသာသလား'

ဟူသော မြတ်စွာဘုရား၏ အမေးကို ခန္ဓာ၏ သဘောတရားကို ဉာဏ်နှင့်မြင်သိနေသော ပဥ္စဝဂ္ဂီတို့က –

*.... 'ဆင်းရဲပါဘုရား'

ဟု လျှောက်သည်ကား ခန္ဓာဉာဏ်ရောက်သော ယောဂီတိုင်း ဤအတိုင်း လျှောက်ကြမည်သာဖြစ်သည်၊ ပရမတ်၏ လက္ခဏာ သဘောတရားလမ်းစဉ်သည် ဤသို့သာသွားနေသည်-သူ့ သဘော လမ်းကြောင်းကို လိုက်သိနေသော အသိဉာဏ် မှန်လာလျှင်-ဤအသိမှ ပြောင်းရွှေ့ဖြေဆို၍ မရချေ၊ ထိုအပျက်ကို မြင်၍ ဆင်းရဲကို သိသည်မှာ-ဉာဏ်ကိစ္စ ဖြစ်သည်-ရုပ်နာမ် ခန္ဓာပရမတ် သည် ဖြစ်ပြီး ပျက်နေသည်၊ သည့်အပြင် ဘာမှမရှိ၊ ထိုပျက်နေ သည့်သဘောကို သိသောဉာဏ်ကသာ 'ဒီလို တပျက်ထဲ ပျက်ပျက် နေတာ ဆင်းရဲပါလား'ဟု-ခန္ဓာ၏ အပျက်ကို-သံဝေဂပါသော ဉာဏ်ကသိမှုဖြစ်သည်၊ ထို့ကြောင့် သစ္စာပြခဏ်းတွင် 'သစ္စပဋိဝေဓ' ဟု ဆိုသည်၊ ဤဉာဏ် ဤအသိသည်-ဉာဏ်၏ထိုးထွင်းလာသော ကိစ္စဖြစ်သည်၊ ခန္ဓာက ဒုက္ခပြသည်မဟုတ်-ခန္ဓာ၏ အပျက်ကိစ္စကို ရစရာမရှိအောင် သိမြင်နေရသောဉာဏ်သည် ခန္ဓာ၏အဖြစ်ကို အလှန်သံဝေဂဖြစ်၍ သံသရာတခွင်တွင် ခန္ဓာအစဉ်ဖြစ်တတ်သော ဤရုပ်နာမ်အပေါ်တွင် သိနေရာမှ သံသရာဘဝတိုင်း ဖြစ်ရသော ခန္ဓာ့ဒုက္ခကို ထိတ်လန့် ကြောက်ရွံ့လာသည်၊ ခန္ဓာရခြင်းသည် ဆင်းရဲရခြင်း,ဆင်းရဲဖြစ်ခြင်း, ဆင်းရဲအစုအပုံ,ဆင်းရဲတုံးဆင်းရဲခဲ ချမ်းသာဟူ၍ မူမျှမပါ-သက်သက် ဆင်းရဲသာဟူသော ဟော

တော်မူချက်တို့ကိုလည်း သဘောပေါက်လာမည်- ဤသည်မှာ ခန္ဓာနာမ်ရုပ်က-ဖြစ်ပျက်ကိစ္စသာဖြစ်သော်လည်း-၎င်းကိုသိသော ဉာဏ်၏ သံသရာဘေးက လွတ်မြောက်ရန် ဉာဏ်ရင့်လာသော အချိန် ဖြစ်လေသည် ယင်း ဉာဏ်အမြင် ရင့်သန်လာသော ပဉ္စဝဂ္ဂီတို့က (ဒုက္ခံ ဘန္တေ) ဆင်းရဲပါဘုရားဟု လျှောက်ကြသည်မှာ လိုက်လိုက်လဲ့လဲ့ ဉာဏ်ဖြင့် သိနေရသည်ကို ရင်ဖွင့် လျှောက်ထားကြခြင်းပင်ဖြစ်လေသည်။

**'ဆင်းရဲမြင်ကား-စိုးမရ'** ဝိပဿနာဉာဏ်လုပ်ငန်းသည် တမျိုးပြီး တမျိုး ရှာဖွေတည်ထွင် လုပ်သိရသော အလုပ်မျိုး မဟုတ်သဖြင့်-အခြေခံ အမှန်ဖြစ်သော 'ရုပ်-နာမ်' သဘောကို ပရမတ်ကျကျ ဉာဏ်အသိရောက်နေရသောအလုပ်မျိုး ဖြစ်သောကြောင့်-အခြေခံ ပရမတ် ဖြစ်သည့် (ရုပ်) ဟူသော ဖေါက်ပြန်မှုကိုဖြစ်စေ, (နာမ်)ဟူသော သိမှုကိုဖြစ်စေ-သတိနှင့် ကပ်၍ ဉာဏ်ပညာသိနေရသော တခုထည်း တမျိုးထည်းသော လမ်းစဉ်ဖြစ်သည်-ပရမတ်ခန္ဓာ၏သဘာဝသည် အပျက်သာဖြစ်၍- ဉာဏ်သည် အပျက်တခုထည်းကိုသာ ဦးတည်ချက်ထား၍သိနေကြသျှင် ဆင်းရဲကို ဉာဏ်ထိုးထွင်း သိလာမည်၊ ထိုအပျက်; ထိုဆင်းရဲကိုပင် ထပ်ကာထပ်ကာ အကဲခပ်သိနေသောယောဂီ၌—

*.... 'ချစ်သားတို့-အကြင် သဘောတရားသည် မမြဲသော အပျက်ဖြစ်၏၊ ထိုပျက်မှုသည် ဆင်းရဲဖြစ်၏ဟု သင်တို့ သိပြီ-ထိုပျက်၍ ဆင်းရဲနေသော ပြောင်းလဲဖေါက်ပြန်

ခြင်း သဘောတရားကို-ငါ့ဥစ္စာပဲ၊ ငါပဲ၊ ငါ့အမာခံ
အနှစ်သာရပဲဟု-သုံးသပ် စွဲယူခြင်းငှါ သင့်လျော်
မည်လော'

ဟု-မြတ်စွာဘုရားမေးလေလျှင် ခန္ဓာ၏သဘောတရားကို အသိ
ဉာဏ် ကပ်လျက်ရှိသော ပဉ္စဝဂ္ဂီတို့က–

* … မခိုင်မမြဲ၍ ပျက်နေသော၊ ပျက်နေသဖြင့် ဆင်းရဲသော-
အပျက်နှင့်တကွ ဆင်းရဲသော-၎င်း သဘောတရားကို-
ငါ့ဥစ္စာဟူ၍၊ ငါဟူ၍၊ ငါ၏ အမာခံအနှစ်သာရဟူ၍
သိမြင်သုံးသပ် စွဲယူခြင်းငှါ လုံးဝ မသင့်တော်ပါ
ဘုရား'

ဟု-တကျော့မာန၊ ဒိဋ္ဌိ ပြတ်ကြောင်းကို လျှောက်ထားကြလေသည်၊
ပရမတ်ဖြစ်သောသဘောတရားသည်၊ သူ့လမ်းစဉ်အတိုင်း ပျက်
နေသည်ကို သိသောဉာဏ်၌ ဆင်းရဲကိုထင်လာလျှင်-ထိုသဘောကို-
ငါ၏ပစ္စည်း-ငါ့ဥစ္စာဟု ထင်စရာလုံးဝမရှိချေ၊ ရစရာမရှိအောင်
ပျက်နေသည်ကို သိသောဉာဏ်သည် မိမိဥစ္စာ ဘယ်မှာရှိသနည်း၊
ပျက်နေသည်ကို သဘောဉာဏ်မြင်လေလေ-'ငါ'ဟူသော အတ္တ
ဝင်၍မရလေလေဖြစ်သည်၊ အမှန်ကိုဆိုရမူ-အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ
ဆိုသည်မှာ-အကောင်အထည် အခိုင်အမာမှတ်မှုဖြစ်ရာ-ယခု ခန္ဓာ
သဘောသည် အကောင်အထည် အခိုင်အမာ ဘာမျှမရှိသော
အပျက်တို့ ဆင်းရဲနေသောသဘောကို ဉာဏ်ရောက်သောအခါ

ဘွင်-မိမိအနေနှင့် တားမရ,ဆီးမရ မည်သို့မျှ-ကန့်ကွက်တားမြစ်၍ မရလေသောကြောင့်-အနတ္တ-သူ့ သဘောဖြစ်လေသည်၊ ငါ့ဉစ္စာ-ငါ့သဘောဟု မည်သို့မျှ မှတ်သား၍မရပေ။

*.... ရုပ်နာမ်တို့၏ ပျက်နေသောသဘောတရားသည်'အနိစ္စ'

*.... ရုပ်နာမ်တို့၏ ပျက်နေသော အနိစ္စသည်ပင်လျှင် 'ဒုက္ခ'

*.... ရုပ်နာမ်တို့၏ ထိုအပျက် အနိစ္စ၊ ဆင်းရဲ ဒုက္ခသည်ပင် လျှင် 'အနတ္တ'

ဘု-ဉာဏ်သက်ရောက်သော အခြေအနေ အရ-ဆင့်ကာ ဆင့်ကာ ဖြစ်သွားလေသည်-အဓိပ္ပါယ်မှာ-ရုပ်နာမ် ပရမတ်တို့၏ သဘော တရား အပျက်ကိုသိမှ-အနိစ္စဖြစ်သည်၊ အနိစ္စ အပျက်များများ ရှုမြင်မှ-ဒုက္ခထင်လာသည်၊ ယင်းသဘောတို့၏ အနိစ္စ အပျက်, ဒုက္ခ ဆင်းရဲကို ကြာကြာ ဉာဏ်မိမှ-အစိုးမရသော-သူ့ သဘော အနတ္တဖြစ်၍ မဂ်ဝင်ရသည်-အနိစ္စဟူသော အပျက် ကြပ်ကြပ် မမြင်ပဲ-ဆင်းရဲ ဒုက္ခကို မသိပေ၊ ဆင်းရဲကို ကြပ်ကြပ် သဘော မပေါက်ပဲ-အစိုးမရသော-အနတ္တကို မသိနိုင်ရကား အပျက်ကို ဉာဏ်ရင့်လောက်အောင်မသိပဲ-ဆင်းရဲရှုနေသည်မှာ အစဉ်အတိုင်း ဉာဏ်တက်မှု မဟုတ်ပဲ-လုပ်ယူ လုပ်ရှုသော သဘောသာ ဖြစ်လေ သည်၊ ထို့ကြောင့်-ကျွန်ုပ်တို့၏ဆောင်ပုဒ်တွင်—

*— အပျက်ရှုလျှင်-ဆင်းရဲမြင်၊ ဤတွင်သူ့သဘော၊

*.... ဖြစ်ပျက်ဆင်းရဲ-ရှုလေမြဲ-ဒါလဲသူ့သဘော၊

*.... အပျက်မမြင်-ဆင်းရဲထင်-ရှုလျှင်လုပ်သဘော၊

ဟူ၍ စပ်ဆိုထားသည်-ပဌမဆောင်ပုဒ်တွင်-အပျက် ရှုလာသော ဉာဏ်သည်-ဆင်းရဲကို သိမြင်လာမည်ဖြစ်၍ အနတ္တ ပေါ်လွင် အောင်-'အနိစ္စေန ဝါ'ဟူသော-အနိစ္စ အချက်နှင့် ဖေါ်ကြောင်း ဆိုထားသည်။

ဒုတိယဆောင်ပုဒ်တွင် အပျက်,ဆင်းရဲ နှစ်ခုတွဲ ရှုသောအား ဖြင့် 'အနိစ္စ ဒုက္ခေဟိ ဝါ'အရ အနတ္တ ထင်ရှားအောင် ဟော ကြောင်း ဆိုထားသည်။

ယင်းသို့ ပရမတ်သဘောတရား ဟူသည်-အပျက်, ဆင်းရဲ, အစိုးမရသောလက္ခဏာတို့သို့ ဉာဏ်အဆင့်ဆင့်ရင့်၍ ရောက်လာ ရမည့်သဘောအတိုင်း မဟုတ်ပဲ-ရုပ်နာမ် ပရမတ်တို့၏ အပျက် သဘော ဉာဏ်ရောက်အောင် မရှုပါဘဲ-ကြာကြာထိုင်မှုကြောင့် ညောင်းလာသော ဆင်းရဲ, ကိုက်လာသော ဆင်းရဲ, ထုံကျင်လာ သော ဆင်းရဲ, မခံသာသော ဆင်းရဲ စသည်တို့ကို ရှုနေက-ပရမတ် အပျက်လမ်းစဥ်မှ လာသော ဆင်းရဲ မဟုတ်ပဲ-လုပ်ယူသော ကြားဖြတ် ဆင်းရဲ, လုပ်ဆင်းရဲသာ ဖြစ်၍-အနတ္တ-သူ့သဘော မဟုတ်ပဲ လုပ်ယူသော သဘောသာဖြစ်ကြောင်း တတိယ ဆောင်ပုဒ်ဖြင့် ပြဆွန်ထားပေသည်။

[ဤဆိုအပ်ခဲ့ပြီးသောအတိုင်း ရူပက္ခန္ဓာ(ဖေါက်ပြန်မှုအစု)၌-အနိစ္စ, ဒုက္ခ, အနတ္တဖြင့်-အနတ္တလက္ခဏာကို ထင်ရှားစေရန် ဖေါ်ပြခဲ့ပြီ၊ ကျန်သော-ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် ခန္ဓာငါးပါး အားလုံးကိုလည်း ဤအတိုင်း မှတ်ကြပါရန်နှင့်-အတိတ်, အနာဂတ်, ပစ္စုပ္ပန်စသော တဆယ့်တပါးသောသဘောတရားတို့ကို ဝေဖန်ဟောကြား၍-အနတ္တ ပေါ်လွင်အောင်-ဟောပြီး တရားအဆုံးသတ်သည်-ပဉ္စဝဂ္ဂီတို့အားလုံး ရဟန္တာ ဖြစ်တော်မူကြသည်။ ကျွန်ုပ်တို့ ရည်ရွယ်ထားသည်မှာ-ထို အနတ္တသဘောတရား ပေါ်လွင်စေရန် – မြတ်စွာဘုရား၏ သာသနာမှာ-အနတ္တသာဖြစ်ကြောင်း သိစေရန်နှင့် မိမိတို့၏ သတိပဋ္ဌာန် ဓမ္မာနုပဿနာရှုခဏ်းနှင့် အနတ္တကို မည်သို့မည်ပုံ ဆက်သွယ်ပုံ · အနတ္တထင်နိုင်ပုံတို့ကို-သိအောင်-ဖေါ်ဆောင်ရသည်ဖြစ်၍·အနတ္တလက္ခဏာသုတ်ကို အဆုံးထိမဖေါ်ပြပဲ·လိုအပ်သော အနတ္တမူတည့်ပုံကို-ထုတ်ဆောင်ခြင်းသာ ဖြစ်သည်၊ စင်စစ်မှာ အနတ္တလက္ခဏာသုတ်-အကုန် မသိစေကာမူ-မိမိ အတွက်မှာမူ-အနတ္တ ဉာဏ်ပေါက်၍ တရားရရန်သာ ပဓာနထား၍-ဝေဖန်ရှုကြည့် လေ့လာကြစေလိုပါသည်။]

*.... ပြဆိုခဲ့ပြီးသောသဘောတို့သည် သဘာဝယုတ္တိဖြစ်၍၊ အာဂမယုတ္တိနှင့် ဆက်၍လေ့လာရန်။

'ပရမတ္ထ အနိစ္စ' ပရမတ္ထဖြစ်သော-ရုပ်နာမ်၏ ပင်ရင်းသဘော ကိုသိရန် ဉာဏ်လေ့လာလိုသောယောဂီသည် (ရုပ်ဟူသော)ဖေါက်ပြန်မှုတခုကို ရှေးဦးစွာသိအောင် အသိကပ် ထားပါ-ကြာ ကြာ အ သိ ကပ် ထား သော အ ခါ ထို ဖေါက် ပြန် ပြောင်းလဲသောသဘောတရား၏၊ ဇာတိသဘောနှင့်ဖြစ်မှု, မရဏ သဘောနှင့်ပျက်မှုတို့ကို ကြာလေသိလေ သိလာလိမ့်မည်၊ငင်းတို့၏ ဖြစ်မှု ချုပ် ပျက် မှု တို့ သည် လည်း အ လွန် လျှင် မြန် သည် ကို ဉာဏ်လိုက်သိနေရမည်-ပရမတ်သဘောတရားတို့၏ ဖြစ်မှု-ပျက်မှု လျှင်မြန်ပုံမှာ=

ဥဒကေ ဒဏ္ဍရာဇီဝ-အာရဂ္ဂေ ရိဝသာသပေါ၊

ဝိဇ္ဇုပ္ပါဒါဝ မမွာ တေ-ပရိတ္တဋ္ဌာယိနော သိယုံ။

တေ မမွာ-ထိုရုပ်နာမ်နှစ်ပါး သင်္ခါရတရားတို့သည်၊ ဥဒကေ-ရေအပြင်၌၊ ဒဏ္ဍရာဇီဝ-တုတ်လုံးတန်ဖြင့် ရေးခြစ် သော အရေးအကြောင်းကဲ့သို့ရင်း၊ အာရဂ္ဂေ-အပ်နဖါး ဖေါက်သော စူးဖျား၌၊ သာသပေါ္ဝ-တင်ကာ ခဏ ချက်ချင်းကျရသော မုန်ညင်းစေ့ကဲ့သို့ရင်း၊ ဝိဇ္ဇုပ္ပါဒါဝ- တိမ် တိုက် နှစ် ခု တိုက် ရာ တွင် လက်ခနဲ ပေါ် လာ ပြီး ချက်ချင်း ချုပ်ပျောက်တတ်သည့် လျှပ်လက်လိုက်သကဲ့သို့ ရင်း၊ ပရိတ္တဋ္ဌာယိနော-လွန်စွာတိုတောင်းလှစွာ တခဏ သာ တည်နိုင်ကုန်သည်၊ သိယုံ-ဖြစ်ကုန်၏၊

ဟူ၍-ရေးအငွကထာတို့ အဆိုအရ-ရေအပြင်တွင်-တုတ်လုံ့တန် တခုနှင့် ရေးခြစ်လိုက်သောအခါ-တုတ်လုံ့တန်သည် ရေပြင်ကို ထိဆဲ ခဏ၌သာ-ရေပြင်၌ အရေးအကြောင်း ဖြစ်ပေါ်လာပြီး-တုတ်ကို သိမ်းယူလိုက်သောအခါ-ရေပြင်တွင်-အရေးအကြောင်း မကျန်တော့သကဲ့သို့၎င်း၊ အပ်နဖါးဖေါက်သောစူးသည် အလွန်သေးငယ်လှ၏၊ ထိုစူးဖျားပေါ်သို့-မုန်ညင်းစေ့ကို တင်လိုက်သောအခါ စူးဖျားပေါ်သို့ တည့်တည့်မတ်မတ် ကျခိုက်အခါတွင်သာ တင်သည်ဟုဆိုရ၍-တခဏချင်း ရွှေလျော လိမ့်ကျသွားသကဲ့သို့၎င်း၊ ပသဝီ, ဝါယော-နှစ်ခုသော ဓာတ်တို့ လွန်ကဲမှုကြောင့် ကောင်းကင်အပြင်တွင် တိမ် ၂-ခုတို့ တိုက်မိကြရာတွင်-ချက်ချင်းပင်-လျှပ်စစ်ဓာတ်သည်၊ ဖြတ်ကနဲပေါ်လာပြီးနောက် ချက်ချင်းပင် ကွယ်ပျောက်လျက်-အနိစ္စ ဖြစ်သကဲ့သို့၎င်း၊ ထိုအတူ-ယခုပစ္စုပ္ပန်ကာလတွင် ထင်ရှားလက်ငင်း 'အာရုံ ါး ပါး အကြောင်းတရားတို့ကြောင့်-သိမှုဟူသော နာမ်တရားတို့သည်လည်း-လျှပ်စစ်ပြက်လိုက်သောကာလ ခဏကလေးအချိန်မှာ အခါအကြိမ်ပေါင်းကုဋေ တသိန်းမျှလောက် အဟောင်းတွေ ချုပ်ပျောက်လျက် အသစ်အသစ် ဖြစ်ပေါ်ကာ နေကြသောကြောင့်-ရေ၌ရေးသော အရေးအကြောင်းသည်မမြဲသကဲ့သို့၎င်း-စူးဖျားသို့တင်လိုက်သော မုန်ညင်းစေ့သည် မမြဲသကဲ့သို့၎င်း-တိမ်နှစ်ခုတိုက်သဖြင့် ပေါ်လာသော လျှပ်စစ်ရောင်သည် မမြဲသကဲ့သို့၎င်း-တစက္ကန့်မျှ ခိုင်မြဲခြင်း မရှိသော-အနိစ္စတရား၊ သင်္ခတတရား၊ ပဋိစ္စသမုပ္ပန္နတရား၊ ခယတရား၊ ဝယတရား၊ ဝိရာဂတရား၊ နိရောဓ တရားတို့သာတည်း။

ဖေါက်ပြန်တတ်သော သဘောတရားတို့သည်လည်း လျှပ်တပြက် အခါမှာပင် ကုဋေပေါင်းများစွာ ချုပ်တတ် ပျက်စီးတတ်သော သဘောတို့ဖြစ်၍ အဟောင်းများစွာ ချုပ်ပျောက်လျက် အသစ်အသစ် ဖြစ်ပေါ်ကာနေကြသောကြောင့်-တစက္ကန့်လောက်မျှပင် အစဉ်ထာဝရ ခိုင်မြဲစွာမတည်တံ့နိုင်ကြပဲ-တဖြစ်ထဲဖြစ်ပြီးနောက် ချက်ချင်း ချုပ်ပျောက်ကြသည့်အတွက် ခိုင်မြဲခြင်းမရှိသော အနိစ္စတရား၊ ကံ-စိတ်-ဥတု-အာဟာရ တည်းဟူသော အကြောင်းလေးခု ပြုပြင်မှုရှိကြသော သင်္ခတတရား, ယင်း သင်္ခတဟူသော အကြောင်းလေးခုကို အစွဲအမှီရမှ ဖြစ်ပေါ်လာတတ်သော ပဋိစ္စသမုပ္ပန္နတရား, ဖြစ်ပေါ်ပြီးသည်နောက်-ချက်ချင်းပင် ကုန်ပျောက်တတ်သော ခယတရား,ဖြစ်ပေါ်ပြီးနောက်-ချက်ချင်းပင် ပျက်စီးတတ်သော ဝယတရား,ဖြစ်ပေါ်ပြီးနောက်-ချက်ချင်းပင် ပျောက်တတ် ကင်းတတ်သော ဝိရာဂတရား, ဖြစ်ပေါ်ပြီးနောက်-ချက်ချင်း ပင် ချုပ်ငြိမ်းတတ်သော နိရောဓတရား, ဖြစ်ပေါ်ပြီးနောက်-ခဏချင်းပင် ပျက်စီး ပြိုကွဲခြင်း ဟူသော ဘင်္ဂတရား စသော အရပ်ရပ်သောကျမ်းဂန်များ၏ အနိစ္စသဘောကိုပင်လျှင် အမျိုးမျိုးသော ပရိယာယ်ဖြင့် လဲလှယ်ပြဆိုတော်မူကြကုန်၏၊ ထို့ကြောင့် ရှေးအဋ္ဌကထာဆရာတို့သည် သရုပ်ဖေါ်ခဲ့ကြပေကုန်သည်။

ရုပ်နာမ်ပရမတ် ဟူသော တရားတို့သည်-အကြောင်းအခွင့်တိုက် ဆိုင်မှ-ခဏချင်း ဖြစ်၍ ခဏချင်း ပျက်သွားတတ်သော-အာဂန္တုကတရား, တာဝကာလိကတရား, တခဏတရားတို့သာ ဖြစ်ကြ

လေသည်၊ ၎င်းတရားတို့သည် (ရုပ်ဟူသော) ဖောက်ပြန်မှုကလည်း သူ့ကိုစွန့်သူ ပျက်နေသဖြင့် (နာမ်ဟူသော) သိမှုကို ဂရုမစိုက်နိုင်၊ (နာမ်ဟူသော) သိမှုသည်လည်း သူ့ကိုစွန့်သူ ပျက်နေသဖြင့် (ရုပ်ဟူသော) ဖောက်ပြန်မှုကို အကူအညီမပေးနိုင်၊ သမုဒ္ဒရာပင်လယ်တွင်း၌ သင်္ဘောပျက်သကဲ့သို့ ရှိချေသည်။

ထိုရုပ်နာမ် ဟူသော သဘောတရားတို့သည်-သင်္ခါရ ဟူသော ပြုပြင်စီမံမှုရှိပါမှ ဖြစ်ပေါ်ခွင့်ရကြသော အာဂန္တုက, တဒင်္ဂ, တခဏတရားတို့သာ ဖြစ်ကြလေသည့်အတွက် ကံ, စိတ်, ဥတု, အာဟာရဟူသော အနိစ္စတရားတို့ကြောင့်သာ ဖြစ်ပေါ်လာရသော-ဤ(ရုပ်နာမ်)တရားနှစ်ပါးသည် အဘယ်မှာလျှင် ခိုင်မြဲတည်တံ့သောသဘောရှိပါမည်နည်း၊ ထို့ကြောင့်-

'ရူပံ ဘိက္ခဝေ အနိစ္စံ၊ ယောပိဟေတု ယောပိပစ္စယော ရူပဿ ဥပ္ပါဒါယ၊ သောပိ အနိစ္စော၊ အနိစ္စသမ္ဘူတံ ဘိက္ခဝေ ရူပံ ကုတော နိစ္စံ ဘဝိဿတိ'

(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်-သဟေတုအနိစ္စသုတ်-၂၀)

'ဘိက္ခဝေ-ချစ်သားတို့၊ ရူပံ-ဖောက်ပြန်တတ်သော သဘောသည်၊ အနိစ္စ-ဖောက်ပြန် ဖြစ်ပျက်နေသည့်တွက် ကြောင့် မမြဲပြီ၊ ဘိက္ခဝေ-ချစ်သားတို့၊ ရူပဿ-ဖောက်ပြန်တတ်သောသဘော၏၊ ဥပ္ပါဒါယ-ဖြစ်ပေါ်လာရခြင်းငှါ၊ ယောပိဟေတု-အကြင်ဖြစ်ပေါ်စေတတ်သော ကံ, စိတ်,

ဥတု, အာဟာရ တည်းဟူသော ဇနက အကြောင်းသည်၎င်း၊ ယောပိပစ္စယော-အကြောင်းထောက်ပံ့တတ်သော ကံ, စိတ်,ဥတု,အာဟာရတည်းဟူသော ဥပထမ္ဘကအကြောင်းသည်၎င်း၊ အတ္တိ အကြောင်း မချုပ်သမျှ တရှုရှု တလှုပ်လှုပ် တရှုရှု ရှိနေကြ၏၊ သောပိ-ထိုအကြောင်း အထောက်အပံ့မကင်းသရွေ့ ရှိနေကြသော ဖေါက်ပြန်မှု, သိမှု နှစ်ခု သည်လည်း၊ အနိစ္စာ-ဖေါက်ပြန်ဖြစ်ပျက်နေ သည့် တွက် ကြောင့်-မမြဲပြီ၊ ဘိက္ခဝေ-ချစ် သား တို့၊ အနိစ္စသမ္ဘူတံ-ဖြစ်ချုပ်ကြိမ်ဖန် အတန်တန် တို့ကြောင့်-ကောနိမမြဲသော သင်္ခါရတို့ကြောင့်ဖြစ်လာရသော ရုပ်နာမ် နှစ်ပါးကြောင့် ဖြစ်ပေါ်လာရသော၊ ရုပံ-ဖေါက်ပြန်မှု အစုသည်၊ ကုတော နိစ္စံ ဘဝိဿတိ-အဘယ်မှာ လျှင် ခိုင်မြဲတည်တံ့စွာ ဖြစ်ပေါ်နိုင်ပါတော့အံ့နည်း’

(ဝေဒနာ-သညာ-သင်္ခါရ-ဝိညာဏ် တို့လည်း ဤနည်း အတူ သာတည်း)

**‘အပျက်သိက-အနတ္တ’** ဖေါက်ပြန်မှု, သိမှုဟူသော (ရုပ်နာမ်) ပရမတ်သဘောတရားတို့တွင် ဖေါက်ပြန်မှုသည်၎င်း, ဒိမှုသည်၎င်း-သူသူငါငါ ဉာဏ်မပါသူတို့ သိနိုင်မြင်နိုင်သော သဘောတရားများ မဟုတ်ချေ၊ ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ,ဇီဝ, ကိုယ်,အသက်,လူ,နတ်,ဗြဟ္မာ,ယောကျ်ား,မိန်းမ ဟူ၍ ခေါ်ရသော အထည်ဝတ္ထုတို့သည် ပညတ်ဖြစ်ကုန်၏၊ ထိုပညတ်

တို့ကို အဟုတ်အမှန်ရှိသည်ဟု ထင်ကြလေကုန်၏၊ အထင်အားဖြင့် ရှိသည်ဟု ပြောဆိုကြကုန်၏၊ ပြောကြသည့်အတိုင်း သမ္မုတိသစ္စာ အားဖြင့် ဟုတ်သည်-မှန်သည်ဟု ဆိုအပ်၏။

သမ္မုတိအားဖြင့် ဟုတ်မှန်သည် ဆိုသော်လည်း၊ ပရမတ္ထ အားဖြင့် အဟုတ်အမှန်ရှိသည်ဟု မဆိုရ၊ တကယ်စင်စစ် ဟုတ်မှန် သော ပရမတ္ထသဘောကဲ့သို့-ကောန်မှုချရှိသည်မဟုတ်၊ မျက်စိနှင့် ကြည့်၍ရှာလျှင် အဆင်းရုပ်ကို တွေ့၏၊ လူကိုမတွေ့-အဆင်းရုပ် သည် လူမဟုတ်-အဆင်းရုပ်ပရမတ်သည် ဖြစ်ပျက်နေ၏၊ ဖြစ်ပျက် နေသော သဘောကို ဉာဏ်နှင့် မမြင်သောကြောင့်-ရှည်ရှည်ကြီး နေသော အထည်ဝတ္ထုဒြပ်ကို 'လူ'ဟု မှတ်ထင်သည်၊ မှတ်ထင် သောအတိုင်း လူမဟုတ်-ဖြစ်ပျက်နေသော အဆင်းရုပ်သာလျှင် ဟုတ်သည်။

မီးစကို ကိုင်၍ရမ်းလျှင် မီးကွင်းထင်သကဲ့သို့ အဆင်းရုပ် ဖြစ်ပျက်အစဉ်ကို လူထင်လေသည်၊ ရှည်ရှည်ကြီး ထင်လေသည်၊ ရှည်ရှည်ကြီးထင်ရသော ဖြစ်ပျက်အစဉ်ကိုပင်လျှင် လူဟူ၍ သမုတ် ခေါ်ဆိုလေသည်၊ ဖြစ်ပျက်တခြား,အစဉ်တခြား ကွဲပြားအောင် ဉာဏ်နှင့်ကြည့်လေ၊ ဖြစ်ပျက်ကို အဆင်းရုပ်ဆိုသည်၊ အစဉ်ကို လူဟူ၍ ဆိုသည်၊ ဖြစ်ပျက်နေသော အဆင်းရုပ်နှင့်ကင်း၍ လူ ခေါ်စရာမရှိ၊ လူကို မြင်သည်ဆိုရာ၌-လူကို မြင်ရသည်မဟုတ်- အဆင်းရုပ်ကိုသာ မြင်ရသည်၊ ၎င်းအဆင်းရုပ်သည် ဖြစ်ပျက် လျက်နေသည်၊ အဘယ်အခါမျှ ဖြစ်ပျက်ရပ်စဲသည်မရှိ။

ဖြစ်ပျက်နေသော အဆင်းရုပ်သည် ပရမတ်သဘောတရား ဖြစ်သည်၊ အတိုအရှည်,အကြီးအငယ်,အပြားအလုံး,အခုံးအခွက် ကိုယ်ကောင်ကြီးထင်ရသော ရုပ်သည် ပညတ်သဏ္ဌာန် ဖြစ်၏၊ ဖြစ်ပျက်နေသော အဆင်းရုပ် သဘောတရားသည်-ပရမတ်အနိစ္စ ဖြစ်၏၊ အတိုအရှည်,အကြီးအငယ်,အပြားအလုံးတို့ ပျက်စီးခြင်း သည် ပညတ်အနိစ္စ ဖြစ်၏၊ အန္ဓပုထုဇ္ဇန်တို့၏ ဉာဏ်အမြင်သည် သတ္တဝါ အကောင်အထည် ပျက်စီးသောအခါ ပညတ် အနိစ္စကို သိ၏။

ဖြစ်ပျက်နေသော ပရမတ်အနိစ္စကို မသိမမြင်သောကြောင့် ဖြစ်ပျက်မရှိ ပကတိအမြဲ အနှံ့နှံ့အဖုံ့ဖုံ့ ပုံသဏ္ဌာန်အမျိုးမျိုး မှတ်ထင်သော 'အတ္တသညာ' လူကောင်,ခွေးကောင် သတ္တဝါဟု စွဲယူသော 'အတ္တဒိဋ္ဌိ'ဖြစ်လေသည်၊ ဖြစ်ပျက်မရှိ ပကတိအတိုင်း နေသည်ဟု မှတ်ထင်သည်ကို 'နိစ္စသညာ'ဆိုသည်၊ ဖြစ်ပျက်နေ သော ပရမတ်အနိစ္စကိုမြင်ပါလျှင် နိစ္စသညာ ပျောက်ကင်းသည်၊ နိစ္စသညာ ပျောက်ကင်းလျှင် အတ္တသညာ ပျောက်ကင်းသည်၊ အတ္တသညာ ပျောက်ကင်း၍-အနတ္တထင်မှ-အတ္တဒိဋ္ဌိ ကင်းစင်သည်၊ သို့ကြောင့် အနိစ္စဟူသော ဖြစ်ပျက် အနိစ္စကို ရှုမြင်လျှင်-အနတ္တ ထင်ကြောင်း ပါဠိတော်၌—

'အနိစ္စသညိနော ဘိက္ခဝေ အနတ္တသညာ သဏ္ဌာတိ၊ အနတ္တသညီ အသ္မိမာန သမုဂ္ဃါတံ ပါပုဏာတိ ဒိဋ္ဌေဝ ဓမ္မေ နိဗ္ဗာနံ'

(နဝင်္ဂုတ္တရပါဠိတော်-သမ္ဗောဓိသုတ်-၁၆၅။ ဥဒါန်ပါဠိတော်-၁၂၀။မေဃိယသုတ်-၁၆၉)

‘ဘိက္ခဝေ-ချစ်သားတို့၊ အနိစ္စသညိနော-ဖေါက်ပြန်သဘော-သိသဘောတို့၏ မမြဲကြောင်းကို ကောင်းစွာဉာဏ်ဖြင့်သက်ဝင်ရှုကြည့်နိုင်သောသူအား၊အနတ္တသညာ-ရုပ်နာမ်နှစ်ပါး ပရမတ္ထတရား၌ ငါဟူသော အကောင်အထည်အမာခံ တကယ်မရှိပါတကားဟု-မှတ်သားသိမြင်တတ်သော အနတ္တသညာသည်၊ သဏ္ဌာတိ-ကောင်းစွာတည်လာရတော့၏၊ ဘိက္ခဝေ-ချစ်သားတို့၊ အနတ္တသညီ-အနတ္တသညာ ထင်သောသူသည်၊ အသ္မိမာနသမုဂ္ဃါတံ-ငါတကားဟု ထောင်လွှားမာန်မူတတ်သော မာနတရား၏ ကင်းပြတ်ခြင်းသို့၊ ပါပုဏာတိ-ရောက်တော့၏၊ ဒိဋ္ဌေဝဓမ္မေ-မျက်မှောက် ဘဝ၌ပင်လျှင်၊ နိဗ္ဗာနံ-ကိလေသာငြိမ်းခြင်းသို့၊ ပါပုဏာတိ ရောက်တော့၏’

ပရမတ်ဖေါက်ပြန်မှုမည်သည် ၎င်းတို့၏သွားရာလမ်းကြောင်းသို့ ၎င်းတို့၏ဖြစ်ပျက်လက္ခဏာအတိုင်း ဖြောင့်ဖြောင့်သွားရကား ပျက်သဘောကိုသာလျှင် တွေ့ရမည်၊ပျက်နေသည်ကား ပရမတ်၏လက္ခဏာသာ ဖြစ်၍ ဝိပဿနာရှုသော ယောဂီ၏ဉာဏ်သည်-အပျက်ကိုသာ သိနေမည်၊အပျက်သဘောဟူသည်-ဖြစ်သဘော၏လမ်းဆုံးဖြစ်၍-ရှုသောဉာဏ်မှာ-အပျက်ကို သိနေရင်း-၌ ပရမတ်ရုပ်နာမ်သဘောကို ထိတ်လန့်ဖွယ်ရာ သံဝေဂဉာဏ်ဝင်လာသည်၊ မည်သို့မျှ-တားမရ,ဆီးမရ,ဆွဲမရ,ကိုင်မရ,အနှစ်သာရ အမာခံဟူ၍ဘာမျှ မရှိပုံ-စိုး၍ ပိုင်၍ မရပုံ-မိမိအလိုသို့ မလိုက်မပါပုံ-မိမိအလို

အတိုင်း မဖြစ်ပုံ-စသော သံဝေဂဉာဏ် ဝင်နေသောအချိန်တွင်-အနတ္တသညာ ထင်တော့သည်၊ အလုပ်သဘောနှင့်ပြောရမူ—

'ယထာ ပုဗ္ဗုဠကံ ပဿေ၊ ယထာပဿေ မရီစိကံ၊
ဧဝံ လောကမဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ'

(ဓမ္မပဒပါဠိတော်-၃၉)

'ပုဗ္ဗုဠကံ-ရေပွက်ကို၊ပဿေယထာ-မြင်ရသကဲ့သို့ရင်း၊ မရီစိကံ-တံလျှပ်ကို၊ ပဿေယထာ-မြင်ရသကဲ့သို့ရင်း၊ ဧဝံ-ဤအတူ၊ လောကံ-ရုပ်နာမ်နှစ်ပါး သင်္ခါရလောကကို၊ အဝေက္ခန္တံ- ဉာဏ် ဖြင့် စေ့ ငု- မြင် အောင် ရှု သော သူကို၊ မစ္စုရာဇာ-သေမင်းသည်၊ န ပဿတိ-မမြင်နိုင်။

ရုပ်နာမ် ဟူသော သင်္ခါရလောကကို-သိတတ်သော အသိဉာဏ်နှင့် ရှုကြည့်နေသော ယောဂီသည်-ရေးဦးစွာ ဖေါက်ပြန်တတ်သော သဘောတရားတို့၏လက္ခဏာ အပျက်ကို မြင်သည်၊ ထိုမြင်ရသော ပျက်မှုသည်-ရေပေါက်ကျ၍ဖြစ်သော ရေပွက်တို့ ပျက်နေသလို-တံလျှပ်တို့ တရိပ်ရိပ် ပျက်နေသလို-တဖွဲဖွဲ, တသုတ်သုတ် ပျက်နေသည်ကိုသာ ရှုနေသိနေသော-ဘင်္ဂဉာဏ်အခိုက်တွင် ဖြစ်သည်၊ ယင်းအသိအဆင့်တွင်ပင် မစ္စုရာဇာဟူသော သေမင်း မမြင်ဟု ဟောတော်မူရာ—

'မစ္စု=သေ၊ ရာဇာ=မင်း၊ မစ္စုရာဇာ=သေမင်း'

အဘယ့်ကြောင့် မစ္ဆရိယရာဇာ-သေမင်းဆိုသနည်း ဟူမူ (ဘင်္ဂ-မရဏ)သေခြင်း,ပျက်ခြင်းကြောင့် 'မစ္ဆု' ဆိုသည်၊အဘယ့်ကြောင့် ရာဇာ-ဆိုသနည်းဟူမူ-အလုံးစုံ ဖြစ်ရှိသမျှကို လွှမ်းမိုးအုပ်စိုးသောကြောင့် ရာဇာ-ဟူ၍ ဆိုသည်၊ အဘယ့်ကြောင့် မစ္ဆုရာဇာ-ဆိုသနည်း ဟူမူ-သေခြင်း-ပျက်ခြင်း သဘော ရှိသော အလုံးစုံ ဖြစ်ဖြစ်သမျှ-သင်္ခါရသဘောတရားတို့ကို-ပျက်စီးအောင် လွှမ်းမိုးနှိပ်စက် ဖျက်ဆီးတတ်သောကြောင့် မစ္ဆုရာဇာ-ဟူ၍ ဆိုသည်။

အမိပွါယ်မှာ– 'ဘာဖြစ်ချင်သလဲ-ဖြစ်ချင်ရာ ဖြစ်ခဲ့စမ်းပါ' ဖြစ်လာသမျှ-ဖြစ်လေသမျှ အလုံးစုံကို လွှမ်းမိုး သိမ်းယူ၍-ပျက်အောင်, ပျက်ခြင်းသို့ရောက်အောင် လွှမ်းမိုးအုပ်စိုးနိုင်လေသည်၊ ပျက်ခြင်းကိုပင် 'သေမင်း'ဟုဆိုသည်၊ 'ခဏိကမရဏ=ခဏတိုင်း ပျက်နေသည်' ဖြစ်လာသမျှကို အကုန်နှိပ်စက်ဖျက်ဆီး၍ ဖြစ်လာတိုင်း ပျက်ရလေသောကြောင့် 'မစ္ဆုရာဇာ'ဟုဆိုသည်။

ထို မစ္ဆုရာဇာဆိုသော သေမင်းက; အဘယ်သူကို နှိပ်စက်ဖျက်ဆီးသနည်း–ဖြစ်ပျက်သဘောကို မသိ၍ မမြင်၍ ဖြစ်ချင်သောကြောင့် ဖြစ်လာသောသူကိုသာလျှင် နှိပ်စက် ဖျက်ဆီးနိုင်လေသည်၊ ရုပ်ဟူသော ဖေါက်ပြန်မှု–နာမ်ဟူသော သိမှုတို့ကို-ရေပွက်ပမာ တံလျှပ်သဘောနှင့်မြင်၍ မဖြစ်ချင်သောကြောင့် မဖြစ်သောသူကို မစ္ဆုရာဇာ-သေမင်းသည် ပျက်စီးအောင် ဖျက်ဆီးနှိပ်စက်လို၍ ရှာဖွေကြည့်ရှုပါသော်လည်း 'န ပဿတိ' မမြင်နိုင်,

မဖျက်ဆီးနိုင်, မပျက်စီးနိုင်, ပျက်စီးခြင်းမရှိတော့ပေ၊ ဖြစ်ခြင်းမရှိလျှင်-အပျက် မရှိတော့ပေ၊ အပျက် ဟူသည်-ဖြစ်ခြင်းတရားဖြစ်သောတရားတို့ ပျက်ခြင်းဖြစ်၍ မဖြစ်က မပျက်ပေ။

ယင်းအပျက်ကို သဘောပေါက်အောင်သိသော ယောဂီ၏ ဉာဏ်၌ အစိုးမရသော အနတ္တလက္ခဏာကို ထင်တော့သည်၊ ထို့ကြောင့်—

'အနတ္တသညာ သဏ္ဌာတိတိ အနိစ္စလက္ခဏေ ဒိဋ္ဌေ အနတ္တလက္ခဏံ ဒိဋ္ဌမေဝ ဟောတိ၊ ဧတေသု တီသု လက္ခဏေသု ဧကသ္မိံ ဒိဋ္ဌေ ဣတရဒ္ဒယံ ဒိဋ္ဌမေဝ ဟောတိ၊ တေန ဝုတ္တံ အနိစ္စသညိနော ဘိက္ခဝေ အနတ္တသညာ သဏ္ဌာတိတိ'

(နဝင်္ဂုတ္တရဋ္ဌကထာ-၂၅၈)

ဖြစ်ပျက်ဟူသည် ခန္ဓာပရမတ်၏သဘော၊ အပျက်ဟု သိမြင်ခြင်းသည်-အနိစ္စကိုသိသော ဉာဏ်သဘော၊ ဉာဏ်လေ့လာမှုများသလောက် အပျက်များများမြင်မည်၊ အပျက်များများမြင်သည်နှင့်အမျှ-င ါမဟုတ် အစိုးမရသောအနတ္တသည် မုချထင်လာရမည်၊ အနိစ္စမြင်သည် ဆိုရာ၌လည်း ဖြစ်ပျက်ပဲ၊ ဒုက္ခမြင်သည် ဆိုရာ၌လည်း ဖြစ်ပျက်ပဲ၊ အနတ္တမြင်သည် ဆိုရာ၌လည်း ဖြစ်ပျက်ကိုမြင်သည်ချည်း ဖြစ်သောကြောင့်-အနိစ္စမြင်လျှင်-အနတ္တထင်သည်ဟူသော ဒေသနာတော်သည် အလွန်တိကျလှပေသည်။

'**ဖြစ်ပျက် ဆင်းရဲ**' ဖေါက်ပြန်သဘော, သိသဘော၏ ပျက်တတ်သော အနိစ္စလက္ခဏာကို ထပ်ကာထပ်ကာ သိအောင် သတိဆောင်၍ ပညာဉာဏ်ဖြင့် အစိပ်စိပ်အလီလီ ပရိညာသဘော ပိုင်အောင် ပွါးများ အားထုတ်ရလေသည်· အပျက်ကိုသိရုံ-သိသည်ဆိုရုံမျှနှင့် အနတ္တကို·ထင်နိုင် မြင်နိုင်မည် မဟုတ် သေးချေ၊ ကျွန်ုပ်တို့၏ ယူဆချက်မှာ-မြတ်စွာဘုရား မေဃိယကိုဟောသော—

(အနိစ္စသညိနော မေဃိယ အနတ္တသညာ သဏ္ဌာတိ)

'ချစ်သားမေဃိယ-အပျက်ကိုမြင်သည်ရှိသော်-အစိုးမရသော-အနတ္တသညာသည်-ကောင်းစွာတည်၏'

ဟူသော ဟောတော်မူချက်သည်-အရင်းအစ အနိစ္စကို မြင်က-ဒုက္ခတွင်မက အနတ္တထိအောင်ပင်-ဉာဏ်၌မြင်သည်ဟူသော ဉက္ကဋ္ဌနည်းဖြင့် ဟောတော်မူခြင်းဖြစ်ပေသည်၊ စင်စစ်မှာ-ဒုက္ခကိုလည်း မြင်သည်၊ အနတ္တကိုလည်းမြင်သည်ဟု ဆိုလိုပေသည်၊ သို့ကြောင့် အဋ္ဌကထာ၌—

(ဧကသ္မိံ ဒိဋ္ဌေ ဣတရဒွယံ ဒိဋ္ဌမေဝ ဟောတိ)

'လက္ခဏာ သုံးချက်တွင်-တချက်ချက် မြင်က-ကျန်-နှစ်ချက်လည်း ဆက်ကာဆက်ကာ မြင်တော့သည်'

ဟူ၍ ထောက်ပြသည်။ အလုပ်သဘောအရဆိုမူ-ယောဂီသည် ဖေါက်ပြန်မှု, သိမှု အခြေခံ နှစ်ခုတွင်-ထင်ရှားရာ ဉာဏ်မှီရာ

ဖြစ်သော-ဖေါက်ပြန်မှုကို ဉာဏ်ဖြင့်ကပ်၍ ရှု၏-ကြာကြာ သတိမပြတ် စူးစိုက်လာသောအခါ-ထိုသဘောတရား၏ တရိပ်ရိပ်နှင့်ဖြစ်စေ, တရှိန်ရှိန်နှင့်ဖြစ်စေ, တသုတ်သုတ်နှင့်ဖြစ်စေ, တရွရွနှင့်ဖြစ်စေ ပျက်နေသော သဘော, ပျက်သွားသော သဘောတို့ကို ဉာဏ်ဖြင့်သိနေရသည်၊ 'အပျက်ပဲ,အပျက်ပဲ'ဟူ၍ရင်း, 'ပျက်နေတယ်, ပျက်နေတယ်'ဟူ၍ရင်း-ရွတ်ဆိုသိ, မှတ်သိမဟုတ်ပဲ-'သိ·သိ-တသိထဲ သိနေရသည်'

ယင်းသို့ အပျက်သဘောကို အထပ်ထပ်အခါခါ (ဘာဝိတာ, ဗဟုလီကတာဖြင့်) စူးစိုက် သိဖန်များလတ်သော် ဤရုပ်နာမ်ခန္ဓာတွင် ရစရာမရှိအောင်-အကောင်အထည်·ဒြပ်-သဏ္ဌာန် မဆိုထားဘိ-အခဲအလုံး အဖြုန်းအမှုန့် စသော·အတ္တ ဟူ၍ ထင်စရာမှတ်စရာ မကျန်ရအောင် လုံး၀ အပျက်ကို မြင်တော့သည်၊ ထိုအခါ ရှုဉာဏ်သည်-ဤသို့သောပျက်မှုမှာ လုံး၀ရစရာမရှိသော 'ဆင်းရဲပါတကား'ဟု-အပျက်ကြီး ပျက်သည်ကို မြင်၍ အစဉ်အတိုင်း ဆင်းရဲထင်ခြင်းဖြစ်သည်။

> 'ဥဒယဗ္ဗယပီဠိတတ္တာ- ဖြစ်ခြင်း ပျက်ခြင်း တို့သည် မပြတ်မလပ် နှိပ်စက်အပ်သောကြောင့်၊ ဒုက္ခာတိ-ဆင်းရဲဟူ၍၊ ဒုက္ခလက္ခဏံ-ဒုက္ခလက္ခဏာကို၊ အာရောပေတိ-တင်၏၊ အဝသဝတ္တနတော-မိမိအလိုသို့ မလိုက်သောကြောင့်၊ အနတ္တာတိ-အစိုးမရသော သူ့သဘောဟူ၍၊ အနတ္တလက္ခဏံ-အနတ္တ လက္ခဏာကို၊ အာရောပေတိ-

တင်၍၊ ဝေံ ဤသို့၊ တီဏိ လက္ခဏာနိ·သုံးပါးသော အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာတို့ကို၊ အာရောပေတွာ-ညဏ်၌တင်၍၊ ပဋိပါဋိယာ-အစဉ်အတိုင်း၊ ဝိပဿနံ-ဝိပဿနာ ရှုခြင်းကို၊ ပဝတ္တေန္တော-ဖြစ်စေသည်ရှိသော်၊ သောတာပတ္တိမဂ္ဂံ-သောတာပတ္တိမဂ်သို့၊ ပါပုဏာတိ-ရောက်၏"

(မူလပဏ္ဏာသဋ္ဌကထာ-ပ-၇၆။ဒု-၂၃၈။
ဣတိဝုတ္တကဋ္ဌကထာ-၆၀။၁၈၀)

လက္ခဏာ ၃-ချက်တွင် တချက်ချက်-အထူးသဖြင့် အနိစ္စ ဟူသော အပျက်ကို ကောင်းကောင်း မြင်က-ကျန်သော ဒုက္ခ, အနတ္တတို့သည် သံသရာဘေးဟု သံဝေဂနှင့် မြင်သောညဏ် ဖြစ်လေသည်၊ ထို့ကြောင့်—

*.... အပျက်ရှုလျှင်-ဆင်းရဲမြင်-ဤတွင်သူ့သဘော၊

*.... ဖြစ်ပျက်ဆင်းရဲ-ရှုလေမြဲ-ဒါလဲသူ့သဘော၊

ဟု-ကျွန်ုပ်တို့ဆိုခဲ့ပြီ၊ သို့ရာတွင်-တော်ရုံတန်ရုံ အပျက်ကို သိမြင်ကာမျှဖြင့် ဒုက္ခ,အနတ္တ လက္ခဏာတို့ကို သိမြင်နိုင်မည်မဟုတ်ပေ၊ အပျက်ကိုရှုသောညဏ်သည် သံဝေဂဖြစ်လောက်အောင် လုံ့လ မယုတ် ကြိုးအားယုတ်၍—

*.... မျက်နှာရိပ်ကို ကြည်လင်ထင်ရှားစွာ မြင်စေရန် မှန်ကို အခါခါပွတ်တိုက်၍ကြည့်သောသူကဲ့သို့ရင်း—

*.... ရေနောက်ကို ကြည်စေရန် ခပေါင်းရေကြည်စေ့ကို မကြည်မချင်း သွေးကာ သွေးကာ ခပ်သောသူကဲ့သို့ရှင်း—

*.... ဆီကိုအလိုရှိ၍ ဆီပွတ်သောသူသည် ဆီမထွက်မချင်း ရေနွေးတို့ဖြင့် ဆွတ်ကာဖြန်းကာ ပွတ်ကြိတ်သကဲ့သို့ရှင်း—

*.... မီးကိုအလိုရှိ၍ မီးပွတ်သောသူသည် မီးမထွက်မချင်း ထန်ပြင်းသောလုံ့လဖြင့် မရ-ရအောင် မီးပွတ်သကဲ့သို့ရှင်း—

အထပ်ထပ် အဖန်ဖန် ကြိုးစား၍ ရှုကြည့်ရမည်ဖြစ်သည်၊ ထိုလက္ခဏာ ၃-ချက်တို့သည် အရင်းခံဖြစ်သော-ဖြစ်ပျက်သဘောမှ ဖြစ်ကြောင်း ဟောတော်မူရာ၌-

'ယဒနိစ္စံ၊ တံဒုက္ခံ'

'ယံ-အကြင် ဖေါက်ပြန်သဘော, သိသဘောသည်၊ အနိစ္စံ-ဖြစ်ပေါ်လာပြီးနောက် ချက်ချင်းပင် ချုပ်ပျောက်သည့်အတွက် အမြဲမရှိချေ၊ တံ-ထိုမမြဲသော သဘောတရားသည်၊ ဒုက္ခံ-ဖြစ်ခြင်း ပျက်ခြင်းတို့နှင့် အမြဲမပြတ် နှိပ်စက်ညှဉ်းဆဲအပ်၍ ဆင်းရဲအတိသာဖြစ်ချေ၏'

ဖေါက်ပြန်မှု, သိမှု သဘောတရားသည် ဥပါဒ်, ဌီ, ဘင်ဟုဆိုအပ်သော ခဏတို့ဖြင့် အစဉ်မပြတ် နှိပ်စက်အပ်သည်ဖြစ်၍၊

ရုပ် တည် ခွင့် မ ရ ပဲ-တရွရွ-တသုတ်သုတ်-တလှုပ်လှုပ်-တရှိန်ရှိန်နှင့် ပျက်ပျက်နေရသောသဘောသည်·အဘယ်မှာလျှင် ချမ်းသာသုခ ဖြစ်ပါအံ့နည်း၊ ဆင်းရဲအတိသာဖြစ်သောကြောင့် အနိစ္စစင်စစ် ဖြစ်သော ဤဖြစ်ပျက်သဘောတရားသည်ပင်လျှင် ဆင်းရဲအစစ် ကေန်ဖြစ်၏။

'ယံ ဒုက္ခံ၊ တဒနတ္တာ'

'ယံ အကြင် ဖေါက်ပြန်သဘော, သိသဘောသည်၊ ဒုက္ခံ·ဖြစ်ချုပ်ကြိမ်ဖန် အတန်တန်တို့ကြောင့် ဆင်းရဲကေန် စင်စစ်မှန်၏၊ တံ-ထိုဆင်းရဲအစစ် ကေန်ဖြစ်သော ရုပ်နာမ် နှစ်ပါး-ပရမတ် တရားသည်၊ အနတ္တာ-ဖြစ်ချုပ်ကြိမ်ဖန် အတန်တန်တို့ကြောင့် ကေန်ဆင်းရဲ မခိုင်မြဲသည့်အတွက် ခိုင်မြဲသည်ဟု ထင်စရာ ဘာမျှမရှိသော အနတ္တသာ ဖြစ်လေတော့၏'

ကံ,စိတ်,ဥတု,အာဟာရ-အကြောင်းတရားတို့ အသောက်အပံ့ နှင့်ဖြစ်နေရသော ရုပ်နာမ် ပရမတ်ဟူသော ဤသဘောတရား သည်၊ ဖြစ်ခြင်း, ပျက်ခြင်း ဟူသော ပရမတ်လမ်းကြောင်း, ပရမတ်တို့၏·မွေတာလမ်းစဉ်အတိုင်း ပျက်လျက်နေ၏၊ ထိုအပျက် သည် အမြဲတမ်းပင် ကပ်၍မပြတ် နှိပ်စက်အပ်သောကြောင့် ခန္ဓာဒုက္ခ,သံသရာဒုက္ခဖြစ်၏၊ ထိုအပျက်သဘောသည်ပင်-(ဒုက္ခ) ဆင်း ရဲ ဖြစ် သော အ တိုင်း-ထို ဆင်းရဲသော ဒုက္ခသည်ပင်လျှင်- အစိုးမရ-မိမိအလိုအတိုင်း ပြုပြင်လုပ်ဆောင် ဖန်တည်း၍မရသော

အနတ္တသဘောတရား ဖြစ်လေသည်၊ ယင်းသို့လျှင်-အနိစ္စတရား, ဒုက္ခတရား, အနတ္တတရားဟူသည် သီးခြား ရှိသည်မဟုတ်ပဲ-ဤ ရုပ်နာမ်ခန္ဓာ၏ ပကတိသဘောကိုပင် ဉာဏ်အမြင် ပေါက်ရောက် လာသော သဘောတရားဖြစ်သတည်း။

**'ဆဆက္ကမှ အနတ္တ'** မြတ်စွာဘုရားသည် လိုအပ်သော အနတ္တ တရားကို ပေါ်လွင်စေရန် သရုပ်အားဖြင့် ဖေါ်ဆောင်ရာ၌-အနိစ္စ ဟူသော ပျက်မှုကို ညွှန်ပြသဖြင့်၎င်း, ဆင်းရဲသဘောကို ညွှန်ပြသဖြင့်၎င်း, အပျက်ဆင်းရဲအစုံကို ညွှန်ပြ သဖြင့်၎င်း သာသနာတော်၌လိုအပ်သော အနတ္တကို သတ္တဝါ အများ သိထင်ရှားအောင်-ဖေါ်ပြ ဟောကြားတော်မူခဲ့ရာတွင်- ဤဥပရိပဏ္ဏာသပါဠိတော်လာ ဆဆက္ကသုတ်သည်လည်း အဓိက ကျသော သုတ်ပင် ဖြစ်လေသည်၊ ထိုသုတ်အရ-အနတ္တကို ဖေါ်ပုံမှာ-

'စက္ခုံ အတ္တာတိ ယော ဝဒေယျ။လ။ ဣတိ စက္ခု အနတ္တာ'

(ဥပရိပဏ္ဏာသပါဠိတော်-ဆဆက္ကသုတ်-၃၂၈)

'စက္ခု-မျက်စိသည်၊ အတ္တာ-ပုဂ္ဂိုလ်, သတ္တဝါဟူ- သူငါတို့ ထင်မှတ်စရာ-အခိုင်အမာအတ္တ-ပင်တည်း၊ ဣတိ- ဤသို့၊ ယော-အကြင်သူသည်၊ ဝဒေယျ-မှတ်မှား,သိမှား, စွဲမှား ၃-ဖြာဝိပလ္လာသ မှားယွင်းမှုကြောင့် ဇွတ်အတင်း ပြောဆိုငြားအံ့၊ တံ-ဇွတ်ပင်ပြောငြား ထိုစကားသည်၊

နုပပဇ္ဇတိ-ရှေ့နောက် ၂-ပြင် မဆင်ခြင်ပဲ ထင်ရာ ပြောကြား အလွန်မှားသဖြင့်-များများကြီး မသင့်ချေ၊ (မသင့်ပုံကား) စက္ခုဿ-မြဲသည်ယူဘိ သူ့မျက်စိ၏၊ ဥပ္ပါဒေါ်ပိ-အကြောင်းညီညာ ဖြစ်ခွင့်သာတိုင်း မကြာခုခု-မြင်မှု၏ ဖြစ်ပေါ်မှုသည်လည်း၊ ပညာယတိ-အများလူရှင် သိမြင်လောက်စရာ ထင်ရှား၍နေခဲ့လေပြီတကား၊ ဝယောပိ-အကြောင်းကုန်ပြတ် အချိန်ရပ်က တပ်တပ်ထင်ထင် မြင်မှုတရား၏၊ ပျက်ပြားကုန်ပျောက်ခြင်းသည်လည်း၊ ပညာယတိ-အများလူရှင် သိမြင်လောက်စွာ ထင်ရှား၍ နေခဲ့လေပြီတကား၊ ဣစ္စဿ-ဣတိဝဒန္တဿ-ဤမျက်စိသည် ငါဟု ထင်မှတ်ပြောကြားသောသူအား၊ ယဿ-အကြင်မျက်စိ၏၊ ဥပ္ပါဒေါ်ပိ-မကြာခုခု မြင်လာမှုသည်လည်း၊ ပညာယတိ-ထင်ရှား၏၊ ဝယောပိ-မကြာခုခု-မြင်မှု၏ ပျောက်ကွယ်မှုသည်လည်း၊ ပညာယတိ-ထင်ရှားပါ၏၊ မေ-ငါ၏၊ အတ္တာ-ပုဂ္ဂိုလ်,သတ္တဝါ, သူငါထင်မှတ်သော အတ္တကောင်သည်၊ ဥပ္ပဇ္ဇတိ ၈-ခုခုမကြာ ဖြစ်ပေါ်၍လည်း လာတတ်၏၊ ဝေတိ စ-ခုခု အဟုတ်ပျောက်ချုပ်၍လည်း သွားတတ်၏၊ ဣတိဝေံ-ဤသို့ ရှေ့နောက် ၂-လီ မညီဖေါက်ပြား အယူမှားသည်၊ ယသ္မာ-အကြင့်ကြောင့်၊ အာဂတာ-ရောက်လာလေတော့သည်၊ ဟောတိ-ဖြစ်၏၊ တသ္မာ-ထိုကြောင့်၊ စက္ခု၊ မျက်စိခေါ်သော မြင်မှုသည်၊ အတ္တာ-ပုဂ္ဂိုလ်သတ္တဝါ-ငါကောင်တည်း၊ ဣတိ-ဤသို့၊ ယော-အကြင်သူသည်-

ဝဒေယျ-ပြောဆိုငြားအံ့၊ တံ-ထိုမြင်မှုကို ငါဟုပြောကြား ဆိုစကားသည်၊ နုပပဇ္ဇတိ-ရှေ့နောက် ၂-ပြင် မဆင်ခြင်ပဲ ထင်ရာပြောကြား အလွန်မှားသဖြင့် များများကြီး မသင့်ချေ၊ ဣတိတသ္မာ-ထိုကြောင့်၊ စက္ခု-မြင်တတ်သော သဘောသည်၊ အနတ္တာ-ပုဂ္ဂိုလ်, သတ္တဝါ, ငါကောင် မဟုတ် စင်စစ် အနတ္တသာတည်း'။

အဓိပ္ပါယ်ကား ရှင်းပေသည်၊ စက္ခုဟူသော မြင်တတ်သော သဘောသည်၊ ငါဟူသော အခိုင်အမာ မဟုတ်ပုံကို-ရုပ်နာမ် နှစ်ပါးတွင် ရုပ်ပရမတ်အမျိုးအစားဖြစ်သောကြောင့် ဖေါက်ပြန် တတ်သော သဘောတရားဖြစ်၍-ဖေါက်ပြန်မှုတို့၏ ပင်ရင်း သဘောအတိုင်း မြင်မှုဖြစ်သည့်,မြင်မှုပျက်သည်၊ယင်းသို့ဖြစ်လျက် ပျက်နေသောသဘောတခုကို 'အတ္တာ' မပျက်မစီး မပြိုမကွဲသော အမာခံအတ္တအနေနှင့် ပြောဆိုမှုသည် ရှေ့နောက် တိုင်းထွာ သိတတ်သော ဉာဏ်ပညာမပါသဖြင့် အလွန်ပင် မှားယွင်း ချွတ်ချော်သောစကား ဖြစ်သောကြောင့်-လုံးဝ မသင့်မလျော် မတော်သောစကားဖြစ်ရာ၏၊ ထို့ကြောင့် မြင်တတ်သောသဘော သည် 'အနတ္တ' ဖြစ်သကဲ့သို့ မြင်အပ်သော အဆင်းသည်လည်း 'အနတ္တ'၊ မြင်သိစိတ်သည်လည်း'အနတ္တ'၊ မြင်သိဖြစ်ရန် တိုက်တွေ့ ပေးမှုလည်း'အနတ္တ'၊ မြင်သိသဖြင့် ကောင်းမကောင်း ခံစားခြင်း သည်လည်း'အနတ္တ'၊ အားလုံးသောသဘောတရားဘို့သည် မိမိတို့ ချည်း သက်သက်-ပတ်ဝန်းကျင် အကူအညီမပါဘဲ-အလို အလျောက် မြင်တတ်သည် မဟုတ်သောကြောင့် အမှီအတွယ်,

အကူအညီ မကင်းသောတရားတို့ ဖြစ်သောကြောင့် မုချစင်စစ် အနတ္တာဖြစ်သတည်း။

'နိဗ္ဗာန်လည်း-အနတ္တ' 'သုညတော လောကံ အဝေက္ခဿု။လ။ နိစ္စသာရသာရေန ဝါ သုခသာရ-သာရေန ဝါ အတ္တသာရသာရေန ဝါ'

(စူဠနိဒ္ဒေသပါဠိတော်-၁၈၂)

'နိစ္စသာရ, သုခသာရ, အတ္တသာရ'ဟူသော သာရသုံးမျိုးတို့တွင် နိဗ္ဗာန်၌-နိစ္စသာရ, သုခသာရ နှစ်မျိုးသာလျှင် ရှိသည်၊ နိဗ္ဗာန်၌ အတ္တသာရ မရှိသောကြောင့် 'အသာရကဋ္ဌေန အနတ္တာ' ပုဒ်နှင့် ဗျတိရေက-ပဋိလောမဖြစ်သော 'သာရကဋ္ဌေန အတ္တာ' ဟူသော ပါဠိကို ကြံစည်ကာရွတ်ဆို၍-နိဗ္ဗာန်၌ 'အတ္တ'ရှိသည်ဟု မယူသင့်၊ 'သာရကဋ္ဌေန အတ္တာ'ဟု ကြံဖန်ရွတ်သော ပါဠိသည် လည်း-အနက်အဓိပ္ပါယ်မရှိသော (နိရတ္ထက)ပါဠိဖြစ်၍ ရွတ်ဆို ခြင်းငှါ မသင့်ပေ။

အချို့သူတို့သည်—

'ပဋ္ဌက္ခန္ဓေ သုညတော ပဿန္တော။လ။ ပဋ္ဌန္နံ ခန္ဓာနံ နိရောဓော ပရမသုညံ နိဗ္ဗာနန္တိ ပဿန္တော'

(ပဋိသမ္ဘိဒါမဂ်ပါဠိတော်-၄၁၃)

ပါဠိတော်၌ ခန္ဓာ ငါးပါးကို သုည။ နိဗ္ဗာန်ကို ပရမသုည-ဟု ဟောသကဲ့သို့—

*.... ခန္ဓာ ငါးပါးကို-အနတ္တ။ *.... နိဗ္ဗာန်ကို-ပရမအတ္တ၊ ဟု ဟောသည်မှတ်၍-နိဗ္ဗာန်၌ 'အတ္တသာ မည်မဟုတ်၊ ပရမအတ္တ-ထူးမြတ်သော အတ္တ-ဟု မယူသင့်၊ နိဗ္ဗာန်သည်-အသင်္ခတပရမတ် အစစ်ဖြစ်သည်၊ နိဗ္ဗာန် စသော ပရမတ်ကိုဟောသည်မှာ-အနတ္တ ထင်ရှားစေရန် ဟောခြင်းဖြစ်၍ နိဗ္ဗာန်ပရမတ်ကိုပင်-'ပရမတ္ထ'ဟု-တဝမ်းပူနှင့် ထဆင်ထူးဆင့်၍-ရေးမှ ဖတ်မှ မှန်လေသည်၊ တဝမ်းပူ ၂-လုံးဆင့်၍-'ပရမတ္တ'ဟု ရေး၍-'ပရမအတ္တ'ဟု ပုဒ်ဖြတ်ကြသည် ကား အလွန်လွဲမှားသော အစွဲအယူ ဖြစ်လေသည်၊ နိဗ္ဗာန်နှင့် စပ်သော ပရမတ္ထတို့ကို ဖော်ပြရသော်....

၁။ *.... 'မဟန္တံ ပရမတ္ထံ အမတံ နိဗ္ဗာနံ သေ ဂဝေသိ ပရိယေသီတိ မဟေသီ'

(မဟာနိဒ္ဒေသပါဠိတော်-၂၆၆၊
စူဠနိဒ္ဒေသပါဠိတော်-၇၇၊ ၁၇၀၊ ၂၉၆)

၂။ *.... မဟန္တံ ပရမတ္ထံ နိဗ္ဗာနံ ပရိဂ္ဂဏှာတီတိ မဟာပညာ'

(ပဋိသမ္ဘိဒါမဂ်ပါဠိတော်-၃၇၂)

၃။ *.... ပရမတ္ထေ နိဗ္ဗာနေ ဉဏံ ပဝတ္တတီတိ ပုထုပညာ'

(ဎင်းပါဠိတော်-၃၇၃)

၄။ *— ဝိပုလံ ပရမတ္ထံ နိဗ္ဗာနံ ပရိဂ္ဂဏှာတီတိ ဝိပုလပညာ

(ဇင်းပါဠိတော်-၃၇၃)

၅။ *.... ဂမ္ဘီရေ ပရမတ္ထေ နိဗ္ဗာနေ ဉာဏံ ပဝတ္တတီတိ ဂမ္ဘီရပညာ'

(ဇင်းပါဠိတော်-၃၇၄)

၆။ *.... 'သီဃံ သီဃံ ပရမတ္ထံ နိဗ္ဗာနံ သစ္ဆိကရောတီတိ သီဃပညာ'

(ဇင်းပါဠိတော်-၃၇၈)

၇။ *.... 'လဟုံ လဟုံ ပရမတ္ထံ နိဗ္ဗာနံ သစ္ဆိကရောတီတိ လဟုပညာ'

(ဇင်းပါဠိတော်-၃၇၉)

ဤဖော်ပြပါ ပါဠိတော်တို့တွင် နိဗ္ဗာန်ကို 'ပရမတ္ထ'ဟု ဟောတော်မူသည့်အပြင်—

'ပစ္စန္တံ ခန္ဓာနံ နိရောဓော ပရမတ္ထံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ'

ဟု ပဋိသမ္ဘိဒါမဂ်ပါဠိတော်-၄၁၁ ၌လည်း ပရမတ္ထ ဟု-ဒုတိယက္ခရာ-ထ နှင့် ရှိမှ အမှန်ဖြစ်သည်၊ 'ပရမတ္တ'ဟု မရှိသင့်-မရှိကောင်း ရှိလျှင်-လွဲမှားသောပါဠိဖြစ်သည်၊ အဋ္ဌကထာ၌လည်း—

'ပရမတ္ထန္တိ သစ်တာ သစ်တာနံ အဂ္ဂဘူတတ္တာ ဥတ္တမတ္ထံ' (၃၁၇)

ဟု အမှန်အတိုင်း-ဒုတိယကျရာ-ထ နှင့်သာ ဖွင့်သည်။

ဤနေရာတွင် မြို့မိဆရာတော်အဆိုကို နှိုင်းယှဉ်ပြအံ့၊

'အတ္တ-ခန္ဓာ-နိဗ္ဗာန်' ဤသုံးတန်သည် အချင်းချင်း သဘောမတူကြသော်လည်း ဘယ်အခါမျှ-ခွဲခွါခြင်းမရှိ၊ အတူတကွ တွဲလျက်သာနေကြ၏၊ အတ္တ ရှိရာမှာ ခန္ဓာ ရှိသည်၊ ခန္ဓာရှိရာမှာ နိဗ္ဗာန်ရှိသည်၊ အတ္တကို ထုချေ ဖေါက်ခွဲ၍ကြည့်လျှင် ခန္ဓာကိုမြင်သည်၊ ခန္ဓာကို ထုချေ ဖေါက်ခွဲ၍ကြည့်လျှင် ဖြစ်ပျက်ကိုမြင်သည်၊ ဖြစ်ပျက်ကို ထုချေဖေါက်ခွဲ၍ကြည့်လျှင် နိဗ္ဗာန်ကိုမြင်သည်။

*.... အတ္တ သဘောမှာ အခဲအလုံးစသည်ထင်နေ၍ ဖြစ်ပျက် ဖြစ်ပျက် မနေ၊

*.... ခန္ဓာ သဘောမှာ ဖြစ်ပျက် ဖြစ်ပျက် နေသဖြင့် အခဲ အလုံးစသည်ဖြင့် မနေ၊

*.... နိဗ္ဗာန်သဘောမှာ ဖြစ်ပျက်လည်း မနေ, အခဲအလုံး စသည်ဖြင့်သည်း မနေ၊

ရုပ်နာမ်ခန္ဓာသည် 'အသာရကဋ္ဌေန အနတ္တာ' အနှစ် သာရမရှိသောကြောင့် အနတ္တမည်၏၊ နိဗ္ဗာန်သည်ကား

အနှစ်သာရရှိသောကြောင့် 'သာရကဋ္ဌေန အတ္တာ' ဟု ဆိုထိုက်သည်ဟူငြားအံ့၊ ထိုစကားကို စိစစ်ကြည့်ရန်- အနှစ်သာရသည် သုံးမျိုးရှိသည်—

၁။ *.... နိစ္စသာရ-ခိုင်မြဲသောအနှစ်သာရ၊

၂။ *.... သုခသာရ-ချမ်းသာသောအနှစ်သာရ၊

၃။ *.... အတ္တသာရ-အကောင်အထည် ဟူသော အနှစ်သာရ—

၁-နိစ္စသာရ-ဆိုသည်ကား- ဖြစ်မှုပျက်မှုမရှိသော သဘောကို နိစ္စသာရဆိုသည်။

၂-သုခသာရ ဆိုသည်ကား-ဖြစ်မှု ပျက်မှုတို့ မပြတ် ညှဉ်းဆဲ နှိပ်စက်ပင်ပန်းဆင်းရဲခြင်းမရှိသည်ကို သုခသာရဆိုသည်။

သို့ဖြစ်၍ နိဗ္ဗာန်သည် ဖြစ်မှုပျက်မှုမရှိသော နိစ္စသာရနှင့် ဖြစ်မှုပျက်မှု နှိပ်စက်မှုမရှိသဖြင့် ချမ်းသာသော အနှစ်သုခသာရတို့သာရှိ၍-အတ္တသာရမရှိချေ၊ သို့ကြောင့် နိဗ္ဗာန်ကို 'သာရကဋ္ဌေန အတ္တာ'ဟု မဆိုသင့် မဆိုကောင်းချေ။

၃-အတ္တသာရ ဆိုသည်ကား-ပုဂ္ဂိုလ်မဟုတ်, သတ္တဝါမဟုတ်, ခေါင်း, ကိုယ်, ခြေ, လက်, နှားရွက်, မျက်စိ စသော

အကောင်အထည် အခိုင်အမာမဟုတ်သည်ကို အဟုတ်လုပ်၍ စွဲယူထင်မှတ် သုံးနှုန်းသောသဘော ဖြစ်၏၊ ထိုအကောင်အထည် အခဲအလုံးစသော အတ္တသာရမျိုးသည် သင်္ခတ၊ အသင်္ခတတရားတို့၌ မရှိကုန်။

*.... သင်္ခတ တရားကား ရုပ်နာမ်ခန္ဓာတည်း၊

*... အသင်္ခတ တရားကား နိဗ္ဗာန်တည်း၊

အတ္တဟူသော အကောင်အထည် အခဲအလုံး စသည်တို့ကား-သင်္ခတလည်းမဟုတ်၊အသင်္ခတလည်းမဟုတ်သော နဝတ္တဗ္ဗဓမ္မာရုံပညတ်တရားတို့သာတည်း။ သို့ဖြစ်၍—

'နိဗ္ဗာနဿ စ သညတ္တာ အနတ္တတ္တာ စ ဧကမသို့ ဒွယေ ပင္စိလောမပရိယာယော န ဝုတ္တော'

(ပင္စိသမ္ဘိဒါမဂ္ဂဋ္ဌကထာ-၃၁၇)

နိဗ္ဗာနဿ-နိဗ္ဗာန်၏၊ သညတ္တာ စ-ဖြစ်ပျက်ရုပ်နာမ်ကင်းဆိပ်သည်၏ အဖြစ်ကြောင့်၎င်း၊ အနတ္တတ္တာ စ-သတ္တဝါပုဂ္ဂိုလ် ထိုထိုသော အကောင်အထည် အမာခံအခဲအလုံး စသည် မဟုတ်သောကြောင့်၎င်း၊ ဧကမသို့ ဒွယေ-သုည-အနတ္တဟူသော ဤ-နှစ်ပုဒ်၌၊ ပရိလောမ

ပရိယာယော-(သုည-အသုည) (အနတ္တ-အတ္တ)ဟူသော အပြန်အလှန် ဆန့်ကျင်ဖက်စကားမျိုးကို၊ န ဝုတ္တော-မပြောမဆိုအပ်။

**'သဘာဝသည် အနတ္တ'** မြတ်စွာဘုရားသည် အနတ္တကို ဖော်ထုတ်ရာတွင် ရုပ်နာမ်ခန္ဓာ၏ အရှိသဘောကိုသာ အရှိအတိုင်း ဖော်ထုတ်ခြင်း ဖြစ်လေသည်၊ ရုပ်နာမ်ပရမတ်၏ ပင်ရင်းသဘာဝမှာ အနတ္တဖြစ်သော်လည်း ယင်း သဘာဝကို သိတတ်မြင်တတ်သော ဉာဏ်ပညာ-ကင်းမဲ့သော လောကလူသား သတ္တဝါများအား သဘာဝကို သိကြောင်း အသိပညာပေးသော-သတိပဋ္ဌာန်လုပ်ငန်းစဉ်ချ၍ ပရမတ္ထ ပင်ရင်း သဘာဝကို ထုတ်ဖော်ရာတွင် ရှေးဦးစွာ ရုပ်နာမ်တို့၏-ပြောင်းလဲ ဖောက်ပြန်မှု ဝိပရိဏာမအချက်ကို ထောက်ပြထားလေသည်။

ဝိပရိဏာမဆိုသည်ကား - (ဇရာ-မရဏ)ရင့်မှု့သေမှုပင်တည်း၊ ထိုတွင်-ဇရာဟူသည်-ဟောင်းနွမ်းခြင်း, ရင့်ရော်ခြင်း, ဆုတ်ယုတ်ခြင်း, နွမ်းပါးခြင်း, အိုမင်းခြင်း, ဆွေးမြေ့ခြင်းများသည်၊ 'ဇရာဝိပရိဏာမတည်း'၊ မရဏဟူသည်-ကုန်ခမ်းခြင်း, ပျက်ပြုန်းခြင်း, ကုန်ဆုံးခြင်း, ပျောက်ပျက်ခြင်း, ချုပ်ကွယ်ခြင်း, သေဆုံးခြင်းများသည် 'မရဏဝိပရိဏာမတည်း'

သတ္တဝါသည် ဓာတိပဋိသန္ဓေ ဖြစ်သည်မှစ၍ လူ့ခန္ဓာ, နတ်ခန္ဓာ, ဗြဟ္မာ့ခန္ဓာစုသည်-ဖောက်ပြန် ပျက်ဆုံးခြင်းဟူသော

ဝိပရိဏာမသဘော အမြဲမကွာ ထက်ကြပ်ပါရှိ၍နေ၏၊ ဖေါက်ပြန် ပျက်ဆုံးရန် အကြောင်းဆိုက်လာလျှင် အချိန်နာရီမရွေး ဖေါက်ပြန် ပျက်ဆုံး၏၊ ဖေါက်ပြန်ပျက်စီးမှုဟူသည်-ဩကာသ လောကဓာတ်၌ အလွန်များပြား၏၊ အတွင်းအပြင် အန္တရာယ် များလှ၏၊ အတွင်းအပြင် ဘေးရန်အန္တရာယ်နှင့် တွေ့မည်ကို အလွန်ကြောက်ကြရ၏၊ အလွန်လန့်ကြရ၏။

အကာယ်၍ လူ့ခန္ဓာ,နတ်ခန္ဓာ,ဗြဟ္မာ့ခန္ဓာစုလည်း ဝိပရိဏာမ သဘော မရှိခဲ့ပြားအံ့၊ လောက၌ ကြောက်စရာ လန့်စရာဟူ၍ တစ်တခုမျှမရှိလေရာ၊ ထိုသို့ကားမဟုတ် လောက၌ ကြောက်စရာ အနန္တ လန့်စရာအနန္တ စိုးရိမ်စရာအနန္တ ကြောင့်ကြစရာအနန္တ တို့သည် အစဉ်ထာဝရ ရှိနေကုန်၏၊ မိမိတို့၏ခန္ဓာ ဝိပရိဏာမ ရှိနေသည့်အတွက်ဖြစ်ရသော ဝိပရိဏာမဒုက္ခစုတည်း။

မိမိခန္ဓာတို့၏ ဝိပရိဏာမသဘောကို သိကြသည်ဖြစ်၍ မိမိ အလိုအလျောက်ချမ်းသာရာကို ရှာဖွေ၍နေခွင့်ကို မရကြကုန်၊ မြို့ရွာတည်ထောင်၍ နေကြရကုန်၏၊ သွားလာရာ-နေထိုင်ရာတို့၌ ဘေးနှင့် အန္တရာယ်နှင့် တွေ့ကြုံမည်ကို အလွန်ကြောက်လန့်ကြရ ကုန်၏၊ ဤအလုံးစုံသည် မိမိတို့ခန္ဓာ၏ ဝိပရိဏာမသဘောရှိနေ သည့်အတွက်ဖြစ်ရသော ဝိပရိဏာမဒုက္ခချည်းတည်း၊ ထိုသို့ သတိ ထားကြပါလျက်-ကြောင့်ကြစိုက်ကြပါလျက် ဥစ္စာစည်းစိမ် ပျက်ပြားမှု, သားမယား ဆွေမျိုးဉာတကာ ပျက်ပြားမှု, အနာ

ရောဂါ ဘေးဥပါဒ်တို့နှင့် တွေ့ဆုံသေဆုံးမှုတို့ တွေ့ကြုံကြရသော ဝိပရိဏာမဒုက္ခစုသည် အလွန်ထင်ရှားလေသည်။

အနမတဂ္ဂ ကမ္ဘာများစွာ ဘဝများစွာ ပျက်ဆုံးကွယ်ပကုန်မှု သည်လည်း ဝိပရိဏာမသဘောပင်တည်း၊ ဒါနမှု, သီလမှု အစ ရှိသော သင်္ခါရမှုအစုစုတို့နှင့် ပြုစုပျိုးထောင်၍ ဖြစ်လာကြသော လူ့ဘဝ နတ်ဘဝ ဗြဟ္မာ့ဘဝ ဟူသမျှသည်၊ ဝိပရိဏာမ မီးစာ ဖြစ်၍ ကုန်မြဲတည်း၊ ဤသတ္တဝါအပေါင်းတို့သည် ရှေးရှေးသော အနမတဂ္ဂသံသရာ ကမ္ဘာအဆက်ဆက်တို့၌ ပြုပြုခဲ့ရသော ဒါနမှု သီလမှု ပညာကြိယာမှု ရသေ့ရဟန်းပြုမှု အလုံးစုံသည် ဝိပရိဏာမ မီးစာအကျိုးငှါ လုပ်ခဲ့ကြသည်ချည်းဖြစ်၍ ဘဝတိုင်း-ဘဝတိုင်း သင်္ခါရမှု ဒုက္ခစုတန်းလန်းနှင့်သာ ဘဝဆုံးကြရလေသည်။

ယင်း ဝိပရိဏာမသဘောသည် ရုပ်နာမ်ဝတ္ထု အစုစုကိုသာ ပျက်စီးအောင်, ဖျက်ဆီးသော တရားဖြစ်၍ ရုပ်နာမ်ရှိသော သတ္တဝါတို့မှာ ထိုပျက်စီးခြင်းသဘောတရားသည် အမြဲစွပ်နေ သော ဒုက္ခ-အနတ္တတို့သာ ဖြစ်လေသည်။ အနတ္တသဘောကိုသိရန်-ထိုဝိပရိဏာမမှု-ဒုက္ခမှုတို့ကို-ဉာဏ်နှင့်သိအောင်လေ့ကျင့်က အနတ္တ သဘောပေါက်မည်သာဖြစ်သတည်း။

သို့ကြောင့် ရုပ်နာမ်ပရမတ်တို့၏သဘာဝသည် အနတ္တဖြစ်လေ သောကြောင့် ထိုအနတ္တကို ဉာဏ်ဖြင့်သက်ဝင်သိမြင်နိုင်စေခြင်းငှါ

အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာတို့ကို သဘောပေါက်သိ၍ အနတ္တ မြင်ရန် ဂါထာပုဒ်တခုကို ဖော်ပြလိုက်ပေအံ့။

နိစ္စာ စေ န နိရုဇ္ဈေယျုံ၊ န ဗာဓေယျ သုခါယဒိ၊
ဝသေဝတ္တေယျ အတ္တာ စေ၊ တဒဘာဝါ နတ္တနိယာ။

'သင်္ခါရ-ခန္ဓာငါးတန် ရုပ်နာမ်နှစ်ဝ ဒုက္ခသစ္စာ သင်္ခါရတရားဟူသမျှတို့သည်၊ စေ နိစ္စာ-အကယ်၍မျှား ခိုင်မြဲကြကုန်ငြားအံ့၊ န နိရုဇ္ဈေယျုံ-ဝိပရိဏာမသဘာဝ ဖြင့် သေပျောက်ချုပ်ငြိမ်းခြင်းမဖြစ်ရာ'

ရုပ်နာမ်နှစ်ပါး သင်္ခါရတရား မည်သည်-ဖြစ်ကြောင်း ဖြစ်သော-ကံ-စိတ်-ဥတု-အာဟာရ တို့ကြောင့် အကြောင်းတိုက်ခိုက် ဖြစ်ပေါ်သော တရား တို့ ဖြစ်၍-အကြောင်း ရပ်စဲသည် နှင့် ချုပ်ပျောက် ပျက်စီးကြလေကုန်တော့သည်၊ ထိုပရမတ်ရုပ်နာမ် တို့သည်-အကြောင်းဟူသော မှီရာတွယ်ရာကိုရမှ ဖြစ်လာကြသော ပဋိစ္စသမုပ္ပါဒ်မျိုး, သင်္ခတမျိုးဖြစ်၍ တည်ခြင်း ခိုင်မြဲမှု မရှိကုန်-သို့ကြောင့် ရင့်ကျက်ခြင်း, အိုမင်းခြင်း, ဆွေးမြေ့ခြင်း, သေကြေ ပျက်စီးခြင်း ဖြစ်ကြရလေသည်၊ အကယ်၍ ရုပ်နာမ်နှစ်ပါး သင်္ခါရတရားဟူသမျှသည်—

'တွေကော စေပိ ဘိက္ခု အတ္တဘာဝပဋိလာဘော အာဘဝိဿ နိစ္စော ဓုဝေါ သဿတော အဝိပရိဏာမ-

ဓမ္မော နယိဒံ ပြဟ္မစရိယဝါသော ပညာယေထ သမ္မာ-ဒုက္ခက္ခယာယ’

(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်-၁၁၇)

‘ထိုအခါ မြတ်စွာဘုရားသည် အလွန်သေးငယ်သော နွားချေးမှုန့်တခုကိုယူပြီးသော်-ချစ်သားရဟန်း-မြဲသော ခိုင်သော တည်တံ့သော ဖောက်ပြန်ခြင်းသဘောမရှိသော-နေ့,လ စသည်တို့ကဲ့သို့ ထိုအတိုင်းမြဲသော ဤနွားချေးမှုန့်မျှလောက်သော (အတ္တဘော) ခန္ဓာကို မရနိုင်ရာ-မြဲသော ခိုင်သော မပျက်စီးသော ဤနွားချေးမှုန့်မျှလောက် အတ္တဘောခန္ဓာကို ရသည်ဖြစ်အံ့၊ ကောင်းစွာ ဆင်းရဲသံသရာခန္ဓာ၏ ကုန်ဆုံးရန်ကျင့်အပ်သော အကျင့်မြတ်ဟူ၍ ထင်ရှားမရှိရာ-’

မြတ်စွာဘုရား၏ စကားတော် အဓိပ္ပါယ် အလွန်လေးနက်လှသည်၊ ရဟန်းတပါးက-မြဲသော ခိုင်ခန့်သော ခန္ဓာအချို့ ရှိပါသလားဘုရား့-ဟု လျှောက်သောကြောင့် ခန္ဓာ ဟူသော ရုပ်နာမ်အစုအပုံတခုခု-ဤနွားချေးမှုံတခုစာမျှခန္ဓာ(အတ္တဘော) သည် ခိုင်ခန့်တည်တံ့သည်ဖြစ်အံ့-ခန္ဓာဒုက္ခ သံသရာဒုက္ခ ချုပ်ရန် ငြိမ်းရန် တရားအားထုတ်မှု ပြုစရာမလိုပေ၊ ‘ဗုဒ္ဓေါ ဗောဓေယျံ, မုတ္တော မောစေယျံ, တိဏ္ဏော တာရေယျံ’ ဟူသော ကြုံးဝါးချက်နှင့် ဘုရားဖြစ်အောင် အားထုတ်ရန်မလိုပေ၊ အားထုတ်ရန် မလိုလျှင်-ဘုရားပွင့်ရန် မလိုပေ။

ရရှိသော ရုပ်နာမ်ခန္ဓာသည်-ဖြစ်ရာဘဝတွင် ဇရာ,ဗျာဓိ,မရဏ မီးလောင်၍ ပြာကျခဲ့ရသည်ချည်းဖြစ်၏၊ နောက်တဘဝတွင် ရုပ်နာမ်ခန္ဓာအသစ် ထူထောင်ပြန်သည်၊ ဖြစ်ရှိသော သူ့ဘဝတွင် သူ့မီးလောင်၍ ပြောင်ခဲ့ရသည်ချည်းပင်-သူ့ဘဝနှင့် သူ့မီး အပြီးပါလျက်နေ၏၊ အကယ်၍ ခိုင်မြဲတည်တံ့သောသဘော အမှန်ရှိခဲ့ငြားအံ့၊ သေပျောက် ပျက်စီးခြင်း မရှိနိုင်ကြောင်း ဆိုသည်။

'သင်္ခါရာ-ခန္ဓာငါးတန် ရုပ်နာမ်နှစ်ဝ ဒုက္ခသစ္စာ သင်္ခါရတရားဟူသမျှတို့သည်၊ ယဒိသုခါ-သုခချမ်းသာ မှန်စွာစင်စစ် အကယ်၍ ဖြစ်ကုန်ငြားအံ့၊ န ဗာဓေယျ-ဘေးအတန်တန်-ရန်အမျိုးမျိုး ဒုက္ခဆိုးတို့ဖြင့် လွှမ်းမိုး မပြတ် နှေ့ညကပ်၍ ထပ်ထပ်ခါခါ မညှဉ်းဆဲ မဆင်းရဲ စေရာ'

ဤရုပ်နာမ်ခန္ဓာတို့သည် ချမ်းသာစင်စစ် ကောန်ဖြစ်အံ့၊ လောကတွင် ရုပ်နာမ်ခန္ဓာနှင့်တွေ့ရသော ဆင်းရဲဟူ၍ ဘာမျှ မရှိရာချေ။ လောက၌ သစ်ပင်ကိုတက်သောသူသည် ကျိုးကျမည့် သစ်ကိုင်းကို မြင်လျှင်-ကိုင်မိဆွဲမိက ကျိုးကျ၍ သေမည့်ဘေးကို အပြီးမြင်သကဲ့သို့ရှင်း၊ လေယာဉ်,သင်္ဘော,ကား,ရထား စသည် ဖြင့် စီးနင်း၍ သွားရာတို့၌လည်း-လေယာဉ်, သင်္ဘော, ကား, ရထားတို့ ပျက်ခဲ့သော် တွေ့ရမည့်ဆင်းရဲ သေရမည့်ဒုက္ခကို အပြီး မြင်သကဲ့သို့ရှင်း-ထိုအတူ-လူ့ချမ်းသာ-နတ်ချမ်းသာဟုဆိုရသော

သုခဝေဒနာ, သောမနဿဝေဒနာတို့၏ ခဏချင်းပျက်ဆုံးနိုင်သော အနိစ္စအချက်ကို ကောင်းကောင်းကြီး မြင်နိုင်လျှင်-ထို မခိုင်မြဲမှုကြောင့် ဖြစ်ရသော ဆင်းရဲဒုက္ခကို မြင်လတ္တံ့။

အကယ်၍-ရုပ်နာမ်ခန္ဓာသည်-ချမ်းသာစင်စစ် ကေန်ဖြစ်အံ့—

'ရူပဉ္စ ဟိဒံ မဟာလိ ဧကန္တသုခံ အဘဝိဿ သုခါနုပတိတံ သုခါဝက္ကန္တံ အနဝက္ကန္တံ ဒုက္ခေန၊ နယိဒံ သတ္တာ ရူပသ္မိံ နိဗ္ဗိန္ဒေယျုံ'

(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်-၅၈)

'မဟာလိ-၅ါ ဖေါက်ပြန်မှု သဘောသည် စင်စစ် ချမ်းသာကေန် အမှန်ဖြစ်ငြားအံ့၊ ချမ်းသာ ဟူသော သဘောသို့သာ ကျရောက်အံ့၊ ချမ်းသာသောသဘောသို့သာ သက်ဝင်အံ့၊ ဆင်းရဲသို့ မသက်ဝင်အံ့၊ သတ္တဝါတို့သည် ဖေါက်ပြန်မှုသဘော၌ မငြီးငွေ့ကုန်ရာ'

သံသရာသည် 'ကေဝလဿ ဒုက္ခက္ခန္ဓဿ' ဆင်းရဲတုံး ဆင်းရဲခဲ ချမ်းသာဟူသည် မြူမျှမဖက်-သက်သက် ဆင်းရဲဖြစ်သည်ဆိုရာ၌-၅ါရုပ်နာမ်ခန္ဓာကိုသာ ဆိုခြင်းဖြစ်သည်၊ 'သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ' အကျဉ်းချုပ်အားဖြင့် ၅ါခန္ဓာရုပ်နာမ်သည်-ဆင်းရဲအစစ် ကေန်ဖြစ်၏-ဟု ဟောတော်မူသည်၊ ရင်းပြင်

'ဒုက္ခသန္တံ ကရိဿထ' ဆင်းရဲဆုံးရာ ရောက်အောင်ပြုရန် တိုက်တွန်းသည်မှာလည်း-ဤခန္ဓာရုပ်နာမ် ဇာတိအဖြစ် ချုပ်ဆုံးစေရန်ဖြစ်သည်၊ မြတ်စွာဘုရားသည်=

'ဒုက္ခဉ္စေဝ ပညပေမိ၊ ဒုက္ခဿ စ နိရောဓံ'

'ဆင်းရဲဖြစ်ခြင်းနှင့် ဆင်းရဲချုပ်ခြင်းသာရှိ၏'

သုံးဆယ်တဘုံသည် (ရုပ်နာမ်) ဆင်းရဲဖြစ်၍၊ နိဗ္ဗာန်သည် ဆင်းရဲချုပ်ခြင်းသာရှိလေသည်၊ ထိုရုပ်နာမ်ခန္ဓာသည် ချမ်းသာမပါသော ဆင်းရဲသက်သက်ဖြစ်၍ ဆင်းရဲချုပ်ရန် မဖြစ်ရန်အားထုတ်ရလေသည်။

'သင်္ခါရာ-ခန္ဓာငါးတန် ရုပ်နာမ်နှစ်ဝ ဒုက္ခသစ္စာ သင်္ခါရတရားဟူသမျှတို့သည်၊ စေ အတ္တာ-ကမ္ဘာသချေၤ လွန်မြောက်လေလည်း ပျက်ကြေမရှိ မိမိသဘော ဖြစ်စေသောဟု-ကိစ္စမှု၌ တခုမကျန် စီမံလွှမ်းမိုး အစိုးတရ အာဏာပြတတ်သော ပုဂ္ဂိုလ်သတ္တဝါ-အတ္တဇီဝ ဟူသော အခိုင်အမာ အတ္တငါသည် တကယ်စင်စစ် ရှိသည်ဖြစ်အံ့၊ ဝသေဝတ္တေယျ-သတ္တဝါပုဂ္ဂိုလ်တို့ တောင်းဆိုသောအလို့ အကြိုက်သို့ စိုက်စိုက်မသေ့ လိုက်ပါကြလေရာ၏'

မိမိ၏ခန္ဓာနာမ်ရုပ်သည် ငါသဘော ငါပိုင်သည် ငါဆိုင်သည် ငါအစိုးရသည် ငါ့အလိုအတိုင်းဖြစ်သည်ဟု ထင်နေကြ

သည်၊ အစိုးတရ အာဏာမပြနိုင်၍သာ ဤရုပ်နာမ်တို့သည် သူတို့၏ သွားရာလမ်းဖြစ်သော အို-နာ-သေသို့ မရောက်-ရောက် အောင် ချီတက်လျက်ရှိသည်၊ မည်သူ ကန့်ကွက် တားမြစ်၍ ရသနည်း၊ မရသည့်အတွက် အလိုမရှိအပ်သော ဘေးဒုက္ခဆင်းရဲ အမျိုးမျိုးတို့ကို ခံစားနေကြရသည်၊ မြတ်စွာဘုရားသည်လည်း အနတ္တလက္ခဏာသုတ်တွင်—

'ရူပဥ္စဟိဒံ ဘိက္ခဝေ အဘာဝိဿ၊ နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ'

'ချစ်သားတို့၊ ရုပ်ဟူသော ဖေါက်ပြန်မှုသဘောတရား သည်ကား၊ အစိုးတရ အာဏာပြတတ်သော ပုဂ္ဂိုလ် သတ္တဝါအနိုင်အမာသည် ထင်တိုင်းအမှန် ဖြစ်ခြင်းမှန်အံ့၊ ဖေါက်ပြန်တတ်သော ဤသဘောတရားသည်၊ ကျင်နာ ထန်ပြင်း ဆင်းရဲခြင်းငှါ တကယ်စင်စစ် မဖြစ်နိုင်ပေရာ'

ပရမတ်သဘောတို့ မည်သည်-မိမိတို့၏ လက္ခဏာ မိမိတို့၏ သွားရာလမ်းကြောင်းမှ ပြောင်းလွဲသွေဖည်၍ သတ္တဝါပုဂ္ဂိုလ်၏ အလိုစရိုက်သို့ မလိုက်မပါချေ၊ ရုပ်နာမ်သည် ပရမတ်ဖြစ်သည်- ၎င်းသည် ၎င်း၏ သွားရာလမ်းကြောင်းဖြစ်သော ဇရာ-ဗျာဓိ- မရဏာသို့ ချီတက်လျက်ရှိသည်၊ ၎င်းကို-ထိုလမ်းစဉ်ကို ကျွန်ုပ်တို့ သည် လုံးဝ မကြိုက်မနှစ်သက်ပေ၊ ကျွန်ုပ်တို့ မနှစ်သက်သဖြင့် ရုပ်နာမ်ပရမတ်တို့က လမ်းကြောင်းပြောင်း၍ အလိုသို့ လိုက်ပါ

မည်လော၊ မလိုက်ပါ-လုံးဝမလိုက်ပါ၊ ကျွန်ုပ်တို့ကမူ-မိမိကိုယ်မိမိ အစိုးရသည်-အလိုသို့ လိုက်သည်-ငါသဘော ဖြစ်သည် ဟု ထင် နေစဉ်-ကျွန်ုပ်တို့ အိုလာသည်, နာလာသည်, သေလောက်သော ဆင်းရဲသို့ ရောက်ရသည်-ဤသည်လျှင်-အနတ္တဆိုသည်မှာ 'သူ့ သဘော'ပင် ဖြစ်လေသည်၊ ဤသို့လျှင်-ကျွန်ုပ်တို့၏ ရုပ်နာမ် သဘောတရားကို-ကျွန်ုပ်တို့ လုံးဝ အစိုးမရပါ-မိမိတို့ကသာ- ရုပ်နာမ်တို့၏သွားလမ်းကို ကြည့်နေရပါသည်၊ ဝိပဿနာအလုပ် အား ထုတ် သည် ဆိုခြင်း မှာ-ပ ရ မတ် ဖြစ် သော ရုပ် နာမ် တို့ ၏ သွားလမ်းကို ကြည့်နေရခြင်း,အကဲခပ်နေရခြင်းဖြစ်ပါသည်။

'သင်္ခါရာ-ခန္ဓာငါးတန် ရုပ်နာမ်နှစ်ဝ ဒုက္ခသစ္စာ သင်္ခါရတရားဟူ သမျှ တို့ သည်၊ တဒဘာဝါ-သံသရာ တလျှောက် မပေါက်မပြန် မြဲမြံ၏ထင်ကြသော နိစ္စ သညာ၊ အတိသုခ-အေးမြချမ်းသာဟု ထင်ကြသော သုခသညာ၊ အစိုးတရအာဏာပြနိုင်သော အတ္တသညာ တို့သည်-ထိုထိုရုပ်နာမ် ထိုခန္ဓာတရားထဲ၌ တကယ်ဘဲ မရှိ ခြင်း ကြောင့်၊ နတ္တိယာ-မိစ္ဆာယူဥ်ပူး သူ ရှုး အ သွင် ပုထုဇ္ဇန်တို့ သိထင်မြင်မှား တရားသုံးဖြာ ဝိပလ္လာစု ဖမ်းပူးမှုကြောင့် စုစုရုံးရုံး အုံးအုံးကြွက်ညာ ငါထင် ပါလည်း ခန္ဓာနာမ်ရုပ် ဉာဏ်ဖြင့်ချုပ်လျက် အဟုတ် သေချာ မွှေ၍ရှာလျှင် ငါကောင်ဘယ်မှာ မရပါ၍ ငါနှင့်သက်ဆိုင် ငါပိုင်ကောန် ငါ့နာမ်ငါ့ရုပ် ငါ့ဥစ္စာ ဆိုတာဖြင့် တကယ်ဘဲ မဟုတ်ကြကုန်ပြီတည်း'

ထို ရုပ်နာမ်ခန္ဓာဘရားတို့၌-မြဲသော, ချမ်းသာသော, အစိုးရသော အတ္တာဘရားတို့၏ ထင်ရှားကေန် အမှန်မရှိကြောင်းကို ပြလျက်အတ္တ,အတ္တနိယ ၂ ပါးရှိသည်တွင် အတ္တ ဟူသော ငါရှိက၊ အတ္တနိယ ဟူသော ငါ့ဥစ္စာဟူ၍ ရှိရမည်၊ ငါမရှိကလည်း-ငါ့ဥစ္စာ ဟူ၍ မရှိရာပြီဟု ဟောတော်မူသည့် အတိုင်း-ဤရုပ် ဤနာမ် ဤခန္ဓာတို့၌ အလိုသို့လိုက်စေနိုင်သော (သယံဝသီသတ္တိ) အလိုအတိုင်းပြုနိုင်သော (ကာမကာရိယသတ္တိ) ဤရုပ် ဤနာမ် ဤခန္ဓာတို့ကို အိမ့်ရှင်သဖွယ် တကယ် စိုးမိုး ပိုင်ဆိုင်သော (သာမိသတ္တိ)ရှိသလိုလို ထင်မြင်မှတ်မှားနေကြသော ထိုအစိုးရသူ-အရှင်သခင်ဖြစ်သူ အတ္တတရားသည် ထင်ရှားမရှိသည်ကို သိရသဖြင့် ထိုရုပ်နာမ်ခန္ဓာတို့သည်-ကောင်းကင်ပြင်၌ အကြောင်းတိုက်ဆိုင်က ဖြစ်ပေါ်ရသော လျှပ်စစ်အရောင်နှင့်တူလေရကား-ပိုင်လို့မရ-ဆိုင်လို့မရ အနတ္တ သဘောတရား တို့ပေတကား ဟု သဘောပေါက်သင့်ကြပေသည်။ တို့ကြောင့်—

'အနတ္တာ အသာရကဋ္ဌေနာတိ။လ။ တေနာဟ ရူပဥ္စ
ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ'

(ဝိသုဒ္ဓိမဂ္ဂ-၂၄၅)

'အနတ္တာ အသာရကဋ္ဌေနဟူသော ဤပုဒ်၌၊ အနှစ်သာရမရှိ ဟူသည်ကား-အတ္တဟူသော ပုဂ္ဂိုလ်သတ္တဝါသည်-သူတပါးတို့အလိုနှင့် မစပ်၊ ချမ်းသာ ဆင်းရဲကို ပြုတတ် စီရင်တတ်၏၊ ချမ်းသာဆင်းရဲကို ခံစားတတ်၏၊ မိမိအလိုအတိုင်းသာ ဖြစ်၏၊ အစိုးရ၏၊ မိမိအလိုသို့သာ

> လိုက်စေနိုင်၏ဟူ၍-ဤသို့ တိတ္ထိတို့သည် ကြံဆအပ်သော အတ္တဟူသော အနှစ်သာရ၏မရှိခြင်းကြောင့် ချစ်သားတို့-ဤဖေါက်ပြန်မှုသည်ကား-အစိုးရသော, အလိုသို့လိုက်စေတတ်သော-အတ္တသည် အကယ်၍ကား ဖြစ်ပါမူကား ဤဖေါက်ပြန်မှုသည် နာကျင်ခြင်းဆင်းရဲ မဖြစ်ရာ’

ဟု ဟောတော်မူသည်။

**‘အတ္တ အနတ္တ အတိုချုပ်’** မြတ်စွာဘုရား၏ သာသနာကို အတိုချုပ်၍ဆိုရလျှင်-သံသရာအစွဲအလန်း ဖြစ်သော ‘အတ္တ’ကို အကြောင်းယုတ္တိ အမျိုးမျိုးဖြင့် စိစစ်ထောက်ပြလျက် အတ္တဟူသည် အဓိပ္ပါယ်မရှိပဲ-တိတ္ထိတို့ ကြံဆယူမှားသောဝါဒဖြစ်ကြောင်း ဟောဖေါ်လျက် အနတ္တသဘော၏ အမှန်တရားဖြစ်ပုံကို-ဆန့်ကျင်ဖက် အတ္တဝါဒသမားဘို့ ပြန်လှန်ငြင်းခုန်၍ မရနိုင်အောင်-ပရိယာယ်ပေါင်းများစွာနှင့် ဓမ္မက္ခန္ဓာတို့တွင် နားလည်အောင် ဖေါ်ပြထားသည်၊ ထိုအနတ္တသဘာဝ ပင်ကိုတရားကို ဉာဏ်ဖြင့် ပိုင်နိုင်အောင် သိသောအချိန်တွင်-ထိုသာဝကအား ခရီးပန်းတိုင်သို့ရောက်ကြောင်း-မိမိကိုယ်တိုင်ပင် သိလာလေသည်၊ အတိုချုပ် သရုပ်ကွဲထားရန်မှာ—

ပရမတ်ဟူသည် ‘ဖြစ်-ပရမတ်၊ မဖြစ်-ပရမတ်’ နှစ်မျိုးရှိသည်၊ ‘ဖြစ်လက္ခဏာ, မဖြစ်လက္ခဏာ’ ဟူ၍-ဤလက္ခဏာ နှစ်မျိုးသည် ‘ပရမတ်’၏ လက္ခဏာ ဖြစ်လေသည်။

*.... 'ဖြစ်' သင်္ခတ ပရမတ်မျိုး—

*.... 'မဖြစ်' အသင်္ခတ ပရမတ်မျိုး—

(တိကအင်္ဂုတ္တရပါဠိတော် သင်္ခတလက္ခဏာသုတ်-
အသင်္ခတလက္ခဏာသုတ်-၁၅၀)

'အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ'

(ဥဒါန်းပါဠိတော်-၁၇၈)

*.... သင်္ခတပရမတ် ရုပ်နာမ်သည် 'ဖြစ်'လက္ခဏာရှိ၏၊

*.... အသင်္ခတပရမတ် နိဗ္ဗာန်သည် 'မဖြစ်'လက္ခဏာရှိ၏၊

*.... ပုဂ္ဂိုလ်သတ္တဝါ ပညတ်သည် 'ဖြစ်'လက္ခဏာလည်းမရှိ, 'မဖြစ်'လက္ခဏာလည်းမရှိ၊

ပုဂ္ဂိုလ်သတ္တဝါ ပညတ်သည် 'ဖြစ်'တရားလည်းမဟုတ်, 'မဖြစ်'တရားလည်းမဟုတ်၊

သင်္ခတဟုလည်း မဆိုရ၊ အသင်္ခတဟုလည်း မဆိုရ-နဝတ္တဗ္ဗဓမ္မာရုံဖြစ်သည်။

တနည်း-လောကသုံးပါးနှင့် သရုပ်ခွဲလျှင်-

*.... သတ္တလောကနှင့် ဩကာသလောကကို 'အတ္တ' ဟူ၍ ဆိုရ၏၊

*.... အကောင်အထည် အစိုင်အခဲ အနှစ်သာရမဟုတ်သော ပုဂ္ဂိုလ်သတ္တဝါ သဏ္ဌာန်ဒြပ်အမျိုးမျိုးအဖုံဖုံ တည်နေ

သည်-ရှိနေသည်ဟု မှတ်ထင်ခြင်းကို 'အတ္တသညာ'ဟူ၍ ဆိုရ၏၊

*.... သင်္ခါရလောကကို 'အနတ္တ'ဟူ၍ ဆိုရ၏၊

*.... သင်္ခါရရုပ်နာမ်တို့၏သဘော ဖြစ်ပျက်ကို ထင်မြင်အောင် ရှုကြည့်ခြင်းကို 'အနတ္တာနုပဿနာ' ဟူ၍ ဆိုရ၏၊

သဗ္ဗေသင်္ခါရာ အနိစ္စာ,ဒုက္ခာ,အနတ္တာအရမှာလည်း ဖြစ်တတ်ပျက်တတ်သော သဘောလက္ခဏာ တခုထည်း၌ ပေါင်းစု၍ ဝိပဿနာရှုအပ်သော အလုံးစုံသော ရုပ်နာမ်သဘောတရားတို့ကို သဗ္ဗေသင်္ခါရာအရ ကောက်ရသည်၊ ထိုရုပ်နာမ်ဓမ္မ သင်္ခါရသည်—

*.... 'ပဝတ္တံ သင်္ခါရံ' ရုပ်နာမ်သင်္ခါရတို့၏ ဖြစ်ခြင်း—

*.... 'အပဝတ္တံ နိဗ္ဗာနံ' ရုပ်နာမ်သင်္ခါရတို့၏ မဖြစ်ခြင်း—ဖြစ်၍-သင်္ခတပရမတ်ဖြစ်သော-ရုပ်နာမ်တို့၏သဘော ဖြစ်ပျက်ကို ရှု၍-အသင်္ခတပရမတ်သို့ ရောက်အောင်-အနတ္တဘာဝနာဉာဏ်ရင့်သန်စွာ အားထုတ်နိုင်ကြပါစေကုန်သော်။

# နိဂုံး

ဘာဝေတဗ္ဗံ ပနိစ္စေဝံ၊ ဘာဝနာဒွယ မုတ္တမံ၊
ပဋိပတ္တိရသဿာဒံ၊ ပတ္ထယန္တေန သာသနေ။

'သာသနေ-ဗုဒ္ဓမြတ်စွာသာသနာမြတ်ကြီး၌၊ပဋိပတ္တိ-ရသဿာဒံ-ပဋိပတ်စခမ်း အကျင့်လမ်း၏ သာယာနှစ်သက်ဖွယ်ရာ ပဋိဝေဓခေါ်မှတ် မဂ်ဖိုလ်တရားမြတ်ကို၊ ပတ္ထယန္တေန-လိုလားတောင့်တပါသော အမျိုးကောင်းသား,အမျိုးကောင်းသမီးသည်၊ ဧဝံ-ဤဆိုခဲ့ပြီးသော နည်းဖြင့်၊ ဥတ္တမံ-လွန်ကဲ ထူးမြတ်သော၊ ဘာဝနာဒွယံ-သမထဘာဝနာ-ဝိပဿနာဘာဝနာတည်း ဟူသော ဘာဝနာနှစ်ခု အပေါင်းကို၊ ဘာဝေတဗ္ဗံ ပန-ပွါးများအပ်သည် သာလျှင်တည်း၊'

ထောင့်သုံးရာရှု-သုံးခြောက်ခု-ဥတုဝဿန်ပဲ၊

ဗုဒ္ဓဝါဒ-အနတ္တ-ထုတ်ပြစိတ်သန်ဆဲ၊

ဗုဒ္ဓမြတ်စွာ-သာသနာ-သတ္တာကျွတ်လွတ်ပွဲ၊

*.... သတိပဋ္ဌာန်-လမ်းစဉ်မှန်-ကျင့်ရန်အလုပ်ပဲ၊

*.... ကာယရှုကြ-အနတ္တ-မုချပရမတ်ပဲ၊

*.... ဝေဒနာရှုလျှင်-အနတ္တမြင်-ဉာဏ်တွင်ပရမတ်မြဲ၊

*.... စိတ္တ ဓမ္မ-အနတ္တ-ရှုကြမှန်မလွဲ၊

*.... ဖေါက်ပြန်ဖြစ်ပျက်-သိဖြစ်ပျက်-ရှုချက်မှန်ဖို့ပဲ၊

*.... ရှုဖန်များလျှင်-အပျက်ထင်-ဉာဏ်မြင်တဖွဲဖွဲ၊

*.... အပျက်များက-ဆင်းရဲစု-ဒုက္ခဉာဏ်သိမြဲ၊

*.... ဖြစ်ပျက်နေမှု-ဆင်းရဲစု-ဘယ်သူ့တွက်ကြောင့်လဲ၊

*.... ကြောင်းကျိုးနှစ်ဝ-ဆက်စပ်ကြ-အနတ္တသူ့ကြောင့်ပဲ၊

*.... ဉာဏ်စာရေးပြု-မြတ်ကောင်းမှု-ကျွတ်ဆုသံသာဝဲ၊

*— အဖြစ်မလို-မဖြစ်လို-တောင်းဆိုနိဗ္ဗာန်ပဲ။

ဆရာဦးကြည်

သစ္စာဒီပက-ကမ္မဋ္ဌာနာ-စရိယ

၁၉-၁၀-၇၄။

“ယေသံ ကေသာဉ္စိ ဘိက္ခဝေ စတ္တာရော သတိပဋ္ဌာနာ ဝိရဒ္ဓါ၊ ဝိရဒ္ဓေါ တေသံ အရိယော မဂ္ဂေါ သမ္မာ ဒုက္ခက္ခယဂါမီ”

(မဟာဝဂ္ဂသံယုတ်ပါဠိတော်နှင့် အင်္ဂုတ္တရပါဠိတော်)

“ချစ်သားတို့-အကြင်သူတို့အား သတိပဋ္ဌာန်လေးပါး အလုပ်တရားသည်၊ နည်းလမ်းမမှန် ချွတ်ယွင်းပြန်၏။ ထိုသူတို့အား ကျင့်နည်းမမှန် ချွတ်ယွင်းဟန်ကြောင့် မဂ်ဉာဏ်မရ ဆင်းရဲမှုလည်း မုချမကုန်သည်သာတည်း”။

— ဆင်းရဲကုန်၍ မဂ်ဉာဏ်ရလိုလျှင်....

— သတိပဋ္ဌာန်လေးပါး အလုပ်တရားကို နည်းလမ်းမှန်မှန် ကျင့်ကြံလိုလျှင်....

**သဗ္ဗာဒိပက-ကမ္မဋ္ဌာနာစရိယ**

# ဆရာဦးကြည်

လွန်ခဲ့သည့် သုံးနှစ်ကျော်က အချိန် တနှစ်ကျော်ယူ၍ ရေးသားထားသော

# မဟာသတိပဋ္ဌာန်ပါဠိတော် နိဿယအဖွင့်ကျမ်း

**ကို ဖတ်ပါ။**

**ပွင့်လင်းစာပေက မကြာမီ ထုတ်ဝေနိုင်ရန် စီစဉ်လျက်ရှိပါသည်။**

– အတ္တ၏ အကျဉ်းသမားဘဝက ဘယ်လိုလွတ်အောင် ရုန်းကန်မလဲ....။

– သင့်အား အပါယ်ဘို့မဲ့ သက္ကာယကို ဘယ်လို ခွါမလဲ....။

– ဘုရားဆုပန်ထားသူတွေ ဝိပဿနာတရား အားထုတ်ဘို့ လိုသလား....။

– နိဗ္ဗာန်၌ အတ္တရှိသလား ...။

– အနတ္တဆိုတာ ဘာလဲ....။

အထက်ပါ မေးခွန်းများ၏ အဖြေကို သိလိုလျှင်

ဤ ''မုဒ္ဒ၏ အနတ္တ'' ကို ဖတ်ကြည့်ပါ။